# မပျက်စီးအောင် ဒါတွေရှောင်

ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)

ခေတ်တွေကပြောင်းနေပါပြီ၊ လူတွေရဲ့ အတွေးအခေါ်၊ အလေ့အကျင့်တွေကလည်း ခေတ်နဲ့ အတူ ပြောင်းလဲနေကြပါပြီ။

အဲဒီလိုပြောင်းလဲနေတဲ့ အခြေအနေများကြောင့်အပြစ်ဖြစ်နိုင်တယ်လို့ ရှောင်လေ့ရှိခဲ့ကြတဲ့ အပြုအမူတွေကို အခုအခါမှာလွယ်လွယ်ကူကူလုပ်နေတတ်ကြပါတယ်၊ အဲဒီလိုပြောင်းလဲမှုကို ခေတ်မီတယ်လို့ ယူဆတတ်ကြပါတယ်။

ဒါပေမဲ့ ကောင်းတာလုပ်ရင် ကောင်းကျိုးရတယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပဲရတယ် ဆိုတဲ့ တရားကိုတော့ ပြောင်းလဲပစ်လို့ မရပါဘူး။ ဒီခေတ်ကြီးမှာ ဘာတွေလုပ်ရင်ပျက်စီးတယ်၊ ဘာတွေလုပ်ရင်ကောင်းတယ်ဆိုတာမသိဘဲလုပ်နေကြတဲ့လူငယ်တွေကို ဘာတွေလုပ်ရင် ပျက်စီးတယ်ဆိုတာ ပြောပြချင်လို့ မြတ်စွာဘုရားဟောကြားခဲ့တဲ့ အတိုင်း အချက်နဲ့ အလက်နဲ့ တိတိကျကျ ဒီစာအုပ်မှာဖော်ပြထားပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)

# မပျက်စီးအောင် ဒါတွေရှောင်

ပါရမီ

စာပေ

**မပျက်စီးအောင် ဒါတွေရှောင်**
ပထမအကြိမ်၊ ၂၀၀၀ ဇွန်လ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၆၈/ ၂၀၀၀(၆)နှင့် စာမူခွင့်ပြုချက်အမှတ်
၃၉၄/ ၂၀၀၀(၆)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊
မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ က ထုတ်ဝေ၍
မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊
ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

**တန်ဖိုး ၃၅၀ ကျပ်**

**ပါရမီစာပေ**
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

## မာတိကာ


| | | |
|---|---|---|
| | နိဒါန်း ... | ၄ |
| | စကားလက်မှန် ... | ၇ |
| ၁။ | ဉာဏ်မာတ်ရှိက ကြီးပွားရ၏၊ ဉာဏ်မာတ်မဲ့က ပျက်စီးရ၏ ... | ၁၁ |
| ၂။ | မသူတော်အား ချစ်ခင်ပွား၊ သူတော်စင်ကို မခင်စွန့်ခွာ၊ သူယုတ်မာထံ နည်းနာခံက ပျက်စီးရ၏ ... | ၂၈ |
| ၃။ | အအိပ်စုံမက်၊ အဖော်မက်၊ ပေါ့ပျက်စကား၊ နိုးကြားမရှိ၊ အမျက်ကြီးက ပျက်စီးရ၏ ... | ၅၅ |
| ၄။ | အိုမင်းကုန်ကြ မိနှင့်ဘကို မလုပ်ကျွေးက ပျက်စီးရ၏ ... | ၁၀၅ |
| ၅။ | ဗြာဟ္မဏနှင့် သမဏပါ ယာစကာကို ဖိတ်ကြားပြီးမှ မလှူပါက ပျက်စီးရ၏ ... | ၁၁၉ |
| ၆။ | ဝမ်းဝနံကား ကိုယ်ထိုးစားကာ သူများဝေမျှ မလှူပါက ပျက်စီးရ၏ ... | ၁၂၈ |
| ၇။ | မျိုး၊ နွယ်၊ ဥစ္စာ၊ သုံးဖြာမာန်တက် ခက်ထန်ပါက ပျက်စီးရ၏ ... | ၁၃၇ |
| ၈။ | မိန်းမ၊ အရက်၊ လောင်းကစားဖျက်က ပျက်စီးရ၏ ... | ၁၅၁ |
| ၉။ | သူများအိမ်ယာ၊ ပြည့်တန်ဆာနှင့် သွားလာလွန်ကျူး ပျော်ပါးမြူးက ပျက်စီးရ၏ ... | ၁၇၄ |
| ၁၀။ | အိုမင်းပါလျက် ကြင်ဘက်ငယ်သူ ထိမ်းမြားယူက ပျက်စီးရ၏ ... | ၁၇၇ |
| ၁၁။ | မိန်းမသွမ်းနှင့် ယောကျ်ားသွမ်းကို ကြီးမှူးတင်က ပျက်စီးရ၏ ... | ၁၈၃ |
| ၁၂။ | ကိုယ်နှင့်မတန် မင်းဖြစ်ရန်ကို ရည်သန်တောင့်တ ပျက်စီးရ၏ ... | ၁၈၉ |
| | နိဂုံးချုပ်ခြင်း ... | ၁၉၄ |

# နိဒါန်း

မပျက်စီးအောင်ဒါတွေရှောင် ဟူသောခေါင်းစဉ်ဖြင့် စာရေးသူရေးနေသော အကြောင်းအရာများမှာ ပရာဘဝသုတ္တန်ဟုခေါ်တွင်သော သုတ္တန်ကို မြန်မာလို ပြန်ဆိုဟောပြောသောတရားများ ရေးသားထားသော စာအုပ်များကို ဖတ်ရှုနာကြားကာ ရေးသားထားသော စာစုဖြစ်ပါသည်။ စာရေးဆရာပီပီ ကုန်ကြမ်းရလျှင် စာဖြစ်အောင်ရေးသည်ဟု မယူဆကြစေလိုပါ။ ပရာဘဝ သုတ်တော်ကို အထပ်ထပ်နာကြားကာ စာရေးလိုစိတ်ကို မဝံ့မရဲဖြစ်နေသော စိတ်ကတားဆီးထားသောကြောင့် တစ်နှစ်မက ကြာအောင်ရေးရသော စာများဖြစ်ပါသည်။

မြတ်စွာဘုရား ဟောကြားသောတရားများနှင့် ရင်းနှီးသူများထဲမှာပင် ပရာဘဝသုတ်ကို မကြားဖူးပါဘူးဟု ပြောကြသူများ ရှိကြပါသေးသည်။ ဘုရားရှိခိုးတောင်မှ ကောင်းစွာမရသောသူများ အပေါ်ယံလောက်သာ ဘာသာတရားကို လေ့လာလိုက်စားမိသောသူများအနေဖြင့် ပရာဘဝသုတ်ကို လုံးဝနီးပါး မကြားဖူးကြသူများဟုဆိုလိုက်ပါက မှားအံ့မထင်ပါ။ ပရာဘဝသုတ်ကို နာဖူး ကြားဖူး လေ့လာလိုက်စားဖူးသူ နည်းပါးလေလေ ထိုလူမှုအဖွဲ့အစည်းသည် နစ်နာလေလေ ဖြစ်ပေတော့မည်။ အကြောင်းမှာ ပရာဘဝသုတ်တော်သည် ပျက်စီးခြင်း၏အကြောင်းရင်းများကို ဟောကြားထားသော သုတ်တော်ဖြစ်ပေရာ ထိုပျက်စီးရာပျက်စီးကြောင်းများကိုမှ သေချာဂနစွာ မသိပါလျှင် မပျက်စီးအောင် မည်သို့ရှောင်ကြပါမည်နည်း။ လူတိုင်းလောက်နီးနီး ပြောလေ့ရှိကြသော စကားတစ်ခွန်းမှာ ခေတ်ကြီးကိုက မကောင်းပါဘူးဆိုသည့် စကားဖြစ်သည်။ အခြားသောအယူအဆများတွင် မတူလျှင်နေမည်၊ ခေတ်ကို မကောင်း



ပြောတတ်ကြသည့်အချိန်တွင် တူတတ်ကြပါသည်။ ခေတ်ကို ကောင်းအောင် ဘယ်လိုကြိုးစားမည်နည်း။ အချို့သောသူတို့က နိုင်ငံတကာနှင့် ဆက်ဆံကာ ကြွယ်ဝချမ်းသာလာအောင် ကြိုးစားမည်။ ပစ္စည်းကောင်းတွေကို သုံးစွဲခွင့်ရလာလျှင် သုံးစွဲတတ်လာရမည်။ အနေအစားတိုးတက်လာပါက စိတ်နေသဘာဝပြောင်းလာမည်ဟု ပြောတတ်ကြပါသေးသည်။

ထိုကဲ့သို့ပြောခဲ့သော အစ်မကြီးသည် လွန်ခဲ့သောနှစ်အစိတ်ခန့်က ဆုံးပါးသွားပါပြီ။ ယခုခေတ်တွင် သူရှိနေစဉ်ကနှင့် မတူပါ။ ပစ္စည်းကောင်းများကို သုံးနိုင်ကြသူများ များပြားလာပြီဖြစ်ပါသည်။ သို့သော် စိတ်နေသဘာဝကား ပြောင်းမလာကြသေးပါ။ တိုက်မြင့်မြင့်ကြီးများနှင့် နေလာကြပါပြီ။ တိုက်ကြီးများ၏ဝန်းကျင်မှာကား အမှိုက်များပုံလျက်။ အနံ့များ ဆိုးလျက်။

စာရေးသူသည် ပရာဘဝသုတ်၏ နိဒါန်းကိုရေးရင်း ခေတ်၏မြင်ကွင်း တစ်ကွက်ကို ရေးပြနေသည်မှာ အကြောင်းရှိပါသည်။ လူတို့၏ ပျက်စီးကြောင်း တိုးတက်ကြောင်းတို့ကို ပြင်ပရုပ်ပစ္စည်းများက ပြုပြင်ပေးနိုင်သောအားသည် နည်းပါးလှပါသည်။ ပစ္စည်းကောင်း သုံးရ၍ ပျက်စီးမည်စိုးသောကြောင့် သို့မဟုတ် တင့်တယ်မှုလျော့ပါးမည်စိုးသောကြောင့် အနေအထိုင်ကို ဂရုစိုက်ကောင်း ဂရုစိုက်မည်ဖြစ်ပါသည်။ ထိုသို့ဂရုစိုက်ရကောင်းမှန်းကို သိလာခြင်းမှာ အတွင်းကလာသော စိတ်ဓာတ်၏ရောင်ပြန်ဟပ်မှုကြောင့်သာ ဖြစ်ကြောင်းကို စေ့စေ့တွေးလေသဘောပေါက်လေ ဖြစ်နိုင်ပါသည်။

ခေတ်ကိုပြင်ချင်လျှင် စနစ်ကိုပြင်တာကောင်းသည်ဟု ယူဆကာ စနစ်ကိုပြင်ကြပေါင်းလည်း လူသားတို့၏ဘဝမှာ ရေတွက်၍ မရအောင် အကြိမ်များလှပါပြီ။ သို့သော် မူကားကောင်းလျက် လူလျှင်ဖျက်၏ဟု စာချိုးရမည့် အခြေအနေသို့ပင်ရောက်ခဲ့ပါသည်။ တစ်ကြိမ်မက အကြိမ်ကြိမ် ရှိခဲ့ပါပြီ။

ခေတ်ကိုကောင်းစေချင်လျှင် လူများကောင်းရမည်။ လူတွေကောင်းဖို့ လူတွေကပဲ တာဝန်ယူရမည်ဖြစ်ပါသည်။ ပထမဆုံး မိမိကိုယ်ကိုယ် တာဝန်ယူရမည်ဖြစ်ပါသည်။ ထိုသို့တာဝန်ယူတတ်ရန်မှာ မသိသေး မတတ်သေးလျှင် မဖြစ်နိုင်ပါ။ လူကောင်းဖြစ်ချင်လျှင် မိမိကိုယ်ကို မိမိ ပျက်စီးခြင်းအကြောင်းတရားများနှင့် ကင်းဝေးအောင် ကြိုးစားရမည်ဖြစ်ပါသည်။ ထိုသို့ မိမိကိုယ်ကို စောင့်ရှောက်လိုသောသူများ သိစေတတ်စေလိုသောကြောင့် စာရေးသူကလည်း ဖတ်မိသောတရားစာအုပ်များ နာမိသောတရားတိတ်ခွေများမှ ထုတ်နုတ်ရေးသားရခြင်း ဖြစ်ပါသည်။

စာရေးသူ ပထမဦးစွာ ရေးသားမိသောပုံစံမှာ အနည်းငယ်ခက်ခဲလေးခံနေသဖြင့် နောက်ပိုင်းတွင် စကားပြောဖြင့် လူငယ်များနှင့်ဆွေးနွေးပြောဆိုသကဲ့သို့ ပုံစံပြောင်းကာ ရေးသားထားပါသည်။ နိဒါန်းသည်များစွာရှည်လျားရန် မသင့်သဖြင့် နိဂုံးမြန်မြန် ချုပ်လိုပါသည်။ နိဂုံးတွင် လူငယ်များကို သတိပေးလိုသောအချက်တစ်ချက် ရှိပါသည်။ ထိုအချက်မှာ မြတ်စွာဘုရား၏တရားတော်များသည် ဘဝမှလွတ်မြောက်ရန် လမ်းကိုသာ ပြသည်မဟုတ်ပါ။ ဘဝ၏ပြည့်စုံရေးအတွက်ပါ လမ်းညွှန်ပြသထားသော တရားတော်များ ဖြစ်ကြပါသည်။ ဘဝ၏ပြည့်စုံမှုမရှိဘဲနှင့် ဘဝ၏ပြည့်စုံရေးမှာ မည်သည့်နည်းနှင့်မျှ ရှိနိုင်မည်မဟုတ်ပါ။ ထိုသို့သော ဘဝ၏ပြည့်စုံရေး ဘဝသံသရာမှ လွတ်မြောက်ရေးတို့အတွက် မည်သူကမျှ မည်သူ့အတွက် ဆောင်ရွက်ပေးနိုင်သည်မဟုတ်ပါ။ လမ်းညွှန်ပေးရုံ ဆိုဆုံးမရုံ သတိပေးရုံ အားပေးရုံသာ တတ်နိုင်ပါလိမ့်မည်။

ကောင်းမှုအားကိုယူကာ ဘဝကောင်းကို မပျက်စီးအောင်ထိန်း၍ မိမိရော မိမိပတ်ဝန်းကျင်ကိုပါ တိုးတက်သာယာအောင် ဆောင်ရွက်နိုင်ကြပါစေ။

–

## စကားလက်မွန်

မြန်မာအမျိုးသားများနဲ့ မင်္ဂလာတရားတော်ကတော့ လွန်စွာရင်းနှီးပြီးသား ဖြစ်ပါတယ်။ မင်္ဂလာတရားတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားဟောတော်မူခဲ့တယ်။ မင်္ဂလာတရားတော်မှာ အချက်ပေါင်း ၃၈ ချက်ရှိတယ်။ ဟောကြားတော်မူခဲ့ရတာဟာ မင်္ဂလာတရား ပေါ်ပေါက်မယ်ဆိုတဲ့ ကောလာဟလပေါ်နေတာ ၁၂ နှစ်တောင်မှ ကြာနေပြီဖြစ်တဲ့အတွက် လွန်စွာသိချင်ဇောနဲ့ မောနေတဲ့ လူနတ်ဗြဟ္မာများကိုယ်စား မထင်ရှားသော နတ်သားတစ်ပါးက မေးလျှောက်ခဲ့တဲ့အကြောင်းကြောင့် ဖြစ်ပေတယ်ဆိုတာကို မြန်မာဗုဒ္ဓဘာသာဝင်များ သိကြတာများပါတယ်။

အဲဒီမထင်ရှားတဲ့ နတ်သားကို တရားမေးလျှောက်ဖို့ တာဝန်ပေးသူကတော့ သိကြားမင်းဖြစ်ပါတယ်။ တာဝန်ပေးခြင်းခံရတဲ့ နတ်သားက တစ်ခုသောညဦးသန်းခေါင်ယံမှာ မြတ်စွာဘုရားထံကို လာရောက်ပြီး မင်္ဂလာတရားတို့ကို ဟောကြားတော်မူပါဘုရားလို့ ရိုသေစွာမေးလျှောက်ခဲ့ပါတယ်။ မြတ်စွာဘုရားကလည်း နတ်သားရဲ့တောင်းပန်မေးလျှောက်ချက်ကိုလက်ခံပြီး မင်္ဂလာတရားတော်တို့ကို ဟောကြားခဲ့ပါတယ်။

မေးလျှောက်တဲ့ နတ်သားက တစ်ပါးတည်းဆိုတော့ ကျွန်မတို့ငယ်ငယ်တုန်းက တွေးခဲ့တာကတော့ နာကြားတဲ့သူကလည်း နတ်သားတစ်ပါးတည်းပဲလို့ ထင်ခဲ့တာဖြစ်ပါတယ်။ တကယ်တော့ နတ်သားတစ်ပါးက တရားလျှောက်သူဖြစ်ပါတယ်။ များပြားလှစွာသော နတ်ဗြဟ္မာများက တရားနာပရိသတ် ဖြစ်ပါတယ်။ အဲဒီအကြောင်းကို ကြီးပြင်းလာလို့ သာသနာရေးဆိုင်ရာ စာပေများကို ဖတ်ရတော့မှ သိလာတာ ဖြစ်ပါတယ်။

မင်္ဂလာအကြောင်းဟာ ငယ်ငယ်ကတည်းက ကျောင်းမှာ သင်အံကျက်မှတ်ခဲ့ရတာဆိုတော့ မစိမ်းပါဘူး။ ကျွန်မလည်း အများနည်းတူ အစောပိုင်းက ပရာဘဝသုတ်ဆိုတဲ့ ပျက်စီးခြင်းအကြောင်းရင်းများကို မြတ်စွာဘုရားဟာ မင်္ဂလသုတ်ဟောအပြီး နောက်တစ်ညမှာ ဟောတော်မူတယ်ဆိုတာကို မသိခဲ့ပါဘူး။ ကျေးဇူးရှင် သြဠာရိကသုခုမ ဆေးပညာရှင် ဆရာကြီး ဦးရန်အောင်က သတိပေးပြောကြားမှ စာအုပ်များကို ပြန်လည်ဖတ်ရှုရပါတယ်။ သီတဂူဆရာတော်ဘုရားရဲ့ တရားတိတ်ခွေများကို နာကြားရပါတယ်။ နောက်တော့ စာရေးဆရာပီပီ နည်းနည်းသိလည်း နည်းနည်းမျှရတာပေါ့လို့ တွေးမိပြီး **“မပျက်စီးအောင် ဒါတွေရှောင်”** ဆိုတဲ့ခေါင်းစဉ်ကြီးကိုယူပြီး သိသမျှကို ပြန်လည်ဝေမျှတဲ့အလုပ်ကို လုပ်လိုက်ပါတယ်။

ပရာဘဝသုတ်ကို ဆက်လက်ဟောတော်မူရတဲ့အကြောင်းက ဒီလိုဖြစ်ပါတယ်။ နတ်ဗြဟ္မာများဟာ မင်္ဂလသုတ်ကို နာယူပြီးတဲ့အခါ ဝမ်းမြောက်ဝမ်းသာနဲ့ မိမိတို့ဘုံအသီးသီးကို ပြန်ကြပါတယ်။ နတ်တွေကလည်း လူတွေလိုပဲပေါ့။ တရားနာပြီး အပြန်လမ်းမှာ တရားနာယူရလို့ ဖြစ်ပေါ်လာတဲ့ ပီတိသောမနဿနဲ့ တရားအကြောင်းကို ပြန်ပြောင်းပြောပြကြရင်း စိတ်ကူးဉာဏ်က ပိုမိုကွန့်မြူးလာကြပါတယ်။ မင်္ဂလာတရားဆိုတာ ကြီးပွားကြောင်းတရားများ ဖြစ်ပေတယ်။ အဲသည်လိုတရားမျိုးရှိတယ်ဆိုရင် မကြီးပွား မတိုးတက်ခြင်းရဲ့ အကြောင်းရင်းတရားများလည်း ရှိကြမယ်ဖြစ်တယ်။ ဘယ်လိုအကြောင်းတွေဟာ ပျက်စီးစေတဲ့ ဆုတ်ယုတ်စေတဲ့တရား များဖြစ်ကြသလဲ။ ငါတို့ဘာသာ ကြံဆလို့တော့ သိနိုင်ကြမှာမဟုတ်ပါဘူး။ တလက်စတည်း မြတ်စွာဘုရားကို လျှောက်ထားမေးမြန်းကြမှ တော်ပေလိမ့်မယ်လို့ တိုင်ပင်မိကြပါသတဲ့။ အဲဒါကြောင့် နောက်တစ်ညမှာ ပထမညက တရားတောင်းတဲ့ နတ်သားကပဲ တရားလျှောက်ပြီး ပထမညက နတ်ဗြဟ္မာ



များကပဲ တရားနာပရိသတ်ပြုကြကာ မြတ်စွာဘုရားထံချဉ်းကပ်ကြပါတယ်။ အားလုံးသော တရားနာလိုသူများကိုယ်စား လောကမှာ ပျက်စီးခြင်း ဆုတ်ယုတ်ခြင်းကိုဖြစ်စေသော တရားများဟာ ဘယ်လိုတရားတွေများဖြစ်ပါသလဲဘုရားလို့ နတ်သားက လျှောက်ထားပါတယ်။

နတ်သားက တစ်ခါမေးတိုင်း မြတ်စွာဘုရားက တစ်ခါဖြေဆိုတော်မူပါတယ်။ ဂါထာတစ်ပုဒ်နဲ့ ဖြေဆိုတော်မူတာဖြစ်ပါတယ်။ ဂါထာတစ်ပုဒ်မှာ အဖြေတစ်ခုပါတာရှိသလို သုံးခုပါတာ ငါးခုပါတာစသည်ဖြင့် အမျိုးမျိုးရှိပါတယ်။ နတ်သားက တစ်ဆယ့်နှစ်ကြိမ်မေးလျှောက်ပြီး မြတ်စွာဘုရားက တစ်ဆယ့်နှစ်ဂါထာနဲ့ ဖြေဆိုတော်မူပါတယ်။ အဲဒီ တစ်ဆယ့်နှစ်ဂါထာမှာ အချက်အရေအတွက်အားဖြင့် နှစ်ဆယ့်လေးချက်ပါဝင်ပါတယ်။ အဲဒီအမေး အဖြေများကို ပရာဘဝသုတ်လို့ ခေါ်ဆိုတာဖြစ်ပါတယ်။

အဲဒီပရာဘဝသုတ်ထဲမှာ ပြဆိုထားတဲ့ မကောင်းတဲ့အတွေးအပြောအလုပ်များကို မရှောင်နိုင်ဘဲ လုပ်ဆောင်နေမယ်ဆိုရင်တော့ ပျက်စီးနိုင်ပါတယ်။ ပျက်စီးမှာသေချာပါတယ်။ အဲဒီအချက် နှစ်ဆယ့်လေးချက်ကို ရှောင်ကြဉ်နိုင်ရင်တော့ မပျက်စီးနိုင်ပါဘူး။ အဲဒီအချက်တွေကို ရှောင်ထားပါတယ်။ ဒါပေမဲ့ မတိုးတက်သေးပါဘူးလို့ ပြောစရာအခြေအနေနဲ့ ကြုံနေရင် အဲဒီပျက်စီးစေသောအကြောင်းများကို ဆက်လက်ပြီး ရှောင်ထားပါ။ ဘဝဘဝတုန်းက အကုသိုလ်အကျိုးပေးဆိုးတွေ ကုန်သွားတဲ့အချိန်မှာ အလွန့်အလွန်ကို တိုးတက်အောင်မြင်သွားပါလိမ့်မယ်လို့ ပြောလိုပါတယ်။

တချို့ပြောလိုပေလိမ့်မယ်။ ဘုရားဟောဆိုတာ နောက်ဘဝမှဖြစ်မယ့်ကိစ္စတွေကို ဟောထားတာပါကွာ။ အခုဘဝမှာတော့ စီးပွားတိုးတက်အောင် ရှာနိုင်ဖို့ဆိုတာ မကောင်းတာလည်း လုပ်ရတာပဲ။ စည်းစိမ်ရှိပြီဆိုတော့လည်း ဒီစည်းစိမ်ကို မစံစားဘဲ မနေနိုင်ပေါင်ကွာလို့ တရားလက်လွတ် ပြောဆိုနေထိုင်တတ်ကြပါတယ်။

တကယ်တော့ မြတ်စွာဘုရားဟောကြားတဲ့ တရားတော်များဟာ နောက်ဘဝအတွက် သက်သက်လို့ယူဆတာ မှားတာပါပဲ။ လွတ်မြောက်ခြင်းအတွက်သက်သက်လို့ ယူဆတာလည်း မှားတာပါပဲ။ ဘဝမှာ ပြည့်စုံအောင် ချမ်းသာအောင် အပြစ်ကင်းပြီး ပေါ့ပါးရှင်သန်အောင် လိုက်နာဆောင်ရွက်သင့်တဲ့ တရားများကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ သေသေချာချာ ရေရေရာရာ မလေ့လာဘဲ တရားကို လိုက်နာနေရင် လောကမှာနေရတာ အရသာမရှိဖြစ်တော့မယ်လို့ ထင်နေတာဟာ မမှန်ကန်ကန်ပါဘူး။ အဲဒီအကြောင်းများကို ဆွေးနွေးချင်တာကြောင့် ပရာဘဝသုတ်တော်ကို ကြိုးစားလေ့လာကာ တတ်အားသမျှကို ဝေမျှလိုက်ရပါတယ်။

တင်ပြတဲ့အခါ နတ်သားမေးလျှောက်တဲ့မေးခွန်းနဲ့ မြတ်စွာဘုရား ဖြေဆိုတော်မူတဲ့ အဖြေဂါထာတစ်ပုဒ်ချင်းမှာ ပါတဲ့အချက်များကို တင်ပြမှာ ဖြစ်ပါတယ်။

—

# ဉာဏ်စာတ်ရှိက ကြီးပွားရ၏၊ ဉာဏ်စာတ်မဲ့က ပျက်စီးရ၏။

တရားလျှောက်ရန် သိကြားမင်း၏ တာဝန်ပေးအပ်ခြင်းကို ခံရသော မထင်ရှားသည့် နတ်သားက မြတ်စွာဘုရား ပျက်စီးခြင်း၏အကြောင်းရင်းများကို ဟောတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်ပါသည်။

မြတ်စွာဘုရားက "အသင်နတ်သား လောကမှာ ကြီးပွားသူကိုလည်း သိရန်လွယ်ကူလှ၏။ ပျက်စီးဆုတ်ယုတ်သူကိုလည်း သိရန်လွယ်ကူသည်သာ ဖြစ်၏။

တရားကို လိုလားတောင့်တသူသည် ကြီးပွားရ၏။ တရားကို မလိုလားမတောင့်တ မုန်းထားသူသည် ပျက်စီးရ၏"ဟု ဖြေဆိုတော်မူပါသည်။

**ဆွေးနွေးချက်များ**

အဲဒီနတ်သားရဲ့အမေးကို ပြန်လည်ဖြေဆိုတော်မူတဲ့ မြတ်စွာဘုရားရဲ့ အဖြေကို ရွှေဟင်္သာဆရာတော်ကြီးနဲ့ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးတို့ ပြန်ဆိုတာက ပိုပြီးရှင်းတယ်လို့ ကျွန်မယူဆမိပါတယ်။ ကြီးပွားသူကိုလည်း သိရန်လွယ်ကူလှ၏။ ပျက်စီးဆုတ်ယုတ်သူကိုလည်း သိရန် လွယ်ကူလှ၏လို့ ဆိုထားတာကို ဆက်လက်မရှင်းလို့ရှိရင် နားလည်ဖို့ခက်ပါတယ်။ ဘယ်လိုများ လွယ်ကူတာပါလိမ့်လို့ တွေးနေရဦးမှာ ဖြစ်ပါတယ်။ လယ်တီပဏ္ဍိတက "ဉာဏ်စာတ်ရှိ၍ သိလွယ်တတ်လွယ် လိမ္မာလွယ်သောသူသည် ကြီးပွား၏။ ဉာဏ်စာတ်မရှိဘဲ အသိဉာဏ်နေး၍ အလိမ္မာသေးသောသူသည် မကြီးပွားနိုင် ပျက်စီးရ၏" လို့ မြတ်စွာဘုရားရဲ့ အဖြေပထမပိုင်းကို ပြန်ဆိုခဲ့ပါတယ်။

အဲဒီလို ပြန်ဆိုထားတဲ့အချက်ဟာ စိတ်ဝင်စားစရာ ကောင်းလှပါတယ်။ နတ်သားမေးလျှောက်တာက ပျက်စီးခြင်းနဲ့ပတ်သက်တဲ့အကြောင်း ဖြစ်ပါတယ်။ မြတ်စွာဘုရားက စစချင်း ကြီးပွားသူဟာ ဘယ်လိုလူစားမျိုးဖြစ်တယ်ဆိုတာကို ဟောတော်မူတာက နောက်ထပ်ဖြေဆိုသမျှ ပျက်စီးခြင်းရဲ့အကြောင်းတွေနဲ့ ဆန့်ကျင်ဘက်အကြောင်းတရားများကို ယူရင် ကြီးပွားစေနိုင်သောအကြောင်းတရားများကို ရတယ်ဆိုတာကို သိစေချင်လို့ ဖြစ်တယ်လို့ လယ်တီပဏ္ဍိတဆရာကြီးက ရှင်းလင်းထားပါတယ်။

ပထမပိုင်းဖြစ်တဲ့ ဉာဏ်ဓာတ်ရှိ၍ သိလွယ်တတ်လွယ် လိမ္မာလွယ်သောသူသည် ကြီးပွား၏ဆိုတာကိုတော့ နားလည်ဖို့ လွယ်ကူပါတယ်။ ဒါတောင်မှ ဉာဏ်ကောင်းပြီး မကြိုးစားရင် သိလွယ်တတ်လွယ်တဲ့ ကိုယ့်ဉာဏ်ကို ကိုယ်မထိမ်မြင်ပြုခဲ့ရင် အလိမ္မာနည်းပါးခဲ့ရင် ကြီးပွားနိုင်ဖို့ ခက်ပါတယ်။ လိမ္မာလွယ်သူဆိုတာကို တတ်မြောက်လွယ်သူဆိုတဲ့ အချက်ထက် ပိုပြီးအလေးထားရမှာ ဖြစ်ပါတယ်။ တချို့သောသူများမှာ မွေးရာပါ ဗီဇသတ္တိအနေနဲ့ ထက်မြက်ပါတယ်။ အဲသည်လိုထက်မြက်ပြီးသား အခြေအနေကို တိုးတက်ဖွံ့ဖြိုးအောင် မကြိုးစားချင်တဲ့အတွက် မကြိုးစားခဲ့တဲ့အတွက် အသိဉာဏ်ဓာတ်ခံများ ပျက်စီးပြုန်းတီးရပြီး ဘဝရဲ့လွတ်မြောက်ကြောင်း အသိဉာဏ်ရနိုင်တဲ့ အခြေအနေကလည်း လျှော့ကျသွားကာ ရရှိထားတဲ့အမွေ ကုဋေပေါင်းရှစ်ဆယ်ကိုလည်း ကုန်အောင်ဖြုန်းတီးခဲ့သူ မဟာဓန သူဌေးသားအကြောင်းကို သတိရလိုက်စေချင်ပါတယ်။ အချက်တစ်ချက်ကို ပြောလိုက်ရင် အဲဒီအချက်တစ်ချက်ကိုပဲစွဲပြီး ငါတို့ကတော့ ကြီးပွားမယ့်အနေအထားမှာ ရှိတယ်ဆိုတဲ့ မာနနဲ့ ဘာမျှမလုပ်ရင်တော့ ဘာမျှဖြစ်လာမှာ မဟုတ်ပါဘူး။

တကယ်ဆိုတော့ ကြီးပွားရာ ကြီးပွားကြောင်းရဲ့ အခြေခံအကြောင်းတရားများကို ပိုင်ဆိုင်တယ်ဆိုရင် ပိုမိုပွင့်လန်းအောင် ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။



အဲဒီအချက်နဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ဉာဏ်ဓာတ်မရှိဘဲ အသိဉာဏ်နေး၍ အလိမ္မာသေးသောသူသည် မကြီးပွားနိုင်၊ ပျက်စီးတတ်၏လို့ ဆိုထားတဲ့အချက်ကလည်း ထင်သာမြင်သာရှိပါတယ်။ တချို့သောသူတို့ကတော့ လူ့လောကကိုရောက်လာကြတာ အလည်လာကြတာများလားလို့ တွေးတောရလောက်အောင် ဉာဏ်ဓာတ်မရှိတတ်ကြပါဘူး။ သင်လို့မတတ်တာထက် မသင်လိုတတ်ကြပါဘူး။ တကယ်ဆိုတော့ အလိမ္မာတရား လွန်စွာနည်းပါးတာကြောင့်ပဲ ဖြစ်ပါတယ်။

ကျွန်မက တစ်ခုစိုးရိမ်တာ ရှိပါတယ်။ ကျောင်းဆရာဖြစ်တဲ့အတွက် တပည့်အမျိုးမျိုးနဲ့ တွေ့ခဲ့ဖူးပါတယ်။ တချို့က ဉာဏ်ထိုင်းပါတယ်။ တစ်ခုခုကို သင်တဲ့အခါမှာ သင်လို့မတတ်နိုင်ပါဘူး။ အဲသည်လိုဆိုရင် ပျက်စီးတော့မှာပဲလို့ တစ်ထစ်ချယူဆပြီး မထူးပါဘူးလို့ တွေးတောကာ အဆင်းလမ်းကို ရောက်သွားကြမှာ စိုးရိမ်တာဖြစ်ပါတယ်။ အသိဉာဏ်လည်းနည်းပါးတယ်။ ပျင်းလည်းပျင်းတယ်။ ဆုံးမတဲ့စကားများကို နာခံလိုစိတ်လည်းမရှိဘူး။ မကောင်းတဲ့အလုပ်များကိုလည်း စိတ်ရောကိုယ်ပါ လုပ်ကိုင်တတ်တယ်တယ်ဆိုရင်တော့ ပျက်စီးမှာသေချာပါတယ်။ အဲသည်လိုမဟုတ်ဘဲ ဉာဏ်ရည် မကောင်းဘူး။ မိမိရဲ့ဉာဏ်ရည်မကောင်းတာကိုလည်း မိမိဘာသာ သိနားလည်တယ်။ မိမိရဲ့မှတ်ဉာဏ်နည်းတာ ထုံထိုင်းတာကိုလည်း မိမိဘာသာ သိတယ်။ ကြိုးစားပြီး သင်ယူလိုတယ်ဆိုရင်တော့ အဲဒီလူဟာ အလိမ္မာနည်းတဲ့သူလို့ မဆိုနိုင်ပါဘူး။ အဲသည်လိုလူမျိုးဟာ ကြိုးစားပမ်းစား သင်အံလေ့ကျက်ပြီး တိုးတက်အောင်မြင်သွားနိုင်ပါသေးတယ်။ အဲဒါကြောင့် မြတ်စွာဘုရား ဖြေဆိုတော်မူတဲ့ ပရာဘဝသုတ်ကို ပြည့်စုံအောင် လေ့လာကြည့်ပြီး ဆက်လက်တွေးတော ဆွေးနွေးမှ ပိုပြီးပြည့်စုံမယ်ဖြစ်ပါတယ်။

ပျက်စီးကြောင်းတရားကို မဟောကြားသေးခင် ဆက်ပြီးဟောတော်မူတာကတော့ "တရားကိုချစ်ခင်သူ လိုလားတောင့်တသူသည်

ကြီးပွားရာ၏" ဆိုတဲ့ အချက်ဖြစ်ပါတယ်။ အဲဒီအချက်ကို လက်ခံခဲ့ရင် "တရားကို မလိုလား မတောင့်တ မုန်းထားသူသည် ပျက်စီးရာ၏"ဆိုတဲ့ ဆန့်ကျင်ဘက်စကားစပ်အဖြစ် တည်ရှိနေတဲ့ မြတ်စွာဘုရားဟောကြားတဲ့စကားကိုပါ တစ်ပါတည်း ဆွေးနွေးသွားလို့ရပါတယ်။ တရားကို စောင့်ရှောက်သူဆိုတာကို စေ့စေ့စပ်စပ် ခွဲခြမ်းစိတ်ဖြာဖို့ကတော့ တခြားတစ်ပါးသောသူတွေအတွက် ခက်ကောင်း ခက်ပါလိမ့်မယ်။ သူတစ်ပါးကျတော့ လုပ်ရပ်ကိုကြည့်ပြီး ဝေဖန်ရတာ ဖြစ်ပါတယ်။ မိမိဘာသာတော့ အသိဆုံးဖြစ်ပါတယ်။ ကိုယ့်ဘာသာကိုယ် တရားကို တကယ်ချစ်သလား မချစ်ဘူးလားဆိုတာကို ခွဲခြားကြည့်နိုင်ဖို့ လိုအပ်ပါတယ်။ အဲသည်လို ခွဲခြားသိနိုင်ဖို့ အသိဉာဏ်ပညာလည်း ရှိရပါမယ်။ မိမိဘာသာလည်း မှန်မှန်ကန်ကန် ဆန်းစစ်နိုင်ရပါမယ်။

လူ့လောကထဲမှာ နေထိုင်ရင်းတရားကို ချစ်ခင်လို့ရသလား။ လိုလားတောင့်တလို့ ရသလား။ တရားကို စောင့်လို့ရသလားဆိုတဲ့ မေးခွန်းတွေကို မေးမြန်းလိုကြတဲ့ လူငယ်လူရွယ်တွေလည်း ရှိမှာဖြစ်ပါတယ်။ ရှိလည်း ရှိသင့်ပါတယ်။ တရားကိုစောင့်ရှောက်တယ်၊ တရားနဲ့အညီနေတယ်ဆိုတာဟာ မိမိကိုယ်ကို မဟုတ်တာမလုပ်မိအောင် ထိန်းတာဖြစ်ပါတယ်။ ပုတီးကို တချောက်ချောက်စိပ်နေနိုင်မှ တရားစာတွေကို တတွတ်တွတ်ရွတ်နေနိုင်မှ တရားရှိတယ်လို့ ဆိုနိုင်တာ မဟုတ်ပါဘူး။

တရားကို အမှန်တကယ် စောင့်တတ်တဲ့သူဟာ သူ့ရဲ့ ကိုယ် စိတ် နှုတ် သုံးပါးစလုံးကို ဆောက်တည်ထိန်းသိမ်းထားနိုင်တဲ့သူဖြစ်လာပါလိမ့်မယ်။ အခြေခံအားဖြင့်တော့ အမှားအမှန်ကိုသိနိုင်တဲ့ အခြေခံစိတ်နေသဘာဝလည်း ရှိရပါမယ်။ သူ့ကို ဆုံးမသွန်သင်ပေးနိုင်တဲ့သူ သူ့ရှေ့ကနေပြီး ကောင်းသောအပြုအမူ အပြောအဆိုများနဲ့ လမ်းပြပေးနိုင်တဲ့သူများ ရှိရပါမယ်။ အဲသည်လို အနေအထားနဲ့ မွေးမြူ



ခြင်းကိုခံခဲ့ရသူဟာ မိမိကိုယ်ကို ကောင်းစွာထိန်းသိမ်းနိုင်သူ ဖြစ်လာပါလိမ့်မယ်။ အဲဒီလို ကောင်းမြတ်တဲ့ စိတ်နေသဘာဝ ပျက်မသွားအောင်တော့ သတိကြီးစွာ ထားရပါမယ်။

မိမိကိုယ်ကိုမိမိထိန်းတဲ့သူဟာ သူတစ်ပါးကို စောင့်ရှောက်ပြီးသားဖြစ်သွားတယ်။ သူတစ်ပါးတို့ရဲ့ ချမ်းသာမကွယ်ပျောက်ရအောင် လုပ်ဆောင် ပြီးသားဖြစ်သွားတယ်လို့ ဆရာတော်ကြီးများက ဖွင့်ဆိုတော်မူကြပါတယ်။ တကယ်လို့ လူတစ်ယောက်ဟာ သူတစ်ပါးအသက်ကို ရက်စက်မညှာသတ် ဖြတ်တာကို ရှောင်တတ်တယ်။ ကိုယ့်အသက်သာ အသေခံမယ်၊ သူတစ်ပါးတို့ရဲ့ အသက်ကိုတော့ ရက်စက်စွာမသတ်ဘူး။ သတ်မယ်ထားလို့ သူတစ်ပါး ကိုညှဉ်းဆဲခြင်းတောင်မှ မပြုဘူးဆိုရင် ဒီလူဟာ သူ့ပတ်ဝန်းကျင်ကို စောင့်ရှောက်ရာကျပါတယ်။ သူ့ကြောင့်တော့ သူ့ပတ်ဝန်းကျင်ဟာ ဒုက္ခဖြစ်တော့မှာ မဟုတ်တော့ပါဘူး။

တချို့သော ကိုးကွယ်ယုံကြည်မှုများမှာတော့ လူ့အသက်ကိုသာ အရေးထားပြီး ပြောဆိုတတ်ကြပါတယ်။ ဗုဒ္ဓသာသနာတော်မှာတော့ အသက်ရှိတဲ့သတ္တဝါဟူသမျှကို သတ်ဖြတ်ညှဉ်းဆဲတဲ့သူများဟာ တူသောအကျိုးကို ပြန်လည်ခံစားရတတ်တယ်လို့ ရှင်းလင်းဟောကြားတော်မူပါတယ်။ တချို့ဟာ ညှဉ်းဆဲတာကို အလွန်လုပ်လေ့ရှိပါတယ်။ လူကိုလည်း ညှဉ်းဆဲတတ်ပါတယ်။

ခွေးကြောင်ကစ သတ္တဝါကလေးများကိုလည်း ညှဉ်းဆဲတတ်ကြပါတယ်။ အဲသည်လိုလူမျိုးကတော့ ကာယကံအကုသိုလ်မှုကို အမြဲကျူးလွန် ရာကျပါတယ်။ သူ့ကြောင့် သူ့ပတ်ဝန်းကျင်ဟာ ဒုက္ခရောက်ကြတော့တာပါပဲ။

သူတစ်ပါးမပေးတဲ့ပစ္စည်းကို မယူဘူး။ အလွယ်တကူ တွေ့တာတောင်မှ မယူဘဲစောင့်ရှောက်ထားလိုက်ဦးမယ်။ ပိုင်ရှင်ကိုစောင့်ပြီး လာတောင်းတဲ့အခါ အကြည်အသာပေးမယ်။ ကိုယ်တိုင်ကိုယ်ကျ ပိုင်ရှင်

ကိုရှာပြီး ပေးမယ်လို့ဆိုရင် အဲဒီလူဟာ သူတစ်ပါးရဲ့ပစ္စည်းဥစ္စာကို စောင့်ရှောက်ရာကျပါတယ်။ မိမိကိုယ်ကို မိမိထိန်းသိမ်းနိုင်သူ စိတ်ကို ထိန်းသိမ်းနိုင်သူလည်း မည်ပါတယ်။ အဲဒီလိုလူမျိုးကို အခုခေတ်မှာ တော့ ဒီကောင်ငတုံးပဲ။ ကျန်ရစ်တဲ့ပစ္စည်းကို ယူထားတာ ခိုးတာမှ မဟုတ်ဘဲလို့ ပြောတတ်တာကို ပြန်လည်ကြားရတတ်ပါတယ်။ ဒါပေမဲ့ ပစ္စည်းကိုပြန်ရတဲ့သူက အခုခေတ်မှာ အလွန်ရှားနေပြီဖြစ်တဲ့ ရိုးသားမှုကို သဘောကျလွန်းလို့ ပြန်လည်ကျေးဇူးပြုတာ ကြားကြရတဲ့သူများက ဆင်းရဲနေပါလျက် သူများကျန်ခဲ့တဲ့ပစ္စည်းကို ပြန်ပေးတာကြောင့် အလွန် လေးစားစွာနဲ့ အကူအညီပေးကြတာစတဲ့ စတဲ့အကြောင်းများကြောင့် အိုးပိုင် အိမ်ပိုင်နဲ့ဖြစ်သွားတဲ့ သူဆင်းရဲများအကြောင်းကို ကျွန်မ ဖတ်ဖူး ပါတယ်။ သိပ်မကြာခင်က ဖိလစ်ပိုင်နိုင်ငံမှာ တကယ်ဖြစ်သွားခဲ့တာပါ။

တကယ်လို့ သူတစ်ပါးဆီကရတဲ့ပစ္စည်းကို အသုံးပြုမယ်ဆိုရင် ဘယ်လိုပစ္စည်းမှ ကြာကြာမခံပါဘူး။ ပျက်စီးသွားမှာပါပဲ။ ကုန်ခန်းသွား မှာပါပဲ။ သူတစ်ပါးဆီကပစ္စည်းကို မပေးဘဲနဲ့ ခိုးယူတယ် လုယူတယ် တိုက်ယူတယ်လို့ဆိုရင် အဲဒီပစ္စည်းများ သူတစ်ပါးကို ညှဉ်းဆဲပြီးမှ ရတဲ့ ပစ္စည်းများဖြစ်လို့ အပူခတ်ကိန်းနေတဲ့ ပစ္စည်းများဖြစ်နေပြီလို့ ဆိုနိုင် ပါတယ်။ အရင်းအနှီးပြုလို့လည်း တိုးတက်စည်ပင်နိုင်ချေ အင်မတန် နည်းပါးပါတယ်။ သုံးစွဲလို့လည်း တင့်တောင့်တင့်တယ်နဲ့ ကျက်သရေ ရှိဖို့ မလွယ်ပါဘူး။ တင့်တယ်ပါတယ်လို့ဆိုရင်လည်း ပြင်ပသဏ္ဌာန် အရသာ တင့်တယ်တာဖြစ်ပါတယ်လို့ ဆိုရမှာပါပဲ။ ကျွန်မတို့ဘဝမှာ မကြာခဏ ပစ္စည်းဥစ္စာများ ဆုံးရှုံးကြရဖူးပါတယ်။ အထားမှားလို့ဆိုရင် ပြန်ရှာလို့ရနိုင်ပါသေးတယ်။ တစ်ခါတလေတော့လည်း တစ်ပါတည်း ကို ဆုံးတတ်ပါတယ်။ ကိုယ့်ဘာသာကိုယ် အထားမှားတာဆိုရင်လည်း စိတ်ဆင်းရဲရတာပါပဲ။ ဒါပေမဲ့ ဖြေဖို့လွယ်ပါသေးတယ်။ နောက်တစ်ခါ ဒီလိုမလုပ်နဲ့တော့လို့ ကိုယ့်ဘာသာကိုယ် သတိပေးလို့ ရနိုင်ပါသေး တယ်။



အဲသည်လိုမဟုတ်ဘဲ ညာယူတာ နိုင်ထက်စီးနင်းလုယူတာ ခိုးယူ တာများနဲ့ ကြုံရမယ်။ သိလည်းသိနေတယ်။ ငြင်းဆန်နိုင်တဲ့ အင်အားမရှိ လို့ မိမိတို့ရဲ့ပစ္စည်းများကို လက်လွှတ်လိုက်ရတယ်ဆိုရင် အလွန်ပူပန် သောက ရောက်ရတတ်ပါတယ်။ အခု ဒီစာကို ဖတ်နေတဲ့သူတွေထဲမှာ လည်း သူတစ်ပါးက မိမိပစ္စည်းကို အနိုင်အထက်ယူလို့ စိတ်ဆင်းရဲရတဲ့ သူတွေ ပါမှာပါပဲ။ အဲသည်လိုအဖြစ်မျိုးကို စာရေးသူလည်း ကြုံဖူးပါ တယ်။ ကျွန်မအမေကတော့ ဒါဟာ မိမိကိုယ်တိုင်က ပေါ့ဆလို့ဆိုရင် တော့ အခုဘဝမှာ ကိုယ်ညံ့လို့ ဖြစ်တာပဲ။ အဲသည်လိုမဟုတ်ပါဘဲနဲ့ ပစ္စည်းဥစ္စာများ နည်းအမျိုးမျိုးနဲ့ ဆုံးရှုံးသွားတယ်ဆိုရင် ဘဝဘဝက ကိုယ့်ရဲ့မကောင်းမှုကြောင့် ဖြစ်တာပဲ။ အခုအချိန်မှာ ကိုယ့်သီလကို ကိုယ်လုံခြုံအောင် စောင့်ပေတော့လို့ သတိပေးတတ်ပါတယ်။

ပစ္စည်းဥစ္စာကို ခိုးသူ တိုက်သူ နှိုက်သူ လုသူများဟာ ဘယ်တော့ မှု မကြီးပွားတတ်ပါဘူး။ တချို့ကလည်း စိတ်အချဉ်ပေါက်ပေါက်နဲ့ ကြီးပွားလိုက် ချမ်းသာလိုက်ကြတာမှ အလွန်ပါပဲဗျာဆိုပြီး အကုသိုလ်ဆိုး ကျိုးကို စိတ်တိုတိုနဲ့ မျက်ကွယ်ပြုတတ်ကြပါတယ်။ အမှန်ကတော့ အဲသည်လို ခိုးလို့ ချမ်းသာတာမဟုတ်ပါဘူး။ သူ့ရဲ့ဘဝဘဝက ကုသိုလ် အရှိန်ကလေး မကုန်သေးလို့ ကောင်းစားနေတာပဲ ဖြစ်ပါတယ်။ အဲဒီ ကုသိုလ်ဟုန် ကုန်သွားတဲ့အခါ အခုဘဝမှာ လုပ်ခဲ့တဲ့အကုသိုလ်များက ကျန်တဲ့ဘဝအစိတ်အပိုင်းမှာ ဆက်လက်အကျိုးပေးပြီး ဘယ်လိုမှု ယက် လို့မရ ကန်လို့မရဘဲ ဆင်းရဲတွင်းမှာ စုန်းစုန်းမြုပ်သွားတတ်ပါတယ်။

ကျွန်မဟာ အခုဘဝမှာ မိကောင်း ဘကောင်းများ ဆရာသမား ကောင်းများရဲ့ သွန်သင်ဆုံးမမှုကို ရရှိခဲ့တဲ့အတွက် ကုသိုလ် အကုသိုလ် အကျိုးများကို နားလည်ခွင့်ရခဲ့ပါတယ်။ ဒါတောင်မှ ကျွန်မရဲ့ပစ္စည်းများ ကို မတရားယူသူ ခိုးသူ အလွဲသုံးစားလုပ်သူများနဲ့ ကြုံရဖူးပါတယ်။ လူတွေမှာ အခံရခက်သလောက် အန္တရာယ်ကြီးတာက အိမ်တွင်းသူခိုး

ဖြစ်ပါတယ်။ ကျွန်မဟာ သူခိုးအမျိုးမျိုးနဲ့ တွေ့ကြုံဖူးပါတယ်။ ဒါပေမဲ့ ရေရှည်မှာတော့ ကျွန်မက ဆင်းရဲမသွားဘဲ ကျွန်မပစ္စည်းကို မတရား ယူသွားတဲ့သူများသာ ဘဝပျက်သွားကြတာကို ကြားသိခဲ့ရပါတယ်။ ကျွန်မကတော့ စောစောကပြောသလို ကြွေးကြီးဆပ်တာပါပဲဆိုတဲ့ အယူအဆကို လက်ကိုင်ထားပြီး စိတ်လည်း ဖြေသာပါတယ်။ ငါဟာ အိုးမဲ့အိမ်မဲ့ စားရသောက်ရမဲ့ မဖြစ်သေးဘူးလေလို့လည်း တွေးပြီး ဖြေနိုင်ခဲ့ပါတယ်။

နောက်တစ်ချက်ကို ဆွေးနွေးလိုပါတယ်။ ကာမေသုမိစ္ဆာစာရကံကလည်း ကာယကံအကုသိုလ် ဖြစ်ပါတယ်။ အဲဒီအကုသိုလ်ကံဟာ မိမိကိုယ်ကို မစောင့်ရှောက်ဘဲ ကျူးလွန်ခဲ့လို့ရှိရင် ယခုဘဝမှာရော နောက်နောင်ဘဝများမှာရော လွန်စွာဒုက္ခရောက်တတ်ကြတဲ့ ကာယကံ အကုသိုလ် ဖြစ်ပါတယ်။ သိပ်မကြာခင်အချိန်တုန်းက တောင်ဥက္ကလာပ စေတီတော်မှာ ကျင်းပတဲ့တရားပွဲမှာ မင်္ဂလာဒုံဥယျာဉ်မြို့တော် မဟာ ဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဟောကြားတော်မူတဲ့ 'ခေတ်မမီတဲ့ တရား' ဆိုတဲ့ ခေါင်းစဉ်ပါ တရားကို ဒီစာရေးနေရင်း သတိရလာလို့ တင်ပြလိုပါတယ်။

ဆရာတော်ဟောပုံက ဒီလိုပါ။ အခုခေတ်မှာ လူမှုရေး စီးပွားရေး စနစ်တွေက ပြောင်းလာတာကြောင့် လူအချင်းချင်း ဆက်ဆံတဲ့ပုံစံများ က ပြောင်းလာပြီဖြစ်ပါတယ်တဲ့။ ဟိုအရင် ရှေးရိုးအတိုင်းနေကြတဲ့ ခေတ်တုန်းက ဝတ်ပုံစားပုံ နေထိုင်ပုံ ပြောဆိုပြုမူပုံများနဲ့ အခုခေတ်ပုံစံ များဟာ အလွန်ကွာဟသွားကြပြီဖြစ်ပါတယ်တဲ့။ ဟိုတုန်းက အပြစ်ဖြစ် နိုင်တယ်လို့ ရှောင်ကြဉ်ခဲ့တဲ့ကိစ္စများကိုလည်း အခုအချိန်မှာ ခေတ်မီ တယ်၊ ကြီးပွားရေး စီးပွားရေးအတွက် လိုအပ်တယ်ဆိုပြီး အလွယ်တကူ လုပ်ကိုင်ဆောင်ရွက်နေတတ်ကြပါတယ်တဲ့။ ဥပမာ အရက်သေစာ သောက်စားတာ အမျိုးသမီး အမျိုးသားများ ညဥ့်နက်သန်းခေါင် အတူ



တွကာနေရင်း မှောက်မှားတတ်ကြတာစတဲ့ ကိစ္စများဖြစ်ပါတယ်တဲ့။ ဆရာတော်က ဆက်ပြီးဟောတော်မူတာကတော့ အဲသည်လိုကိစ္စများဟာ မေ့မေ့လျော့လျော့ လုပ်ကိုင်ဆောင်ရွက်ဖန်များလာတဲ့အခါ အပြစ်ဖြစ် တယ်လို့တောင်မှ မထင်ကြတဲ့အထိ ရိုးသွားပါတယ်တဲ့။ အဲသည်လို ခေတ်မီတာလွန်ပြီး အပြစ်လုပ်တာများဟာ လုပ်တဲ့သူက အပြစ်လို့ မယူဆတော့ဘူးဆိုရင်တောင်မှ မကောင်းမှုပြုသူသည် မကောင်းကျိုးကို ခံစားရမှာ အသေအချာဖြစ်သည်ဆိုတဲ့ ကံတရားကိုတော့ ရှောင်လို့မရပါ ဘူးတဲ့။ ကံနဲ့ ကံ၏အကျိုးဆိုတာ ခေတ်နဲ့အညီလိုက်ပြီး ပြောင်းလဲခြင်း မပြုတတ်ပါဘူးတဲ့။ အဲဒါကြောင့် ခေတ်မမီတဲ့တရားလို့ ပြောရပါတယ် လို့ ဆရာတော်က မိန့်တော်မူပါတယ်။ ဆိုးတဲ့အမှုကို ပြုတဲ့သူဟာ ဆိုးတဲ့ အကျိုးသက်ရောက်မှုကို ခံစားရမှာသေချာပါတယ်။ အဲဒီအချက်က ခေတ်နဲ့အမီ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။

သူတစ်ပါးအိမ်ရာကို ကျူးလွန်တဲ့သူများဟာ အဘက်ဘက်က ယိုယွင်းတတ်ပါတယ်။ စီးပွားရေး ကြီးပွားရေးများမှာ ထိခိုက်သလို ကျော်စောသတင်းမှာလည်း ထိခိုက်တတ်ပါတယ်။ အခုခေတ်မှာဆိုရင် ကာမေသုမိစ္ဆာ စာရကံကို ကျူးလွန်သူများအတွက် အလွန်ဆိုးရွားတဲ့ ရောဂါများလည်း ကျရောက်တတ်တာကို တွေ့ရတတ်ပါတယ်။ အဲဒီကံ ကို မကျူးလွန်ခဲ့ဘဲနဲ့လည်း အေ့ဒ်စ်လိုရောဂါမျိုးက ကူးစက်ကျရောက် တတ်တာပါပဲလို့ ပြောမယ်ဆိုရင်လည်းဟုတ်ပါတယ်။ အကုသိုလ်ကြီး တဲ့သူများနဲ့ ပတ်သက်ရတယ်ဆိုရင် တစ်နည်းမဟုတ်တစ်နည်း အကျိုး နည်းတာပါပဲလို့ ပြောချင်ပါတယ်။

ကာယကံ အကုသိုလ်များကို ကျူးလွန်တတ်တဲ့သူများဟာ တစ်ခု ကျူးလွန်မိရင် နောက်တစ်ခုဆက်တတ်ပါတယ်။ သူများမပေးတဲ့ဥစ္စာ ကို ခိုးယူ တိုက်ယူ နှိုက်ယူတတ်တဲ့သူများဟာ သူ့ကိုဆန့်ကျင်တားဆီး တာနဲ့ကြုံရင် ကိုယ့်ကိုယ်ကို ကာကွယ်တာပါဆိုတဲ့ အကြောင်းပြချက်နဲ့ပဲ

ဖြစ်စေသူများအသက်ကို သတ်မိတတ်ပါတယ်။ သူလိုချင်သလို တောင်းတာကို မရရင်လည်း ဒေါသထွက်ပြီး နှိပ်စက်သတ်ဖြတ်လေ့ရှိတတ်ကြပါတယ်။ ကာမဂုဏ်မှုကို ကျူးလွန်တဲ့အခါမှာလည်း ရန်အလွန်များပါတယ်။ သူ့ကို သူများက သတ်ချင်သတ်မယ်။ သူက သူများကိုသတ်ချင်သတ်မယ်။ အဲသည်လောက်ကို ဆိုးရွားတဲ့ပြဿနာများနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ ရာဇဝတ်မှုများကို လေ့လာတဲ့အခါ အဲဒီလိုအမှုများ ဆက်စပ်ယှက်နွယ်နေတာကို တွေ့ရတတ်ပါတယ်။ အပြစ်ဒဏ်ကျချင်ကျမယ်။ အပြစ်ကလွတ်မြောက်အောင် ကြံဆောင်နိုင်ရင်တောင်မှ လူပုံလယ်မှာ မျက်နှာမလှ ဖြစ်တတ်ပါတယ်။

တရားကိုချစ်ခင်တဲ့သူများက အပြစ်ဖြစ်နိုင်တဲ့ ကာယကံ အကုသိုလ်ကို ရှောင်ကြဉ်တတ်ပေမယ့် လောကဓံဆိုးလေးပါး ကျရောက်ချိန်နဲ့ကြုံရင် ဘယ်လိုမှ မတားနိုင်မဆီးနိုင်တဲ့ ဆိုးပြစ်များနဲ့ ကြုံရတတ်ပါတယ်။ အဲသည်လို ဆိုးကျိုးများနဲ့ ကြုံတဲ့အခါ တရားရှိတဲ့သူများဟာ ငါတို့အမှားမလုပ်ခဲ့ဘူးဆိုတဲ့ မိမိကိုယ်ကိုယုံကြည်တဲ့စိတ်နဲ့ ရဲရင့်တတ်ကြပါတယ်။ တည်ကြည်တတ်ပါတယ်။ တည်ငြိမ်အောင်လည်း ဆောက်တည်တတ်ကြပါတယ်။

ကာယကံအကုသိုလ်ကို ရှောင်ကြဉ်တတ်တဲ့ တရားကိုအားကိုးချစ်ခင်သူများနဲ့ တရားကို မချစ်ခင်တဲ့သူများရဲ့ ဘဝအခြေအနေဟာ တစ်စတစ်စနဲ့ ပြောပလောက်အောင် ကွာဟသွားပါလိမ့်မယ်။ တရားကို မချစ်ခင်သူများ တရားကို မလိုလား မတောင့်တတတ်ကြသူများဟာ ကာယကံသာမက ဝစီကံအကုသိုလ်များကိုလည်း ရှောင်ရှားခြင်းမရှိတတ်ပါဘူး။

ကာယကံအကုသိုလ်က ရှောင်ရရှားရလွယ်ပါသေးတယ်။ ဝစီကံအကုသိုလ်ကတော့ နေ့စဉ်နဲ့အမျှ ကြောက်စရာကောင်းလောက်အောင် ကျူးလွန်နေတတ်ကြတာကို သတိထားတတ်တဲ့သူဆိုရင် သိမှာပါပဲ။



ဝစီကံ အကုသိုလ်လို့ဆိုရင် လူအတော်များများက လိမ်လည်ပြောဆိုတာ (ညာပြောတာ) လောက်ပဲ သိတတ်ကြပါတယ်။ လိမ်လည်တာနဲ့အတူ အပြစ်ဖြစ်နေတတ်တာတွေကို သတိမထားမိတတ်ပါဘူး။ လိမ်လည်တာ၊ ကုန်းတိုက်ချောပစ်တာ၊ စကားကိုကြမ်းတမ်းစွာပြောတာ (ဆဲဆိုရေရွတ်တာ)၊ အကျိုးမဲ့ အနှစ်မဲ့စကားများကိုပြောတာစတဲ့ ဝစီကံအပြစ်များက မနည်းမနော ဖြစ်နေပါတယ်။

တချို့လူများဟာ လိမ်လည်တာကို ပေါ့ပေါ့ကလေးပဲ သဘောထားတတ်ကြပါတယ်။ ဆုကြီးပန်ပုဂ္ဂိုလ်များဟာ ပါရမီဖြည့်ဆည်းနေစဉ်ကာလမှာ အခြားအခြားသော အပြစ်များကို အကြောင်းအားလျော်စွာ ကျူးလွန်တတ်ပေမယ့် လိမ်လည်စကားပြောဆိုမှုတော့ မရှိခဲ့ကြပါဘူး၊ မကျူးလွန်ခဲ့ကြပါဘူးတဲ့။

မြတ်စွာဘုရားဟောပြောတော်မူတဲ့ တရားများထဲမှာလည်း လိမ်လည်ပြောဆိုခြင်းကို အပျော်သဘောနဲ့ အပြောင်အပြက်သဘောနဲ့တောင် မပြောထိုက်ပါဘူးလို့ ပါပါတယ်။ တကယ်တော့ လိမ်လည်တဲ့ကိစ္စဟာ တစ်ခါလောက် စလိုက်မိရင် မဆုံးတတ်တဲ့ အပြစ်ဖြစ်ပါတယ်။ တစ်ခါလိမ်မိတယ်။ သတ္တိရှိရှိနဲ့ လိမ်မိပါတယ်လို့ဝန်ခံပြီး ပြင်လိုက်ရင် ပြီးသွားနိုင်ပါလျက်နဲ့ တစ်လိမ်ပေါ်မှာစိုးလို့ နောက်တစ်ခါလိမ်၊ နောက်တစ်ခါလိမ်နဲ့ အလိမ်သံသရာထဲက မထွက်နိုင်ဘဲ ဒီလူဟာ စိတ်မချရဘူးလို့ အပြောအဆိုခံရပြီး အောင်မြင်ခြင်းလမ်းစဟူသမျှ ပိတ်ကုန်တဲ့အထိ အဖြစ်ဆိုးသွားနိုင်ပါတယ်။ အားလုံးက အထင်သေး အမြင်သေးဖြစ်ပြီး မထီမဲ့မြင် ပြုတာကို ခံရတတ်ပါတယ်။

လိမ်လည်တတ်သူနဲ့ နီးနီးကပ်ကပ် အတူနေရတဲ့သူဟာ မျှော်လင့်ချက်များ မကြာခဏပျက်ပြားပြီး အလွန်စိတ်ဆင်းရဲရတတ်ပါတယ်။ လိမ်တဲ့သူကို ကူညီဖို့ကြိုးစားရင်တောင်မှ ကူညီချင်တဲ့သူဟာ သူ့အလိမ်မိတတ်ပါတယ်။ အဲဒီလိုလူမျိုးများ နောက်ဆုံးတော့ ကူမယ့်ကယ်မယ့်သူမဲ့ပြီး ဘဝပျက်သွားတာကို ကိုယ်တိုင် မြင်တွေ့ဖူးပါတယ်။

ကုန်းတိုက်တတ်တဲ့သူများဟာ မှန်တာပြောတာပဲဆိုတဲ့ စကားနဲ့ သူတို့ကုန်းတိုက်တာကို ကာကွယ်တတ်ကြပါသေးတယ်။ မှန်တဲ့တိုင်အောင် သူတစ်ပါးနစ်နာသွားစေမယ့် စကားမျိုး အချင်းချင်း အချစ်ပြယ်သွားစေမယ့်စကားမျိုးကို မပြောသင့်ပါဘူး။ ကုန်းတိုက်တဲ့သူဟာ တစ်ဖက်သားကို နစ်နာစေလိုတဲ့ စေတနာဆိုးကြောင့် အမြဲလိုလို တို့နေထောင်နေရတာကြောင့် သူကိုယ်တိုင်လည်း ဆင်းရဲပါတယ်။ သူက ကွယ်ရာမှာ မကောင်းပြောတတ်တာဖြစ်လို့ သူတိုက်ထားတဲ့သူအချင်းချင်း ပြန်လည်ဆုံတွေ့ပြီး အမှန်တွေပေါ်သွားမှာလည်း စိုးရိမ်နေတတ်ပါတယ်။ ကုန်းတိုက်တာ အစောပိုင်းက အမှန်လောက်သာ ပြောကောင်းပြောပါမယ်။ ဒါပေမဲ့ ကြာလာလေလေ အားကောင်းအောင် အလိမ်အညာတွေ ဖောဖောသီသီစွက်ပြီး ပြောတတ် ဆိုတတ်လာပါတယ်။ လိမ်တတ်သူကို ဒီလူဟာ စိတ်မချရတဲ့သူပဲလို့ သူ့အလိမ်မိဖူးတဲ့သူအချင်းချင်း သတင်းပေးပြီး ရှောင်တတ်ကြပါတယ်။ သူနဲ့ မတတ်သာလို့ ဆက်ပြီးပေါင်းသင်း ဆက်ဆံနေရတယ်ဆိုရင်တောင်မှ သူပြောတဲ့စကားကို ယုံရမှာကြောက်တတ်ကြပါတယ်။ ကုန်းတိုက်တတ်တဲ့သူဆိုရင်လည်း အဲသည်လိုပါပဲ။ သူပြောတဲ့စကားကို အရမ်းမယုံလိုက်ပါနဲ့၊ ဘယ်သူ့အကြောင်းကို ဘယ်သူ့ကျွန်မက မပြောဘဲနဲ့ ပြောတယ်လို့ သွားပြီးကုန်းတိုက်ထားတာ၊ မနည်းဖြေရှင်းယူရပါတယ်လို့ သူနဲ့စပြီးတွေ့တဲ့သူများကို သတိပေးတတ်ကြပါတယ်။

နောက်တစ်ချက်ကတော့ စကားကို ချိုသာပြေပြစ်စွာ မပြောဘဲ ကြမ်းတမ်းစွာ ဆဲရေးတိုင်းထွာ ပြောတတ်ကြတာ၊ သူများကို နိုင်ထက်စီးနင်း ပြောတတ်ကြတာဟာ ဝစီကံအကုသိုလ်ဖြစ်တယ်ဆိုတာကို သတိမထားတတ်ကြပါဘူး။ တရားကို ချစ်ခင်တဲ့သူများကတော့ သတိတရားကို လက်ကိုင်ထားနေတတ်ကြတာကိုး။ စကားပြောတဲ့အခါမှာ ဆင်ခြင်ပြီး ပြောတတ်ကြတာပေါ့။



စကားကို ကြမ်းကြမ်းတမ်းတမ်း ပြောတတ်ကြတဲ့သူများဟာ သူတို့ဘာသာသူတို့တော့ ဆင်ခြေတွေအပြည့်ပေးတတ်ပါသေးတယ်။ ငါတို့ကတော့ ပွင့်ပွင့်လင်းလင်းပဲ။ စကားနုနုကလေးတွေ ပြောပြီး စိတ်ထဲက ကောက်တဲ့အမျိုးအစား မဟုတ်ဘူးစသည်ဖြင့်ပေါ့။ တကယ်တော့ နှုတ်ဖျားကချိုပြီး စိတ်ထားက ပုပ်အယ်နေတာလည်း မကောင်းပါဘူး။ တို့က စိတ်ထားဖြောင့်တယ်ဆိုပြီးလည်း စကားကို ကြမ်းတမ်းစွာ မပြောသင့်ပါဘူး။ စကားကြမ်းကြမ်းပြောတတ်တဲ့ သူ့အနားမှာ လူကောင်း သူကောင်းများ မနေတတ်ကြပါဘူး။ နေနေရတယ်ဆိုရင်လည်း စိတ်ဆင်းရဲနေတတ်ကြပါတယ်။ တတ်နိုင်သမျှ စကားအချိုအချဉ် မဖြစ်အောင် ရှောင်တတ်ကြပါတယ်။

စကားကြမ်းကြမ်း ပြောတတ်တဲ့သူအနေနဲ့ ငါ့စကားနွားရ ပြောနိုင်တဲ့ အနေအထားမှာ ရှိတယ်ဆိုရင်တော့ အားလုံးက မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို နေကြရမှာပေါ့လေ။ ခေါင်းငုံ့ကာ ခံနေကြရမှာပေါ့။ သို့သော် လောကဓံဆိုးလေးပါးနဲ့သာ ကြုံလိုက်ပါလား။ စကားကို ကြမ်းတမ်းစွာ မောက်မာစွာ ပြောတတ်တဲ့သူရဲ့အနားမှာ ကူမယ့်ကယ်မယ့်သူမရှိဘဲ ဖြစ်သွားမှာ သေချာပါတယ်။

တရားချစ်ခင်တဲ့သူများကတော့ စကားပြောရင်လည်း စာနာထောက်ထားပြီး အေးအေးဆေးဆေး ဖေးဖေးမမ ပြောတတ်ကြတာကိုး။ အဲဒီတော့ ကိုယ့်မှာအပြစ်ရှိလို့ ဆုံးမနေတယ်ဆိုရင်တောင်မှ ကြားရတဲ့သူက ခံသာနေပြီ ဖြစ်ပါတယ်။

နောက်ထပ်ဝစီအကုသိုလ်ကတော့ ဘဝကို လေးလေးနက်နက် ခံယူနိုင်လောက်တဲ့ ဉာဏ်အင်အားမရှိကြတဲ့ တရားကို ချစ်ခင်ရကောင်းမှန်း မသိတဲ့သူများ နေ့စဉ်နဲ့အမျှ ကျူးလွန်လေ့ရှိတဲ့ အကျိုးမဲ့ အနှစ်မဲ့ စကားကို ပြောဆိုခြင်းဖြစ်ပါတယ်။ စကားရဲ့အမည်ကိုက အကျိုးအနှစ်မဲ့ပါတယ်ဆိုမှတော့ အဲဒီစကားတွေထဲမှာ လိမ်လည်တာရော၊ ကုန်းတိုက်

ချောပစ်တာရော၊ ကြမ်းတမ်းတာရော မကောင်းသမျှ အကုန်ပါနေတော့မှာ သေချာပါတယ်။

တစ်နေ့တစ်နေ့ လူတွေစုစုပြီးထိုင်ကာ ပေါက်တတ်ကရ ပြောနေတတ်ကြတာကို လုပ်နေကျဖြစ်နေတော့ ဒီအလုပ်ကို ဆန်းတယ်လို့တောင်မှ မထင်ကြတော့ပါဘူး။ အဲဒီလိုထိုင်ပြီး အလုပ်ဖြစ်အောင်လုပ်တယ်ဆိုတာကလည်း ဆူလွယ်နပ်လွယ်အလုပ်မျိုးပဲ ဖြစ်ပါမယ်။ အဲသည်လို ပေါက်တတ်ကရ အကျိုးမဲ့တဲ့စကားကို ပြောနေတဲ့သူတစ်ယောက်နဲ့ ဦးတည်ချက်ထားပြီး အလုပ်လုပ်ကာ စကားကို မလိုရင်မပြောဘဲ လိုမှသာ ပြောတတ်ကြတဲ့သူတစ်ယောက်တို့ဟာ ဘဝမှာ စပြီးတာထွက်ကြတုန်းက အနေအထားချင်း တူခဲ့တယ်ဆိုရင်တောင်မှ ကြာလေလေ ကွာလေလေ ဖြစ်လာမှာပါပဲ။

လူတစ်ယောက်နဲ့တစ်ယောက် ဆက်ဆံပေါင်းသင်းကြပြီလို့ဆိုတဲ့အခါမှာ နှုတ်ထွက်စကားနဲ့ ဆက်သွယ်ကြရပါတယ်။ ကိုယ်အမူအရာကိုရော နှုတ်ထွက်စကားကိုရော အမှားအယွင်းမရှိရအောင် ထိန်းတတ်တဲ့သူဟာ လူပုံလယ်မှာ တင့်တယ်တတ်ပါတယ်။ အဲသည်လိုလူမျိုးဟာ တရားကို အမှန်တကယ်ချစ်ခင်ပြီး တရားကို လိုလားတောင့်တသူပဲဖြစ်ပါတယ်။ တရားကို ချစ်ခင်ရကောင်းမှန်းမသိတဲ့ သူများအနေနဲ့ကတော့ မိမိတို့ရဲ့လုပ်ရပ်ကို မိမိတို့ဘာသာ အကဲဖြတ် အကဲခတ်ရကောင်းမှန်းလည်း မသိ မှားမှန်း မှန်မှန်းလည်းမသိနိုင်ကြလေတော့ အမှားဘက်ကိုသာ အလေးသာနေတတ်ပါတယ်။

သူတို့ရဲ့ စိတ်နေသဘာဝကလည်း ကွာခြားချက်ရှိနေမှာ ဖြစ်ပါတယ်။ တရားနဲ့ဆင်ခြင်တတ်တဲ့သူဟာ သူတစ်ပါးရဲ့ဥစ္စာကို ငါ့ဟာဖြစ်ရင် ကောင်းလေစွဆိုတဲ့ မကောင်းတဲ့စိတ်မဝင်တတ်ပါဘူး။ ကိုယ့်ထက်များစွာသာတဲ့သူတို့ကို မြင်ရင်တွေ့ရင်လည်း ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားမှာ ဖြစ်ပါတယ်။



တရားကို မချစ်ခင်တဲ့သူများကတော့ ဆင်ခြင်ဉာဏ်ကင်းမဲ့တာကြောင့် သူများက ကိုယ့်ထက်သာနေရင် အဲဒီဥစ္စာကို ငါရရင် ကောင်းမှာပဲဆိုတဲ့ လောဘဇောတက်နေတတ်ပါတယ်။ အဲဒီတော့ ဘယ်မှာမုဒိတာပွားနိုင်တော့မှာလဲ။ မုဒိတာအစား သူများပစ္စည်း ကိုယ့်ပစ္စည်းဖြစ်အောင် မတရားကြံစည်နေတတ်ပါတယ်။ မတရားဆောင်ရွက်နေတတ်ပါတယ်။ အဲသည်လို ဆောင်ရွက်ကြံစည်လို့မရရင် သေကျေပျက်စီးသွားရင် ကောင်းလေစွလို့ မကောင်းသောစိတ်နဲ့ ကြံစည်စိတ်ကူးနေတတ်ပါတယ်။ တရားရှိတဲ့သူကတော့ သူတစ်ပါးတို့ လက်ထဲကပစ္စည်းကိုစိတ်အားဖြင့် ပစ်မှားတာတောင်မှ အပြစ်ရှိတယ်ဆိုတာကို သိထားကြသူများဖြစ်ပါတယ်။ အဲသည်လို အပြစ်ဖြစ်မယ့်စိတ်ကူးမျိုးဟာ အကုသိုလ်စိတ်များဖြစ်တယ်လို့ နားလည်ကာ မိမိတို့စိတ်အစဉ်မှာ မကောင်းတဲ့အကြံအစည်များ မဝင်အောင် စောင့်ရှောက်ထိန်းသိမ်းထားတတ်ပါတယ်။

မကောင်းတဲ့အကြံအစည်များကို ကြံစည်ပြီး မကောင်းတဲ့ အလုပ်ကို လုပ်နေတတ်တဲ့သူများဟာ ကံနဲ့ ကံ၏အကျိုးကို မသိနားမလည်ကြတဲ့သူများ ဖြစ်တတ်ကြပါတယ်။ သူတို့ဟာ မှားယွင်းတဲ့ အယူအဆများကို လက်ခံထားတတ်ကြပါတယ်။ အဲသည်လို ကံနဲ့ ကံ၏အကျိုးကို မမြင်နိုင် နားမလည်နိုင်ရင် လမ်းမှားကိုလိုက်ပြီး ဒုစရိုက်မှုပေါင်း များစွာကို ကျူးလွန်ကြမှာ သေချာပါတယ်။

လမ်းမှားကို လိုက်တတ်ကြသူများဟာ လောဘတရား ကြီးမားလွန်းလို့ သူတစ်ပါးတို့ရဲ့ ပစ္စည်းဥစ္စာကို အနိုင့်အထက်ရယူချင်တတ်တာကြောင့် မှားတတ်တာလည်း ရှိပါတယ်။ ကံနဲ့ ကံရဲ့အကျိုးကို တကယ်တမ်း လက်ခံထားတယ်ဆိုရင် သူတစ်ပါးတို့လက်ဝယ်မှာ ရှိနေတဲ့ပစ္စည်းများနဲ့ ပတ်သက်လို့ ဘယ်လိုနည်းနဲ့မျှ ဝေဖန်နေစရာမလိုအပ်ပါဘူး။ တကယ်လို့ သူတို့ဟာ မတရားသောနည်းနဲ့ ရှာထားတာဆိုရင် ငါတို့

ဟာ အဲသည်လိုနည်းနဲ့ ပစ္စည်းမျိုးကို ကိုယ်လည်းမရှာအပ်ဘူး။ သူများ တကာရဲ့ လက်ထဲကပစ္စည်းကိုလည်း မတောင့်တအပ်ဘူးလို့ သဘာဝ ကျကျ စဉ်းစားမှာ ဖြစ်ပါတယ်။

တချို့သောသူတို့ဟာ သူတစ်ပါးတို့ရဲ့ဥစ္စာကို မိမိတို့လက်ထဲကို ရောက်လာအောင် အဲသည်လို စီးပွားရှာနိုင်ခွင့်ရလာအောင် တရားသည် ဖြစ်စေ မတရားသည်ဖြစ်စေ ရယူနိုင်ဖို့ ကြိုးစားတတ်ကြပါတယ်။ နောက်ဆုံးတော့ သူရောကိုယ်ပါ ပျက်စီးသွားတတ်ပါတယ်။ တချို့က တော့ စီးပွားပြိုင်ဘက်များကို အကွက်ကျကျ စီမံကိန်းချပြီး စီးပွားလျှော အောင် လုပ်တတ်ပါသေးတယ်။ သူတစ်ပါးစီးပွားလျှောအောင်လုပ်တာ အောင်မြင်သွားရင် ကိုယ့်ဘက်မှာလည်း စီးပွားလျှောကျတဲ့ မကောင်း ကျိုး ဖြစ်ပွားလာစေမယ့် မကောင်းသော အကြောင်းရင်းခံ အကုသိုလ် မျိုးစေ့ကတော့ ရင့်သန်သွားပြီလို့ ဆိုနိုင်ပါတယ်။

တရားကို မချစ်ခင်နိုင်တာဟာ အမှားနဲ့အမှန် မခွဲခြားနိုင်လို့ပါပဲ။ သူတစ်ပါးကို မကောင်းကြံရင် ကိုယ်ဘေးဒဏ်ထိတတ်တယ်ဆိုတဲ့ စကားဟာ လူတိုင်းပြောတတ်တဲ့ စကားဖြစ်ပါတယ်။ ပြောတတ်သလို နှလုံးသွင်းတတ်မယ်ဆိုရင်တော့ အလွန်ပဲ အမှားနည်းသွားမှာ ဖြစ်ပါ တယ်။

ဒါပေမဲ့ အခုလိုသိပ္ပံပညာထွန်းကားတဲ့ခေတ် သာသနာတော် စည်ပင်ပြန့်ပွားနေပါတယ်လို့ ဆိုနိုင်တဲ့ခေတ်ကြီးမှာ သူတစ်ပါး ဒုက္ခ ရောက်အောင် ခေတ်ရိုက်ခေတ်ဆင်လုပ်နေတာဟာ ကံနဲ့ ကံ၏အကျိုး ကို တကယ်မယုံကြည်ကြလို့ပဲ ဖြစ်နိုင်ပါဟယ်။ စဉ်းစားကြည့်ကြမယ် ဆိုရင် အဆုံးအစ မထင်နိုင်တဲ့ သံသရာတစ်ကြောမှာ ကိုယ်တိုင်ပြုဖူးတဲ့ ကောင်းမှု မကောင်းမှုတို့ရဲ့အရိပ်ဟာ ကိုယ့်နောက်ကိုလည်း တကောက် ကောက်လိုက်နေတာပါပဲ။ လူအသီးသီးရဲ့နောက်ကိုလည်း သူတို့အကြောင်း ရင်းခံခဲ့တဲ့ ကံတရားများက နောက်ကလိုက်ပြီး အကျိုးပေးနေကြတာ ဖြစ်ပါတယ်။



အဲဒီတော့ မိမိရဲ့ဘဝကောင်းတယ် မကောင်းဘူးဆိုတာ မိမိ ဘာသာပဲ လုပ်ရတာဖြစ်တယ်။ အတိတ်ကမျိုးစေ့ရှင်သန်ဖို့ ပယောဂ သမ္ဘတ္တိနဲ့ ပြည့်စုံအောင် မိမိဘာသာကြိုးစားရမယ်လို့ သိထားရင် မကောင်းတဲ့ အမှုကိုပြု လုပ်ဖို့ မလွယ်တော့ပါဘူး။

အဲသည်လိုမဟုတ်ဘဲ လောကမှာ ကောင်းစားမယ်ဆိုရင် ဘုရား ဖြစ်မယ့် အုတ်နီခဲကြီးလို လုပ်နေလို့မဖြစ်ဘူး။ တရားတာ မတရားတာ ငါမသိဘူး။ မြန်မြန်ကောင်းစားမယ်ဆိုရင် ဖြတ်လမ်းကလိုက်ရ လည်း အရေးမကြီးဘူးဆိုပြီး တစ်ဘဝ တစ်ခန္ဓာချမ်းသာဖို့ ကောင်းစားဖို့ ဘယ်လိုစောင့်ထိန်းမှုမျိုးမှုမလုပ်ဘဲ စည်းမဲ့ကမ်းမဲ့နေထိုင်လုပ်ကိုင် ပြောဆို ကြံစည်နေတဲ့သူများဟာ သူများကိုလည်း များစွာထိပါးစော်ကားမိတတ် ပါတယ်။ အဲသည်လို မကောင်းတဲ့အလုပ်ကြောင့် နေ့ချင်းညချင်း စီးပွားတက်သွားကြတဲ့သူတွေဟာ ကျသွားတော့လည်း ကြောက်စရာ ကောင်းပါတယ်။ လောကမှာလည်း မတင့်တယ်လောက်အောင် ဖြစ် တယ်ဆိုမှတော့ သံသရာမှာလည်း အဆင်းလမ်းကို ရောက်သွားမှာ သေချာသလောက်ပါပဲ။ အဲသည်လိုလူဟာ တရားကိုမလိုလား မတောင့် တကြတဲ့အတွက် ပျက်စီးကြသူများဖြစ်ပါတယ်။ မပျက်စီးချင်ရင်တော့ တရားကိုချစ်ခင်ဖို့ အလွန်လိုအပ်ပါတယ်။

–

# မသူတော်အား ချစ်ခင်ပွား၊ သူတော်စင်ကို မခင်စွန့်ခွာ၊ သူယုတ်မာထံ နည်းနာခံက ပျက်စီးရ၏။

မြတ်စွာဘုရား၏ ပထမမေးခွန်းနှင့် သက်ဆိုင်သောအဖြေကို ကြားရပြီးသည့်နောက် "အရှင်ဘုရား အရှင်ဘုရားဟောကြား မိန့်ဆိုတော်မူသောကြောင့် တပည့်တော် မေးလျှောက်ခဲ့သော ပထမမေးခွန်း၏ အဖြေကို ကြားရပါပြီဘုရား။ အခုတစ်ခါ ဒုတိယဖြစ်သောပျက်စီးခြင်း၏အကြောင်းရင်းများကို ဟောတော်မူပါဦးဘုရား" ဟု နတ်သားက မေးလျှောက်ပြန်ပါသည်။

မြတ်စွာဘုရားက နတ်သား အကြင်သူသည်

(၁) သူယုတ်မာကို ချစ်ခင်၏။

(၂) သူတော်ကောင်းကို မုန်းတီး၏။

(၃) သူယုတ်မာတို့၏တရားကို ချစ်ခင်၏၊ ရှိသေလိုက်နာ၏။

ထိုသို့ သောသူသည် ပျက်စီးတတ်၏ဟု မိန့်တော်မူပါသည်။

### ဆွေးနွေးချက်များ

ပရာဘဝသုတ် ပထမမေးခွန်းကို ဖြေကြားတုန်းကလည်း မြတ်စွာဘုရားက ပျက်စီးရခြင်း၏အကြောင်းနဲ့အကျိုးကို ဆက်စပ်ပြီး ဖြေဆိုတော်မူခဲ့ပါတယ်။ ပညာဉာဏ်ခေတ်နည်းပါးပြီး အလိမ္မာနည်းပါးသူတို့ဟာ တရားကို မချစ်ခင်နိုင် မချစ်ခင်တတ်။ အဲသည်လိုလူမျိုးသည် ပျက်စီးတတ်တယ်လို့ သဘောသက်ရောက်တဲ့အဖြေကို ဖြေဆိုတော်မူခဲ့ပါတယ်။

### ဒုတိယမေးခွန်း၏ အဖြေ (၁)

ဒုတိယမေးခွန်းကို ဖြေဆိုတော်မူတဲ့အခါမှာလည်း ပြည့်စုံအောင်ပျက်စီးသူများဟာ (၁) သူယုတ်မာကို ချစ်ခင်၏ဆိုတဲ့ အဖြေကစပြီး



တော့ ဆက်စပ်နေတဲ့အကြောင်းနှစ်ခုကိုပါ ဖြေဆိုသွားပါတယ်။ သူယုတ်မာကို ချစ်ခင်မိတဲ့သူများဟာ ကိုယ်ပိုင်အသိဉာဏ်နည်းပါးလို့လည်း ဖြစ်နိုင်ပါတယ်။ ပေးဆပ်စရာဝဋ်ကြွေးရှိနေသေးလို့လည်း ဖြစ်နိုင်ပါတယ်။ တကယ်တော့ နောက်ဆုံးဘဝကို ရောက်နေတဲ့ပုဂ္ဂိုလ်များတောင်မှ သူယုတ်မာကို ချစ်မိမှားတတ်ကြပါသေးတယ်။ ဥပမာပြစရာ အများကြီးရှိပါတယ်။

ကိုယ်ပိုင်အသိဉာဏ် နည်းပါးတယ်လို့ ဆိုတဲ့နေရာမှာ အသိဉာဏ်ကြွယ်နိုင်တဲ့ အသက်အရွယ်ကို မရောက်သေးတာလည်း ဖြစ်နိုင်ပါတယ်။ ငယ်ရွယ်သေးတဲ့သူများ လူပေါင်းမှားလို့ရှိရင် ပျက်စီးလွယ်တတ်ကြပါတယ်။ မကောင်းတဲ့သူများနဲ့ ပေါင်းမိမှားတတ်ကြတဲ့သူများဟာ အသိဉာဏ် ကြွယ်ဝနိုင်ဖို့ အခွင့်အရေး မရကြတော့ဘဲ မကောင်းတဲ့ အကြံအစည် အပြုအမူများမှာသာ မွေ့လျော်သွားတတ်ပါတယ်။

အဲသည်လို အသိဉာဏ်နည်းပါးရတဲ့အထဲမှာ လိုချင်ရာကို ရအောင်ယူနိုင်တဲ့သူလည်း ဖြစ်တယ်။ အဲသည်လို ရအောင်ယူဖို့လည်း လောဘအခြေခံက ရှိနေတယ်ဆိုရင် မြှောက်ထိုးပင့်ကော်လုပ်ပြီး ပေါင်းသင်းကာဖျက်ဆီးခြင်းကို ခံရတတ်ပါသေးတယ်။ သာဓကအဖြစ် ပြရမယ်ဆိုရင် အဇာတသတ်မင်းသားကို ပြရမယ်ဖြစ်ပါတယ်။ မင်းသားဆိုတော့ လုပ်ပိုင်ခွင့်က အများထက်ပိုပါတယ်။ ပြီးတော့ မင်းသားက မူလကတည်းက သူတစ်ပါးပစ္စည်းကို လိုချင်လောဘရှိတတ်ပါတယ်။ အဲသည်လို ခေတ်ခံကြမ်းတဲ့သူ လိုချင်လောဘရှိတဲ့သူ အကြံကြီးတဲ့သူဟာ သူ့ကို တပည့်မွေးပြီး မကောင်းကြံချင်တဲ့ အရှင်ဒေဝဒတ်ရဲ့ သွေးဆောင်ဖြားယောင်းခြင်းကို ခံရပါတယ်။

ရှေးခေတ်တုန်းကရော အခုခေတ်မှာရော လောဘကြီးတဲ့သူများကို သူတို့လိုချင်တာ ရအောင်ယူပေးနိုင်တဲ့ တန်ခိုးရှိတယ်ဆိုတာကို ပြသလိုက်ရင် တန်းတန်းစွဲ နောက်ကလိုက်တတ်ကြပါတယ်။ အဲသည်လိုပါပဲ။ အရှင်ဒေဝဒတ်က မင်းသားကို သူရထားတဲ့ လောကီဈာန်တန်ခိုး

အရ ရုပ်သွင်အမျိုးမျိုး ဖန်ဆင်းပြသပြီး စည်းရုံးပါတယ်။ အဲဒီလိုစည်းရုံးမှု သွန်သင်မှုများထဲမှာ အဇာတသတ် အကြိုက်ဆုံးကတော့ သူကိုယ်တိုင် ဘုရင်မြန်မြန်ဖြစ်အောင် ခမည်းတော်ကို ရှင်းပစ်တဲ့နည်းဖြစ်ပါတယ်။ ဒေဝဒတ်ကလည်း မြတ်စွာဘုရားကို ကောင်းစွာပူဇော်ကိုးကွယ်နေတဲ့ ဘုရင်ကြီးမရှိမှ မြတ်စွာဘုရားကိုလည်း သူကလုပ်ကြံမယ်။ ဘာမှမသိတဲ့ မင်းသားကိုလည်း တပည့်မွေးမယ်လို့ ကြံစည်ထားတာဖြစ်ပါတယ်။

အဇာတသတ်ကတော့ ဓား လုံ လက်နက်များနဲ့ သတ်တာမဟုတ်တဲ့အတွက် အပြစ်မဖြစ်ဘူး။ ခမည်းတော်ကြီးကို အစာငတ် ရေငတ်ထားလိုက်ရင် ပြီးတာပါပဲ။ သူ့ဘာသာသူ သေသွားလိမ့်မယ်ဆိုတော့ ယုံကြည်လိုက်ပါတယ်။ လောဘဆိုတဲ့ တိမ်သလာကလည်း သူ့မှာ ဖြစ်ပေါ်နိုင်ချေရှိတဲ့ ဉာဏ်ကိုလည်း ဖုံးလွှမ်းထားလိုက်ပြီကိုး။ အဲဒီတော့လည်း ဘယ်လိုမှ မဝေဖန်တတ်တော့ဘဲ ဒေဝဒတ်ကို ချစ်ခင်ကြည်ညိုပြီး သူခိုင်းတာကို လုပ်တဲ့အထိ ဖြစ်သွားခဲ့ပါတယ်။

အဲဒီဇာတ်လမ်းရဲ့ အဆုံးသတ်ကတော့ အများသိကြတဲ့အတိုင်း ဝဋ်တော်ကြောင့် ဗိမ္ဗိသာရမင်းကြီး နတ်ရွာလားခဲ့ရပါတယ်။ အဇာတသတ် ရှင်ဘုရင် ဖြစ်ခဲ့ပါတယ်။ အရှင်ဒေဝဒတ်ဟာ လောကီချာန်တန်ခိုးများ လျှောကျပြီး နောက်ဆုံးမှာတော့ မြေမျိုခဲ့ပါတယ်။ အဇာတသတ်ဟာ ခမည်းတော် နတ်ရွာစံပြီးတဲ့နောက် သူ့မှာလည်း သားမွေးလာခဲ့ပြီဖြစ်လို့ ဖခင်စိတ်ဝင်ကာ နောင်တရခဲ့ပါတယ်။ မအိပ်နိုင် မနေနိုင်နဲ့ ကိုးကွယ်ရာကို အရှာကြီးရှာခဲ့ပေမယ့် သူ့သောကကို ဖျောက်ပေးနိုင်တဲ့ပုဂ္ဂိုလ်ကို ဘယ်လိုမှရှာလို့မရတဲ့ အဆုံးမှာ သူ့ခမည်းတော်ရဲ့ ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားထံကို ဆရာဇီဝကရဲ့ အကူအညီနဲ့ သွားရောက်ဖူးမြော်ခဲ့ပါတယ်။ အဇာတသတ်မင်းဟာ အဲဒီအချိန်မှာ ဒေဝဒတ်ချဉ်းကပ်တာကို ခံခဲ့ရတုန်းက အရွယ်လည်း မဟုတ်တော့တဲ့အတွက် အသိဉာဏ်ကောင်းစွာ မြင့်မားခဲ့ပြီဖြစ်ပါတယ်။ အဲဒါကြောင့်



သူမေးလျှောက်ခဲ့တဲ့ ရဟန်းပြုခြင်းအကျိုးကို မြတ်စွာဘုရားက ဖြေဆိုတော်မူခဲ့တဲ့ သာမညဖလသုတ်တော်ဟာ ထင်ရှားတဲ့သုတ်တော် ဖြစ်ခဲ့ပါတယ်။

တကယ်လို့သာ အဇာတသတ်မင်းဟာ အဘသတ်ကံကြီးကို ကျူးလွန်ထားခြင်းမရှိခဲ့ရင် တရားနာပြီးတဲ့အချိန်မှာ သောတာပန် တည်သွားနိုင်တဲ့အထိ မြင့်မားတဲ့ ကုသိုလ်ပါရမီရှိပါတယ်။ ဒါပေမဲ့ လူပေါင်းမှားပြီး အကြီးမားဆုံးအပြစ်ကိုမှ ကျူးလွန်ခဲ့တဲ့သူဖြစ်တာကြောင့် သရဏဂုံတည်ရုံလောက်သာ အကျိုးရရှိခဲ့ပါတယ်။

မြတ်စွာဘုရားကို အလွန်ကြည်ညိုစွာ ကိုးကွယ်ဆည်းကပ်ရတဲ့အကျိုး မရှိတော့ဘူးလားလို့ မေးချင်သူများ ရှိပါလိမ့်မယ်။ ရှိပါတယ်။ အဝီစိငရဲမှာ ခံရမယ့်အစား လောဟကုမ္ဘီငရဲမှာသာ အနှစ်ခြောက်သောင်း အကျခံရမယ် ဖြစ်ပါတယ်။ ငရဲကလွတ်ရင် အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးအဖြစ် ကျွတ်တမ်းဝင်မယ်ဖြစ်ပါတယ်။ အခုဘဝမှာ သူယုတ်မာကို ချစ်ခင်မိလိုက်တာ ရရှိလာမယ့် အကျိုးများကို ဆုတ်ယုတ်သွားစေခဲ့ပါတယ်။

သူယုတ်မာကို ချစ်ခင်ဖူးတဲ့သူထဲမှာ ဘဒ္ဒကုဏ္ဍလကေသီဟာ အသိသာဆုံးသော တစ်ယောက်ဖြစ်ပါတယ်။ သူက ဘာမဆို လိုတာရနိုင်တဲ့ သူဌေးသမီးဖြစ်ပါတယ်။ အလွန်ကြွယ်ဝတဲ့အပြင် သူ့ဖခင်ကြီးကလည်း သမီးလိုချင်တယ်ဆိုရင် ဘာကိုမဆို ငြင်းဆိုခြင်း တားမြစ်ခြင်းရှိပုံမပေါ်ပါဘူး။ အဲဒါကြောင့်လည်း မတော်တာကို သူ့သမီးက ပူဆာရဲတာပေါ့။

ဘဒ္ဒာဟာ တစ်နေ့တော့ ပြူတင်းပေါက်မှာထိုင်ငေးပြီး အပြင်ဘက်ကို ကြည့်နေပါတယ်။ အဲသည်လို ကြည့်နေတဲ့အချိန်မှာ သူခိုးတစ်ယောက်ကို ကွက်မျက်ဖို့ လက်ပြန်ကြိုးတုပ်ကာ ကြိမ်နဲ့ဆော်ပြီး ခေါ်လာတာကို မြင်လိုက်ရပါတယ်။ ရာဇဝတ်သားရဲ့ လည်ပင်းမှာလည်း

ပန်းနီနီတွေကို ဆွဲပေးထားပါတယ်။ အပေါ်ပိုင်းကလည်း ဗလာကျင်းလို့ပါပဲ။ အဲဒီလိုပုံကို ဘဒ္ဒာလို နုနယ်ငယ်ရွယ်တဲ့ အမျိုးသမီးကလေးတစ်ယောက်ဟာ မြင်တာနဲ့ ကြောက်လန့်ပြီး အိမ်ထဲကိုဝင်ပြေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ဝင်္ကြေးကလည်း ရှိနေဟန်တူပါရဲ့၊ ရာဇဝတ်သားကို မြင်မြင်ချင်း သူက မရရင် သေတော့မတတ် စိတ်ထိခိုက်သွားပါသတဲ့။ အဲဒီတော့ ထုံးစံအတိုင်း ဖခင်ဖြစ်သူကို ပူဆာပါတယ်။ ဖခင်ဖြစ်သူကလည်း အခုပဲသေဒဏ်ပေးခံရတော့မယ့် ရာဇဝတ်သားကို သမီးက လိုချင်ပါတယ်လို့ ဆိုလိုက်တာနဲ့ ငွေကိုပုံပေးပြီး ရွေးထုတ်လိုက်ပါတယ်။ မသမာတဲ့နည်းကို သုံးရတော့တာပေါ့လေ။ တကယ်သတ်ရမယ့်သူကို မသတ်ဘဲ တခြားလူတစ်ယောက်ကို အစားထိုးပြီး သတ်ရတော့တာပေါ့။

ဘဒ္ဒာဟာ သူလိုချင်တဲ့သူကို ရလိုက်တာနဲ့ ရေမိုးချိုးခိုင်းပြီး အဝတ်တန်ဆာ ဆင်ပေးကာ သခင်တစ်ယောက်လို ပြုစုလုပ်ကျွေးတော့တာပါပဲတဲ့။ သူခိုးဖြစ်သူကတော့ လှပနုနယ်တဲ့ သူဌေးသမီးကလေးတစ်ယောက်က သူ့ကိုတမ်းတမ်းစွဲ ချစ်ခင်နေတာကို အရေးမထားနိုင်ပါဘူး။ တစ်သက်လုံး သူဌေးသမက်အနေနဲ့ နေထိုင်သွားရမှာကိုလည်း မပျော်ပိုက်နိုင်ပါဘူး။ သူက သူခိုးပီပီ သူဌေးသမီးရဲ့ရတနာတွေကို ခိုးယူလုယက်ပြီး ထွက်ပြေးဖို့အရေးကိုသာ စဉ်းစားနေခဲ့ပါသတဲ့။

တစ်နေ့တော့ သူအကြံတစ်ခုရသွားပါတယ်။ ဘဒ္ဒာကို သူက ပြောပါသတဲ့။ သူတို့လိုသူခိုးမျိုးတွေကို ပစ်ချသတ်ဖြတ်တဲ့ သူခိုးချောက်ကို စောင့်တဲ့နတ်မင်းကို သူသေရမယ့်နေ့က သူ့စိတ်ထဲကနေပြီး တောင်းပန်လိုက်ခဲ့တယ်။ အရှင်နတ်မင်း ကျွန်တော့ကို မသေအောင် ကယ်မတော်မူပါ။ ကျွန်တော် အသက်ရှင်ခဲ့သော် အရှင်နတ်မင်းကို ပူဇော်ပါ့မယ်လို့ ကတိလည်းထားလိုက်တယ်။ အဲဒီနတ်မင်းကို ပူဇော်ဖို့ မောင်ကြီးကို ကူညီပါလို့ဆိုတော့ ဘဒ္ဒာက ဝမ်းသာလို့ပေါ့။ လှူစရာတွေ



ကိုယူ သူ့ကိုယ်သူလည်း အလှဆုံးဖြစ်အောင် ပြင်ဆင်ပြီး လှည်းယာဉ်နဲ့ ထွက်ခဲ့ကြပါတယ်။ သူဌေးသမီးပီပီ အခြွေအရံတွေလည်း ပါတာပေါ့လေ။

သူခိုး ချောက်ကိုဆီးမြင်နေရတဲ့ တောင်ကုန်းပေါ်ကို တက်ခါနီးကျတော့ သူခိုးဖြစ်သူက အားလုံးနေခဲ့ကြပါ။ ဒီကိစ္စဟာ ဘဒ္ဒာနဲ့သူတို့နှစ်ယောက်နဲ့သာ သက်ဆိုင်ပါတယ်။ အများနဲ့မဆိုင်ပါဘူးဆိုလို့ အများတကာက အောက်မှာကျန်ခဲ့ရပါသတဲ့။ ဘဒ္ဒာဟာ သူယုတ်မာကို ချစ်မိတဲ့ဝန်ကြောင့် သူဌေးသမီးဖြစ်ပါလျက် နတ်ပူဇော်ဖို့ ပစ္စည်းများထည့်ထားတဲ့တောင်းကို ကိုယ်တိုင်ရွက်ပြီး တက်ရသည့်တိုင် မပင်ပန်းပါဘူးတဲ့။ သူက မသိသေးတော့ ပျော်လို့ပေါ့။ တောင်ထိပ်လည်းရောက်ကရော သူခိုးဟာ သူ့ကို သေမတတ်ချစ်နေတဲ့ ဘဒ္ဒာပဲရှိတာကြောင့် အကြောက်အလန့်လည်းမရှိတော့ဘဲ သူခိုးဇာတိရုပ်ပြကာ ကိုင်း ဘဒ္ဒာမင်းကိုယ်ပေါ်က ရတနာတွေကို တစ်ခုမကျန်ချွတ်လိုက်စမ်း။ မင်းရဲ့ကိုယ်ရုံကိုချပြီး ခင်းလိုက်။ အဲဒီပေါ်ကို ရတနာတွေ ချွတ်ထည့်လိုက်၊ စကားမများနဲ့။ ငါတို့သူခိုးဆိုတာ သူများပစ္စည်းကိုယူပြီး နေချင်သလိုနေရမှ ပျော်တာ၊ မင်းက မိုက်မိုက်မဲမဲ ငါ့ကိုတိုက်ထဲလှောင်ပိတ်ပြီး ချစ်နေလို့ ဘယ်မှာငါပျော်ပါ့မလဲ။ ကဲ ကဲ ထည့်လိုက်။ အင်း သူခိုးချောက် စောင့်တဲ့နတ်မင်းခင်ဗျား အချောအလှ သူဌေးသမီးကို နတ်မင်းအား ကျွန်တော်ဆက်သပါ့မယ်၊ ပစ္စည်းထည့်ပေးပြီးတာနဲ့ အချိန်မဆိုင်းပါဘူးဆိုသလိုမျိုးကိုပြောပြီး သူ့ကို သတ်တော့မယ်လို့ဆိုတော့မှ ဘဒ္ဒာက ဉာဏ်ကူရရှာပါတယ်။ မောင်ကြီးရယ် မောင်ကြီးက မကြင်နာရင်လည်း ဘဒ္ဒာ သေရမှာ မကြောက်ပါဘူး။ ဒါပေမဲ့ ဘဒ္ဒာက မောင်ကြီးကို နောက်ဆုံးအနေနဲ့ ပွေ့ဖက်ယုယချင်သေးတယ်။ ခွင့်ပြုပါလို့ တောင်းပန်တော့ အေး အေး မင်းပေးထားတာတွေကလည်း များသကိုး။ ဒီလောက်တော့ နောက်ဆုံးအနေနဲ့ အလိုလိုက်ရတာပလို့ ပြောလိုက်တဲ့သူခိုးကို

ဖက်ယမ်းနမ်းရှုပ်သလိုပုံမျိုးလုပ်ပြီး သူ့သတိအလစ်မှာ ချောက်ထဲကို တွန်းချလိုက်ရပါသတဲ့။

သူယုတ်မာများကို ချစ်ခင်မိတဲ့သူများဟာ ဘဒ္ဒာလို အပ်ကျမပ်ကျ မကြုံရရင်တောင်မှ ဘဒ္ဒာဆင်းရဲတာထက် မနည်းတဲ့ ဆင်းရဲခြင်းနဲ့ ကြုံတွေ့ကြရမှာ သေချာပါတယ်။ တချို့ကတော့ ဥစ္စာပစ္စည်းဆုံးပါးမယ်။ အလှကျက်သရေရော ဂုဏ်သတင်းပါ ယုတ်လျော့မယ်။ သူယုတ်မာများမှသာ ကြံစည်နိုင်တဲ့ အကြံအစည်မျိုးနဲ့ ကြံကြံစည်စည် နှိပ်စက်တာကို ခံရမှာဖြစ်ပါတယ်။ တချို့မှာတော့ သေသာသေရော ရုန်းမထွက်နိုင်ဘဲ တစ်ဘဝလုံး အဆုံးကြီးဆုံး အရှုံးကြီးရှုံးသွားရတတ်ပါတယ်။

ဘဒ္ဒာဟာ သူခိုးလည်းသေရော ရှက်ရှာလွန်းလို့ လာလမ်းကို မပြန်နိုင်တော့ဘဲ တောင်ရဲ့နောက်တစ်ဖက်ခြမ်းကနေပြီး ဆင်းပြေးကာ လမ်းမှာတွေ့တဲ့ တိတ္ထိအမျိုးသမီးများရဲ့ကျောင်းထဲကိုဝင်ပြီး သူတို့ဂိုဏ်းမှာ ရဟန်းမအဖြစ် ဝင်လိုက်ပါတယ်။ အရင်တုန်းကတော့ သူယုတ်မာမှန်း ဘာမှန်းမသိ မခွဲခြားနိုင်ဘဲ ရူးရူးမူးမူးနဲ့ယူခဲ့တဲ့ ဘဒ္ဒာဟာ အခုတော့ တိတ္ထိဂိုဏ်းဆရာမအဖြစ်ကို ရောက်သွားခဲ့ပါတယ်။ အဲဒီနောက်တော့ အရပ်တကာကိုလှည့်ပြီး ဝါဒပြိုင်တော့တာပါပဲ။ နောက်ဆုံးဘဝကို ရောက်နေတဲ့သူဖြစ်လေတော့ နောက်ဆုံးတစ်ကြိမ်မှာ အရှင်သာရိပုတ္တရာကြီးနဲ့ ကြုံကြိုက်ပြီး အကျွတ်တရား ရသွားခဲ့ပါတယ်။

ပါရမီခံရင့်သန်တဲ့ သူတောင်မှ သူယုတ်မာကို ယုံမှတ်မှားမိခဲ့ရင် မသေရုံတမယ် ဒုက္ခရောက်ရပါတယ်။ အဲဒါကြောင့် မြတ်စွာဘုရားသခင်က နတ်သားရဲ့ဒုတိယမေးခွန်းကို ဖြေဆိုရာမှာ အဖြေ (၁) သူယုတ်မာကို ချစ်ခင်တဲ့သူဟာ ပျက်စီးတယ်လို့ ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

အသက်ငယ်ရွယ်ပြီး ကိုယ့်ကိုယ်ကို သိပ်အထင်ရောက်လေ့ရှိတဲ့ သူငယ် သူငယ်မများဟာ မကောင်းတဲ့အပေါင်းအဖော်များကို သူတို့က



ပြုပြင်ပေးနိုင်တယ်လို့ ထင်တတ်ကြပါတယ်။ မိဘများကလည်း သားသမီးများကို ဘယ်လိုလူဟာ သူယုတ်မာဖြစ်တယ်။ အဲဒီလိုလူမျိုးနဲ့ ပေါင်းသင်းရင် ဘယ်လိုဒုက္ခမျိုးနဲ့ ရင်ဆိုင်ကြရမယ်ဆိုတာကို ပြောပြတတ်ကြပါတယ်။ သွန်သင်တတ်ကြပါတယ်။ အဲဒီလို သွန်သင်နိုင်တဲ့ အခြေအနေမျိုးက အခုအချိန်မှာ အလွန်နည်းပါးသွားပြီ ဖြစ်ပါတယ်။ အဲဒါကြောင့်လည်း အမှားများတတ်ကြပါတယ်။ အခုစာရေးနေတဲ့သူလည်း ငယ်စဉ်ခါက လွန်စွာမှားခဲ့ဖူးပါတယ်။ သူယုတ်မာများဟာ ရုပ်ရှင်ထဲကလူကြမ်းများလို တမင်အရုပ်ဆိုးအောင် လုပ်ထားလို့ သိသာနေတာ မဟုတ်ပါဘူး။ လွန်စွာယဉ်ကျေးဖွယ်ရာရှိတဲ့ ပညာတတ်တဲ့ အလုပ်ကြီးအကိုင်ကြီးသမားများလည်း ယုတ်မာတဲ့သူ ဖြစ်နိုင်တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တရားမှုနဲ့မတရားမှုကို ခွဲခြားမသိဘဲ ကိုယ့်ကိုယ်ကိုရော သူများကိုပါ ဒုက္ခပေးတတ်ကြလို့ပဲ ဖြစ်ပါတယ်။ သူယုတ်မာကို ပြုပြင်ဖို့ကြိုးစားရင်း ဒုက္ခတွင်းနက်သွားကြတဲ့သူများကို တရားရုံးများ၊ ထောင်များ၊ ဆေးရုံများစတဲ့စတဲ့နေရာများမှာ အများဆုံးတွေ့ရတတ်ပါတယ်။ အချိန်မတိုင်ဘဲနဲ့ နာကြရတာ သေကြရတာ မိကောင်းဖခင် သားသမီးဖြစ်ပါလျက်နဲ့ ဆိုးရွားတဲ့ ရာဇဝတ်မှုများကို ကျူးလွန်တတ်ကြမိကြတာဟာ သူယုတ်မာများနဲ့ ပေါင်းသင်းမိတဲ့ ရလဒ်များ ဖြစ်တတ်ပါတယ်။

### ဒုတိယမေးခွန်း၏ အဖြေ (၂)

နတ်သားမေးတဲ့ ဒုတိယမေးခွန်းရဲ့အဖြေ (၂) အဖြစ် သူတော်ကောင်းကို မုန်းတီးတတ်သူသည် ပျက်စီး၏လို့ မြတ်စွာဘုရားက ဖြေတော်မူပါတယ်။ ပျက်စီးတဲ့သူများမှာ ချို့ယွင်းနေတတ်တဲ့ အချက်ကတော့ အမှားနဲ့ အမှန်ကို ခွဲခြားသိမြင်ခြင်း မရှိနိုင်တာပါပဲ။ သူယုတ်မာများရဲ့လှည့်စားချက်ကို အမှန်လို့ထင်တတ်ကြပါတယ်။ သူယုတ်မာများနဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စားပြီး သူများတကာက စားလို့သောက်လို့

ကောင်းအောင် မြှောက်ပင့်ပြောဆိုတာကို အဟုတ်မှတ်တတ်ကြပါသေးတယ်။ သူတို့က ငါ့ကိုတကယ်ချစ်တယ်လို့ ဘဝင်ခပ်မြင့်မြင့်နဲ့ တွေးတတ် တောတတ် ပြောတတ်တဲ့သူဟာ သူတော်ကောင်းများကို မုန်းတီးတတ်ကြပါတယ်။ သူတော်ကောင်းများကို အလကားလူတွေ လူညံ့တွေလို့ မှတ်ထင်တတ်ကြပါသေးတယ်။ သူတော်ကောင်းများဟာ မကောင်းမှုကိုပြုမယ့်သူဆိုရင် ဘယ်တော့မှ အလိုမလိုက်တတ်ပါဘူး။ ပြတ်ပြတ်သားသား တားမြစ်တတ်ပါတယ်။ အကြောင်းအကျိုးကိုပြပြီး ဆုံးမတတ်ပါသေးတယ်။ မူလဓာတ်ခံ ညံ့နေတဲ့သူဆိုရင် သူတော်ကောင်းများရဲ့နေပုံထိုင်ပုံများကို မမြင်နိုင်ပါဘူး။

ဆုံးမစကားဆိုရင် အလကား ဆရာလာလုပ်တယ်လို့ဆိုပြီး စိတ်ဆိုးတတ်ကြပါသေးတယ်။ တကယ်လို့ ဓာတ်ခံညံ့တဲ့သူဟာ စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝနေတဲ့သူဆိုရင် မေတ္တာစေတနာနဲ့ လာပြီးဆုံးမတဲ့သူ သတိပေးတဲ့သူများကို အထင်သေးတတ်ပါတယ်။ သူကဖြင့် ငါ့လောက်မတော်ဘဲနဲ့၊ ငါ့လောက် အဆင့်မရှိဘဲနဲ့လို့ နှိမ့်ချတွေးတောတတ်ကြပါတယ်။ တကယ်လို့ ဆုံးမတဲ့သူဟာ သူ့ထက်အဆင့်မြင့်တယ်။ ကြွယ်ဝတယ်။ အသက်ကြီးဝါကြီးဖြစ်တယ်လို့ ဆိုရင်လည်း စကားကို တန်ဖိုးထားသလားဆိုတော့ တန်ဖိုးမထားတတ်ပါဘူး။

ငါကဆင်းရဲလို့ ငါကသူကျွေးတာကို စားနေရလို့ ငါ့ကိုနိုင်စားတယ်လို့ ယူဆတတ်ကြပါတယ်။ အဲဒီတော့ ကောင်းတဲ့ဘက်ကို ပို့ဆောင်ချင်တဲ့ လူကြီးသူမလည်းဖြစ် ပညာရှိသူတော်ကောင်းလည်းဖြစ်တဲ့သူများကို ရှောင်တတ်ကြပါတယ်။ မုန်းတီးတတ်ကြပါတယ်။ သူရှောင်သွားတဲ့နေရာဟာ မကောင်းတဲ့သူများ စုဝေးတတ်တဲ့နေရာ ဖြစ်ဖြစ်နေတတ်ပါတယ်။

ပညာရှိသူတော်ကောင်းများနဲ့ မကြုံမဆုံလို့ ဆုံးမစကားကို မရနိုင်ခဲ့တဲ့သူများဟာ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားရတာတောင်မှ



တန်ဖိုးထားတတ်ပါတယ်။ မကြားရရင် ကြားရအောင် ကြိုးဆောင်ကြိုးစားတတ်ကြပါတယ်။ အခုလိုခေတ်မှာ တရားတိတ်ခွေတောင်မက စီဒီများတောင်မှ ရနိုင်နေပြီဖြစ်ပါတယ်။ ပြီးတော့ တရားစာအုပ်များကိုလည်း ဝယ်ယူဖတ်ရှုလို့ရပါတယ်။ အဲဒီတော့ ပညာရှိကိုချစ်ခင်တဲ့သူများ ပညာရှိစကားကို ကြားချင်တဲ့သူများအတွက်ကတော့ အခက်အခဲနည်းပါးလာပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ပညာရှိသူတော်ကောင်းကို မြင်ပါကြားပါလျက်နဲ့ မကြည်ညိုနိုင်ဘဲ မုန်းတီးတတ်သူ အထင်အမြင်သေးတတ်သူများအနေနဲ့ကတော့ ပညာရှိများနဲ့ နီးစပ်ပါလျက်နဲ့ အခက်ကြီး ခက်နေတတ်ပါတယ်။

တစ်ခါတုန်းက ဝါလကင်းလွတ် သီတင်းကျွတ်တဲ့အခါမှာ မြတ်စွာဘုရားကို ဖူးမြော်ဖို့ ခရီးထွက်လာတဲ့ရဟန်းတော်တစ်ပါးဟာ ဝဇ္ဇီတိုင်းကို ဖြတ်ပြီးလာရပါတယ်။ ရောက်တဲ့အရပ်မှာ ဆွမ်းချိန်နီးရင် ဆွမ်းခံစားရတာဟာ ဝိနည်းတော်ကိုလေးစားတဲ့ ရဟန်းများရဲ့ အလေ့ပဲဖြစ်ပါတယ်။ ဖြစ်ချင်တော့ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေသေးတဲ့အချိန်ဖြစ်ပါလျက် ဝဇ္ဇီတိုင်းမှာ သာသနာကပျက်နေပါတယ်။ ဝဇ္ဇီတိုင်းမှာ သီတင်းသုံးနေကြတဲ့ ရဟန်းများဟာ အရှင်သာရိပုတ္တရာကြီးနဲ့ အရှင်မဟာမောဂ္ဂလ္လာန်ကြီးတို့ကိုယ်တိုင် ဥပဇ္ဈာယ်ပြုပြီး ရဟန်းဖြစ်လာကြတဲ့သူချည်းပါပဲ။ ဒါပေမဲ့ အဲဒီရဟန်းများက ဝိနည်းကိုလစ်လျူရှုပြီး ဒကာဒကာမများကို သစ်သီးပေးခြင်း ပန်းပေးခြင်းတို့လုပ်ပြီး သူတို့နဲ့ ရင်းနှီးအောင် ဆွဲဆောင်ပါတယ်။ ဝိနည်းတော်အရ မပြောပါနဲ့ဦး ဥပုသ်သီလစောင့်တဲ့သူများတောင်မှ ပွဲမကြည့်ရပါဘူး။ ဝဇ္ဇီတိုင်းက ၂၂၇ သွယ်သောသိက္ခာပုဒ်ကို ထိန်းနေတယ်ဆိုတဲ့ ရဟန်းများဟာ ပွဲကိုယ်တိုင်ကြည့်ကြရုံမက သူတို့နဲ့အတူ နေရာတစ်ခုတည်းမှာ အတူတူထိုင်ကာ ပွဲကြည့်ကြဖို့ ဒကာမများကိုပါခေါ်ပြီး ထိုင်ကြပါတယ်။

မြို့ထဲရွာထဲကိုသွားမယ်ဆိုရင်လည်း တွေ့သမျှလူများကို အမေ

အဒေါ် ဦးရီး အဘစသည်ဖြင့် နှုတ်စလျှာစရှင်ရှင်နဲ့ နှုတ်ဆက်တတ်ကြပါတယ်။ မျက်နှာများကိုလည်း ပြုံးနိုင်သမျှပြုံးပြီး ဆက်ဆံရာမှာ ဖော်ရွေနိုင်သမျှ ဖော်ရွေတတ်ကြပါတယ်။ အဲဒီတော့ ဝဇ္ဇီတိုင်းက လူအများဟာ ရဟန်းဆိုရင် အဲသည်လိုဖြစ်နေရမယ်လို့ကို ထင်နေတတ်ကြတော့တာပါပဲ။

အခုနပြောတဲ့ ရဟန်းက ဝိနည်းကိုစောင့်ထိန်းတဲ့ ရဟန်းဆိုတော့ မျက်လွှာချပြီး အိမ်စဉ်မှာ ဆွမ်းရပ်ပါတယ်။ ဆွမ်းမလောင်းတော့လည်း သူက ဘာမှမပြောဘဲ ဆက်ပြီးကြွသွားတာပါပဲတဲ့။ အဲဒီတော့ မြင်သမျှလူတွေက ဒီကိုယ်တော် ဘာဖြစ်နေတာလဲ။ ဆွမ်းလိုချင်တာများ မျက်နှာကရှစ်ခေါက်ချိုးနဲ့ ဘယ်သူက ဆွမ်းလောင်းချင်ပါ့မလဲ။ တကယ်ဆိုရင် တို့ကိုယ်တော်ကလေးများလို အဘတန်ရင် အဘ၊ အမေတန်ရင် အမေ၊ နှမတန်ရင် နှမလို့ ခေါ်ခေါ်ပြောပြော လုပ်ပါတော့လား။ ခုလိုရှစ်ခေါက်ချိုးမျိုးတော့ ဆန်ကုန်ခံပြီး မလောင်းတော့ဘူးလို့လည်း မကြားနိုးနားပြောကြသေးတာပါတဲ့။

ဝိနည်းမိုရ်တဲ့ အာဂန္တုရဟန်းကတော့ ဘာမှပြန်လည်ပြောဆိုခြင်းမရှိပါဘူးတဲ့။ သူ့ဘာသာသူပဲ ဆက်ကြွသွားတာပါပဲတဲ့။ အဲသည်လိုအခြေအနေနဲ့ကြုံနေတုန်းမှာ ရဟန်းကောင်းရဟန်းမြတ်များကို ကြုံဖူးဆုံဖူး ဖူးမြော်ဖူးတဲ့ ဒကာကြီးတစ်ယောက်က ရဟန်းစစ်ရဟန်းမှန်ပဲလို့သိလိုက်တာနဲ့ ဆွမ်းလည်းမရသေးတာကြောင့် သူ့အိမ်ကိုပင့်သွားပါတယ်။ ရဟန်းတော်ကို ဆွမ်းကပ်ပြီးတဲ့နောက် အရှင်ဘုရား မြတ်စွာဘုရားထံတော်မှောက်ကို ရောက်ခဲ့လို့ရှိရင် ဒီဝဇ္ဇီတိုင်းမှာ ရဟန်းများဝိနည်းတော်နဲ့ညီအောင် ကျင့်ကြံနေထိုင်ခြင်း မရှိတဲ့အတွက် သာသနာလွန်စွာညှိုးနွမ်းနေပါကြောင်း လျှောက်ထားပေးတော်မူပါဘုရားလို့ စကားလက်ဆောင်ပါးလိုက်ပါတယ်။ အဲဒီသတင်းစကား ရောက်သွားတဲ့အခါမှာ ဝဇ္ဇီတိုင်းကို အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလ္လာန်တို့



ကိုယ်တော်တိုင် ကြွရောက်တော်မူပြီး အလဇ္ဇီရဟန်းများကို နှင်ကြရပါတယ်။

ဝဇ္ဇီတိုင်းကလူများဟာ သူတော်ကောင်းကို သူတော်ကောင်းမှန်းမသိ ဖြစ်နေကြလို့ သူတို့ကို ရှင်ပျကြည်သာစွာ နှုတ်ဆက်ခေါ်ငင်ခြင်းမပြုတာကြောင့် မကြည်ညိုနိုင် မချစ်ခင်နိုင် ဖြစ်နေကြတာဖြစ်ပါတယ်။ သူတော်ကောင်းစင်စစ်များနဲ့ မတွေ့ရတဲ့အတွက် သူတော်ကောင်းဓလေ့ကို တန်ဖိုးထားရကောင်းမှန်းမသိ ဖြစ်နေကြတာဖြစ်ပါတယ်။ သူတို့ဟာ သူယုတ်မာတို့ကို ချစ်ခင်ပြီး သူတော်ကောင်းကျမှ မကြည်ညိုနိုင် ဖြစ်ရတာဟာ သူတို့နဲ့ ကြုံတွေ့ရတဲ့သူများရဲ့ ချို့ယွင်းမှုသက်သက်ဖြစ်တယ်လို့ မပြောနိုင်ပါဘူး။ သူတို့ကိုယ်တိုင်က ဣန္ဒြေဆိုတာဘယ်လို သိက္ခာဆိုတာ ဘယ်ပုံစသည်ဖြင့် မသိနိုင်ခဲ့တဲ့အတွက် သူတော်ကောင်းကို မှန်းတီးသလို မကြည်ညိုသလို ဖြစ်ရတာပါပဲ။

မတွေ့ဘူး မူးမြစ်ထင်ဆိုတဲ့ စကားကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ သူတော်ကောင်းကို မတွေ့ဖူးလို့ သူတော်ကောင်းတရားကို နားမလည်တာ အကဲမခတ်တတ်တာကိုတော့ ထားလိုက်ပါဦးတော့။ သူတော်ကောင်းတကာထဲမှာ အမြတ်ဆုံးသော သူတော်ကောင်းကြီး ဖြစ်တော်မူတဲ့ မြတ်စွာဘုရားရဲ့အနီးမှာနေပြီး မြတ်စွာဘုရားကို မကြည်ညိုနိုင်ဘဲ မုန်းတီး ဆန့်ကျင်တဲ့သူတစ်ယောက် ရှိပါသေးတယ်။ သူကတော့သုနက္ခတ်ဆိုတဲ့ ရဟန်းဖြစ်ပါတယ်။ သုနက္ခတ်ရဟန်းဟာ မြတ်စွာဘုရားနဲ့ ဆွမ်းခံအတူတူလိုက်ရင်း ကောရခတ္တိယအမည်ရှိတဲ့ တက္ကတွန်းတစ်ယောက်ဟာ ပြာပုံထဲမှာ လှဲနေတာကို မြင်လိုက်ပါသတဲ့။ အဲသည်လိုမြင်လိုက်တဲ့အခါမှာ ပြာတွေက လူးပြီး ညစ်ပတ်ပေရေနေတဲ့အပြင် အဝတ်ကမပါသေးဆိုတော့ ဘယ်လောက်များ ကြည့်လို့ဆိုးလိုက်မလဲလို့ သာမန်စဉ်းစားရင်တောင် ရနိုင်ပါတယ်။

ဒါပေမဲ့ သုနက္ခတ်ရဟန်းဟာ အဲဒီတက္ကတွန်းကြီးကို အလိုနည်း

လိုက်လေခြင်းလို့တွေးပြီး ကြည်ညိုသွားပါသတဲ့။ အဲဒီနောက် မြတ်စွာဘုရားကို ပြန်ကြည့်လိုက်ပါသတဲ့။ မဟာပုရိသလက္ခဏာများနဲ့ အလွန်ကြည်ညိုဖွယ်ဖြစ်နေတဲ့ မြတ်စွာဘုရားကိုမြင်ရတော့ တက္ကတွန်းကြီးလို အာရုံများကို စွန့်လွှတ်ပြီးမနေဘဲ အာရုံများကို ခံစားနေလို့သာ ဒီလိုရုပ်ရည် ရူပကာယက တင့်တယ်နေတာဖြစ်တယ်လို့ တွေးလိုက်ပါသတဲ့။ အဲသည်လို သုနက္ခတ်ဟာ ရဟန်းဘဝနဲ့လည်းနေတဲ့ မြတ်စွာဘုရားအနီးမှာလည်းနေတဲ့သူ ဖြစ်ပါလျက်နဲ့ မတော်တာကို တွေးပါတယ်။ တကယ့်ကို အဖြစ်က ဆိုးပေတာပါပဲ။

အဲဒီအချိန်မှာ မြတ်စွာဘုရားက သုနက္ခတ် သင်ဟာ တက္ကတွန်းကြီးအကြောင်းကို တွေးနေတယ်မဟုတ်လားလို့ မေးတော်မူလိုက်ပါသတဲ့။ သုနက္ခတ်ရဟန်းကလည်း ဟုတ်ပါတယ်ဘုရားလို့ ဖြေရတာပေါ့လေ။ အဲဒီတော့ မြတ်စွာဘုရားက ဒီတက္ကတွန်းကြီးဟာ ၇ ရက်မြောက်တဲ့နေ့မှာ စားပိုးနင့်ပြီး သေဆုံးမယ်။ သေဆုံးတဲ့အခါ သုသာန်ဆိုးတစ်ခုမှာ သူ့အလောင်းကို ပစ်ရလိမ့်မယ်လို့ မိန့်တော်မူပါသတဲ့။

သုနက္ခတ်ရဟန်းဟာ မြတ်စွာဘုရားနဲ့အတူဆွမ်းခံပြီး ကျောင်းကို ပြန်ရောက်တဲ့အခါမှာ ဆွမ်းကို ခပ်သုတ်သုတ်စားပါသတဲ့။ အဲသည်လို ဆွမ်းစားအပြီးမှာ သပိတ်ကိုသိုမှီးပြီးတာနဲ့ အခုန တက္ကတွန်းကြီးဆီကို ပြေးတာပါပဲတဲ့။ ပြီးတော့ အရှင်ဘုရား ရဟန်းကြီးဂေါတမက အရှင်ဘုရားကို စားပိုးနင့်ပြီး ဆုံးပါးလိမ့်မယ်လို့ ပြောပါတယ်။ သူပြောတာက မှန်တတ်ပါတယ်။ အဲဒီတော့ အရှင်ဘုရား ၇ ရက်မတိုင်မီကတည်းက အစားကိုမစားဘဲ နေပါလို့ ပြောပါသတဲ့။ ကြောက်စရာကောင်းလိုက်တဲ့ စိတ်နေသဘာဝပဲ ဖြစ်ပါတယ်။ မြတ်စွာဘုရားရဲ့ထံတော်မှောက်မှာ နေခွင့်ရတယ်။ မြတ်စွာဘုရားရဲ့စကားများကို ကြားခွင့်ရတယ်။ မြတ်စွာဘုရားရဲ့ စကားမှန်တယ်ဆိုတာလည်း သိခွင့်ရတယ်။ ဒါနဲ့တောင်မှ မြတ်စွာဘုရားကို မကြည်ညိုနိုင်ဘဲ သူယုတ်မာတစ်ဦးဖြစ်တဲ့ တက္ကတွန်း



ကိုသာ ကြည်ညိုပြီး တက္ကတွန်းကိုသာ အရေးလုပ်နေတယ်ဆိုတာကတော့ အတော်မှားတာပါပဲ။

တက္ကတွန်းကြီးကလည်း သုနက္ခတ်ရဟန်းပြောသလို အစာမစားဘဲ ၇ ရက် နေပါသတဲ့။ အစားမစားရတော့ လိုမ့်နေအောင် ဆာတာပေါ့လေ။ အဲဒီတော့ ၇ ရက်မြောက်တဲ့နေ့မှာ သူ့ရဲ့ဒကာတစ်ယောက်က ထမင်းနဲ့ ဝက်သားဟင်းကို ပြာပုံပေါ်မှာသွန်ချပြီး လှူပါသတဲ့။ တက္ကတွန်းကြီးကလည်း လေးဖက်ကလေးထောက်ပြီး ထမင်းနဲ့ဝက်သားဟင်းတွေကို စားလိုက်တာ ကုန်သွားပါသတဲ့။ အစားတွေ စားလို့လည်းကုန်ရော တက္ကတွန်းကြီးဟာ တစ်ခါတည်းစားပိုးနင့်ပြီး တအိုးအိုးတအင့်အင့်ဖြစ်ကာ သေသွားပါလေရောတဲ့။

အဲဒီတက္ကတွန်းကြီးကို သုသာန်ကောင်းကောင်းမှာ ချဖို့ကိစ္စအတွက် သူ့နောက်လိုက်တက္ကတွန်းများနဲ့ပေါင်းပြီး ကြိုးစားနေတာကတော့ သုနက္ခတ်ရဟန်း ဖြစ်ပါသတဲ့။ သုနက္ခတ်ရဟန်းဟာ မြတ်စွာဘုရားမိန့်တော်မူသရွေ့ကို မမှန်အောင် ကြိုးစားနေတာ ဖြစ်ပါတယ်။ တက္ကတွန်းဆိုတာက အဝတ်မဝတ်ပါဘူး။ အဲသည်လို အဝတ်မပါတဲ့သူများနဲ့ပေါင်းပြီး သက်န်းကြီးတဖားဖားနဲ့ သွားလာလှုပ်ရှားနေတယ်ဆိုတာ ဘယ်မှာကောင်းပါ့မတုံး။ သူတို့တစ်တွေဟာ အလောင်းကြီးကို ကြိုးနဲ့ဆိုင်းကာထမ်းပြီး တလည်လည်နဲ့ သွားနေရင်း သုသာန်ဆိုးတစ်ခုလည်းရောက်ကရော ကြိုးကပြတ်ကျလို့ အလောင်းက အောက်ကိုကျသွားပါသတဲ့။ သူတို့တစ်တွေ အလောင်းကိုပြန်ကောက်ဖို့ ကြိုးစားပေမယ့် မရတော့ပါဘူးတဲ့။ အဲသည်လိုမရတော့တဲ့အခါမှာ အလောင်းကို ထုမပြီး ကျောကိုပုတ်ကာ ဘယ်ကိုရောက်နေသလဲလို့ မေးလိုက်ပါ။ ပြိတ္တာဘုံတစ်ခုကို ရောက်နေတယ်ဆိုတာ ပြောပါလိမ့်မယ်လို့ မြတ်စွာဘုရား ကြိုတင်အမိန့်ရှိထားတဲ့အတိုင်း သုနက္ခတ်နဲ့ တက္ကတွန်းများက လုပ်ပါသေးတယ်။ သူတို့ အဲသည်လိုစမ်းတော့လည်း မြတ်စွာဘုရား

တင်ကြိုအမိန့်ရှိထားတဲ့အတိုင်း အလောင်းကြီးက ဖြေပါတယ်။ ပြီးတော့သာ ဘုတ်ကနဲ လဲကျသွားတော့တာပါပဲ။ တကယ်ဆိုရင် သုနက္ခတ်ဟာ နောင်တရဖို့ကောင်းလှပါပြီ။ မြတ်စွာဘုရားရှင်ဟာ အစစအရာရာကို ကြိုတင်သိမြင်တော်မူပေတာပဲ။ ငါဟာ အဲသည်လို မြတ်စွာဘုရား အနီးမှာ နေရတာ ကံကောင်းလေစွလို့ သဘောပေါက်ရမှာကို မပေါက်ဘဲ မြတ်စွာဘုရားကို မချစ်နိုင် မကြည်ညိုနိုင်ဘဲ ရဟန်းဝတ်နဲ့ အတန်ကြာ နေနေပါသေးသတဲ့။ အဲသည်လို နေပြီးတဲ့နောက်မှ ပရိယတ် ပဋိပတ် အလုပ်များကိုလည်းမလုပ်ဘဲ တက္ကတွန်းများနဲ့သာ တရုန်းရုန်းဖြစ်နေပါသတဲ့။ အဲသည်လိုနဲ့ အတန်ကြာမှာ လူဝတ်လဲပါတယ်။ လူဝတ်လဲအပြီး သေဆုံးတော့ ငရဲကိုရောက်ပါတယ်။

အဲသည်လိုမျိုး မြတ်စွာဘုရားလက်ထက်မှာ ဖြစ်တာကတော့ ထင်ရှားလွန်း သိသာလွန်းပါတယ်။ အဲဒီတော့ ဘယ်လိုခေတ်မှာမဆို သူတော်ကောင်းရဲ့ အနီးအနားမှာ ရောက်နေပါလျက် သူတော်ကောင်းကို လူပုဂ္ဂိုလ်အနေနဲ့လည်း မကြည်ညို သူတော်ကောင်းရဲ့ အဆုံးအမကိုလည်း မလိုက်နာဘဲ ဆန့်ကျင်တဲ့သူများ ရှိတတ်တယ်ဆိုတာကို သိနိုင်ပါတယ်။ အခုခေတ်လို ဆူလွယ်နပ်လွယ်ကိစ္စများကို တယ်ပြီးကြိုက်တတ်တဲ့ကာလမှာလည်း သူတော်ကောင်းများရဲ့ အဆုံးအမကို မျက်ကွယ်ပြုတဲ့သူတွေကို များစွာတွေ့ရပါတယ်။ သူတော်ကောင်းများကတော့ ကံနဲ့ ကံ၏အကျိုးကို ယုံကြည်ဖို့ သီလမြဲဖို့ကို ဆုံးမတတ်တာပါပဲ။ တကယ်တော့ မြတ်စွာဘုရားရဲ့တရားတော်များကို ပြန်လည်ဟောပြောနေသူများဖြစ်တဲ့ သံဃာတော်များဟာ ဘုရားသားတော်များ ဖြစ်ပါတယ်။ အဲသည်လို ရိုးရိုးသားသား သွန်သင်ညွှန်ပြတဲ့ ပုဂ္ဂိုလ်များက တစ်စုံတစ်ယောက်က အမှားလုပ်ခဲ့ရင် မထောက်မညှာ ဆုံးမတတ်ပါတယ်။ အဲသည်လိုပုဂ္ဂိုလ်များကိုတော့ မကြည်ညိုနိုင်ဘဲ မုန်းရန်ကော လူကိုတွေ့ရင် ဆူစရာပဲမှတ်နေတာပဲ ဆိုတဲ့စကားမျိုးကိုပြောပြီး ရှောင်



တတ်တဲ့သူများကို တွေ့ဖူးပါတယ်။ တကယ်လို့ လောကီပညာနဲ့ စီးပွားတက်အောင် လုပ်ပေးနိုင်တယ်၊ ပြောစကား ဆိုစကား အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်တယ်လို့ဆိုရင် အဲသည်လိုလူမျိုးတွေဟာ ဘယ်လောက်ပဲ သူတော်ကောင်းလက္ခဏာ ရှားပါးနေသည်ဖြစ်စေ အလွန်ရိုသေစွာ ဆည်းကပ်တတ်ကြပါတယ်။ လူလူချင်းတောင်မှ အလွန်ခယတတ်ကြပါတယ်။

တချို့သောသူများကတော့ သူတော်ကောင်းယောင်ဆောင်တတ်ကြပါသေးတယ်။ တချို့ကတော့ ရှင်းရှင်းပါပဲ။ သူ့မှာ သိဒ္ဓိရှိတယ်။ မဟိဒ္ဓိရှိတယ်ဆိုပြီး ကိုးကွယ်ယုံကြည်သူများကို ကောင်းရာကောင်းကြောင်း မသွန်သင်ဘဲ ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ပေးရမလဲဆိုပြီး အပေးအယူသဘောဆန်ဆန် ဆက်ဆံတတ်ကြပါတယ်။ သူတော်ကောင်းကို မုန်းတီးတယ်ဆိုတဲ့သူများကလည်း သူတော်ကောင်းလက္ခဏာကို သေသေချာချာ ခွဲခွဲခြားခြား မသိနားမလည်တတ်ကြ ပါဘူး။ သူတို့မှာ ဉာဏ်ကလည်းမွဲလေတော့ တစ်စုံတစ်ယောက်က ဘာလုပ်ပေးနိုင်တယ်ဆိုတာကိုပဲ ကိုးကွယ်ယုံကြည်ရာလို့ မှတ်နေတတ်ပါတယ်။

သူတော်ကောင်းကိုမုန်းတီးတယ်ဆိုတဲ့သူများဟာ ကိုယ်ပိုင်ဉာဏ်နည်းပါးတဲ့သူများ ဖြစ်ကြပါတယ်။ ကောင်းတဲ့ကိစ္စနဲ့ မကောင်းတဲ့ကိစ္စတွေကို ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းဟာ လူတွေမှာ အမြဲမရှိနိုင်ပါဘူး။ အဲသည်လို မခွဲခြမ်းနိုင်တဲ့အခါ ပညာရှိသူတော်ကောင်းကို ချဉ်းကပ်တတ်ရင် ပညာရှိသူတော်ကောင်းတို့ရဲ့ စကားကို စာအုပ်စာပေများမှတစ်ဆင့် ရှာဖွေဖတ်ရှုနိုင်လို့ရှိရင် သူ့ဘာသာ အတော်အတန်ဆောက်တည်နိုင်မှာ ဖြစ်ပါတယ်။ ကိုယ်တိုင်အဖြေရှာနိုင်အောင် သွန်သင်ပေးတဲ့ ကလျာဏမိတ္တများရဲ့ အဆုံးအမများကိုမှ လက်မခံနိုင်ရင် သူတော်ကောင်းကို မုန်းတီးရာရောက်သွားမှာ ဖြစ်ပါတယ်။

သူတော်ကောင်းဆိုတာ အဝတ်အဆင်ကြောင့် သူတော်ကောင်းဖြစ်လာတာမဟုတ်ပါဘူး။ စိတ်စေတနာနဲ့ အကျင့်သီလတို့နဲ့ ခွဲခြားရတာ

ဖြစ်ပါတယ်။ တချို့က ဟန်ဆောင်ပြီးနေတတ်ကြပါတယ်။ အဲသည်လို ထူးထူးခြားခြား ဟန်ဆောင်တာကို သူတော်ကောင်းလို့ လူအတော်များများက ထင်တတ်ကြလို့လည်း ဇမ္ဗူကလို မစင်စားနေပါလျက်နဲ့ လေကို သာစားနေတယ်၊ သူ့ခြေထောက် နှစ်ချောင်းစလုံးထောက်ထားမယ်ဆိုရင် ပထဝီမြေကြီးက မခံနိုင်လောက်လို့ ခြေတစ်ပေါင်ကျိုး ရပ်နေရတယ် ဆိုတာမျိုးကို ပြောတဲ့သူကို သူတော်ကောင်းကြီးလို့မှတ်ကာ ကိုးကွယ် တတ်တဲ့သူတွေ မနည်းဘဲ ရှိခဲ့တာ ဖြစ်ပါတယ်။

အခုခေတ်မှာရော အဲသည်လိုအဖြစ်တွေ မရှိဘူးလား။ သိပ်ရှိတာပေါ့။ ပါးစပ်ကပေါက်တတ်ကရ ပြောနေတဲ့သူတွေကိုတောင် သိဒ္ဓိရှင်ကြီး သူပြောတဲ့စကားတွေက သိဒ္ဓိရှိတယ်၊ အတိတ်ကောက်ရင် မှန်တတ်တယ်ဆိုပြီး လူတွေ အုံနေဝိုင်းနေတာမှ အများကြီးပါပဲ။ တကယ်တော့ အစစ်အမှန်တရားတွေဟူသမျှကို ပြောတတ်တဲ့ သူတော်ကောင်းများက ဝေ့လည်ကြောင်ပတ် ပြောလေ့ မရှိပါဘူး။ နားလည်လက်ခံကြရမယ့် သူတွေကသာ မလိုက်နာနိုင်ကြလို့ ဖြတ်လမ်းကိုလိုက်ချင်ကြလို့ နားမလည်တာ လက်မခံချင်တာသာ ရှိပါတယ်။

သူတော်ကောင်းများက ရတနာသုံးပါးကိုသာ ကိုးကွယ်ဆည်းကပ်ကြပါ။ ရတနာသုံးပါးရဲ့အဆုံးအမကိုသာ မှန်မှန်ကန်ကန် လိုက်နာကျင့်ကြံကြပါလို့ ပြောတတ်ကြတာကို အင်မတန်ရိုးရှင်းပါလျက် ဘုရားကို ကိုးကွယ်တာက အကျိုးပေးတာ မမြန်ဘူး။ နတ်တွေက မြန်တယ်။ နတ်တွေက အမှားအယွင်းမခံဘူး။ မှားတာနဲ့ ကိုင်လိုက်တာပဲလို့ ပြောတတ်တဲ့သူများကိုလည်း တွေ့ဖူးပါတယ်။ သူတို့နတ်များကလည်း အဲသည်လောက် ကြောက်ရွံ့ရိုကျိုးနေကြတဲ့သူတွေကို ဘာဖြစ်လို့များ စီးပွားပျက်ပြားအောင် လမ်းမှားရောက်အောင် လုပ်တတ်ကြသလဲ မသိ တော့ပါဘူး။ နတ်တွေမလို့ ပုဂ္ဂိုလ်တွေမလို့ ကြီးပွားတိုးတက်သွားတယ် ဆိုတဲ့သူများဟာ တာရှည်မကြီးပွားကြဘဲ၊ ရတနာသုံးပါးရဲ့ အဆုံးအမကို



ခံပြီး ကိုယ့်ဘာသာကိုယ် အေးအေး မှန်မှန် ကြိုးစားသွားတဲ့သူများက တော့ ပုံမှန်ပဲကြီးပွားတိုးတက်သွားတတ်ကြပါတယ်။ အကြောင်းကြောင်း ကြောင့် အဆင်မပြေတာနဲ့ကြုံရင်တောင်မှ ငါရဲ့အတိတ်ကံကြောင့် အခုလို ဆိုးတဲ့အခြေအနေနဲ့ ရင်ဆိုင်ရတာလား။ ငါရဲ့အဆုံးအဖြတ်အမှား လုပ်ရပ်အမှားကြောင့် ဒီလိုဖြစ်တာလားလို့ သဘာဝကျကျ စဉ်းစားပြီး အဖြေရှာတတ်ကြပါတယ်။ ကံနဲ့ ကံ၏အကျိုးကို ယုံကြည်ခြင်းဆိုတာ သူတော်ကောင်းများ အမြဲတစေ ဆုံးမသတိပေးတတ်တဲ့ အချက်ဖြစ်ပါ တယ်။ အကြောင်းနဲ့အကျိုးဆက်စပ်မှုကို သတိထားဖို့ကိုပဲ သူတော် ကောင်းများက သင်ကြားလေ့ရှိပါတယ်။ အဲဒီလို သူတော်ကောင်းများကို မှန်းတီးပြီဆိုမှတော့ သူတို့ဆုံးမတဲ့အချက်များကို သွေဖည်တော့မှာ ဖြစ်ပါတယ်။ အဲသည်လိုဆိုရင် ဘယ်လိုနည်းနဲ့မျှ သဘာဝကျကျ စဉ်းစားလုပ် ဆောင်တတ်တော့မှာ မဟုတ်တော့ပါဘူး။ ကိုယ့်ဘာသာ ကိုယ်သဘာဝကျကျ မစဉ်းစားတတ်တော့ဘူးဆိုရင် အဲဒီလူဟာ အကျဉ်း အကျပ်ကြုံတိုင်း သူတစ်ပါးကိုသာ အားကိုးပသတတ်တော့တာပါပဲ။ အဲသည်လို ကြောက်လန့်စွာ ကိုးစားလေလေ မသူတော်များနဲ့တွေ့ရ လေလေ ပျက်စီးတတ်လေလေ ဖြစ်ပါတယ်။ အဲဒါကြောင့် သူတော် ကောင်းများကို မုန်းတီးသူများသည် ပျက်စီး၏လို့ မြတ်စွာဘုရား ဟောတော်မူခြင်းဟာ အကြောင်းအကျိုး လွန်စွာဆက်စပ်မှုရှိကာ အစဉ် သဖြင့် မှန်ကန်နေတဲ့တရားဖြစ်တယ်ဆိုတာ သတိထားသင့်ကြပါတယ်။

## ဒုတိယမေးခွန်း၏ အဖြေ (၃)

နတ်သားကပျက်စီးခြင်းရဲ့အကြောင်းကို ထပ်ပြီးဟောတော်မူပါဦး ဘုရားလို့ လျှောက်တဲ့အခါမှာ အကြောင်းအကျိုး အပြန်အလှန်ဆက်စပ် နေတဲ့ သူယုတ်မာကိုချစ်ခင်ခြင်းနဲ့ သူတော်ကောင်းကို မုန်းတီးခြင်းတို့ကို မြတ်စွာဘုရားက ဦးစွာဟောတော်မူခဲ့ပါတယ်။ သူယုတ်မာကို သာမန်

အားဖြင့် ချစ်ခင်တဲ့သူကတော့ သူယုတ်မာတရားကို ချစ်ခင်ချင်မှပဲ ချစ်ခင်ပါမယ်။ ဒါပေမဲ့ သူတော်ကောင်းကိုပါ မုန်းတီးပြီဆိုမှတော့ အဲဒီလိုလူမျိုးဟာ သူယုတ်မာတရားကိုပါ ချစ်ခင်လေးစားတဲ့သူဖြစ်မှာ သေချာပါတယ်။ အဲဒါကြောင့် ဒုတိယမေးခွန်းရဲ့ အဖြေ (၃) အဖြစ် သူယုတ်မာတရားကို ချစ်ခင်တဲ့သူဟာ ပျက်စီးတယ်လို့ မြတ်စွာဘုရားက ဟောတော်မူတာ ဖြစ်ပါတယ်။

သူယုတ်မာများနဲ့ လက်ပွန်းတတီးနေရတဲ့သူများကတော့ ကိုယ်ပိုင် အသိဉာဏ် ပွင့်လန်းခွင့်တောင်မှ ရလိုက်မယ်မဟုတ်ပါဘူး။ အဲဒါကြောင့် သူတော်ကောင်းများရဲ့ ချုပ်တည်းမှု စောင့်စည်းမှု သစ္စာကြီးမှု အနစ်နာခံမှုများကို အကောင်းမမြင်တတ်ပါဘူး။ သူကတစ်ပြန်စီး အနေနဲ့ ဒီလိုလုပ်နေတာတွေဟာ အသိပညာနည်းပါးလို့ လူ့လောကရဲ့ အကြောင်းကို ကောင်းစွာနားမလည်တဲ့ လူညံ့များရဲ့ဝေလေ့သာဖြစ်တယ်လို့ယူဆတတ်ကြပါတယ်။ လူပေါ်လူညွန့်ခူးတာ ကိုယ်က နိုင်ရမယ့်သူများကို မညှာမတာပြုတာများဟာ လူတော်တွေ ဉာဏ်ရှိတဲ့သူတွေရဲ့ အလုပ်လို့ ထင်မှတ်မှားတတ်ကြပါတယ်။

သူတော်ကောင်းများက ဖြောင့်ဖြောင့်မှန်မှန် ပြောတတ်တာကို ခံယူတတ်တဲ့သူများအတွက်ကတော့ အကျိုးများစေနိုင်ပါတယ်။ မူလကတည်းက ဖြောင့်တာဆို မလိုလားတဲ့သူများကတော့ ဖြောင့်မတ်လေလေ မကြိုက်လေလေ ဖြစ်နေတတ်ပါတယ်။ ညာလို့ရတဲ့သူများနဲ့ ပလဲနံပသင့်တတ်ပါတယ်။ သူ့နားမှာကပ်နေတဲ့သူများကိုလည်း သူ့ကိုယုံလာအောင် သူပြောတဲ့စကားကို လက်ခံလာအောင် စည်းရုံးတတ်ပါတယ်။ ဘယ်အချိန်အခါမှာမဆို လူငယ်လူရွယ်များဟာ တစ်ဖက်စောင်းနင်းဖြစ်စေတဲ့ အတွေးအခေါ်များကိုပေးပြီး ဆွဲဆောင်သိမ်းသွင်းတာကို ခံရတတ်ပါတယ်။

လူတွေချမ်းသာတာဟာ ပြည့်စုံတာဟာ ခေါင်းပုံဖြတ်လို့ ချမ်းသာ



လာတာဖြစ်တယ်ဆိုတဲ့အယူအဆကို တရားသေစွဲကိုင်ခဲ့ကြတဲ့ တစ်ခေတ်တုန်းကများ အစွန်းရောက်လိုက်ကြတာ အတော်စိတ်မချမ်းသာစရာ ကောင်းလှပါတယ်။ ကိုယ့်ဘာသာကိုယ် နေ့ညမအား ကြိုးစားထူထောင်လို့ ပြည့်စုံတန် သမျှပြည့်စုံလာကြတာကိုလည်း အပြစ်လို့ယူဆတာကို ခံခဲ့ကြရပါတယ်။ အဲသည်လို အယူအဆမျိုးဟာ မြန်မာနိုင်ငံလိုနိုင်ငံမျိုးမှာတောင် အတော်ပျံ့နှံ့ခဲ့ပါတယ်။

ကံနဲ့ ကံ၏အကျိုးကို လက်မခံကြတော့ဘူးလို့ဆိုမှတော့ သူတော်ကောင်းရဲ့အဆုံးအမနဲ့ဝေးပြီလို့ဆိုနိုင်ပါတယ်။ မြတ်စွာဘုရားရဲ့အဆုံးအမများထဲမှာ လူတွေကို မျက်နှာမငယ်ရအောင် မှုဝေလှူဒါန်းရမယ်၊ လူတွေအပေါ်မှာ မေတ္တာ ကရုဏာထားရမယ်ဆိုတဲ့အချက်များကို အဘက်ဘက်က ပြည့်စုံအောင် ဟောပြောထားတာ လေ့လာလို့တောင် ကုန်နိုင်ဖွယ်မရှိပါဘူး။

မြတ်စွာဘုရားရဲ့ သာသနာတော်ထဲမှာ ဇာတ်နိမ့်ဇာတ်မြင့် မခွဲခြားပါဘူး။ သို့သော်လည်း အဲဒီခေတ်က ပတ်ဝန်းကျင်မှာ ဇာတ်နိမ့်ဇာတ်မြင့် ခွဲခြားလေ့ရှိတဲ့ အယူဝါဒများ ထွန်းကားပါတယ်။ ကျွန်မတွေ့ဖူးတဲ့ လူကြီးတစ်ယောက်က ပညာရှင်လေသံနဲ့ ဂေါတမမြတ်စွာဘုရားဟာ ဇာတ်စနစ်ကို ဖျက်မပစ်ခဲ့နိုင်ဘူး။ အဲဒါဟာ သူရဲ့ချို့ယွင်းချက် အားနည်းချက်ပဲလို့ပြောတာကို ကျွန်မ ကြားခဲ့ဖူးပါတယ်။ အဲဒီအချိန်က သူတို့ကိုးကွယ်တဲ့ပုဂ္ဂိုလ်ကြီးတွေကလည်း ကမ္ဘာမှာ အောင်ပွဲခံနေတဲ့အချိန်ဖြစ်ပေသကိုး။ အဲသည်လိုနေရင်းနဲ့ သူ့ရဲ့ဘဝအခြေအနေက အရင်ပျက်ပြားလာပါတယ်။ အဲဒီအချိန်မှာ သူဟာ သွားလေရာရာ ပုတီးတချောက်ချောက်နဲ့ ဖြစ်နေပြန်ပါတယ်။ သူဟာ သေသာသေသွားရော တရားစစ်တရားမှန်နဲ့ကို မတွေ့သွားဘူးလို့ ဆိုနိုင်ပါတယ်။

အခုအချိန်မှာ သူတစ်ခါက ကိုးကွယ်ခဲ့တဲ့ ခေါင်းဆောင်ကြီးများ ကျဆုံးသွားတာကို မြင်ခဲ့ရင် သူဘယ်လိုပြောမှာလဲ၊ ကျွန်မတော့ သူဟာ အဲဒီလူတွေကို အပြစ်တင်ဦးမှာပဲလို့ ထင်ပါတယ်။ ဘာကြောင့်လဲ

ဆိုတော့ သူယုတ်မာတရားဆိုတာ သစ္စာရှိတာကိုလည်း စံအဖြစ်မှ မထားတတ်ကြပဲလေ။

လူငယ်လူရွယ်များကို မျှော်လင့်ဖွယ်ရာကောင်းတဲ့ အနာဂတ်လောကကြီးအကြောင်း ဝေဝေဆာဆာပြောပြရင်း အဲဒီလို လောကကိုရောက်အောင် ချမ်းသာတဲ့သူများထံက ပစ္စည်းများကို သိမ်းယူနိုင်ရမယ်လို့ သွန်သင်တဲ့ ဝါဒရှင်တွေ ရှိခဲ့ဖူးပါတယ်။ အဲသည်လိုနဲ့ ရှိရှိသမျှသူတစ်ပါးတို့ရဲ့ ချမ်းသာကြွယ်ဝမှုကို မရှုစိမ့်ဖြစ်အောင် သင်ကြားခြင်းဟာ အယူအဆမှားတစ်ခုကိုစွဲ မြဲစေခဲ့တာ ဖြစ်ပါတယ်။ အဲသည်လိုဆိုတော့ မေးချင်ကြပေလိမ့်မယ်။ မတရား စီးပွားရှာတာတို့ မတရားကြီးပွားတာတို့ရော မရှိနိုင်ဘူးလားလို့။ ရှိပါတယ်။ လူအများကို ထိခိုက်နစ်နာစေတယ်ဆိုရင်တော့ တားမြစ်ရမှာဖြစ်ပါတယ်။ တစ်ခါတလေသူနဲ့ သူ့အသိုက်အဝန်းဟာ အင်မတန်အင်အားကြီးနေလို့ရှိရင် အုပ်ချုပ်တဲ့မင်းများဟာ အလွန်သတိထားပြီး ကိုင်တွယ်ရတတ်ပါတယ်။ အဲသည်လို မတရားမှုများ ပပျောက်အောင် လုပ်ခဲ့ကြရတဲ့ သာဓကများဟာ အလွန်ရှေးကျတဲ့ ဇာတ်တော်များမှာတောင်မှ ပါပါတယ်။ ခေတ်အဆက်ဆက် ဝါဒအမျိုးမျိုးထွန်းကားပြီး အုပ်ချုပ်ပုံအမျိုးမျိုး ပြောင်းလာသည့်တိုင်အောင် အလျှာအသီးသီးမှာ မတရားမှုများ ရှိနေနိုင်ပါတယ်။ ရှေးရှေးက သူတော်ကောင်းကြီးများဟာ မတရားမှုများကို ဦးဆောင်တိုက်ဖျက်တဲ့ သူ့ရဲကောင်းကြီးများအဖြစ် ထင်ရှားတဲ့ဇာတ်တော်များမှာ ပါပါတယ်။

တစ်ခုသတိထားရမှာက ကံနဲ့ကံရဲ့အကျိုးကို မျက်ကွယ်မပြုဖို့ပဲဖြစ်ပါတယ်။ ကံကိုမျက်ကွယ်ပြုထားမိရင် ကြွယ်ဝတဲ့သူဟူသမျှ ခေါင်းပုံဖြတ်လို့ ကြွယ်ဝတာလို့ တရားသေယူဆတဲ့အထိ တစ်ဖက်စွန်းကိုရောက်အောင် စောင်းသွားတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် တော်လှန်နေရမယ် ဆိုတာမျိုးအထိ အစွန်းရောက်သွားတတ်ပါတယ်။ တစ်ခါတုန်းက



ပြောတတ်ကြတဲ့ အလွန်တွင်ကျယ်ခဲ့တဲ့ စကားတစ်ခွန်းကတော့ ဘာသာရေးဆိုတာ ဘိန်းပဲ။ ဘာသာရေးဆိုတာ မှိုင်းတိုက်တာပဲဆိုတဲ့ စကားဖြစ်ပါတယ်။ ဆရာ့ဆရာကြီးများက သူတို့လေ့လာဖူးသမျှကလေးပေါ်မှာအခြေပြုပြီး ပြောတယ်ဆိုရင် နောက်ကလိုက်ပြီး ပြောလိုက်ကြတာဖြစ်ပါတယ်။

မြတ်စွာဘုရားဟောကြားတဲ့ ကေသမုတ္တိသုတ္တန် တစ်နည်းခေါ်ဆိုရင် ကာလာမသုတ်ကိုသာ နာယူလေ့လာလိုက်ရင် ဘိန်းကျွေးတာပဲမှိုင်းတိုက်တာပဲဆိုတာနဲ့ တခြားစီဖြစ်သွားပါလိမ့်မယ်။ ကေသမုတ္တိသုတ္တန်လို့ခေါ်တာဟာ ကေသမုတ္တိနိဂုံးရွာမှာ ဟောကြားတော်မူလို့ခေါ်တာဖြစ်ပါတယ်။ နိဂုံးရွာလို့ဆိုတဲ့အတိုင်း အစွန်အဖျားမှာရှိနေတဲ့ရွာဖြစ်ပါတယ်။ အရပ်လေးမျက်နှာကလူတွေ ဝင်ထွက်သွားလာပြီး ဖောက်ကားတာ ရောင်းဝယ်တာလည်း ရှိပါတယ်။ နောက်တစ်ချက်က အရပ်လေးမျက်နှာက ဂိုဏ်းဆရာကြီးများက ဝင်ထွက်သွားလာပြီး သူတို့အယူအဆများကို ဖြန့်ဝေတာလည်း ရှိပါတယ်။ ကောင်းမှု မကောင်းမှုဆိုတာမရှိဘူး။ တရားမှု မတရားမှုဆိုတာ မရှိဘူးဆိုတဲ့ အယူအဆမျိုးတွေကိုဖြန့်ဝေတဲ့သူများရှိသလို အကြောင်းမရှိဘူး။ အကျိုး မရှိဘူး။ လောကကြီးမှာ အရာရာဟာ ဖြစ်ချင်သလို ဖြစ်နေကြတာပဲဆိုတာမျိုးတွေကိုလည်း ပို့ချဟောပြောကြတဲ့သူများ အဝင်အထွက်များပါတယ်။ လူဆိုတာကလည်း ကိုယ့်အတွက် လက်ငင်းအကျိုးပေးတယ်လို့ဆိုရင် လက်ခံချင်တတ်ကြပါတယ်။

အဲသည်လို ကုန်ပစ္စည်းမျိုးစုံ ဝင်ထွက်သလို အယူအဆမျိုးစုံဝင်ထွက်နေတဲ့အတွက် ဘာကိုလက်ခံယုံကြည်ရကောင်းမှန်းမသိ တွေဝေနေတဲ့သူတွေ များပြားနေတဲ့နေရာဟာ ကေသမုတ္တိနိဂုံး ဖြစ်ပါတယ်။ မြတ်စွာဘုရားဟာ ကေသမုတ္တိနိဂုံးရွာမှာရှိတဲ့ ကာလာမအမျိုးသားများကိုသူများပြောတာလည်း မယုံနဲ့၊ ကျမ်းစာထဲမှာပါတာကြောင့်လည်း မယုံ

နဲ့၊ အစဉ်အလာက လက်ခံလာတာကြောင့်လည်း မယုံနဲ့စသည်ဖြင့် မယုံကြည်သင့်တာတွေကို ပြောဟောပြီး မိမိရဲ့ကိုယ်ပိုင်ဉာဏ်ကို အသုံးချပြီး မိမိကိုယ်တိုင် လက်တွေ့စမ်းသပ်ပြီးမှသာ ယုံသင့်တယ်လို့ ဟောတော်မူခဲ့ပါတယ်။ အဲဒီသုတ္တန်တစ်ခုထဲနဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမနဲ့ ဘိန်းတို့ မှိုင်းတို့နဲ့ ဘယ်လိုမျှနှိုင်းယှဉ်စရာအကြောင်း မရှိဘူးဆိုတာကို သိနိုင်ပါတယ်။

နိုင်ငံရေးအယူအဆများ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အယူဝါဒများမှာ အာဝဇ္ဇန်းကောင်းကောင်းနဲ့ စည်းရုံးဆွဲဆောင်တတ်တဲ့ သူများကို တစ်ဖက်သတ်အထင်ကြီးပြီး အစွန်းရောက်သွားကြတဲ့ လူငယ်လူရွယ်တွေ များပြားလှပါတယ်။ ဘဝလည်းပျက်သွားကြပါတယ်။ လူငယ်ဆိုတာ ယုံကြည်မိရင် တကယ်ကိုယ်ကျိုးစွန့်ချင်တတ်ကြပါတယ်။ အဲသည်လို ရိုးဖြောင့်ပြီး တဆုံးတဆ ကိုယ်ကျိုးစွန့်ပြီး ဆရာကြီးများပြောသမျှကို ယုံကြည်တာလွန်သွားလို့ အမှားကြီး မှားသွားကြတဲ့သူများ တောထဲတောင်ထဲမှာ ဆင်းတောင့်ဆင်းရဲနေပြီး အသေဆိုးနဲ့ သေသွားကြတာဟာ အလွန်သံဝေဂရစရာ ကောင်းပါတယ်။

တောထဲ တောင်ထဲမှာ ပြောတဲ့အတိုင်းနေ ခိုင်းတဲ့အတိုင်းလုပ်ပြီး နှမြောစဖွယ်သေဆုံးသွားကြတဲ့သူများဟာ သူတို့ရဲ့ဆရာကြီးများက တိုက်ခိုက် စုဆောင်းလို့ရတဲ့ပစ္စည်းတွေနဲ့ ကောင်းစားသွားကြတာကို သိချင်မှလည်း သိပါမယ်။ သိသွားရင်တောင်မှ ငါတို့ဆရာကြီးတွေလုပ်တာမှန်တယ်ဆိုတာမျိုးကို ပြောတတ်ကြဦးမှာပါပဲ။

မိမိတို့ကိုယ်တိုင် အဲသည်လိုအဖြစ်မျိုးနဲ့ တိုးခဲ့တဲ့ဘဝပေါင်း ဘယ်လောက်များရှိပြီလဲ၊ မသိနိုင်ပါ။ အဲသည်လိုဆိုးရွားတဲ့အမှားမျိုးကို တွေ့နိုင် ဆုံနိုင်ပါသေးသလား။ သူတော်ကောင်းတို့ရဲ့ အကျင့်စရိုက်ကို သေသေချာချာ ခွဲမြင်အောင် မလေ့လာမကျင့်ကြံသေးသမျှ တစ်ချိန်မဟုတ်တစ်ချိန် တစ်နည်းမဟုတ်တစ်နည်း တွေ့နိုင်ကြုံနိုင်ပါသေးတယ်လို့ သတိဆောင်ကြဖို့ လိုအပ်ပါတယ်။



သူယုတ်မာတရားကို ချစ်ခင်တယ်ဆိုတဲ့နေရာမှာ ကိုးကွယ်ယုံကြည်မှုနဲ့ ဆိုင်တဲ့နေရာ နိုင်ငံရေးအယူအဆနဲ့ ဆိုင်တဲ့နေရာများမှာသာ သူယုတ်မာတရားရှိတာ မဟုတ်ပါဘူး။ စီးပွားရေး လူမှုရေး ယဉ်ကျေးမှုစတဲ့ လူနဲ့သက်ဆိုင်သမျှ နေရာများမှာ သူယုတ်မာတရားများရဲ့ လွှမ်းမိုးမှုကို လက်ခံနေကြတဲ့သူများ သူယုတ်မာတရားကို တွန်းလှန်နေကြတဲ့သူများ (သူတော်ကောင်းတရားကို လိုက်နာကျင့်ကြံနေကြသူများ) ဆိုပြီး အမျိုးမျိုး ကွဲပြားခြားနားနေပါတယ်။

စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်တဲ့အခါ မိမိရဲ့လုပ်ငန်းခွင်မှာ ရှိတဲ့သူများရဲ့ အသက်အန္တရာယ်ကင်းလွတ်ရေး လုံခြုံရေး သက်သောင့်သက်သာရှိရေး မိမိထုတ်လုပ်တဲ့ ကုန်ပစ္စည်းများ ဆေးဝါးများကို စားသုံးကြတဲ့သူများအတွက် ဘေးအန္တရာယ်မဖြစ်ရေးစတဲ့ အလွန်ပြည့်စုံသင့်တဲ့ အရည်အချင်းများကို ထိန်းသိမ်းပြည့်စုံအောင် ဆောင်ရွက်ရမယ် ဖြစ်ပါတယ်။

အခုခေတ်မှာ စီးပွားရေးသမားများဟာ ကြော်ငြာကောင်းကောင်းနဲ့ကုန်ပစ္စည်းများကို အစွန်ထုတ်တတ်ပါတယ်။ ကြော်ငြာရတဲ့ စရိတ်က အလွန်ကြီးမားပါတယ်။ သူတို့က အနှမြောမရှိပါဘူး။ ဒါပေမဲ့ သူတို့ထုတ်လုပ်ရောင်းချတဲ့ကုန်ပစ္စည်းများရဲ့ အရည်အသွေးမြင့်မားအောင် စံချိန်ကို ထိန်းထားနိုင်အောင်တော့ အဲသည်လောက် ငွေကြေး အကုန်အကျခံကာ မကြိုးစားကြပါဘူး။ တချို့ဆေးဝါးများဟာ မြန်မာပရဆေး အမည်နဲ့ ကြော်ငြာပေမယ့် နိုင်ငံခြားဆေးအပြင်းစားများကို သုံးစွဲထားပါတယ်။ ကလေးဆေးများလည်း ဖြစ်ပါတယ်။ မသိလို့ လုပ်ကြတာ မဟုတ်ပါဘူး။ သူတို့ကလေးနေမကောင်းတော့ အထူးကုဆရာဝန်ကြီး တစ်ယောက်ကို လာပြပါတယ်တဲ့။ ကလေးဟာ အဲဒီပရဆေးမိသားစုကဖြစ်တယ်ဆိုတာကို သိတဲ့အခါမှာ ဘာဖြစ်လို့ ကိုယ့်ဆေးကိုမသုံးဘဲ ဆရာဝန်ဆီကိုလာတာလဲလို့ မေးပါတယ်တဲ့။ ပါလာတဲ့ အဲဒီမိသားစုဝင်

ထဲမှာ ဆရာဝန်ပေါက်စလည်းပါတော့ သူက သူတို့ဆေးကို ကျွေးရင် ကလေးရဲ့အစာအိမ် ပေါက်သွားမှာပေါ့လို့ ပြောပါသတဲ့။ ဒီစကားဟာ တစ်ယောက်စကားတစ်ယောက်နားနဲ့ ကြားရတာဖြစ်ပေမယ့် ပြောတဲ့ သူက အထူးကုဆရာဝန်ကြီးနားမှာ နေရတဲ့ ဆရာဝန်မကလေး တစ်ယောက် ဖြစ်နေပါတယ်။

အဲသည်လိုလူမျိုးဟာ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ သဘောနဲ့ လုပ်ချင်တာကို လုပ်နေတာဖြစ်တဲ့အတွက် သူယုတ်မာတရား ကို လက်ကိုင်ထားသူများ ဖြစ်ပါတယ်။ သေချာတာက တစ်နည်းနဲ့ မဟုတ် တစ်နည်းနဲ့ဆိုသလို ပျက်စီးကြမယ့်သူများ ဖြစ်ကြပါတယ်။

သူယုတ်မာတရားကို ချစ်ခင်တဲ့သူများဟာ ကံငါးပါးကို ထိန်း သိမ်းတတ်ကြတဲ့သူများ မဟုတ်ကြပါဘူး။ အကုသိုလ်ဆယ်ပါးဆိုတာကို လည်း နားမလည်ပါဘူး။ ဗြဟ္မစိုရ်လို့ခေါ်တဲ့ မြင့်မြတ်တဲ့သူများ လက် ကိုင်ထားတဲ့ တရားကိုလည်း သူတို့က လက်ကိုင်ထားဖို့ထားလို့ နား တောင်မှ မလည်နိုင်ကြပါဘူး။ အဲဒါကြောင့် ကိုယ့်သားသမီး ဒုက္ခ မရောက်စေချင်သလို သူများသားသမီးများ ငါတို့ဖော်စပ်တဲ့ဆေးကို စားပြီး ဘေးဖြစ်တယ်ဆိုရင် ငါတို့ ချမ်းသာတာဟာ အကုသိုလ်အခြေခံ ကြီးနဲ့ ချမ်းသာတာ ဖြစ်နေတော့မယ်။ မလုပ်ကောင်းပါဘူးလို့ မေတ္တာ ကရုဏာနဲ့ယှဉ်ပြီး တွေးတောတတ်ခြင်းမရှိပါဘူး။ ဘယ်သူက တိုက် တွန်းလို့လဲ သူတို့ဘာသာဝယ်စားတာဆိုတဲ့ ဆင်ခြေမျိုးဟာ လူလူချင်း တောင်မှ လှည့်စားလို့ မလုံလောက်နိုင်ပါဘူး။ အဲဒီတော့ ကံတရားကို ဘယ်လိုမှ မလှည့်စားနိုင်ပါဘူး။ ပျက်စီးခြင်းအကျိုးကို ပြန်ရစေတဲ့ ကံတရားအဆိုးမျိုးစေ့ကို ကိုယ့်ဘာသာကိုယ် ချခဲ့တဲ့သူဖြစ်တဲ့အတွက် ကိုယ့်ဘာသာကိုယ် ပျက်စီးခြင်းကို ရင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။

သူယုတ်မာတရားများကို ချစ်ခင်တဲ့သူများဟာ ကိုးကွယ်ရာ အရှာ မှားနေတတ်ပါတယ်။ သီလရှိခြင်းဆိုတဲ့ တန်ဆာထက် ငွေကြေးဥစ္စာ ပြည့်စုံခြင်းဆိုတဲ့တန်ဆာကို မက်မောတတ်ကြပါတယ်။ ဟိရီဩတ္တပ္ပ



တရားကို လက်ကိုင်ထားမှသာ လောကကြီးကို လူမှုရေးကို တည်ငြိမ် အောင် စောင့်ရှောက်နိုင်တယ်ဆိုတာကို သိချင်သိပါမယ်။ ဒါပေမဲ့ ငါချမ်းသာရင် ငါလုပ်ချင်ရာကို လုပ်နိုင်ရင် ဘယ်သူ့ကိုမှ မှုစရာမလိုပါ ဘူးကွာဆိုတဲ့ အတွေးမျိုး ဝင်သွားတတ်ပါတယ်။ အကြောင်းမရှိ အကျိုး မရှိဆိုတဲ့ သူယုတ်မာတို့ရဲ့တရားကို ချစ်ခင်သူများ လူမှုရေးနယ်ပယ်မှာ မတွင်ကျယ်နိုင်ဘူးလား။ တွင်ကျယ်နိုင်ပါတယ်။ ဒါပေမဲ့ သူ့အကုသိုလ် ကံ ရင့်မှည့်လာတဲ့အခါမှာတော့ တွယ်စရာ ဆုပ်ကိုင်အားထားစရာ မရှိတတ်တော့ပါဘူး။ ပျက်စီးခြင်းမက ပျက်စီးတတ်ကြပါတယ်။

ဘယ်သူဖြင့် အဲသည်လိုနဲ့ လူမှုအသိုက်အဝန်းက ထွက်သွားရတာ ပေါ့လို့ ပြောနေစရာ မလိုပါဘူး။ စာဖတ်သူတို့ရဲ့ပတ်ဝန်းကျင်မှာ အဲသည်လိုလူမျိုးများ လက်ညှိုးထိုးလို့မလွဲ ဖြစ်နေမှာ သေချာပါတယ်။

ယဉ်ကျေးမှုဆိုတာဟာ လောကကြီးကို ပြေပြစ်တင့်တယ်အောင် လူအများလိုက်နာစောင့်စည်းကြတဲ့ စည်းမျဉ်းဖြစ်ပါတယ်။ အဲသည်လို ယဉ်ကျေးမှုလို့ ဆိုတဲ့အရာမှာတောင်မှ သူယုတ်မာများလက်ခံတဲ့ ယဉ် ကျေးမှုဆိုတာ ဘယ်လိုခေတ်မှာ ဘယ်လိုအသိုက်အဝိုင်းမှာမဆို ရှိတတ် ပါတယ်။

အခုနတင်ပြခဲ့တဲ့ မကောင်းမှုမှ ရှက်ခြင်း၊ မကောင်းမှုမှ ကြောက် ခြင်းဆိုတဲ့တရားကို မျက်ကွယ်ပြုတဲ့ ယဉ်ကျေးမှုဆိုတာကတော့ တစ် ယောက်အတွက် တစ်စုအတွက် အများနစ်နာရမယ့် ယဉ်ကျေးမှုဖြစ် ပါတယ်။ အဲသည်လို ယဉ်ကျေးမှုများ ကမ္ဘာမှာ အလွန်ခေတ်စားနေပါ တယ်။ မကောင်းတဲ့ အကုသိုလ်မှုကို တစ်ကမ္ဘာလုံးသိအောင် ပြုထားတဲ့ သူများကိုတောင်မှ သူတော်ကောင်းများအဖြစ်လက်ခံပြီး သူ့အကုသိုလ် အကျိုးပေးချိန်တန်လို့ သေရတာကို လွမ်းဆွတ်တမ်းတကြတဲ့သူများ ရှိတတ်ကြပါတယ်။ ကျွန်မကတော့ ဘယ်သူပဲသေသေ ဘယ်သူပဲ ပျက်စီးပျက်စီး ကောင်းလိုက်တာ၊ မှတ်ကရောလို့ မအောက်မေ့ပါဘူး။ လူ့ဘဝဆိုတာ တန်ဖိုးကြီးမားလှတဲ့ဘဝ ဖြစ်ပါတယ်။ အဲသည်လိုကြီးမား

တဲ့တန်ဖိုးကို အရင်းတည်ပြီး ဘာတွေယူသွားခဲ့သလဲ၊ ဘာတွေထားသွားခဲ့သလဲဆိုတာကိုသာ လေ့လာနိုင်ကြဖို့ လိုအပ်ပါတယ်။ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ ဘယ့်လောက်ပဲ ကျော်စောသတင်း ရှိရှိ စာရိတ္တပိုင်းမှာ ချို့ယွင်းတယ်ဆိုရင် ပျက်စီးကြရမှာ ဓမ္မတာပဲဆိုတာကို သံဝေဂဉာဏ်ဝင်တတ်ကြဖို့ လိုအပ်ပါတယ်။

အဲသည်လို မဟုတ်ဘဲ ကိုယ်ချမ်းသာရင်ပြီးရော ဘယ်လိုလူမျိုးကိုမှ ထောက်ထားစရာမလိုဘူး။ ကုသိုလ် အကုသိုလ်ဆိုတာ ပြောနေကြတာပါကွာ။ မြင်ရတာလည်း မဟုတ်ပါဘူး။ ချမ်းသာရင် ဂုဏ်ရှိရင် ပြီးတာပဲဆိုတဲ့ အယူအဆဟာ သူတော်ကောင်းတရား ဘယ်လိုမှ မဟုတ်မှန်း သိသာပါတယ်။ တချို့ကဆိုလည်း ကျေးဇူးဘာတင်စရာလိုသလဲ၊ ဒီလောက်တော့ လုပ်ပေးရမှာပေါ့လို့ ခပ်ရိုင်းရိုင်း တွေးတောပြောဆိုတတ်တဲ့သူတွေလည်း ရှိပါတယ်။ ကျွန်မဖြင့် ကျေးဇူးဆိုတာ ပြုတ်စားရတာမဟုတ်ဘူးလို့ ကိုယ်က ကျေးဇူးပြုထားတဲ့သူက ပြောတာတောင်မှ ခံရဖူးပါတယ်။

ဘာပဲဖြစ်ဖြစ် အဲသည်လိုအယူအဆ အပြောအဆိုများကို ပြောဆိုလုပ်ကိုင်နေတဲ့သူများလည်း လောကမှာရှင်သန်နိုင်ပါသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခြင်များ ယင်များဟာ များသောအားဖြင့် ပုပ်စပ်ညစ်ပေနေတဲ့ ရေဆိုးများထဲမှာ ရှင်သန်တတ်သလိုပါပဲ။ နောက်တော့ အဲဒီလိုအကောင်များရော သူတို့နဲ့တွေ့ထိသူများရော ပျက်စီးကြရတာပါပဲ။ သူယုတ်မာတရားကို ချစ်ခင်လိုက်နာသူများ ပျက်စီးတယ်လို့ဆိုတဲ့အချက်ဟာ မှန်ကန်တဲ့အကြောင်း သာဓကများစွာနဲ့ သက်သေပြနိုင်ပါတယ်။

မပျက်စီးချင်တဲ့သူများ သူယုတ်မာကိုရှောင်သလို သူတို့ လုပ်ဆောင် လိုက်နာတဲ့ တရားများကိုပါ ရှောင်ဖို့လိုအပ်ပါတယ်။

## အအိပ်စုံမက်၊ အဖော်မက်၊ ပေါ့ပျက်စကား၊ နိုးကြားမရှိ၊ အမျက်ကြီးက ပျက်စီးရ၏။

ပရာဘဝသုတ်ကို မြတ်စွာဘုရားက ဟောတော်မူရခြင်းမှာ နတ်သားတစ်ပါးက မေးမြန်းသော ပျက်စီးရခြင်းအကြောင်း မေးခွန်းများကို အကြောင်းပြုကာ ဟောတော်မူရခြင်းဖြစ်သည်။ နတ်သား၏ တတိယမေးခွန်းကို

၁။ အိပ်စက်ငိုက်မျဉ်းလေ့ရှိသူ၊

၂။ အပေါင်းအဖေါ်၌ မွေ့လျော်လေ့ရှိသူ၊

၃။ စကားပြောမှု၌ မွေ့လျော်လေ့ရှိသူ၊

၄။ နိုးကြားထကြွမှုမရှိ ပျင်းရိသူ၊

၅။ လျင်စွာ အမျက်ထွက်လေ့ရှိသူ၊ ထိုသူအားလုံးသည် ပျက်စီးတတ်သည်ဟု မြတ်စွာဘုရားက ဖြေကြားတော်မူခဲ့ပါသည်။

### ဆွေးနွေးချက်များ

စာရေးသူက အစောပိုင်းမှာ စာစကားနဲ့ရေးခဲ့ပြီး သာဓကပြတာလည်း နည်းပါးတဲ့အတွက် အတန်ငယ်လေးနေပါတယ်။ အဲဒါကြောင့် ဆွေးနွေးတဲ့အခါမှာ စကားပြောနဲ့ပဲ ရေးလိုက်ပါတယ်။

တချို့သောသူတွေဟာ ဘာမျှမလုပ်ဖြစ်ရင် အိပ်နေတာကောင်းတယ်လို့ ယူဆကြပါတယ်။ အိပ်နေရင်း ကွယ်လွန်ရင် ကောင်းတယ်၊ အကုသိုလ်မဖြစ်တော့ဘူးပေါ့လို့ ပြောတတ်ကြပါသေးတယ်။ အမှန်ကတော့ မဟုတ်ပါ။ ကွယ်လွန်ခါနီးမှာ ဇောသုံးတန် ပြန်သေးတာပါပဲ။ အဲသည်လိုပြန်တဲ့အခါ အမြဲတစေ ထုံမွေ့တတ်တဲ့အာရုံဟာ သေသူဇောပြန်တဲ့အခါ ပြန်ပေါ်တတ်ပါတယ်။ အမြဲတစေကုသိုလ်စိတ် မွေးတတ်တဲ့သူမှာတော့ ကုသိုလ်ဇောပေါ်မှာ ဖြစ်ပါတယ်။

ကွယ်လွန်ခါနီးမှာ သတိရှိနေတာဟာ မိမိအာရုံကို စုစည်းနိုင်ဖို့ မိမိကို ကောင်းစေချင်တဲ့ ကလျာဏမိတ္တများက ကုသိုလ်ဖောကျအောင် ကူညီနိုင်ဖို့ အခွင့်ပိုပြီးသာတာ အမှန်ပါပဲ။

**တတိယမေးခွန်း၏ အဖြေ (၁)**

အခုဆွေးနွေးလိုတာက စိတ် စေတသိက်တို့ ထိုင်းမှိုင်းပျင်းရိတဲ့ အကျင့်စွဲတဲ့အထိ အအိပ်လွန်တာ တွေ့ဝေတာ ငိုက်မျဉ်းတာဟာ လောကီအကျိုး လောကုတ္တရာအကျိုးများ တိုးပွားအောင် မဆောင်ရွက်နိုင်တော့တဲ့အတွက် အကျိုးနည်းပါးကာ ပျက်စီးတတ်တယ်ဆိုတဲ့အကြောင်းဖြစ်ပါတယ်။ တစ်ခါ တုန်းကလည်း *'အချိန်ကိုသုံးတတ်ရင် တော်လည်းတော်နိုင်ပါတယ်၊ ပျော်လည်းပျော်နိုင်ပါတယ်'* ဆိုတဲ့အမည်နဲ့ဆောင်းပါးတစ်စောင် ရေးလိုက်ဖူးပါတယ်။ အိပ်တောင်မှ မအိပ်ရတော့ဘူးလားလို့ စောဒကတက်ချင်တဲ့သူတွေကို ပြောချင်တာက သူ့အတိုင်းအဆထက် ပိုပြီးမအိပ်တဲ့သူများဟာ အတိုင်းအဆမရှိ အိပ်တတ်သူများနဲ့စာရင် ကျန်းမာရေး ပိုပြီးကောင်းတတ်တယ်ဆိုတဲ့ အကြောင်းဖြစ်ပါတယ်။

သတိထားမိတဲ့အချက်တစ်ချက်ကတော့ အအိပ်အနေနည်းပါးတဲ့သူတွေဟာ ကြွယ်ဝကြပါတယ်။ တချို့က ဥစ္စာကြွယ်ပါတယ်။ တချို့က ပညာကြွယ်ပါတယ်။ အအိပ်အနေနည်းပါးလိုက်တာမှ ဖဲရိုက်ရင် မအိပ်ဘဲ အကြာကြီးနေနိုင်ပလို့ ရွဲ့စောင်းပြီး ပြောတတ်တဲ့သူများရှိခဲ့ရင် လောင်းကစားလုပ်တာကိုက ပျက်စီးခြင်းအကြောင်းဖြစ်လို့ အဲဒီနည်းနဲ့တော့ဖြင့် မကြီးပွားနိုင်ပါလို့ ပြောရမှာဖြစ်ပါတယ်။

စာရေးသူနဲ့ ရင်းနှီးတဲ့ လူတစ်ယောက်ရှိပါတယ်။ မနက်စောစော ထကျင့်ရှိပါတယ်။ ဒါပေမဲ့ တစ်နေ့လုံးလိုလို ငိုက်နေတတ်ပါတယ်။ အဲဒီလိုအဖြစ်ကတော့ အကြောင်းမထူးလှပါဘူး။ နိုးနေတဲ့သူဆိုတာကတော့ အခုန တင်ပြခဲ့သလို စိတ်စေတသိက်များ ထိုင်းမှိုင်းလေးလံခြင်း မရှိတဲ့သူ ဖြစ်ရပါမယ်။



တချို့ကတော့ သူက သူများအိပ်တာထက် ပိုအိပ်မှ အိပ်ရေးဝတယ်လို့ ပြောတတ်ပါသေးတယ်။ ပညာတတ်အမျိုးသမီးတစ်ယောက် ပြောလိုက်တာ ဖြစ်ပါတယ်။ စာရေးသူက သူ့ကိုဘာမှုပြန်မပြောလိုက်ပေမယ့် သူများတကာလောက် သူဟာ သိစရာ တတ်စရာတွေ သိတော့မှာမဟုတ်ဘူး။ ကုသိုလ်ရစရာတွေ ရတော့မှာမဟုတ်ဘူးလို့ တွေးလိုက်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သိသင့်တာတွေကို သိဖို့ လေ့လာသင့်လေ့လာထိုက်တာတွေ လေ့လာနိုင်ဖို့ဆိုတာ အချိန်လိုပါတယ်။ သူများထက် ပိုပြီးအိပ်နေပြီဆိုကတည်းက နိုးကြားတက်ကြွစွာ အလုပ်လုပ်ဖို့ အချိန် သူ့မှာ သူများထက်နည်းပါးသွားတာ သေချာနေပါတယ်။

အအိပ်အနေများရတဲ့အထဲမှာ အိပ်ရာကနိုးတာနဲ့ သတိတရားနဲ့ မထဘဲ အိပ်ရာထဲမှာ လှိမ့်နေတတ်တဲ့သူတွေ ရှိပါတယ်။ အဲဒီလိုလူတွေဟာ အချိန်ကို ထပ်ပြီးဖြုန်းတီးနေတဲ့သူတွေ ဖြစ်ပါတယ်။

အဲဒီလို အိပ်ရာထဲမှာ လှိမ့်နေရင်း ပြန်ပြီးအိပ်သွားတာက လူကို ထိုင်းမှိုင်းစေတဲ့ အိပ်ချိန်အပိုဖြစ်ပါတယ်။ နောက်ပြီး တောတွေးတောင်တွေးနဲ့ ရေရေရာရာ ဘာမှုမရှိတဲ့အတွေးတွေထဲမှာ ကုသိုလ်ဖြစ်စရာ မပါတတ်ပါဘူး။ အဲသည်လိုပေါ်လာတဲ့ တောင်တောင်အီအီ အတွေးတွေကြောင့် အိပ်ရာထတဲ့အခါ အေးဆေးတည်ငြိမ်တဲ့စိတ်အထာ မရှိတတ်ပါဘူး။

အိပ်ချိန်က မများလှပါဘူး။ အိပ်တာနောက်ကျလို့ ထတာနောက်ကျတာပါလို့ ပြောမယ်ဆိုရင်လည်း အိပ်တာနောက်မကျအောင် စီစဉ်သင့်တယ်လို့ အကြံပေးလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ မနက်စောစော အိပ်ရာကထရတာဟာ ထရတဲ့အချိန်မှာသာ ကိုယ့်ကိုယ်ကို မနည်းထူမပြီး ထရတာပါ။ နိုးကြားတဲ့ စိတ်အထာဝင်လာတာနဲ့ ကောင်းလိုက်တာ မနက်ခင်းက သာယာလိုက်တာ အေးချမ်းလိုက်တာ၊ ဘုရားရှိခိုးလို့ ကောင်းလိုက်တာ၊ စာကျက်လို့ကောင်းလိုက်တာလို့ တွေးမိမှာပါပဲ။

အဲသည်လို မနက်ခင်းထခြင်းရဲ့ ကောင်းမြတ်တဲ့ အကျိုးကျေးဇူးကို သဘောကျတဲ့သူဟာ မနက်စောစော ထနိုင်အောင် ကြိုးစားကြတော့မှာ ဖြစ်ပါတယ်။ မကြာခင်က ဒိုင်ဂျက်အဟောင်းတစ်အုပ်ကို ဖတ်မိပါတယ်။ အဲဒီအထဲမှာပါတဲ့ မနက်စောစောထနိုင်အောင် လေ့ကျင့်တဲ့နည်းက လွယ်လွယ်ကလေးပါပဲ။ ဖွဲ့ရှိဖို့ လိုအပ်တာတစ်ခုပဲ ရှိပါတယ်။

အဲဒီအမေရိကန်က ထနေကျအချိန်ထက် ငါးမိနစ်စောပြီး ထနိုင်အောင် နာရီကို နှိုးစက်ပေးထားပါသတဲ့။ နောက်တစ်နေ့ကျတော့ နောက်ထပ် ငါးမိနစ်လျှော့ပြီး နှိုးစက်ပေးပြန်ပါလေရော။ အဲသည်လိုနဲ့ တစ်လလောက်ကျင့်ရုံနဲ့ အိပ်ရာထ အလွန်စောတဲ့သူ ဖြစ်လာပါသတဲ့။ တကယ်တော့ လူဟာ ကိုယ့်ဘာသာကိုယ်နိုင်အောင်ကျင့်နိုင်ရင် အအိပ်အနေနည်းပါးပြီး တက်ကြွရွှင်လန်းတဲ့သူ ဖြစ်လာနိုင်ပါတယ်။

အအိပ်အနေနည်းပါးဖို့ဆိုတာမှာ အိပ်တဲ့အချိန်မှာ နှစ်ခြိုက်စွာ ပျော်ဖို့ လိုအပ်ပါတယ်။ အိပ်တယ်ဆိုတာ နားနေတဲ့အချိန်ဖြစ်ပါတယ်။ သိပ်ပင်ပန်းရင် သိပ်အိပ်ပါတယ်။ ဒီလိုအများကြီးမအိပ်ဘဲ အိပ်ရေးဝနိုင်ဖို့ဆိုတာက စိတ်အေးချမ်းဖို့ လိုအပ်ပါတယ်။ မြတ်စွာဘုရားသခင်ဟာ ချွတ်ထိုက်သောသတ္တဝါများကို ချေချွတ်တော်မူရတဲ့အတွက် ညဥ့်သုံးယံမှာ တစ်ယံသာ ကျိန်းစက်တော်မူရပါတယ်။ အဲသည်လို အချိန်အတိုကလေးသာ အနားယူရပေမယ့် အနားရတာဟာ စိတ်ကအညစ်အကြေးမတင် အလွန်သန့်စင်တော်မူလို့ပဲ ဖြစ်ပါတယ်။ မြတ်စွာဘုရားကို လူသာမန်တို့အနေနဲ့ တုပလို့မရပေမယ့် မြတ်စွာဘုရားရဲ့တပည့်သာဝကများပီပီ စိတ်ကိုအေးချမ်းအောင်ထားပြီး အိပ်တဲ့အချိန်မှာ နှစ်ခြိုက်စွာ အိပ်တတ်ဖို့ လိုအပ်ပါတယ်။

စိတ်ပျံ့လွင့်နေတဲ့သူဟာ အိပ်လို့မပျော်တတ်ပါဘူး။ အိပ်လို့မပျော်သလို အိပ်လို့လည်းမဝပါဘူး။ တွေဝေနေတတ်ပါတယ်။ လေးလံထိုင်းမှိုင်းနေတတ်ပါတယ်။ အဲဒီလိုဖြစ်လာရင်တော့ ခေတ်လူများပီပီ စိတ်ငြိမ်ဆေးများကို စားရတော့တာပါပဲ။ ဆေးရဲ့အကူအညီကို ယူနေရပြီလို့ဆိုကတည်းက အအိပ်အနေများတတ်ပါတယ်။ ဆေးစားပြီး မအိပ်နိုင်ရင်လည်း ကြောင်တတ်ပါတယ်။ ပေါက်ကွဲတတ်ပါတယ်။ စိတ်ပူပန်သောကရောက်တာကို ပြေလည်အောင် ဖြေဖျောက်ပေးနိုင်တဲ့ စားဆေးဆိုတာ မရှိပါဘူး။



တကယ်တော့ အချိန်အပိုင်းအခြားတစ်ခုအထိ မေ့ထားနိုင်အောင် စိတ်ကိုမှိုင်းစေတဲ့ ဆေးများဟာ လူကိုကြာရှည်မှာ ဒုက္ခပေးတတ်ပါတယ်။ စာရေးသူက စာရေးသူထံ သောကတွေကို ဖွင့်အံပြီး စိတ်သက်သာအောင် အကူအညီလာယူတဲ့ စာဖတ်ပရိသတ်တစ်ယောက်ကို စိတ်ငြိမ်ဆေးကိုစားပြီး စိတ်သက်သာအောင် မကြိုးစားပါနဲ့၊ ဘာပဲဖြစ်ဖြစ် ကိုယ်ကိုယ်တိုင် ဖြေရှင်းမှရတာဆိုတော့ ရင်ဆိုင်နေရတဲ့ပြဿနာကို ဖြေရှင်းဖို့ရာ ဆေးကိုဖြတ်ပြီးမှ ဆောင်ရွက်လို့ရပါတယ်။ ဆေးစားပြီး သက်သာရာရနေတာဟာ တကယ်တော့ ပြဿနာဖြေရှင်းနေတာ မဟုတ်ပါဘူး။ ပြဿနာကို ရှောင်လွှဲနေတာပဲ ဖြစ်ပါတယ်လို့ ပြောလိုက်ပါတယ်။ အဲဒီတော့ အဲဒီအမျိုးသမီးက တအံ့တသြနဲ့ ဆရာမကြီးက ဘယ်လိုလုပ်သိပါသလဲလို့ မေးပါတယ်။ စာရေးသူက အေးအေးဆေးဆေးပဲ ဖြေလိုက်ပါတယ်။ ကျွန်မလည်း ခေတ်ပညာတတ်တစ်ယောက်ပီပီ စိတ်ငြိမ်ဆေးသောက်ဖူးပါတယ်။ ဒါပေမဲ့ တကယ်တမ်း အားကိုးလို့မရတာ သိလာတာနဲ့အမျှ ကိုယ့်စိတ်ကို ကိုယ်ပိုင်အောင် ကြိုးစားတော့တယ်လို့ ပြောလိုက်ပါတယ်။

ကိုယ့်စိတ်ကို ကိုယ်ပိုင်အောင်ကြိုးစားတဲ့အခါမှာ ဗုဒ္ဓရဲ့အဆုံးအမကို လိုက်နာကျင့်ကြံတဲ့သူများမှာ ဒါနပြုတာ သီလဆောက်တည်တာ သမာဓိတည်အောင် ဆောက်တည်တာ ဝိပဿနာ ဘာဝနာ ပွားများတာ စသည်ဖြင့် မှန်ကန်တဲ့နည်းများကို သီလ သမာဓိ ပညာဆိုတဲ့ သိက္ခာ သုံးပါးနဲ့ ပြည့်စုံသူ ဆရာသမားများရဲ့ထံမှာ နည်းနာခံပြီး ကောင်းစွာ ကျင့်ကြံအားထုတ်သင့်ပါတယ်။

အခုခေတ်မှာ စိတ်ကိုအေးချမ်းအောင် ထားတဲ့နည်းများကို လူအများက လိုလိုလားလား ရှာဖွေနေတဲ့အခါ သတိထားသင့်တာက ဆရာမမှားဖို့ပါပဲ။ ဆရာမှားလို့ နည်းမှားရင် မအေးချမ်းတဲ့အပြင် လောင်ကျွမ်းပြာကျသွားနိုင်ပါသေးတယ်။

စာရေးသူဟာ အိပ်စက်ငိုက်မျဉ်းခြင်းနဲ့ပတ်သက်လို့ ဆွေးနွေးလာတာ အတော်ကလေး စုံခဲ့ပါပြီ။ ပေါ့ပေါ့တွေးပြီး ပျင်းရိလို့ အိပ်တာ၊ ညဥ့်နက်သန်းခေါင်မှာ လေလွင့်ပျော်ပါးပြီး အကျိုးမဲ့အချိန်ကုန်ကာ ပင်ပန်းပြီးအိပ်တာ စိတ်ဆင်းရဲလို့ စိတ်ဓာတ်ကျလို့ ဆေးသောက်ပြီး အိပ်နေတာစသည်ဖြင့် စိတ်စေတသိက်တို့ကို မနိုးကြားစေဘဲ လေးလံထိုင်းမှိုင်းစေတဲ့သူဟာ ပျက်စီးနိုင်ပါတယ်။

ဘာဖြစ်လို့လဲ အိပ်နေတာဟာ ဘာမကောင်းမှုကိုမျှ လုပ်မနေဘူးဆိုတော့ ပျက်စီးစရာအကြောင်းမရှိဘူးလို့ တွေးတတ်ကြတဲ့သူများကို ဖြေဖို့စကားရှိပါတယ်။ အတိုင်းအဆနဲ့မအိပ်ဘဲ အအိပ်လွန်ကာ ပျင်းရိထိုင်းမှိုင်းနေတဲ့သူများဟာ နိုးလာတဲ့အခါမှာလည်း ထိုင်းနေတတ်ပါတယ်။ အခါမဲ့ အိပ်ပြီး အိပ်ရာကထလာတဲ့သူတွေကို ကြည့်လိုက်ပါ။ တွေတွေဝေဝေ မရွှင်မပျနဲ့ လေးလံနေတတ်ပါတယ်။ သူတို့ဟာ လောကီရေးတိုးတက်မှုနဲ့ ပတ်သက်တဲ့အတွေးများ လောကုတ္တရာရေး တိုးတက်မှုနဲ့ ပတ်သက်တဲ့အတွေးများကို တွေးနိုင်ကြမှာ မဟုတ်ပါဘူး။

တိုးတက်အောင် ကြိုးစားဖို့ တိုက်တွန်းကြရင်တောင်မှ ခဏနေကြစမ်းပါဦး၊ ခေါင်းနောက်ရတဲ့အထဲမှာလို့ ပြန်ဖြေမှာ ဖြစ်ပါတယ်။ ကုသိုလ်တရားကို ဖြစ်ပွားစေခြင်းမရှိ သိသင့်သိထိုက်သော ပညာဗဟုသုတကို လေ့လာရှာမှီးနိုင်ခြင်းမရှိတဲ့သူဟာ ဘယ်လိုမျှ မတိုးတက်နိုင်ပါဘူး။ သူဟာ ဘယ်လိုနေရာမှာမျှ တက်ကြွဖျတ်လတ်မှာမဟုတ်တဲ့ လူတစ်ယောက် ဖြစ်သွားပါလိမ့်မယ်။

စာရေးသူဟာ ခေတ်လူငယ်တွေအတွက် ရည်စူးပြီး ဒီပရာဘဝသုတ်ကို ရေးတာဖြစ်တဲ့အတွက် လောကီရေးမှာ လိုလေသေးမရှိရအောင်



ပြောပြလိုစိတ်ရှိပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အအိပ်အနေဟာ ကိုယ်ကာယရဲ့ ကျန်းမာရေးနဲ့ တိုက်ရိုက်ပတ်သက်နေတာကို ပြောပြနိုင်တဲ့ အတွေ့အကြုံ စာရေးသူမှာ ရှိနေပါတယ်။

စာရေးသူဟာ လုပ်ရတဲ့အလုပ်ကများတဲ့အတွက် အအိပ်အနေများလို့ မဖြစ်ပါဘူး။ တစ်ခါမှာတော့ စာရေးသူ နေလို့မကောင်းပါဘူး။ နှလုံးရောဂါ ပါရဂူနဲ့ ဆေးကုသနေခဲ့ရပါတယ်။ စာရေးသူက ဆရာဝန်ကြီးကို ပြောပြပါတယ်။ အရင်ကထက် ပိုပြီးအိပ်လာပါတယ်။ လည်ပင်းကြီးရောဂါများ ဖြစ်ချင်လို့လားလို့ တွေးမိပါတယ်လို့ပေါ့။ ဆရာဝန်ကြီးက အဏုမြူဓာတ်ရောင်ခြည်နဲ့ ရောဂါရှာဖွေတဲ့ဌာနကို ရည်ညွှန်းစာရေးပေးပါတယ်။ ဒါပေမဲ့ ရောဂါမတွေ့တဲ့အတွက် ဒီလိုအိပ်နေတာဟာ စိတ်ရောကိုယ်ပါ ပင်ပန်းလွန်းလို့ပဲလို့ ကောက်ချက်ချပြီး စိတ်အေးသွားပါတယ်။

နောက်ပိုင်းမှာ လည်ပင်းရောင်လာတာကို မြန်မာသမားတော်နဲ့ ကုသခဲ့ပါတယ်။ ပထမအကြိမ်စမ်းသပ်တဲ့ အနုမြူဓာတ်ရောင်ခြည်ဌာနကို ဆယ်နှစ်လောက်အကြာမှာ ပြန်ရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာတော့ ဆေးစားရပြီ ဖြစ်ပါတယ်။ အဲသည်လို ပြန်ရောက်ရတာကလည်း သိပ်အိပ်ကောင်းလာတာ သိပ်စားကောင်းလာတာ စာသင်တဲ့အခါ လျှာခလုတ်တိုက်ချင်လာတာစတဲ့ လက္ခဏာများကြောင့် ကိုယ့်ဘာသာကိုယ် ဆရာဝန်ဆီကိုသွားခဲ့တာ ဖြစ်ပါတယ်။ အဲဒီတုန်းက ကိုယ့်ဘာသာကိုယ် ပြောခဲ့တာ ရှိပါတယ်။ တော်ပါသေးရဲ့ အစောပိုင်းကတည်းက အအိပ်သိပ်မက်တဲ့သူ မဟုတ်ပေလို့ပဲ။ အိပ်ဖို့လည်း အခွင့်သိပ်မရခဲ့ပေလို့ဘဲ။ နို့မဟုတ်ရင် ကျွန်မတော့ အိပ်ကောင်းစားကောင်းနဲ့ ဝတောင်လာတယ်လို့ပြောရင်း ရောဂါကျွမ်းသွားမှာပဲလို့ပေါ့။

အဲသည်လိုနဲ့ နေကောင်းလာတဲ့အထိ ဆေးကုသမှုခံယူခဲ့ပါတယ်။ လူတွေဟာ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ကို အမြဲလိုလို အကဲခတ်ပြီး ပြုပြင်နေ

မှ တန်ကာကျပါတယ်။ ကြားထဲမှာ ဟိုရောဂါဖြစ်လိုက် ဒီရောဂါဖြစ်လိုက်နဲ့ ပြုပြင်နေပါလျက်နဲ့ အအိပ်လွန်တဲ့ ရောဂါဖြစ်လာပြန်ပါတယ်။ ဒီတစ်ခါမှာလည်း အဏုမြူဓာတ်ရောင်ခြည်ကိုပဲ ပြန်သွားရပါတယ်။ အဲဒီနောက်တော့ ခေတ်သစ်ကမ္ဘာမှာ နည်းစနစ်တွေ တိုးတက်လာတာနဲ့ အမျှ စမ်းသပ်စစ်ဆေးလိုက်ကြတာ စာရေးသူရဲ့လည်ပင်းက ကြွက်သားများ ပိလာတဲ့အတွက် ဦးနှောက်ထဲကို အောက်ဆီဂျင် အရောက်နည်းနေတယ်။ လူပိန်ကျသွားမှ ဒီလို အိပ်ချင်တဲ့ရောဂါပျောက်မယ်။ ပိန်အောင်က ဆေးစားလို့မရဘူး။ အစားကိုလျှော့ပါ လမ်းလျှောက်ပါလို့ ဆရာဝန်က သေသေချာချာရှင်းလင်း ပြောပြလိုက်ပါတယ်။

စာရေးသူဟာ ရောဂါပျောက်အောင်ဆိုပြီး ကိုယ်အလေးချိန်လျှော့ချတဲ့နည်းတွေကို လိုက်နာခဲ့ပါတယ်။ ရောဂါသက်သာသလိုလို ဖြစ်တဲ့ အချိန်မှာ အလွန်ကြုံကြိုက်တာနဲ့ ပဲခူး ဆယ်မိုင်ကုန်းက ပဏ္ဍိတာရာမ တောစခန်း သာသနာ့ရိပ်သာကို ရောက်ခဲ့ပါတယ်။ ရိပ်သာကိုဝင်ချင်တဲ့ စိတ် ပေါ်ပေါက်နေတာကတော့ ကြာခဲ့ပါပြီ။ အရင်ဝင်ခဲ့ဖူးတဲ့ ရိပ်သာများက လူတွေများလှတာကြောင့် စဉ်းစားနေခဲ့တာ ဖြစ်ပါတယ်။ အခုလို အဆင်ပြေတဲ့နေရာကို ရောက်လာတာနဲ့ ရိပ်သာကိုဝင်ပါတော့မယ်လို့ ဆရာတော်များကိုလည်း လျှောက်ထားပါတယ်။ သမီးနဲ့တိုင်ပင်ပြီး အိမ်မှာလည်း စီစဉ်ရပါတယ်။

ပထမအကြိမ် ရိပ်သာကိုဝင်တဲ့ တစ်လအတွင်းမှာ ဆယ်ပေါင်ကျသွားပါတယ်။ မနက်သုံးနာရီမှာထရပေမယ့် တရားမှတ်ရင်း အိပ်ပျော်သွားတယ်ဆိုတာ မရှိခဲ့ပါဘူး။ အခုအချိန်မှာတော့ ဆယ်ရက်တစ်ခါ အရက်နှစ်ဆယ်တစ်ခါဆိုသလို တရားထပ်ဝင်ပါတယ်။ နေလို့အတော်ကောင်းပါတယ်။

နေကောင်းချင်ရင် တရားအားထုတ်ပါလို့ ဆွယ်တာလည်းမဟုတ်ပါဘူး။တစ်ခုပဲပြောချင်တာပါ။ ကိုယ်ကာယရဲ့ ချွတ်ယွင်းချက်ကြောင့်



လည်း အအိပ်လွန်တာ ဖြစ်နိုင်ပါတယ်။ စိတ်ကြောင့်ပဲ ပိုပြီးအိပ်သည်ဖြစ်စေ ကိုယ်ကြောင့်ပဲ ပိုပြီးအိပ်သည်ဖြစ်စေ မိမိဘာသာ အရင်သတိထားမိဖို့ လိုအပ်ပါတယ်။ လူတွေဟာ စိတ်ပျံ့လွင့်တာများရင် သူများကို မြင်သလောက် ကိုယ့်ကိုယ်ကို မမြင်နိုင်ဘူး ဖြစ်ဖြစ်နေတတ်ပါတယ်။

စာရေးသူဟာ မပျက်စီးအောင် ဒါတွေရှောင်ဆိုတဲ့ခေါင်းစဉ်နဲ့ ပရာဘဝသုတ်တော်လာ အချက်အလက်များကို ပြန်ရေးဖို့ စိတ်အားထက်သန်တာကတော့ အဲဒီသုတ်တော်လာ တရားတော်များဟာ ဘဝရဲ့လွတ်မြောက်ခြင်းအတွက်သာမက ဘဝရဲ့ပြည့်စုံခြင်းအတွက်ပါ လိုက်နာကျင့်ကြံလို့ရတယ် ဆိုတာကို တွေးမိလို့ဖြစ်ပါတယ်။

ဒီတစ်ပတ်တော့ အအိပ်ကြီးခြင်းကို ရှောင်နိုင်ရင် မပျက်စီးဘူး ဆိုတာကို ဆွေးနွေးရင်း နိဂုံးချုပ်လိုက်ပါတယ်။

## ပရာဘဝသုတ် တတိယမေးခွန်း၏ အဖြေ (၂)

အရင်တစ်ပတ်က နတ်သားမေးသော တတိယမေးခွန်း၏အဖြေတွင် ပျက်စီးတတ်သောသူတို့မှာ ၁။ အိပ်စက်ငိုက် မျဉ်းလေ့ရှိသူဟု ပါပါသည်။ ထိုအချက်နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြီးဖြစ်ပါသည်။ ယခုတစ်ပတ်တွင် ၂။ အပေါင်းအဖော်၌ မွေ့လျော်လေ့ရှိသူနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြမည် ဖြစ်ပါသည်။

### ဆွေးနွေးချက်များ

စာရေးသူဟာ ပရာဘဝသုတ်နဲ့ပတ်သက်ပြီး တင်ပြတဲ့အခါမှာ လွယ်ကူအောင် ကြိုးစားပြီးရေးပါတယ်။ ယနေ့ခေတ်လူငယ်များအနေနဲ့ မြတ်စွာဘုရား ဟောကြားတဲ့တရားကို နောင်ဘဝတွက်တာ ကျင့်စရာလို့ ထင်နေတတ်ကြပါတယ်။ အမှန်ကတော့ ယခုဘဝတွက်တာ ကျင့်စရာများကို ပြည့်စုံအောင် ဖြည့်ဆည်းနိုင်မှ နောင်ဘဝတွက်တာ ကျင့်စရာကိစ္စဟာ လမ်းပွင့်သွားမှာ ဖြစ်ပါတယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်တွေဟာ နောင်ဘဝအတွက် သက်သက်မဟုတ်ပါဘူး။ ဘဝရဲ့ပြည့်စုံခြင်းအတွက် များစွာအသုံးပြုနိုင်အောင် ပြည့်စုံအောင် ဟောကြားထားပါတယ်။ တတိယမေးခွန်းမှာ ပျက်စီးတတ်သူတို့ဟာ အိပ်စက်ငိုက်မျဉ်းတတ်သူဖြစ်တယ်လို့ ဟောကြားအပြီး နံပါတ်နှစ်အနေနဲ့ အပေါင်းအဖော်မှာ မွေ့လျော်လေ့ရှိသူ ပျက်စီးတတ်တယ် ဆိုတဲ့အချက်ကို ဟောကြားထားတာဟာ အဓိပ္ပါယ်ရှိပါတယ်။ အဲဒီအချက်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဖို့လိုအပ်ပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားတော်များထဲမှာ ကလျာဏမိတ္တနဲ့ပတ်သက်ပြီး အကျယ်တဝင့်ပါပါတယ်။ မြတ်စွာဘုရားအနေနဲ့ လူမှုပတ်ဝန်းကျင်ကို လစ်လျူရှုပြီးနေရမယ်လို့ မိန့်တော်မူလေ့မရှိပါဘူး။ မိဘ၊ ဆရာသမား၊ ဆွေမျိုးမိတ်သင်္ဂဟများကို စောင့်ရှောက်ထောက်ပံ့ရမယ်လို့လည်း ဆုံးမတော်မူလေ့ရှိပါတယ်။

ဒါဖြင့်ရင် အပေါင်းအဖော်ရဲ့အပြစ် တစ်နည်းဆိုရင် အပေါင်းအဖော်ကို ခင်မင်တွယ်တာနေတာကျတော့ ဘာဖြစ်လို့ပျက်စီးကြောင်းလို့ သတ်မှတ်ပါသလဲ။ စာရေးသူမြင်လိုက်တာကတော့ မိတ်ဆွေလို့တောင် မခေါ်ဆိုနိုင်လောက်တဲ့ လူပေါ့လူသွမ်းများနဲ့ တရုန်းရုန်းဖြစ်နေတတ်ကြတဲ့သူတွေရဲ့ ပြုန်းတီးနေသောအချိန်များ ပြုန်းတီးနေသောအရည်အချင်းများ ဖြစ်ပါတယ်။ အပေါင်းအသင်းကို ခုံမင်ကြတဲ့သူများဟာ ကြုံရာလူကို ပေါင်းတတ်ပါတယ်။ အရည်အချင်းကို စိစစ်လေ့မရှိပါဘူး။ ဘယ်လိုစိတ်နေသဘာဝရှိတယ်ဆိုတာ တွေးတောချင့်ချိန်လေ့မရှိကြပါဘူး။ တွေ့တာနဲ့ အလေနတောပြောပြီး ခင်မင်သွားတတ်ကြပါတယ်။ ဘယ်သူကဖြင့် ကိုယ့်ကိုတကယ်ခင်တာလို့လည်း မသေချာဘဲပြောတတ် ဂုဏ်ယူတတ်ပါတယ်။

အဲသည်လို လူများများပေါင်းပြီး တရုန်းရုန်းနဲ့စားလိုက်ကြသောက်လိုက်ကြလုပ်ပြီး နေတတ်တဲ့သူများဟာ မိမိတို့အရွယ်အလိုက်



လုပ်သင့်လုပ်ထိုက်တာကို မတွေးတော မဆင်ခြင်တတ်ပါဘူး။ သူတို့ဟာ ကျောင်းသားတွေပဲ ကျောင်းတက်နေကြတာပဲလို့ ပြောရင်လည်း လုံလောက်တဲ့ဆင်ခြေ မဟုတ်ပါဘူး။ ကျောင်းသားအရွယ်မှာလည်း ကျောင်းသားပီပီ ဆင်ခြင်သင့်တာ ပြင်ဆင်သင့်တာတွေ အများကြီးရှိပါတယ်။ မလုပ်မဖြစ်တာကလေးကို လုပ်တယ်ဆိုရုံလုပ်ပြီး ကျန်တဲ့အချိန်တွေမှာ အပေါင်းအသင်းများနဲ့ စားစားသွားသွားလုပ်နေရင် ပထမဆုံးပြုန်းတီးမှာက အချိန်ဖြစ်ပါတယ်။ အဲဒီအချိန်ဟာ ငွေထက်တန်ဖိုးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငွေက ငွေမျော ငွေချင်းလိုက်ဆိုတဲ့စကားအတိုင်း ငွေဆုံးရင် နောက်ထပ်ငွေကို အရင်းအနှီးလုပ်ပြီး ပြန်ရှာနိုင်ပါသေးတယ်။ အချိန်ဆုံးရင် ဘယ်လိုမှ ပြန်ရှာလို့မရတတ်ပါ။ လူဟာ နေ့စဉ်နဲ့အမျှ ကြီးပြင်းနေပါတယ်။ အဲသည်လို ကြီးပြင်းတာနဲ့အမျှ ကုသိုလ်ဉစ္စာ ပညာတို့ကို ရပါရဲ့လား။ မိမိရဲ့တစ်နေ့တာကို စစ်ဆေးကြည့်ရင် အဲဒီလိုရသင့်တာတွေကို ရတယ်မရဘူးဆိုတာ သေသေချာချာသိနိုင်ပါတယ်။ မိမိရဲ့အချိန်တွေ အလေအလွင့်ရှိမရှိ သိနိုင်ပါတယ်။

အပေါင်းအဖော်ကို ကောင်းမကောင်း စစ်ဆေးလေ့လာလေ့မရှိတဲ့သူများဟာ ပျော်ပျော်ပါးပါးနေနေတာပါလို့ ဆင်ခြေပေးတတ်ကြပါတယ်။ တကယ်တော့ မကောင်းတဲ့စရိုက်ရှိတဲ့သူများနဲ့ပေါင်းပြီး မကောင်းတာကို လုပ်လာတတ်ကြတာကြောင့် တပျော်တပါးနေရင်း စိတ်ဆင်းရဲစရာများနဲ့ တွေ့တတ်ကြပါတယ်။ ပေါင်းသင်းတဲ့သူများတာနဲ့ မကောင်းတာကို လုပ်တော့မှာပဲလို့ တထစ်ချ ဘာဖြစ်လို့ပြောရသလဲလို့ မေးချင်ကြပေလိမ့်မယ်။ လူငယ်လူရွယ်လေးတွေ မိကောင်းဖခင် သားသမီးကလေးတွေ စပြီးပေါင်းကြသင်းကြတုန်းကတော့ ရိုးသားအေးဆေးကြပေမှာပေါ့။ နောက်တော့မှ နည်းနည်းကြီးပြီး အတွေ့အကြုံရှိတဲ့သူတွေနဲ့ တွေ့ကြပြီး ဆက်ပေါင်းကြတယ်ဆိုပါတော့။

အဲသည်လိုလူမျိုးတွေက ငယ်တဲ့သူတွေကို ဘယ်လိုသိမ်းသွင်းရ

မယ်ဆိုတာ ကျွမ်းကြပါတယ်။ ကလေးသာသာအရွယ်လူငယ်များ အထင်ကြီးအောင် လောကနဲ့ပတ်သက်လို့ သိထားတတ်ထားသမျှတွေကို အာဝဇ္ဇန်းရွှင်ရွှင်နဲ့ ပြောပြပါလိမ့်မယ်။ ပြီးတော့ မကောင်းတဲ့ ကိစ္စများကို မလုပ်ကြနဲ့လို့ တားမြစ်ရင်း သူကိုယ်တိုင်က နည်းပေးလမ်းပြ လုပ်ပါလိမ့်မယ်။ ရိုးရိုးအအ မိသားစုကလာတယ်ဆိုရင် အဲသည်လိုလူမျိုးက ပိုပြီးသဘောကျတတ်ပါတယ်။ လူငယ်ကလေးတွေကို သူကစောင့်ရှောက်ပေးသယောင်ယောင်နဲ့ အစားရချောင်အောင် လုပ်တတ်ပါတယ်။ တချို့သောသူတွေကတော့ တစ်မျိုးတစ်ဘာသာ ဖြစ်ပါတယ်။ အောက်ကစပြီး လျှို့ဝင်လာတတ်ကြပါတယ်။ အညံ့ခံပြီး ဘာမဆိုလုပ်ပေးတတ်ပါတယ်။ ပြီးတော့မှ သူလိုသလို ကိုယ်ကျိုး ရှာတတ်ကြပါတယ်။

ရိုးရိုးတွေးရင်လည်း အဖြေပေါ်ပါတယ်။ လူများလေလေ စရိုက်စုံလေလေပါပဲ။ စရိုက်ကောင်းတဲ့သူများကတော့ ကုသိုလ်မရနိုင်ရင် အကုသိုလ်မဖြစ်အောင် ကြိုးစားရင်း ဥစ္စာကိုရှာမှာဖြစ်ပါတယ်။ အနောက်နိုင်ငံများမှာလို ကိုယ်ပိုင်ဝင်ငွေရအောင် အပြင်မှာအဲလုပ်ရှာမှ မဟုတ်ပါဘူး။ မိသားစုလုပ်ငန်းမှာ ဝင်ပြီးလုပ်နိုင်ပါတယ်။ အိမ်မှာတင် အလုပ်မဖြစ်လို့ရှိရင် အလုပ်ဖြစ်နိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ ဥပမာ ကွန်ပျူတာစာစီစာရိုက် လုပ်ငန်းလို ဝင်ငွေရော ပညာပါရနိုင်တဲ့ လုပ်ငန်းတွေအများကြီး ရှိလာပြီဖြစ်ပါတယ်။

တချို့က ဥစ္စာကိုရှာစရာမလိုသေးရင် ပညာကိုရအောင် ကြိုးစားပြီး ရှာကြပါတယ်။ အဲသည်လို ကောင်းကျိုးရနိုင်တဲ့ အလုပ်များကို ကြိုးစားလုပ်ဆောင်နေတဲ့သူများဟာ ဘယ်လိုနည်းနဲ့မျှ အပေါင်းအဖော်မျိုးစုံနဲ့ ကြုံသလို ပျော်နေမှာမဟုတ်ပါဘူး။ အဲသည်လိုပျော်ဖို့လည်း သူတို့မှာ အချိန်ရမှာမဟုတ်ပါဘူး။ သူတို့အလုပ် သူတို့စိတ်ဝင်စားတဲ့ ပညာစသည်တို့မှာမွေ့လျော်ပြီး တည်ငြိမ်အေးချမ်းနေမှာ ဖြစ်ပါတယ်။

တစ်ယောက်ချင်းပေါင်းရင်လည်း မကောင်းတဲ့စရိုက်ရှိတဲ့သူနဲ့



တွေ့နိုင်တာပါပဲလို့ ပြောချင်တဲ့သူရှိနိုင်ပါတယ်။ ဟုတ်ပါတယ်။ ဒါပေမဲ့ တစ်ယောက်ချင်းဆိုတော့ မြန်မြန်အကဲခတ်လို့ရပါတယ်။ တစ်ယောက်ချင်းဆိုတော့ မကောင်းတဲ့စရိုက် မကူးစက်သေးခင်မှာ ရှောင်လို့ ပိုမိုလွယ်ကူပါတယ်။

လူအများနဲ့ပေါင်းတဲ့အခါ ကောင်းတဲ့စရိုက်ရှိတဲ့သူက နည်းပြီး မကောင်းတဲ့စရိုက်ရှိတဲ့သူက ပိုပြီးများပါလိမ့်မယ်။ မကောင်းတဲ့သူနဲ့ ကောင်းတဲ့သူ ပေါင်းကြတဲ့အခါ မကောင်းတဲ့စရိုက်ရှိတဲ့သူက များတဲ့အပြင် သူတို့က ပေါ့ပေါ့တန်တန်နေတတ်တဲ့ သူတို့ရဲ့ဓလေ့အတိုင်း ပရိယာယ်ကြွယ်ဝစွာနဲ့ ကျန်တဲ့သူများကို ပေါ့ပေါ့တန်တန်နေအောင် ဆွဲဆောင်တော့မှာ ဖြစ်ပါတယ်။ သူတို့အပေါ် အစစအရာရာမှာ မှီခိုလာအောင်ကြံဆောင်တတ်ပါတယ်။

အဲသည်လိုနဲ့ ခွေးတောက်သရက် ပင်ချင်းယှက်သော် သရက်ပင်မင်း သီးချိုကင်း၏ ဆိုတဲ့စကားအတိုင်း ဖြစ်သွားတော့တာပါပဲ။ စာရေးသူ တွေ့ဖူးတာကတော့ အပေါင်းအသင်းစုံပြီး အဲဒီအပေါင်းအသင်းမာန်တက်နေတဲ့သူတွေဟာ လူမိုက်ဆန်လာတတ်တဲ့အကြောင်း ဖြစ်ပါတယ်။ တစ်ခါတုန်းက တက္ကသိုလ်ဆရာမများ နေထိုင်တဲ့အဆောင်မှာ စာရေးသူ နေခဲ့ဖူးပါတယ်။ ကြာခဲ့ပြီလို့ ပြောနိုင်ပါတယ်။ သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ဆိုသလိုပါပဲ တူရာတူရာပေါင်းကြတော့ စာရေးသူရဲ့အခန်းရှေ့က အခန်းမှာ အားကောင်းတဲ့အုပ်စု စုဝေးလေ့ရှိပါတယ်။ ပညာလည်းတော်ကြပါလျက် တတ်ကြပါလျက် ဘယ်သူမျှ မပြောရဲပါဘူးကွာဆိုတဲ့ အချိုးအတိုင်း မောက်မာစွာ ပြောကြ ဆိုကြ ညဥ့်နက်သန်းခေါင်မှာ ဘယာကြော် ကြော်စားကြနဲ့ ပတ်ဝန်းကျင်ကို မထီလေးစား လုပ်နေကြပါတော့တယ်။

စာရေးသူက အခန်းမြဲတဲ့သူဆိုတော့ ဒုက္ခလှလှတွေ့တော့တာပါပဲ။ သူတို့နဲ့စကားပြောပါတယ်။ ဒါပေမဲ့ မခင်ပါဘူး။ တကယ်လို့

သူတို့နဲ့ အဲသည်လိုအချိန်မှာသွားရောက်ရင် သေချာတာက ခိုင်းဖတ်ဖြစ်သွားမှာပါပဲ။ စာပေပညာနဲ့ပတ်သက်ပြီး ဆွေးနွေးဟောပြောကြတဲ့ အုပ်စုမှ မဟုတ်ဘဲကိုး။ အဲဒီတော့ စာရေးသူဟာ ကြံရာမရဖြစ်ပြီး ပရိတ်ကြီး စာအုပ်ကို ရှေ့မှာချပြီးတော့ ရွတ်ဖတ်တော့တာပါပဲ။ စာအုပ်ထဲက ပရိတ်တော်စာသားတွေကို နှုတ်တိုက်ရလုမတတ်ဖြစ်တဲ့အချိန်မှာ သူတို့ဘက်က အပြောင်းအလဲ ရှိလာပါတယ်။ ပရိတ်စပြီးရွတ်တာနဲ့ လူစုကွဲသွားတတ်တာပါပဲ။

အဲဒီတော့ အပေါင်းအသင်းမှာ မွေ့လျော်တတ်တဲ့သူများဟာ လူမျိုးစုံနဲ့ပေါင်းပြီး ပျော်ပျော်ပါးပါးနေရင်း ကုသိုလ်၊ ပညာ၊ ဥစ္စာရနိုင်တဲ့အချိန်များကို ဖြုန်းတီးပစ်မိတတ်ပါတယ်။ အပြစ်မကင်းတဲ့ အလုပ်များကို မေ့လျော့စွာ ပေါ့တန်စွာ လုပ်မိတတ်ကြပါတယ်။ အပေါင်းအသင်းမှာန်ကြောင့် မထီမဲ့မြင်ပြုရာကျတဲ့ အလုပ်များကို လုပ်မိတတ်ကြပါတယ်။

မိမိဘာသာ အေးဆေးစွာနေတတ်ပြီး ကလျာဏမိတ္တဖြစ်နိုင်သူနဲ့သာ ပေါင်းတတ်တဲ့သူ မိမိအလုပ်ကိုလေးလေးစားစား လုပ်တတ်တဲ့သူနဲ့ ကြာလာလေလေ ကွာဟသွားလေလေ ဖြစ်တတ်ပါတယ်။

မြတ်စွာဘုရားက ကလျာဏမိတ္တကို မတွေ့ခဲ့သော် မိမိရဲ့သီလကိုသာ အားကိုးပြီးမိမိကိုယ်ကို မိမိအဖော်ပြုကာ ဘဝခရီးကို သွားရမယ်ဆိုတာ ဟောကြားတော်မူခဲ့ပါတယ်။

အခုတင်ပြခဲ့တာကတော့ ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဆိုတဲ့ စာအုပ်ထဲက ဖွင့်ဆိုချက်အတိုင်း "အပေါင်းအဖော်၌ မွေ့လျော်လေ့ရှိ၏" ဆိုတဲ့အကြောင်းကို ဆွေးနွေးချက်ဖြစ်ပါတယ်။ ဆက်လက်တင်ပြလိုတာက အရှင်ပဏ္ဍိတမထေရ်ရဲ့ဖွင့်ဆိုချက် ဖြစ်ပါတယ်။ သီတဂူဆရာတော်ရဲ့ ဟောစဉ် တရားတော်ထဲကအဖွင့်နဲ့ အရှင်ပဏ္ဍိတမထေရ်ရဲ့ အဖွင့်တို့က တူကြပါတယ်။ သဘာသိလီဆိုတဲ့ ပါဠိတော်ကို ပွဲလမ်းသဘင်



အလိုက်အစားများလျှင် ပျက်စီးဆုတ်ယုတ်တတ်၏လို့ ပြန်ဆိုတော်မူကြပါတယ်။

အရှင်ပဏ္ဍိတက သဘာကို မြန်မာတို့က သဘင်လို့ပြန်ဆိုသုံးစွဲကြတယ်။ သဘာ - သဘင်ဟာပျော်ရွှင်စွာ စုဝေးပေါင်းဆုံသော လူစုလူဝေး၊ ထိုလူစုလူဝေးနဲ့တကွသောဌာနကို သဘာလို့ခေါ်တယ်လို့လည်း မိန့်တော်မူခဲ့ပါတယ်။ အဲဒီမိန့်ဆိုချက်အရ ပထမအဆိုနဲ့လည်း များစွာကွာဟတယ်လို့ မဆိုနိုင်ပါဘူး။ လူပေါ့လူတန်တစ်သိုက်နဲ့ သွားကြစားကြရင်း ပျော်ပွဲရွှင်ပွဲတွေ လောင်းကစားပွဲတွေကို ရောက်သွားတတ်ပါတယ်။

အရှင်ပဏ္ဍိတက ပွဲလမ်းသဘင် အသွားအလာ များတဲ့သူများ ကြုံကြိုက်ကြရမယ့် ပျက်စီးခြင်းများကို စာရင်းစီပြီး ပြတော်မူထားပါတယ်။

၁။ မိမိပြုလုပ်ဆောင်ရွက်ရမည့် အလုပ်အကိုင်တာဝန်ဝတ္တရားပျက်စီး၍ အသစ်အသစ်သော ဥစ္စာ ကြေးငွေ ပညာ ကောင်းမှုရှိခြင်းတို့မှ ဆုတ်ယုတ်ပျက်စီးခြင်း၊
၂။ အအိပ်အစားစသည် ချို့ယွင်းဖောက်ပြန်၍ ရောဂါရှိကာ ကျန်းမာမှု ချို့ငဲ့ပျက်စီးခြင်း၊
၃။ ရရှိပြီး ဥစ္စာကြေးငွေ ကုန်ခန်းဆုတ်ယုတ်ခြင်း၊
၄။ မိတ်ကောင်းဆွေကောင်း ဆရာမိဘကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းမှ ဆုတ်ယုတ်ပျက်စီးခြင်းစသည်တို့ ဖြစ်ကြပါတယ်။

စာရေးသူဟာ အပေါင်းအဖော်၌ မွေ့လျော်တဲ့သူများနဲ့ပတ်သက်လို့ တင်ပြထားတဲ့အထဲမှာ မနီးရိုးစွဲတူတဲ့ အချက်အလက်များကို တင်ပြထားခဲ့ပါတယ်။ ဆရာတော်ကြီး တင်ပြထားတာက ပိုပြီးပြည့်စုံပါတယ်။ ရှေးက ရေးခဲ့တဲ့စာအုပ်ဖြစ်တဲ့အတွက် အအိပ်အစားတို့ပျက်တာကြောင့်

ဖြစ်ပေါ်လာတတ်တဲ့ ရောဂါများကြောင့် ကျန်းမာရေးချို့ယွင်းတာကိုသာ ဖော်ပြထားပါတယ်။ အဲဒီအချက်ကို မြင်တဲ့အခါမှာ ဆွေးနွေးစရာ ပိုပြီးများလာပါတယ်။

အခုခေတ်မှာ ပွဲလမ်းသဘင်ဟာ စားပွဲသောက်ပွဲများနဲ့ တွဲပြီး ဇန်းတင်ရောင်းချနေတဲ့အရာ ဖြစ်နေပါပြီ။ အစားအစာကို မြိန်ရှက်စွာ စားနိုင်ကြဖို့ထက် ငွေကြေးများစွာပေးကြရပြီး ပကာသနများလှတဲ့ အလုပ်ဖြစ်နေပါပြီ။ အဲဒီကိုသွားပြီး တပေါးပေါး တဟားဟားနဲ့ ပျော်ရွှင်မှုကို ရှာတတ်ကြတဲ့သူတွေဟာ သွေးကြအောင် အရက်သေစာကလည်း သောက်စားထားကြလေတော့ ပိုက်ဆံကို ဖောဖောကြီးသုံးတတ်ကြပါတယ်။ အိမ်မှာ မျက်နှာငယ်နဲ့ ကျန်ရစ်ကြတဲ့သူများရဲ့ တကယ့်လိုအပ်ချက်များကို မေ့တတ်ကြပါတယ်။

အဲဒီလို အစားအစာနဲ့တွဲထားတဲ့ အပျော်အပါးကစပြီးတော့ ဆံပင်ညှပ်ရာ ခေါင်းလျှော်မှာတောင်မှ အပျော်စုံလင်တဲ့အကြောင်းတွေကို စာရေးသူတို့လို အိမ်ထဲမှာပဲနေတဲ့သူတွေဆီကိုတောင် သတင်းရောက်ရောက်လာပါတယ်။ ရှေးစကား တစ်ခွန်းနှစ်ခွန်းလောက် ပြောချင်ပါတယ်။ ရတနာပုံ မြို့တည် နန်းတည်မင်းတရားကြီး ဖြစ်တော်မူတဲ့ မင်းတုန်းမင်းကြီးဟာ မိဖုရားခေါင်ကြီး သီရိမဟာရတနာဒေဝီ ရှိတော်မူစဉ်က မိဖုရားကြီးကိုယ်တော်တိုင် ဆံပင်ကို ကိုင်တွယ်ဖီးသင်ပေးတာကို ခံတော်မူခဲ့ပါတယ်။ မိဖုရားကြီး မရှိတဲ့အချိန်ကစပြီး နတ်ရွာစံတော်မူတဲ့အထိ ကိုယ်တော်တိုင်ပဲ ဖီးသင်တော်မူပါသတဲ့။ မြန်မာများဟာ ဦးစွန်းဆံဖျားကို အလေးထားတော်မူလေ့ရှိပါတယ်။ အခုကျတော့မှ မြန်မာမိန်းကလေး ယောကျ်ားလေးများဟာ အိမ်မှာ ခေါင်းမလျှော်နိုင်တော့အောင် အတတ်တွေဆန်းကြတော့ ပထမပျက်စီးခြင်းက ငွေကုန်ကြေးကျများတာဖြစ်ပါတယ်။

နောက်ပိုင်းကတော့ နောက်ဆက်တွဲတွေ များလှပါတယ်။ လူ



အများ အသုံးပြုတဲ့ ပစ္စည်းပစ္စယများ လူတကာကို ပြုံးချို မြူဆွယ်တတ်တဲ့သူများကြောင့် ရောဂါဆိုး ရောဂါဆန်းများ အနေးနဲ့အမြန်ရတတ်ပါတယ်။ အပေါင်းအဖော် မင်တတ်တဲ့သူများဟာ ခေတ်အလိုက် ပေါ်ပေါက်လာတဲ့ အပျော်အပါး ပွဲလမ်းသဘင်များမှာ မလွဲမသွေ ကျက်စားတတ်ပါတယ်။

အဲဒီလို ပွဲလမ်းသဘင်ကို ခုံမင်တဲ့သူဟာ အိမ်ခြေရာခြေရှိပါလျက် အိမ်မှာ မမြဲနိုင်ပါဘူး။ အဲဒီတော့ တည်ကြည်တဲ့ မိဘဆွေမျိုးတို့နဲ့ ဝေးလာတတ်ပါတယ်။ သူတော်ကောင်းများနဲ့ဝေးသလို အဆုံးအမကောင်းများနဲ့လည်း ဝေးကွာသွားတတ်ပါတယ်။ မသူတော်များနဲ့ တရုန်းရုန်း ပွဲလမ်းသဘင်များကို သွားလာကျက်စားရင်း သေရည်သေရက်က အစ မူးယစ်ဆေးဝါးအထိ သုံးစွဲဖို့ရာ လွယ်ကူသွားတတ်ပါတယ်။ အပေါင်းအဖော်နဲ့ ပွဲလမ်းသဘင်များကို ကျက်စားတဲ့သူများဟာ အမှားအမှန်ကို ခွဲခြမ်းလေ့မရှိတာကတော့ အပေါင်းအသင်းကလည်း သတိပေးနိုင်တဲ့အထိ ရင့်ကျက်တည်ငြိမ်ခြင်း မရှိတတ်တဲ့အပြင် လူစုလူဝေး အပြိုင်အဆိုင် ပျော်ပါးမြူးထူးမှုစတဲ့ အဆင်အခြင်နည်းပါးတဲ့သူများ အောက်ခြေလွတ်အောင် သွေးမြောက်သွားစေတဲ့ ပါပအားများကြောင့် လူစိတ်ပျောက်သွားတာ အများကြီးပါပါတယ်။

စာရေးသူတို့လို မိသားစုမှာတောင် အဲသည်လိုပယူမျိုးနဲ့ကြုံခဲ့လို့ ဒုက္ခရောက်ခဲ့ရဖူးပါတယ်။ လက်ဝတ်လက်စား အဝတ်အထည်ကအစ အစစကုန်ခန်းခဲ့ရဖူးပါတယ်။ အပေါင်းအသင်းများနဲ့ တွေ့တဲ့အခါမှာ အိမ်ကလူတွေကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ် မအောက်မေ့တဲ့သူတွေကြောင့် မိသားစုများမှာ ဒုက္ခကြီးစွာရောက်ကြရပါတယ်။ အဲဒီလိုလူများဟာ ဘယ်လိုဖြစ်သွားတတ်ပါသလဲလို့မေးရင် ကုဋေရှစ်ဆယ်သူဌေးသားတို့လို ဖြစ်သွားတဲ့လူတွေပဲ များပါတယ်လို့ တိတိကျကျ ပြောလိုပါတယ်။

စိတ်ဆိုတဲ့သဘောက ပတ်ဝန်းကျင်ကို လိုက်ပြီးပြောင်းလဲတတ်ပါတယ်။ စာရေးသူတို့မှာ သဘောအင်မတန်ကောင်းပြီး ကျေးချင်မွေးချင်ရှိလှတဲ့မိသားစုတစ်စုနဲ့ ခင်မင်ခဲ့ကြပါတယ်။ သူတို့မှာ သူတို့လို သဘောကောင်းတဲ့ သားသမီးများလည်း ရှိပါတယ်။ သားများဟာ မိဘကိုချစ်ခင်ပြီး ပြုစုတတ်တဲ့အလေ့လည်းရှိပါတယ်။ စာလည်းတော်ကြပါတယ်။ တစ်ခုပဲရှိတာက မိဘက အစိုးရအမှုထမ်းအရာထမ်းများ ဖြစ်တဲ့အတွက် ကလေးများကို အလိုလိုက်တတ်တဲ့ ကြီးတော်များနဲ့ ထားခဲ့ရဖူးပါတယ်။ အဲဒီအချိန်က အပေါင်းအသင်းမှားနဲ့တွေ့ပြီး စွဲလာခဲ့တဲ့ဘိန်းဖြူကြောင့် အသက်မသေဘဲ ဘဝပြောင်းသွားတဲ့သားများဟာ မိဘကို တစ်စတစ်စနဲ့ တိုးတိုးပြီးဒုက္ခပေးလာပါတယ်။ မိဘက ရိုးရိုးကြီးတွေဆိုတော့ သားတွေ ဆေးစွဲနေကြတာလည်း မသိကြပါဘူးတဲ့။ နောက်တော့ စာတော်တဲ့ သားများဟာ တက္ကသိုလ်စာမေးပွဲများ ကျင်းပခါနီး တစ်လနှစ်လလောက်အလိုမှာ သူတို့ကို ဆေးဖြတ်ဖို့ ဆေးရုံကိုပို့ပါလို့ ပြောတော့တာပါပဲ။ တကယ်တော့ သူတို့ဟာ အတန်းတစ်တန်းစီဖြစ်လို့ မိဘများကို တစ်ယောက်ပြီးတစ်ယောက် ပြောကြတာ ဖြစ်ပါတယ်။ မိဘကလည်း ဆေးရုံပို့တဲ့အခါ ဟိုလူကိုခယ ဒီလူကိုခယနဲ့ ကြိုးစားကြရပါတယ်။ ဆေးရုံကဆင်းတော့ စာမေးပွဲတွေဘာတွေဖြေပြီး အောင်ကြပါသေးတယ်။

ဒါပေမဲ့ ဘိန်းဖြူဟာ စွဲမိရင် ဖြတ်ဖို့ခဲယဉ်းတာကြောင့် တစ်စတစ်စနဲ့ သားတွေဟာ ဆေးပြန်စွဲပါတယ်။ ပုံမှန်စိတ်နဲ့တုန်းက မိဘကို ချစ်ခင်ရှိသေတဲ့ကလေးတွေဟာ အိမ်ကပစ္စည်းကို ခိုးယူကြတာနဲ့ ရပ်ကွက်ထဲမှာ သောင်းကျန်းရတာနဲ့ အတော့်ကို မိဘကိုဒုက္ခပေးကြပါတယ်။ အဲဒီလိုဖြစ်ကြတာဟာ ပုံမှန်စိတ်ပျောက်အောင် ပတ်ဝန်းကျင်ရဲ့ ဖျက်ဆီးခြင်းကို ခံခဲ့ရလို့ ဖြစ်ပါတယ်။ အပေါင်းအသင်း ပွဲလမ်းသဘင်တို့ကို ခုံမင်လိုက်စားတဲ့သူဟာ မူလက လူကောင်းကလေးဖြစ်စေဦး၊



စိတ်လေသွားတတ်တာကြောင့် စိတ်ဓာတ်မမှန်ဘဲ ဖြစ်သွားတတ်တယ်ဆိုတာ ပြသစရာသာဓက များလှပါတယ်။

သဘာရဲ့သဘောသွားနှစ်ခုစလုံးဟာ ဆင်ဆင်ဖြစ်နေတတ်ပါတယ်။ အပေါင်းအဖော်ကို တော်၏ မတော်၏ မစိစစ်ဘဲ ပေါင်းသင်းတဲ့သူဟာ လောင်းကစားတာ အလေနတော အချိန်ဖြုန်းတာ ပွဲလမ်းအမျိုးမျိုးမှာ ထွက်ဝင်ကျက်စားတာစတဲ့ အလုပ်တွေကို တစ်ခုမကျန်လုပ်လေ့ရှိပါတယ်။ မကောင်းတာဟူသမျှကို လုပ်နေမှတော့ ကောင်းတာကိုလုပ်ဖို့ အချိန်ရှိတော့ မယ်မဟုတ်ပါ။

လူ့လောကမှာ ကောင်းတာကို တရစပ်လုပ်နေတဲ့သူများမှာတောင်မှ မကောင်းတဲ့လောကဓံနဲ့ ကြုံရတတ်တာ အခါခါပါပဲ။ ပျက်စီးရာလမ်းစကို လျှောက်နေတဲ့သူများကတော့ မျိုးစေ့ကိုပြုတ်စားနေကြတဲ့သူများ ဖြစ်ပါတယ်။ လူဖြစ်ဖို့ အကျိုးပေးကောင်းလာတာကို ကောင်းစွာအသုံးမချတတ်တဲ့အတွက် အဆင်းလမ်းကို လျှောက်နေတဲ့ သူများဖြစ်ကြပါတယ်။ ဒီလိုဆင်းတာဟာ အခုဘဝအတွက်သာမက သံသရာအတွက်ပါ ဆိုးကျိုးတွေပါစေမယ့် အလုပ်တွေကို သူတို့လုပ်နေကြတာပါပဲ။

ဒီစာကိုဖတ်မိကြတဲ့ အမိအဖဆရာသမားတို့ဟာ သားသမီးများတပည့်လက်သားများကို သနားချစ်ခင်ရင် အကြောင်းဆိုးများကို သူတို့ မလိုက်စားမိခင် ကြိုတင်တားမြစ်သင့်ပါတယ်။ သားသမီးများကို အမွေကောင်းကောင်းပေးဖို့ ပြင်ပကဥစ္စာများကို ရှာကြံနေရင်း အရေးကြီးဆုံးသူကလေးတွေကို မျက်ခြည်ပြတ်သွားရင် ရှာဖွေတာတွေဟာ သားသမီးများအတွက် အမွေမဖြစ်ဘဲ လောင်စာဖြစ်သွားနိုင်ပါတယ်ဆိုတာ သတိပေးချင်ပါတယ်။

## တတိယမေးခွန်း၏ အဖြေ (၃)

ပရာဘဝသုတ်တွင် နတ်သားမေးသော တတိယမေးခွန်းကို ဖြေဆိုရာတွင် ၁။ အိပ်စက်ငိုက်မျဉ်းလေ့ရှိသူ၊ ၂။ အပေါင်းအဖော်၌ မွေ့လျော်သူ၊ ၃။ စကားပြောမှု၌မွေ့လျော်သူ၊ ၄။ နိုးကြားထကြွမှုမရှိ ပျင်းရိသူ၊ ၅။ လျှင်စွာအမျက်ထွက်လေ့ရှိသူတို့သည် ဆုတ်ယုတ်ပျက်စီးတတ်၏ဟု မြတ်စွာဘုရားက ဖြေဆိုတော်မူပါသည်။

## ဆွေးနွေးချက်များ

အခုတစ်ပတ်မှာတော့ (၃) စကားပြောမှု၌ မွေ့လျော်သူဟာ ဆုတ်ယုတ်ပျက်စီးတတ်တယ်ဆိုတဲ့အကြောင်းကို ဆွေးနွေးတင်ပြလိုပါတယ်။ အရင်တစ်ပတ်က အပေါင်းအဖော်၌မွေ့လျော်သူဟာ ဆုတ်ယုတ်ပျက်စီးတတ်တယ်လို့ဖွင့်ဆိုထားတာနဲ့ ပွဲလမ်းသဘင်ကို ကြိုက်တတ်တဲ့သူဟာ ဆုတ်ယုတ်ပျက်စီးတတ်တယ်လို့ပြောတာဟာ သဘောချင်းတူတယ်ဆိုတာ တင်ပြခဲ့ပြီးပါပြီ။

အခုတစ်ပတ်မှာလည်း စကားပြောရာမှာ မွေ့လျော်သူဟာ ပျက်စီးတတ်တယ်ဆိုတဲ့ ဖွင့်ဆိုချက်ရှိသလို ထကြွလုံ့လကင်းမဲ့တဲ့သူဟာ ပျက်စီးတတ်တယ်ဆိုတဲ့ ဖွင့်ဆိုချက်လည်းရှိပါတယ်။ ပထမဖွင့်ဆိုချက်ဟာ ဗုဒ္ဓဘာသာကောင်းတစ်ယောက်ဆိုတဲ့ စာအုပ်ထဲမှာပါပြီး၊ ဒုတိယဖွင့်ဆိုချက်ကတော့ အရှင်ပဏ္ဍိတမထေရ်ရဲ့ ပရာဘဝသုတ္တန် မြန်မာပြန်ငြိကာမှာ ပါဝင်ပါတယ်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားစီရင်တဲ့ သုတ္တန္တနိတိကျမ်းထဲမှာလည်း ထကြွလုံ့လကင်းမဲ့တဲ့သူဟာ ပျက်စီးတတ်တယ်လို့ပါပါတယ်။ အမှတ် (၁) နဲ့ အမှတ် (၂) အချက်နှစ်ခုကို ပေါင်းပြီး ၁။ အပေါင်းအဖော်၌ မွေ့လျော်ပျော်ပါးလေ့ရှိခြင်းတည်းဟူသော "သင်္ဂဏိကရာမ"တရား၊ ၂။ စကား ပြောစုံမက်လေ့ရှိသော "ဘဿာရာမ"တရားတို့သည်လည်း ပွဲလမ်းသဘင် ပျော်ရွှင်မှုနှင့် တူစွာ ပျက်စီးကြောင်းပင်ဖြစ်တတ်လေသည် လို့ဖော်ပြထားပါတယ်။



အဲဒါကြောင့် ပျက်စီးခြင်းရဲ့အကြောင်းရင်း တစ်ခုနဲ့တစ်ခုဟာ ဆက်နေတယ်လို့ ဆင်ခြင်နိုင်ပါတယ်။ အဖော်အပေါင်းကို မင်တတ်တဲ့သူဟာ လောင်းကစားမှု သေသောက်ကြူးမှုစတဲ့ မကောင်းမှုများကိုပါ ကျူးလွန်လေ့ရှိတတ်ပါတယ်။ ပွဲလမ်းသဘင်ကိုလည်း ကြိုက်တတ်ပါတယ်။ ပွဲလမ်းဆိုတော့ သူ့ခေတ်နဲ့သူ သူ့အရပ်နဲ့သူ အမျိုးမျိုးသောနည်းနဲ့ လူကိုဆွဲဆောင်တတ်ပါတယ်။ အဲသည်လိုလူဟာ ထကြွလုံ့လဝီရိယ မရှိတတ်ကြပါဘူး။ ထကြွလုံ့လဝီရိယမရှိတဲ့သူဟာ အလုပ်မဖြစ်တတ်ကြပါဘူး။ အဲဒီအချက်ကတော့ ထင်သာမြင်သာရှိပါပေရဲ့ ပြောစရာတောင်မလိုပါဘူးလို့ဆိုချင်ကြမယ်လို့ ထင်ပါတယ်။ အဲသည်လို လုံ့လမရှိဘူးဆိုတဲ့သူများဟာ အလုပ်ဟော့ဆိုရင် အလွန် အထနေးတတ်ပါတယ်။ အထသာနေးတာဖြစ်ပါတယ်။ လေလုံးက ထွားပြီး စကားများတတ်တဲ့နေရာမှာ သူမတူတတ်ပါဘူး။

လူဆိုတာကတော့ အမျိုးမျိုးဖြစ်ပါတယ်။ တချို့သောသူများက စကားမပြော အလုပ်လည်းမလုပ်ဘဲ အိပ်ငိုက်နေတတ်ပါတယ်။ ဆင်းရဲတာ အလုပ်မဖြစ်တာတွေနဲ့ပတ်သက်ပြီး ငြူစူတဲ့အတွေးတွေကို တွေးရင်းတောရင်း မိန်းမောနေတတ်ပါတယ်။ ဒါပေမဲ့ ထကြွခြင်းမရှိဘဲ အလုပ်မလုပ်ဘဲ စားလို့ကောင်းအောင် စကားဖောင်ဖွဲ့တတ်ကြတဲ့သူတွေက ပိုပြီးအတွေ့ရများပါတယ်။ စကားများများပြောတယ်ဆိုတဲ့အခါမှာ ဦးတည်ချက် ရည်ရွယ်ချက်အနေနဲ့ ပညာရဖို့ စူးစမ်းတာ ပညာဖြန့်ဝေတာတစ်ဦးနဲ့တစ်ဦး နားလည်မှုရှိစေချင်လို့ ရှင်းလင်းပြောပြတာစတဲ့ မပြောရင်မဖြစ်လို့ ပြောရတဲ့စကားမျိုးတွေကို ပျက်စီးစေနိုင်သောစကားလို့ မဆိုနိုင်ပါဘူး။ ပျက်စီးစေနိုင်သောစကားကို ပြောကြတဲ့သူမျိုးဟာ အလုပ်ရှိရင်လည်း မယ်မယ်ရရ မလုပ်တတ်တဲ့ လုပ်လေ့မရှိတဲ့လူမျိုးပဲ ဖြစ်နိုင်ပါတယ်။ များသောအားဖြင့်တော့ အလုပ်မရှိတတ်ကြပါဘူး။ အလုပ်မရှိတာ အလုပ်လုပ်ရမှာပျင်းလို့ မတက်ကြွလို့ပါပဲ။ စာရေးသူ

ကြုံဖူးတဲ့သူ ကြားဖူးတဲ့သူတွေအကြောင်းကို သာဓကအနေနဲ့ တင်ပြလိုပါတယ်။ စာရေးသူဖတ်ဘူးတဲ့ အေဂျေကရိုနင်ရဲ့ A thing of beauty. ဆိုတဲ့စာအုပ်ထဲမှာ ဆရာဖြစ်သူက တပည့်ဖြစ်သူ ကျော်ကြားခါစ ပန်းချီဆရာကလေးကို ဆုံးမတာကို သတိရမိပါတယ်။ အနုပညာသည်ဆိုပြီး လုတပတပုံကလေးတွေကို ကူးပြီးဆွဲနေရုံ အနုပညာအကြောင်းကို ပြောနေရုံနဲ့တော့ ဘာမှုဖြစ်လာမှာမဟုတ်ဘူး။ တကယ်တော်ချင်ရင် တကယ့်ကို အပတ်တကုတ်ကြိုးစားပြီး အလုပ်လုပ်ရမယ်လို့ ပြောဆိုဆုံးမတာဖြစ်ပါတယ်။

အဲဒီအချက်ကလေးကို သတိရနေတာက လူတော်တော်များများဟာ လုပ်တာနဲ့ပြောတာ ပြောတာကများနေတတ်လို့ ဖြစ်ပါတယ်။ အနုပညာသည်များသာ အဲသည်လိုဖြစ်နေတာ မဟုတ်ပါဘူး။ အဲသည်လိုလူပုံလယ်မှာ စကားအများကြီးပြောတတ်တဲ့သူကို ဘယ်လိုလုပ်ငန်းခွင်မှာမဆို တွေ့ရတတ်ပါတယ်။ တချို့လူတွေက ဒီလောက်များတော့ မလုပ်ချင်သေးလို့ နေနေတာ ငါလုပ်လိုက်ရင် ဒါထက်တောင်ကောင်းသေးတယ်လို့ ခပ်ကြွားကြွား ပြောတတ်ကြပါသေးတယ်။ တကယ်တော့ သူလုပ်တာကို ဘယ်တော့မှုမတွေ့ရတဲ့အတွက် သူဟာ သူများထက်သာတယ်လို့ ဘယ်လိုမှုပြောမရနိုင်ပါဘူး။

စာရေးသူတို့အမေပြောဖူးတဲ့ အမေ့ဦးရီးတော် ပန်းပုဆရာကြီးတစ်ယောက်အကြောင်းကိုလည်း ပြောပြချင်ပါတယ်။ သူ့လက်ရာက အလွန်ကောင်းပါသတဲ့။ ဒါပေမဲ့ သူက ရွာရိုးကိုးပေါက်လျှောက်သွားပြီးနေတတ်ပါတယ်။ ကြုံရာလူနဲ့ ကြုံရာစကားကို လေပေးပြီးနေတတ်ပါတယ်။ ထကြွလုံ့လ လုံးဝမရှိပါဘူးတဲ့။ သူ့ထံမှာ ပန်းပုထုဖို့ အလုပ်အပ်ထားတဲ့သူတွေက အမေတို့အိမ်ကို ဦးရီးဘယ်သွားလဲလို့ လာပြီးမေးတတ်လွန်းလို့ အမေတို့ကလည်း အလွန်မျက်နှာပူရပါတယ်တဲ့။ သူနဲ့တွေ့တော့ သူကခပ်လွယ်လွယ်နဲ့ လာခဲ့ပါ နောက်ငါးရက်ပေါ့ ဆိုတာမျိုးကို လက်လွတ်စပယ်ပြောပြီး ရက်ချိန်းပေးတတ်ပါသတဲ့။



ချိန်းတဲ့ရက်မှာ အလုပ်အပ်တဲ့သူလာပြီး ကြိမ်းမောင်းတော့မှ အလုပ်ကို မကိုင်ချင်ကိုင်ချင်နဲ့ ကိုင်ပြီးလုပ်တတ်ပါသတဲ့။ အမေကတော့ ပြောပါတယ်။ အလုပ်ရှင်က အလုပ်ပြီးတဲ့အခါမှာတော့ အလွန်စိတ်ချမ်းသာသွားတတ်ပါသတဲ့။ ဦးရီးလက်ရာက ကောင်းတာကိုးတဲ့။ စာရေးသူက မေးပါတယ်၊ အဲဒီဦးရီးရော ဘာဖြစ်သွားသလဲဆိုတော့ ဆင်းဆင်းရဲရဲနဲ့သေသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ချိန်းတဲ့ရက်ကို မီအောင်ဘယ်တော့မှုမလုပ်တော့ တချို့သူတွေက အလျှုနဲ့အတန်းနဲ့ မမီနိုင်ဘူးဆိုရင် သူ့ဆီမှာ မအပ်တော့ပါဘူး။ နောက်တော့လည်း သူ့လောက်မထူးချွန်ပေမယ့် ကတိတည်တဲ့ ဆက်ဆံရေးကောင်းတဲ့ နောက်ပေါက်တွေတက်လာတဲ့အခါ သူက အလိုလိုကျသွားတာပေါ့လို့ အမေကပြောပါတယ်။အမေက သူ့အနုပညာကတော့ ရှာမှရှားပါပဲအေ။ ဒါပေမဲ့ သူ့ကိုလိုက်မရှာနိုင်ကြတော့ သူ့ကိုမသုံးကြတော့တာနဲ့ သူလည်းဆင်းဆင်းရဲရဲသေရတယ်။ ဘယ်သူ့ကိုမှုလည်း သူ့အနုပညာ အမွေ မပေးနိုင်ခဲ့ဘူးလို့ဆိုပါတယ်။

နောက်ထပ် တွေ့ဖူးတဲ့သူတစ်ယောက်ကလည်း တော်ပါတယ်။ အဟောကောင်း အပြောကောင်းဖြစ်ပါတယ်။ စာသင်ကောင်းပါတယ်။ ဒါပေမဲ့ ကျောင်းမှာ ကျောင်းပျက်တဲ့ရက်များပါတယ်။ ကျောင်းဖွင့်တဲ့ရက် ကျောင်းဖွင့်တဲ့အချိန်ပေမယ့်လည်း လက်ဖက်ရည်ဆိုင်ကမထဘဲ လေလုံးထွားထွားနဲ့ ဖတ်ထားမှတ်ထားတဲ့ ကမ္ဘာ့သတင်း မြန်မာ့သတင်းတွေကို ပြောတတ်ပါသေးတယ်။ သူက အပြောကောင်းတော့ အထင်ကြီးတဲ့ လူငယ်တော်တော်များပါတယ်။ အဲဒီလိုလူများဟာ ကိုယ့်ကိုအထင်တကြီးရှိလာအောင် ပေါင်းသင်းတဲ့အခါမှာ ပထမတော့ လိုက်ပေါင်းတတ်ပါတယ်။ ပညာတတ်ကြီး ရက်ရောသူကြီးလို့ အထင်ကြီးပြီး ကိုးကွယ်ဆည်းကပ်အောင် ဟန်ဆောင်တာပါပဲ။ တကယ်တမ်းခင်မင်သွားကြတဲ့အခါ ပေါင်းသင်းမိတဲ့သူလည်း ဒုက္ခရောက်ကြရပါ

တယ်။ သူကရော ကောင်းစားပါသလား။ မကောင်းစားပါဘူး။ ပါးစပ်ကလေးနဲ့ လိမ်လည်လှည့်ဖြားပြီး စားတာဆိုတော့ ကြာရှည်ရပ်တည်နိုင်လောက်အောင် အင်အားမရှိနိုင်ပါဘူး။

ထကြွလုံ့လဝီရိယ မရှိသူများအနေနဲ့ ကျရာနေရာမှာ ဖင်ပျွတ်တက်အောင်ထိုင်ကာ စကားတွေပြောနေတာဟာ ပျက်စီးခြင်းအပေါင်းကို သယ်ဆောင်လာစေတဲ့ ကိစ္စတစ်ရပ်ဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။ တစ်နေရာရာမှာ စုဝေးပြီး ပြောဆိုတယ်လို့ဆိုတဲ့အခါ အလုပ်ကိုရိုသေလေးစားစွာ လုပ်ချင်တဲ့ အလုပ်နဲ့ဘဝကိုတည်ဆောက်လိုတဲ့သူများကတော့ မှန်မှန်လာဖြစ်မှာ မဟုတ်ပါဘူး။ မှန်မှန်လာပြီး ကြုံရာကျပန်းစကားများကို ပြောနေတယ်ဆိုကတည်းက ပထမဆုံးရှုံးမှုက အချိန်ဖြစ်ပါတယ်။

အဲဒီလို အချိန်ကို အနှမြောမရှိ ဖြုန်းနေတတ်တဲ့သူဟာ ဥစ္စာပညာ ကုသိုလ်ဆိုတဲ့ ယူသင့်ရသင့်တဲ့အရာများကို ယူနိုင်ရနိုင်ခွင့် လွန်စွာနည်းပါးသွားပြီဖြစ်ပါတယ်။ တချို့ကတော့ မိုက်လက်စမသိမ်းနိုင်သေးဘဲ ပညာယူလို့ရပ၊ ရလိုက်သမှ အများကြီးပါပဲလို့ ပြောနိုင်ကြပါသေးတယ်။ ငွေကြေးဥစ္စာကိုလည်း ရအောင်တိုင်ပင်နေကြတာပဲလို့ ပြောပါလိမ့်မယ်။ တကယ်တော့ သူတို့ပြောတဲ့ ပညာဆိုတာက 'ပညာအရောင်ထွန်းလင်းပြောင်' ဆိုတဲ့ အထူးပြုချက်နဲ့ ကိုက်ညီတဲ့ပညာမျိုး မဟုတ်ပါဘူး။ ဘယ်သူ့ကို ဘယ်လိုလိမ်လည် လှည့်ပတ်ရမယ်ဆိုတဲ့ နည်းနာများကိုသိနားလည်တဲ့ အောက်လမ်းအသိပဲ ဖြစ်ပါတယ်။ အဲဒီလိုအောက်လမ်းက ဉာဏ်နီဉာဏ်နက်များကိုသုံးပြီး ဘယ်သူ့ကို ဘယ်လိုလိမ်လည်ရမယ်၊ ဘယ်လိုလှည့်ဖြားရမယ်ဆိုတာမျိုးကို တိုင်ပင်ကြ နှီးနှောကြမယ်ဆိုရင် စကတည်းက ရာဇဝတ်နဲ့မကင်းတဲ့ အကုသိုလ်အလုပ် ဖြစ်နေပါပြီ။ တကယ်လို့ အဲဒီအလုပ် အောင်မြင်သွားရင် မြက်မြက်ကလေး စားနိုင်ကြပါလိမ့်မယ်။ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကို မထိန်းတတ်တဲ့သူတွေက



ငါလိုလူ ရှားတယ်၊ ရှားဆိုရင်ရှိတောင်မှ မရှိဘူးဆိုတာမျိုး ဖြစ်ကုန်ပါတယ်။ တစ်ချိန်လုံး ကူညီခဲ့တဲ့ ကျေးဇူးပြုခဲ့တဲ့သူများကိုလည်း မလေးမစား လုပ်တတ်ပါတယ်။ အဲဒီလို အကြောင်းအပေါင်းသင့်တယ်ဆိုတာက အကြိမ်နည်းပါတယ်။ နောက်ဆုံးတော့ မကောင်းတဲ့ အစုအဝေးကိုအခြေခံပြီးရလာတဲ့ ပစ္စည်းများဟာ မမြဲတတ်ကြပါဘူး။

စကားပြောတဲ့အလုပ်မှာ မွေ့လျော်တဲ့သူများဟာ လူပြောမသန်လူသန်မပြောဆိုသလို ဖြစ်တတ်ပါတယ်။ သူဟာ ပြောရုံသာ စွမ်းတဲ့သူဖြစ်ပါတယ်။ အခုနလို စကားစပ်မိစပ်ရာပြောရင်း မကောင်းမှုလုပ်မိလို့ကြီးပွားသွားတယ်လို့ဆိုရင်လည်း အဲဒီလို လူအချင်းချင်းဟာ စိတ်ချရတာမဟုတ်ပါဘူး။ အဲဒါကြောင့် ရာဇဝတ်မှုကျူးလွန်တဲ့လူတွေကို ဖော်ထုတ်ဖို့ လေ့လာစုံစမ်းတဲ့အခါ လူအများစုဝေးပြီး ထွေထွေရာရာ ရောက်တတ်ရာရာ ပြောဆိုနေတတ်တဲ့နေရာတွေမှာ သွားရောက်ပြီး စုံစမ်းတတ်ကြပါတယ်။ များသောအားဖြင့်လည်း ပေါ်တာပါပဲ။ ဘာကြောင့် အဲသည်လိုဖြစ်ရတာလဲဆိုတော့ စကားပြောသန်ပြီး ကိုယ့်ကိုယ်ကို ကြွားတတ်တဲ့သူများဟာ မဟုတ်တဲ့ကိစ္စမှာပဲဖြစ်ဖြစ် အချင်းချင်း ပြိုင်ကြဆိုင်ကြနဲ့ နောက်ဆုံးမှာတော့ သူတို့ အတူတကွကျူးလွန်ထားတဲ့ ပြစ်မှုများကိုတောင်မှ အပြိုင်အဆိုင် ဖော်ထုတ်တတ်ကြပါတယ်။

တကယ်တော့ 'စကားစကား ပြောပါများ စကားထဲကဇာတိပြ' ဆိုတဲ့စကားပုံဟာ မှန်ပါတယ်။ စကားပြောရင်း မဖုံးနိုင်ဘဲ ဇာတိတွေပေါ်ကုန်တတ်ကြလို့ လူတွေက ရှောင်သွားတာကိုခံရတဲ့သူ အလုပ်ပေးမယ့်သူက ကိုယ့်ဇာတိရုပ်ကို မြင်သွားလို့ အလုပ်မပေးဘဲ ရှောင်သွားတာခံရသူများလည်း မနည်းလှပါဘူး။

စာရေးသူမှာ စာရေးဆရာမိတ်ဆွေမိသားစု တစ်စုရှိပါတယ်။ သူတို့မိသားစုဟာ တကယ့်ကို လူပြောမသန်တဲ့သူများ ဖြစ်ကြပါတယ်။ အနေအစား ကြွားဝါပါတယ်။ အလုပ်လုပ်မယ်ဆိုရင် ဗာရာဏသီရဲ့

တယ်ဆိုတဲ့စကားကို ကြားဖူးကြတယ် မဟုတ်လား။ တောရမ်းမယ်ဘွဲ့ အကျယ်ချဲ့ပြီး ပြောဆိုတတ်ပါတယ်။ တကယ့်တကယ်လုပ်တော့ အလုပ်ဖြစ်တာ နည်းပါတယ်။ သူက ဘဝကိုလည်း ခဏခဏမေ့တတ်လေတော့ ကောင်းစားလိုက် စကားအပြောအဆိုရော အနေအထိုင်ရော လွတ်လိုက် နောက်တော့ ဒုက္ခရောက်လိုက် စိတ်ကျသွားလိုက်နဲ့။ အခုအချိန်မှာ အိမ်ခြေရာခြေ မတည်နိုင်အောင် ဖြစ်နေကြရပါတယ်။

စာရေးသူတင်ပြခဲ့တဲ့ အကြောင်းအရာများကို စုစုစည်းစည်းဖြစ်အောင် ပြန်လည်နိဂုံးချုပ်လိုပါတယ်။ ထကြွလုံ့လမရှိတဲ့သူ၊ စကားပြောဆိုခြင်းမှာ ထုံမွေ့တတ်သူတို့ဟာ အလုပ်ကို ဖြစ်မြောက်အောင် မလုပ်နိုင်ကြပါဘူး။ အဲဒါကြောင့် ပျက်စီးတတ်ပါတယ်။ အဲဒီအချက်ကို တွဲလျက်သား တွေ့တတ်ပါတယ်။

အလုပ်ကို တကယ်ဖြစ်အောင် ကြိုးစားတတ်တဲ့သူများအနေနဲ့ အလုပ်မအောင်မြင်သေးတဲ့အချိန်မှာလည်း အောင်မြင်အောင် ကြိုးစားနေရတာကြောင့် စကားအပိုအမိုများကို ပြောလေ့မရှိပါဘူး။ နောက်ပိုင်းအောင်မြင်လာတဲ့အချိန်မှာလည်း မိမိရဲ့အလုပ်ကို တည်တံ့အောင် တိုးတက်အောင် ထိန်းနိုင်ဖို့ ကြိုးစားနေရတာကြောင့် အပေါင်းအဖော်တစ်သိုက်နဲ့ ဟေးလားဝါးလားလုပ်ဖို့ အချိန်မရပါဘူး။ နောက်ပြီးတော့ သတိထားစရာရှိတဲ့အချက်က သူဟာ သူ့ဘဝမှာ အလုပ်ကြောင့် နေရာတစ်နေရာမက ထိုက်ထိုက်တန်တန် ရထားပြီးပြီဖြစ်တဲ့အတွက် စိတ်လုံခြုံမှု ရှိနေပြီဖြစ်ပါတယ်။ အပိုစကားများကို ဗရုပွ ပြောနေစရာမလိုတော့ပါဘူး။

မိမိကိုယ်နဲ့စိတ်ကို ကောင်းစွာစောင့်ရှောက်ထိန်းသိမ်းခြင်း မရှိတဲ့သူများအနေနဲ့ကတော့ နေရာကောင်းရရှိအောင် သူများအထင်ကြီးအောင် စကားများများ ဝေဝေဆာဆာ ပြောတတ်ပါတယ်။ မမှန်တဲ့စကားကိုလည်း ရှောင်ရကောင်းမှန်း အသိမရှိ။ ကိုယ်ကျိုးစီးပွားအတွက် သူတစ်



ပါးနစ်နာအောင် ကုန်းတိုက်ချောပစ်ဖို့လည်း ဝန်မလေး။ စကားပြောရင်းယုတ်ညံ့တဲ့စကားများကိုလည်း စိတ်လိုက်မာန်ပါပြောမိ။ စကားအပြောများတဲ့အခါမှာ စိစစ်နိုင်စွမ်းနည်းတာနဲ့အမျှ အကျိုးမဲ့ အနှစ်မဲ့တာတွေကလည်း ပါလေတော့ ကိုယ့်ဘဝကို ဘယ်သူလာပြီးတော့မှ မဖျက်။ ကိုယ့်ပါးစပ်နဲ့ကိုယ်ဖျက်သလို ဖြစ်တတ်ပါတယ်။ မြတ်စွာဘုရားဟောကြားတဲ့တရားများကို သေသေချာချာလိုက်နာခဲ့ရင် အခုလုပ်ရင် အခုဆိုသလို အကျိုးပေးကောင်းလာနိုင်ပါတယ်။ မြတ်စွာဘုရားအစရှိတဲ့သူတော်ကောင်းများ နှစ်ခြိုက်သဘောကျတဲ့ စကားပြောနည်းလည်းရှိပါတယ်။ ဦးတည်ချက် ရည်ရွယ်ချက်မရှိဘဲ စကားကိုပြောနေတာများလာရင် အထက်မှာဖော်ပြခဲ့တဲ့ ဝစီကံအကုသိုလ်များကို ကျူးလွန်မိမှာအသေအချာဖြစ်ပါတယ်။

မြတ်စွာဘုရားက တရားအားထုတ်နေတဲ့ ရဟန်းတော်များကို ဝစီပိတ်နေရမယ်လို့ မညွှန်ကြားပါဘူး။ တစ်ပါးနဲ့တစ်ပါး တရားမေးမြန်းဆွေးနွေးကြဖို့ တိုက်တွန်းတော်မူပါတယ်။ အဲသည်လိုဆိုတာနဲ့ စကားတဖျစ်ဖျစ်ပြောနေရမယ်လို့ မကောက်ယူမိကြစေလိုပါဘူး။ လိုအပ်တဲ့အချိန်ကာလမှာ လိုအပ်သလောက်ပြောကြဖို့ အတိုင်းအဆကိုသိရန်အရေးကြီးပါတယ်။ အေးဆေးစွာ နေတတ်ဖို့ကိုလည်း အားပေးတော်မူပါတယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့အတိုင်း အတိုင်းအဆနဲ့ စကားပြောတဲ့အကျင့်ကို လိုက်နာမယ်ဆိုရင် အတိုင်းအဆမဲ့ စကားပြောခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ပျက်စီးခြင်းကို ရှောင်နိုင်မယ် ဖြစ်ပါတယ်။ အတိုင်းအဆကို သိတဲ့သူဟာ ဆိတ်ဆိတ်နေသင့်တဲ့နေရာမှာ ဆိတ်ဆိတ်နေတာကြောင့် ဘေးရန်အန္တရာယ် အတားအဆီးများက လွတ်မြောက်နိုင်ပါတယ်။ နှုတ်ကိုစောင့်စည်းတဲ့သူဟာ တည်ကြည်လေးနက်တဲ့ စိတ်နေသဘာဝကို မွေးမြူနိုင်တာကြောင့် အလုပ်လုပ်တဲ့နေရာမှာ အောင်မြင်နိုင်

ပါတယ်။ အလုပ်ပြီးစီးနိုင်ပါတယ်။ အဲသည်လို လောကီရေးများမှာ ဖင့်နွှေးခြင်းမရှိသလို အကုသိုလ်လည်း ကင်းစင်တဲ့အတွက် လုပ်သမျှကိစ္စများမှာ ချောမောစွာ ပြီးမြောက်အောင်မြင်နိုင်ပါတယ်။ မိမိရဲ့ကိုယ်နှုတ် စိတ်များကို ကောင်းစွာဆောက်တည်နိုင်တဲ့သူဟာ အလွန်ကြည်လင်တဲ့စိတ်လည်း ရှိပါတယ်။ အပိုကိစ္စလည်း နည်းပါးပြီး အကျိုးရှိတဲ့အလုပ်များကို ပိုမိုလုပ်နိုင်စွမ်း ရှိလာနိုင်ပါတယ်။

တကယ်လို့ စကားတွေသာပြောပြီး အလုပ်ကတော့ မယ်မယ်ရရ ဘာမျှမလုပ်ဘူးလို့ဆိုရင်တော့ ဘယ်လိုမျှ ကြီးပွားတိုးတက်နိုင်မယ် မဟုတ်ပါ။ သာဓကများစွာရှိသော တရားဖြစ်ပါတယ်။

## ပရာဘဝသုတ် တတိယမေးခွန်း၏ အဖြေ (၄)

ပရာဘဝသုတ်တွင် နတ်သားမေးသော တတိယမေးခွန်းကို မြတ်စွာဘုရား ဖြေဆိုတော်မူသော အဖြေငါးခုအနက် သုံးခုကို ဆွေးနွေးပြီးပြီ ဖြစ်ပါသည်။ ယခုအပတ်တွင် စတုတ္ထအဖြေကို တင်ပြဆွေးနွေးလိုပါသည်။

စတုတ္ထအဖြေမှာ အလပ်သော ပျင်းရိသောသူသည် ပျက်စီးတတ်၏ဟူသော အဖြေဖြစ်ပါသည်။

## ဆွေးနွေးချက်များ

တတိယ မေးခွန်းကို ဖြေဆိုတဲ့အခါမှာ အဖြေငါးချက်ရှိတဲ့အနက် လေးချက်မြောက်ကို ထကြွလုံ့လမရှိသောသူသည် ပျက်စီး၏လို့ ဖွင့်ဆိုသလို ပျင်းရိသောသူသည် ဆုတ်ယုတ်ပျက်စီးတတ်၏လို့လည်း ပြန်ဆိုတတ်ကြပါတယ်။ ပျင်းရိတာနဲ့ ထကြွလုံ့လမရှိတာ အတူတူလို့ဆိုနိုင်ပါတယ်။ လူတချို့ဟာ ဘယ်တော့မျှလည်း အားတယ်မရှိပါဘူး။ ဒါပေမဲ့ စားဝတ်နေရေး ဖူလုံအောင် ဝီရိယအား လုံ့လအားထုတ်ပြီး အလုပ်လုပ်ရမယ့်အစား အပျော်အပါးကိစ္စများပကာသနကိစ္စများနဲ့ အချိန်ကုန်အောင်



ပေါ့ပေါ့တန်တန် နေတတ်ကြပါတယ်။ တချို့ကတော့ ပျင်းလိုက်တာ အပျင်းပြိုင်ရမှာတောင် ပျင်းလှသေးလို့ ပြောရမတတ် ပျင်းတတ်ကြပါတယ်။ အအိပ်အစားကလွှဲလို့ ဘာဆိုဘာမျှ ဝါသနာမပါတတ်ပါဘူး။

ပျင်းရိတာနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားက အကျိုးစီးပွားတို့ ယိုဖိတ်ထွက်ကျရာ အပေါက်ကြီးလို့ မိန့်တော်မူခဲ့ပါတယ်။ အမှန်ပြောရရင် လူ့ဘဝကို ရလာတဲ့သူများဟာ အင်မတန်ဆင်းရဲမွဲတေကြပါတယ်လို့ဆိုရင်တောင်မှ ကံကောင်းထောက်မလို့ ရောက်လာကြတာဖြစ်ပါတယ်။ ဆင်းရဲမွဲတေခြင်းက လွတ်မြောက်အောင် ကြိုးစားနိုင်ခွင့် ရှိပါတယ်။ အသိဉာဏ်နုံနဲ့ပါတယ်လို့ ဆိုတဲ့သူများတောင်မှ ဝီရိယထားပြီး ကြိုးစားနိုင်ရင် ကြိုးစားနိုင်သလောက် တက်လာတတ်ကြပါတယ်။ ထက်မြက်လာတတ်ပါတယ်။ ဘာနဲ့တူပါသလဲလို့ဆိုရင် များစွာမသန်စွမ်းတဲ့မျိုးစေ့ကို သူ့အချိန်နဲ့သူ မြေကောင်းကောင်းမှာ စိုက်ပျိုးပြီး ရေမှန်မှန်ပေးမယ်ဆိုရင် အလင်းရောင်ကိုလည်း အချိန်အဆမှန်စွာ ပေးမယ်ဆိုရင် အပင်အဖြစ်ကိုရောက်လာတဲ့အခါမှာ အတော်အတန် သန်စွမ်းနိုင်လေ့ရှိသလိုမျိုးနဲ့ တူပါတယ်။

ထိုသဘောနဲ့ ဆန့်ကျင်ဘက်ကိုလည်း တွေးဆနိုင်ပါတယ်။ မျိုးစေ့သန်စွမ်းပေမယ့် ရေကောင်းကောင်းမရတဲ့ ကျပ်တီးကုန်းမြေမှာ စိုက်ပျိုးလို့ရှိရင် အပင်ပေါက်ချင်မှ ပေါက်မယ်ဖြစ်ပါတယ်။ ပေါက်သည့်တိုင် ရင်ဆိုင်ရမယ့် ရာသီဥတုအခြေအနေများကို အံတုပြီး ရှင်သန်လာဖို့ ခဲယဉ်းပါတယ်။

ပထမ ဉပမာကတော့ ဝီရိယအကျိုး ကံရဲ့ထက်ဝက်လိုက်တယ်လို့ ဆိုတဲ့သဘောကို ဖော်ပြတာပါပဲ။ ဘယ်လောက်ဆင်းရဲ ကျပ်တည်းသည်ဖြစ်စေ မပျင်းမရိ ကြိုးစားတယ်ဆိုရင် ထွက်ပေါက်ရှိပါတယ်။ ဒုတိယ ဉပမာကတော့ လူ့ဘဝမှာ ကံအကျိုးပေးကောင်းလို့ ချမ်းသာတဲ့ ကြွယ်ဝတဲ့ ဉာဏ်ကောင်းတဲ့ လူဖြစ်လာတဲ့တိုင်အောင် ပျင်းရိခဲ့ရင် အကျိုးစီးပွားမဲ့ ဖြစ်တတ်တယ်ဆိုတဲ့ အကြောင်းများကို တင်စားနိုင်ပါတယ်။

မြတ်စွာဘုရားဟောကြားတော်မူတဲ့ အကျိုးစီးပွားများကို ယိုဖိတ်သွားစေမယ့် ယိုပေါက်များရဲ့အကြောင်းကိုလည်း သိထားသင့်ပါတယ်။ အဲဒီလိုယိုပေါက်များဟာ ခြောက်မျိုးတောင်မှ ရှိပါတယ်။ အဲဒီခြောက်မျိုးသော ယိုပေါက်များကတော့–

က။ ထကြွထက်သန်မှုမရှိ ပျင်းရိထိုင်းမှိုင်းခြင်း၊
ခ။ သတိပေါ့စား မေ့လျော့များခြင်း၊
ဂ။ ပြုဖွယ်ကိစ္စ ဟူသမျှ၌ ထကြွလုံ့လ ဝီရိယမရှိခြင်း၊
ဃ။ ကိုယ်နှုတ်အလုံးကို ဆုံးမသိပ်သည်း စောင့်စည်းမှု မရှိခြင်း၊
င။ ငိုက်မျဉ်းခြင်း၊
စ။ ချမ်းသည် ပူသည် စသည်များစွာ အကြောင်းရှာ၍ ကောင်းစွာ မဝံ့ အလုပ်ကိစ္စ၌ ရှုံ့ခြင်း တွန့်ခြင်းတို့ ဖြစ်ကြပါတယ်။

အဲဒီယိုပေါက်များ အားလုံးဟာ ပျင်းရိခြင်းနဲ့ ဆက်စပ်နေပြီး ဝီရိယနဲ့ ဖီလာဖြစ်နေတာကို သိရပါလိမ့်မယ်။ ထကြွထက်သန်မှုမရှိ ပျင်းရိတယ်ဆိုတဲ့ အလေ့ဟာ မွေးရာပါဗီဇကြောင့်လည်း ဖြစ်တတ်ပါတယ်။ ဘိန်း ဆေးခြောက်စတဲ့ မူးယစ်ဆေးဝါးများ စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများစသည်တို့ကြောင့်လည်း ပျင်းတတ်ပါတယ်။ လူပျင်းများနဲ့ပေါင်းသင်းမိလို့လည်း ပျင်းရိသွားတတ်ပါတယ်။

မွေးရာပါဗီဇကြောင့် ပျင်းရိတယ်ဆိုတာကတော့ အမိအဘ တစ်ဖက်ဘက်ကဖြစ်စေ နှစ်ဖက်စလုံးကဖြစ်စေ ပျင်းရိတတ်ရင် ကလေးဟာ ဗီဇသတ္တိအရ ပျင်းရိလာတတ်ပါတယ်။ စာရေးသူမှာ ကြီးပွားမလိုလိုနဲ့ ကြီးပွားရေးလမ်းစပေါ်က ချော်ချော်ကျနေတဲ့ အသိတစ်ယောက်ရှိပါတယ်။သူ့အမည်ကိုပြောရင် စာဖတ်သူသိမှာပါပဲ။ သူတစ်ပါးကို ထိခိုက်စေချင်တဲ့သဘောမရှိလို့ အမည်ကိုတော့ လာပြီးမေးကြရင်လည်း မပြောပါဘူး။ အဲဒီလူဟာ သူ့အမေနဲ့ ငယ်ငယ်ကလေးကတည်းက အအိပ်ကြီးခဲ့ကြတဲ့အကြောင်းကို ပြောပါတယ်။ သူကလည်းအိပ် အမေက



လည်းအိပ်နဲ့ သားအမိ အိပ်လိုက်ကြတာ နိုးတဲ့အခါ အမေက ခြေရင်းကိုခေါင်းပြုပြီး အိပ်နေတာကို တွေ့လိုတွေ့ရနဲ့လို့ ပြောပြပါတယ်။ အလွန်နေမြင့်မှ အိပ်ရာက ထတတ်ကြပါသတဲ့။

အဲဒီလူ အိမ်ထောင်ကျလာတဲ့အခါ အလုပ်အကိုင်က ရတ်တရက် အဆင်မပြေပါဘူး။ သူ့မိန်းမက အစိုးရအလုပ်ရလို့ အတော်အတန် နေရစားရပါတယ်။ အဲဒီတော့ မနက်စောစော မိန်းမအလုပ်သွားတဲ့အခါ သူကထရပါတယ်။ သားဦးကလေးကိုချီပြီး မိန်းမကို ကားဂိတ်လိုက်ပို့ပါသတဲ့။ သူဟာ အိမ်ကိုပြန်ရောက်တာနဲ့ သား လာ လာ ပြန်အိပ်လိုက်ပါဦးလို့ဆိုပြီး ကလေးကို ပြန်ပြီးအအိပ်ခိုင်းပါသတဲ့။ ကလေးက ထချင်နေတာတောင်မှ ချော့မော့ပြီး အအိပ်ခိုင်းတာကြောင့် နောက်တော့ ကလေးပါ အအိပ်မက်သွားပါတော့တယ်လို့ ကိုယ်တိုင်ကိုယ်ကျ ပြောပြတာကို သတိထားလိုက်မိပါတယ်။

အဲသည်လို ဗီဇကကို ပျင်းနေလေတော့ စောစောအိပ်ရ စောစောထရတဲ့အကျင့် ကိုယ့်ဘာသာကိုယ် လုံ့လရှိအောင် နှိုးပေးနိုင်ရမယ်ဆိုတဲ့ အတွေး မပေါ်တော့ပါဘူး။ တစ်အိမ်လုံး အအိပ်မက်သွားတတ်ပါတယ်။ တကယ်လို့သာ အဲဒီကလေးအနေနဲ့ သူတို့အိမ်သားများလိုပဲ ပျင်းရိတတ်တဲ့ သူငယ်ချင်းမျိုးနဲ့ ပေါင်းသင်းမိတယ်ဆိုရင်တော့ လူ့ဘဝဆိုတာ အိပ်ဖို့ရောက်လာလေသလားလို့ ထင်မှတ်မှားစရာ ဖြစ်သွားပါလိမ့်မယ်။ စာရေးသူဟာ အလွန်ပျင်းတဲ့ မိသားစုတစ်စုနဲ့ ခင်မင်ဖူးပါတယ်။ ဒါပေမဲ့ ကလေးများဟာ ထက်မြက်တဲ့သူတွေနဲ့ ပေါင်းသင်းခွင့်ရသွားပြီး တိုးတက်ပြောင်းလဲသွားတာကို တွေ့ရဖူးပါတယ်။

ကလေးများရဲ့သဘာဝကတော့ ပျင်းတတ်ပါတယ်။ ဒါပေမဲ့ မိဘများ အုပ်ထိန်းသူများက ထကြွလုံ့လရှိအောင် လေ့ကျင့်ပေးတတ်ရပါတယ်။ စာရေးသူတို့လည်း အတော်ငယ်ငယ်တုန်းက အိပ်ရေးကြီးတာပါပဲ။ ပျင်းတယ်လို့ အဆူခံရတတ်တာပါပဲ။ အမေက ငယ်သေးတော့

ပုံပြင်ပြောပြီး စောစောထစေပါတယ်။ သမီးရဲ့ကိုယ်စောင့်နတ်က သမီးအိပ်ရာက မထမချင်း မျက်နှာမသစ်မချင်း နတ်သဘင်အစည်းအဝေးကို မတက်ဘဲစောင့်နေရတယ်။ သမီးက နောက်ကျမှ အိပ်ရာထပြီး မျက်နှာသစ်တာနောက်ကျနေရင် ကိုယ်စောင့်နတ်ဟာ နတ်သဘင်အစည်းအဝေးစပြီးမှ ရောက်သွားတတ်တယ်။ အဲဒီတော့ သိကြားမင်းကဆူတာ အပြစ်တင်တာကို ခံရတတ်တယ်။ သူဟာ သမီး အိပ်ပုပ်ကြီးလို့ နေ့စဉ်အဆူခံရပြီဆိုရင် သမီးကို မချစ်တော့ဘူးပေါ့။ သမီးကို သူကောင်းကောင်းမစောင့်ရှောက်တော့ဘူးပေါ့။ အဲသည်လိုဆိုရင် သမီးဟာ အမှားအယွင်းတွေကို လုပ်မိတတ်တယ်။ ခရီးသွားရင်လည်း ဘေးဒုက္ခတွေ့ရတတ်တယ်။ ဉာဏ်လည်း ထိုင်းသွားတတ်တယ်။ အဲဒါကြောင့် အိပ်ရာက စောစောထရမယ်။ မနက်စောစောထနိုင်အောင် စောစောအိပ်ပေါ့လို့ အမေက ပုံကလေးတစ်ပုံကို အသုံးပြုပြီး အိပ်ရာက စောစောထစေပါတယ်။

စာရေးသူကငယ်ငယ်က ပျင်းတတ်ပါတယ်။ အမေတို့အဖေတို့က သိပ်ဝီရိယရှိပါတယ်။ အဲဒီလိုပတ်ဝန်းကျင်မှာ ကြီးလာရတဲ့သူဟာ ကြာရှည်အအိပ်မကြီးနိုင်ပါ။ ကြာရှည် ပျင်းကြောမတင်းနိုင်ပါ။ မိသားစုတစ်ခုလုံးရဲ့ ကြိုးစားအားထုတ်မှုက ရောင်ပြန်လာဟပ်တာကြောင့် ကိုယ်တိုင် ဘယ်လိုပြောင်းလဲမှန်းမသိလိုက်ဘဲ ပြောင်းလဲလာတာကို တွေ့ရပါတယ်။

မိဘများအနေနဲ့က ကိုယ်တိုင်ကိုယ်ကျ စံပြအဖြစ် ထကြွလုံ့လဝီရိယရှိပြီးမိသားစုတစ်စုလုံးကို အပျင်းကျင့်မစွဲအောင် ကာကွယ်ပေးနိုင်ရပါမယ်။ ကိုယ်တိုင်က အအိပ်ကြီးပြီး ကလေးများကို ဟဲ့ မပျင်းကြနဲ့လို့ပြောနေရင်တော့ အောင်မြင်မယ်မဟုတ်ပါဘူး။

ထို့အတူ ယိုပေါက်နောက်တစ်ခုဖြစ်တဲ့ သတိပေါ့စား မေ့လျော့သွားခြင်းဆိုတဲ့ ယိုပေါက်တစ်မျိုးကိုလည်း ပိတ်နိုင်ဖို့ လိုအပ်ပါတယ်။



အဲဒီလို မေ့လျော့ပေါ့တန်စွာ နေတတ်တာကလည်း အကျင့်တစ်မျိုးဖြစ်ပါတယ်။ မိမိရဲ့သားသမီးများ တပည့်တပန်းများကို မေ့လျော့ပေါ့တန်စွာ မနေအောင် နေကျင့်မရှိအောင် သွန်သင်လေ့ကျင့်ပေးရမှာကတော့ လူကြီးများရဲ့တာဝန် ဖြစ်ပါတယ်။ ကလေးများ လူငယ်လူရွယ်များဟာ ထက်မြက်တက်ကြွစွာ အလုပ်လုပ်ကျင့်ရှိတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းရရင် အတုမြင် အတတ်သင်ပြီး သူတို့ကိုယ်တိုင် ထက်မြက်တက်ကြွတဲ့သူများ ဖြစ်လာကြပါလိမ့်မယ်။ ထို့အတူပါပဲ၊ ဘာပဲလုပ်လုပ် သတိဝီရိယနဲ့လုပ်ဖို့ အလေ့အကျင့်ရှိအောင် သင်ကြားပေးတဲ့ ပတ်ဝန်းကျင်မှာ ကြီးပြင်းရမယ်ဆိုရင် သတိမရှိဘဲ မေ့လျော့ပေါ့တန်စွာ မနေတတ် မလုပ်တတ်ဘဲ သတိကြီးစွာထားတတ်တဲ့သူများ ဖြစ်လာကြပါလိမ့်မယ်။

စာရေးသူ တောက်လျှောက်ဆွေးနွေးတင်ပြနေတာတွေဟာ ကာဒယကံရှင်ဖြစ်တဲ့ ကလေးများ လူငယ်များနဲ့မဆိုင်ဘဲ သွန်သင်ဆုံးမရမယ့် လူကြီးများနဲ့သာဆိုင်တယ်လို့ အယူအဆ မမှားကြစေလိုပါဘူး။ ကာယကံရှင် ကြီးပွားတိုးတက်ချင်တဲ့ လူငယ်များအနေနဲ့ သတိထားရမှာက မသိနားမလည်သေးတဲ့သူများအတွက် လူကြီးများရဲ့ အလေ့အကျင့်ကို ကောင်းသည်ဆိုးသည် ဝေဖန်သုံးသပ်ခြင်းမပြုတတ်ဘဲ လက်ခံရတတ်ပေမယ့် ကြီးပြင်းလာတဲ့အခါ တကယ်ကြီးပွားချင်ရင် ကြီးပွားတဲ့အမှုဟာ ဘယ်လိုအမှုမျိုးဖြစ်တယ်ဆိုတာ ကိုယ့်ဘာသာကိုယ် စဉ်းစားဆုံးဖြတ်နိုင်ရမယ်ဆိုတာကို သိနားလည်ထားရပါမယ်။ တချို့သောသူများဟာ အသိအမြင် လုံးဝဖွံ့ဖြိုးခြင်းမရှိတဲ့ ပတ်ဝန်းကျင်မှာ မွေးလာရပေမယ့် သူမြင်တာကြားတာကို ဝေဖန်သုံးသပ်ပြီး အကောင်းနဲ့ အဆိုးကို ခွဲခြားဝေဖန်တတ်ကြပါတယ်။ ကောင်းတာကို ရွေးတတ်ကြပါတယ်။

သာဓကတစ်ခုဆောင်လိုပါတယ်။ တစ်နေရာမှာတော့ ဒီသာဓက

ကိုတင်ပြဖူးပါတယ်။ စာရေးသူရဲ့ ဖခင်ကြီးဟာ ရေနံတွင်းပိုင်များကိုယ်တိုင် ရေနံချက်ကြတဲ့အချိန်တုန်းက သံဂဟောဆော်တဲ့စက်တစ်လုံးထောင်ထားခဲ့ပါတယ်။ အဲဒီစက်ကို ကိုင်တွယ်ပြီး ဂဟောဆော်ရတဲ့သူက သူ့အလုပ်ကို သူအလွန်ကျွမ်းကျင်ပါတယ်။ အဖေ့စက်ကောင်းရုံတင်မကဘဲ အဲဒီစက်ဆရာရဲ့ လက်ရာကောင်းတာကြောင့်လည်း အလုပ်က အလွန်တွင်ကျယ်ပါတယ်။

အဲဒီစက်ဆရာကို ရာခိုင်နှုန်းနဲ့ပေးရတဲ့အပြင် ကလေးတစ်ယောက်ကိုလည်း သူ့အတွက် ငှားထားပေးရပါသေးတယ်။ စက်ဆရာရဲ့ရာနှုန်းထဲက ကလေးကိုပေးရတာမဟုတ်ပါဘူး။ အဖေက ကလေးကို နေ့စားပေးပြီး ခေါ်ရတာဖြစ်ပါတယ်။ အဲဒီစက်ဆရာဟာ ဝင်ငွေကောင်းလာတဲ့အခါ အောက်ခြေလွတ်လာပါတယ်။ ဒီလောက်ဝင်ငွေကောင်းအောင်လုပ်ပေးတဲ့စက်မျိုးကို ငါကိုယ်တိုင် ပိုင်အောင်ကြိုးစားရမယ်ဆိုတဲ့စိတ်မျိုးမပေါ်ဘဲ ရေနံမြေမှာ အလုပ်သွားလုပ်နေရင်း ပျော်ပျော်ပါးပါးနေပါတယ်။ ရေနံမြေဆိုတာ မြို့ပြင်ဘက်မှာရှိတာကိုး။ အဲဒီမှာ သူဟာ အလုပ်ချိန်မှာတောင် မရှောင်တော့ဘဲ သောက်စားမူးယစ်နေတယ်လို့ အဖေက သတင်းပြန်ကြားတာကြောင့် သတိပေးပါသေးတယ်။

တစ်နေ့ကျရင် ခင်ဗျားကိုယ်တိုင် စက်ပိုင်ဖြစ်လာနိုင်ပါတယ်။ ငွေတွေကို မဖြုန်းပါနဲ့။ စုစုဆောင်းဆောင်းလုပ်ပါ။ အလုပ်ခွင်မှာ အမှားအယွင်း မရှိပါစေနဲ့။ ခင်ဗျားအန္တရာယ်ရှိမှာစိုးလို့ ပြောရတာပါလို့ သတိပေးတော့လည်း ဘာမျှပြန်မပြောပါဘူးတဲ့။ ဒါပေမဲ့ သူဟာ မူးမြဲမူးနေရုံမက အရက်နဲ့မြည်းဖို့ ဆိတ်တစ်ကောင်တောင်မှ အပေါ်ခိုင်းပြီး ဆိုးချင်တိုင်းဆိုးနေပါသတဲ့။ လူပျိုပေါက်သာသာဖြစ်တဲ့ နေ့စားကလေးဟာ သူနဲ့စပြီးတွဲရတာဖြစ်ပါတယ်။ အဲဒီကလေးက သူ့အတုကို ယူချင်သပဆိုရင်လည်း ယူလို့လွယ်ပါတယ်။ အသောက်အစားသမားများဟာ သောက်ဖော်သောက်ဖက်မွေးချင်ရင် သူတို့က အကုန်အကျခံတတ်တာ



ပါပဲ။ ဒါပေမဲ့ အချိန်မကြာခင်မှာပဲ အဲဒီကလေးဟာ အဖေ့အလုပ်ရုံမှာ ပညာသင်ချင်ပါတယ်။ သင်ခွင့်ပေးပါလို့ သူ့ကိုယ်သူ အပ်တော့တာပါပဲ။

သူ့ကိုပေးထားတဲ့ နေ့စားခက မြို့ပြင်မှာ အလုပ်ကြမ်းလုပ်ရတယ်ဆိုပြီး များများစားစား ပေးထားတာဖြစ်ပါတယ်။ မြို့ထဲက အလုပ်ရုံမှာ ပညာသင်မယ်ဆိုရင် အဲဒီလောက် ပိုက်ဆံရမှာမဟုတ်ဘူး။ ပြီးတော့ မုန့်ဖိုးကနေပြီး လစာရဖို့ဆိုရင် ကြာလိမ့်မယ်စသည်ဖြင့် သေသေချာချာ ရှင်းပြတဲ့တိုင် ကျွန်တော် ပညာပဲလိုချင်ပါတယ်။ ပညာသင်ခွင့်ပေးပါလို့ တောင်းပန်တာကြောင့် သူ့ကို ပညာသင်တပည့်အဖြစ် အဖေက လက်ခံပါတယ်။ နောက် အလုပ်ကြမ်းသမားတစ်ယောက်ကို ငှားပြီးပေးလိုက်ရပါတယ်။

နောက်အလုပ်ကြမ်းသမားကတော့ သူ့ဆရာနဲ့ ပုလင်းတူဘူးဆို့ဖြစ်ပြီး အဖေက သူ့စက်ကိုပြန်သိမ်းရတဲ့အထိ ဖြစ်သွားပါတယ်။ မကြာခင်မှာပဲ အဲဒီစက်ဆရာဟာ သံကန်ကြီးတစ်ခုထဲဝင်ပြီး သံဂဟောဆော်ရင်း မီးလောင်သေဆုံးသွားပါတယ်။ သံကန်က သုံးလက်စအဟောင်းဖြစ်ပါတယ်။ တစ်နေရာမှာ ယိုပေါက်ရှိနေလို့ ပြန်ပြီးဂဟောဆော်ရတာပါပဲ။ ရေနံငွေ့မစင်သေးခင်မှာ သတိမေ့လျော့ပေါ့တန်စွာ ဝင်ရောက်ပြီး ဂဟောဆော်တော့ ပေါက်ကွဲပြီး မီးလောင်သွားတော့တာပေါ့။

အဖေဟာ အတော်စိတ်မကောင်းဖြစ်သွားပါတယ်။ သူကိုယ်တိုင်ကျန်ရစ်သူများကို ကူညီပါတယ်။ အဲဒီလူရဲ့အကူကောင်လေး ဖြစ်ခဲ့ဖူးတဲ့ အဖေ့တပည့်ကလည်း ကူညီပါတယ်။ နောက်ပိုင်းမှာ သံဂဟောဆော်တဲ့ လုပ်ငန်းကလည်း ကျသွားပါတယ်။ အဲဒါကြောင့် အဖေက စက်ကို ဖြုတ်ပစ်လိုက်ပါတယ်။

အဲဒီသာဓကကလေးကို ပြန်သတိရမိတိုင်း ပညာသာလျှင် တာရှည်သုံးလို့ ရတယ်ဆိုတဲ့ သတိတရားကိုထားနိုင်ခဲ့လို့ အကူကောင်

ကလေးဟာ အခုအချိန်မှာ အလုပ်ရုံပိုင်ရှင်တစ်ယောက် ဖြစ်နေတာပါကလား။ သတိထားတတ်တဲ့ အကျင့်ရှိသူဖြစ်လို့ သူဟာ ကောင်းစားနေတာပါကလားလို့ စာရေးသူ တွေးမိပါတယ်။ ငယ်ပင်ငယ်သော်လည်း ပေါ့ပေါ့တန်တန် မနေတတ်တာဟာ ရေရှည်မှာတော့ သုံးစားရတတ်ပါတယ်။ စာရေးသူက လူငယ်လူရွယ်များကို သတိပေးချင်တာကတော့ ပျင်းရိတတ်တဲ့ တွေဝေတတ်တဲ့ သောက်စားမူးယစ်ပြီး မေ့လျော့တတ်တဲ့ သူများ ဖြစ်စပြုနေပြီဆိုရင် ဒီလိုကြာကြာနေခဲ့ရင် ပျက်စီးတော့မှာပဲ ငါ့ကိုယ်ငါ ဆောက်တည်မှ တော်ပေမယ်ဆိုတဲ့အတွေးနဲ့ သတိကြပ်ကြပ်ထားပြီး ပြင်လိုက်ပါ။ အရေးကြီးတာကတော့ စိတ်ပါပဲ။ စိတ်ဟာ လောကကြီးကို ဖန်ဆင်းတယ်လို့ဆိုပါတယ်။ ကိုယ့်ဘဝရဲ့တိုးတက်ရာတိုးတက်ကြောင်းများကိုလည်း ကိုယ့်ဘာသာပဲ ကိုယ်ဖန်ဆင်းရမယ်ဖြစ်ပါတယ်။ တကယ်လို့ ကိုယ့်အနီးမှာ ကိုယ့်ထက်မကြီးတဲ့ သူတစ်ယောက် ဒါမှမဟုတ် သူတချို့ဟာ တစ်စုံတစ်ခုကို စိတ်ပါဝင်စားစွာကြိုးစားကြံစည်နေတာကိုတွေ့ရင် တပည့်ခံတန်ရင် ခံလိုက်ပါ။ တစ်ခုတော့ရှိပါတယ်။ သူတို့လုပ်နေတဲ့အလုပ်က ကောင်းရာကောင်း ကြောင်းအလုပ်တော့ ဖြစ်ရပါမယ်။ နို့မဟုတ်လို့ကတော့ အမှားတွေကို ကြိုးစားပမ်းစားလုပ်ရင်း ဆင်းရဲတွင်းထဲကို ဦးစိုက်ဆင်းသွားမှာ စိုးရပါတယ်။

ယိုပေါက်ကို ပိတ်ရမယ့်အဆင့်ကိုရောက်အောင် မိဘဆရာသမားများက လေ့ကျင့်သွန်သင်ပေးလိုက်ရမှာ ဖြစ်ပေမယ့် တကယ်တမ်းကြိုးစားရမှာက ကိုယ်ကိုယ်တိုင်ဖြစ်တယ်ဆိုတာကိုလည်း မမေ့ကြပါနဲ့လို့ အထပ်ထပ်သတိ ပေးချင်ပါတယ်။ အပျင်းစိတ်များကို တိုက်ထုတ်ပစ်ရပါမယ်။ အဲသည်လို မပျင်းအောင် ကိုယ့်ကိုယ်ကိုထိန်းပြီးတဲ့အခါငါဟာ ဘယ်လိုအလုပ်မျိုးကို လုပ်သင့်သလဲဆိုတာ ကာလဒေသတို့ကို စေ့စပ်သေချာစွာ လေ့လာပြီး ဝီရိယထားကာ အလုပ်လုပ်သင့်ပါတယ်။

ဝီရိယဆိုတာကတော့ ရဲရင့်တဲ့စိတ် ဖြစ်ပါတယ်။ အပျင်းစိတ်



အကြောင်းကို တင်ပြဆွေးနွေးနေတဲ့အချိန်ဖြစ်တဲ့အတွက် ရဲရဲရင့်ရင့်ကိုယ့်ကိုယ်ကို ရင်ဆိုင်သင့်တယ်ဆိုတာကို ဦးစွာပထမပြောချင်ပါတယ်။ ပြီးတော့မှ အခက်အခဲ အဖျက်အဆီးများကို တွန်းလှန်ပြီး ပန်းတိုင်ရောက်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။ လူတွေမှာ အခက်ခဲဆုံးကိစ္စက ကိုယ့်စိတ်ကို ကိုယ်နိုင်ဖို့ပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ ကိုယ့်ကိုယ်ကို ညာကျင့်ရှိတဲ့သူတွေက များနေလို့ ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုနိုင်ပြီဆိုရင်တော့ ရဲရင့်သောစိတ်ထားနဲ့ ရှေ့ကိုဆက်သွားကြဖို့ပါပဲ။

ကိုယ့်ကိုယ်ကို ထိန်းနိုင်ပြီလို့ဆိုတဲ့အခါမှာ ပျင်းရိချင်တဲ့ မူလအလေ့ရှိခဲ့ရင်တောင်မှ သတိထားပြီး ဖျောက်ပစ်နိုင်မယ်ဖြစ်ပါတယ်။ သတိက ကိုယ့်စိတ်နဲ့ ကိုယ့်အပြုအမူများကို ပြန်လည်ထိန်းသိမ်းပေးမယ် ဖြစ်ပါတယ်။ အဲဒီတော့ကိုယ်နှုတ်အမူအရာအားလုံးကို ထိန်းသိမ်းဖို့ရာ လွယ်ကူသွားပါလိမ့်မယ်။ စိတ်တွေလေနေသလား၊ အလုပ်ထဲမှာ စိတ်မဝင်စားဘဲငြီးငွေ့တဲ့စိတ်မျိုး ပေါ်နေသလားဆိုတာ ချက်ချင်းသတိမထားမိဘဲ မျောသွားတာနဲ့ အချိန်က ကုန်သွားမယ်ဖြစ်ပါတယ်။ အချိန်ဆိုတာ ဘဝထဲက တစ်ဖဲ့ဖြစ်ပါတယ်။ ဘဝရဲ့တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ တစ်ခါကုန်သွားရင် ပြန်မရတတ်ပါဘူး။

အချိန်ရဲ့တန်ဖိုးကို ကောင်းစွာသိတဲ့သူဆိုတာ နိုးကြားနေတဲ့သူဖြစ်ပါတယ်။ ကိုယ့်ဘာသာကိုယ် နိုးထားတဲ့စိတ်သဘာဝ ရှိတတ်တဲ့သူဖြစ်ရပါမယ်။ သူများကနှိုးလို့ ထရတဲ့သူဟာ ငိုက်မျဉ်းနေတတ်ပါတယ်။ ငိုက်မျဉ်းတဲ့ ယိုပေါက်ကိုလည်း ကိုယ့်ဘာသာကိုယ်ပဲ ပိတ်ဆို့ရမှာဖြစ်ပါတယ်။ ငိုက်မျဉ်းတယ်ဆိုတာ တည့်တည့်ပဲယူပြီး မအိပ်သော်လည်း ထိုင်းမှိုင်းသောစိတ်အထာနဲ့ မျက်စေ့ကိုပိတ်ပြီး လျောင်းနေထိုင်နေတတ်တာကို ပြောလို့လည်းရပါတယ်။

ထို့အတူပါပဲ မိမိရဲ့ရှေ့ရေးကိုလည်းမသိ မိမိပတ်ဝန်းကျင်ရဲ့အနေအထားကိုလည်း မမြင်ဘဲ တွေဝေနေတာ၊ အလုပ်ခွင်မှာ စိတ်မဝင်

စားတာ ရှေ့ရေးအတွက် ဦးတည်ချက်မထားတာ စီမံကိန်းမချမှတ်တာ စတဲ့ ဟာကွက်တွေ ရှိနေတယ်ဆိုရင် အဲဒီလိုလူမျိုးကိုလည်း ငိုက်မျဉ်းနေတဲ့သူလို့ ဆိုနိုင်ပါတယ်။

နောက်ယိုပေါက်တစ်ခုကတော့ ပျင်းရိခြင်း ဝီရိယကင်းမဲ့ခြင်းရဲ့ လက္ခဏာများဖြစ်ကြပါတယ်။ ပျင်းတဲ့သူမှာ ဆင်ခြေအမျိုးမျိုး ရှိတတ်ပါတယ်။ နေပူနေတာ၊ မိုးရွာနေတာ၊ ချမ်းတာ၊ ပူတာ၊ ပင်ပန်းတာစသည်ဖြင့် အလုပ်ကိုရှောင်ဖို့ ပေးနိုင်တဲ့ဆင်ခြေတွေ အများကြီးရှိတတ်ပါတယ်။ အဲသည်လို အလုပ်ကိုရှောင်နေမှတော့ အလုပ်မဖြစ်နိုင်တော့ပါဘူး။ အလုပ်မဖြစ် အလုပ်မလုပ်လို့ရှိရင် ဘယ်မှာကြီးပွားတိုးတက်နိုင်ချေ ရှိတော့မှာပါလဲ။ များစွာချဲ့ပြီး စဉ်းစားစရာမလိုပါဘူး။ အလွယ်တကူ မြင်သာပါတယ်။ အလုပ်ကို ဖြစ်မြောက်အောင် မလုပ်ဘဲနဲ့တော့ကြီးပွားနိုင်ချေမရှိပါ။

တချို့သောသူများဟာ ပျင်းရိပေါ့တန်ပေမယ့် အတော်အတန် ပညာတတ်ပါတယ်။ ရှေ့ရေးအတွက် စီမံကိန်းတွေဘာတွေလည်း ချမှတ်တတ်ပါတယ်။ ဒါပေမဲ့ စီမံကိန်းကို အကောင်အထည်ဖော်ဖို့ ကိစ္စကျတော့ နေ့ရွေ့ညရွေ့နဲ့ ပျင်းတာကိုဖုံးဖိကာ အကွက်ရှာသယောင် လုပ်နေတတ်ပါတယ်။ အခွင့်ကောင်းကို ချောင်းနေတတ်ပါတယ်။ အဲသည်လိုနေလိုက်တာ သူစဉ်းစားထားတာလောက်မှ မကောင်းတဲ့ အစီအစဉ်နဲ့ တကယ်အလုပ်လုပ် သွားတဲ့သူများက ချမ်းသာသွားတတ်ပါတယ်။ တကယ်တော့ အကွက်ကို ထိုင်ရာကမထဘဲ ရှာနေလို့ မတွေ့နိုင်ပါဘူး။ အလုပ်လုပ်ရင်း အကွက်ပေါ် သွားတတ်တာပါ။ အခွင့်ကောင်းဆိုတာကလည်း အလုပ်လုပ်ရင်း ဖွင့်သွားရတဲ့ သော့ချက်များသာ ဖြစ်ပါတယ်။

ဒီဆွေးနွေးချက်ကို နိဂုံးချုပ်တဲ့အခါ အထူးတလည် သတိပေးချင်တာက ကိုယ့်ကြီးပွားတိုးတက်ကြောင်းဆိုတာ ကိုယ့်ဘာသာကိုယ်



လုပ်ယူရတဲ့အရာ ဖြစ်ပါတယ်။ တကယ်လို့ တိုးတက်မှုမရှိဘူးဆိုရင် သူတစ်ပါးကို အပြစ်တင်မယ့်အစား အခြေအနေကို အပြစ်တွေဆိုနေမယ့်အစား ကိုယ့်မှာ ပျင်းရိတဲ့ပြစ်ချက်ရှိမရှိ စစ်ဆေးလိုက်ကြစမ်းပါ။ ပျင်းရိတယ်ဆိုရင် အဲဒီယိုပေါက်ကို မပိတ်သမျှကာလပတ်လုံး ကြီးပွားမှာ တိုးတက်မှာ မဟုတ်ဘူး။ ကြီးပွားတာရော ပျက်စီးတာပါ ကိုယ့်ရွေးချယ်ချက်နဲ့ကိုယ်သာ ဖြစ်ပါတယ်ဆိုတာကို ယုံကြည်လိုက်ကြပါလို့ ပြောရင်း ဆွေးနွေးချက်ကို နိဂုံးချုပ်လိုက်ပါတယ်။

### တတိယမေးခွန်း၏ အဖြေ (၅)

ပရာဘဝသုတ်တွင် နတ်သားမေးသော တတိယမေးခွန်းကို အဖြေငါးချက်ဖြင့် မြတ်စွာဘုရားဖြေဆိုတော်မူခဲ့ပါသည်။ ထိုအဖြေများကို တင်ပြဆွေးနွေးခဲ့သည်မှာ စတုတ္ထအဖြေအထိ ပြီးစီးခဲ့ပြီဖြစ်ပါသည်။ ပဥ္စမအဖြေမှာ လျှင်စွာအမျက်ထွက်လေ့ရှိသောသူမှာ ပျက်စီးတတ်၏ဟု ဖြစ်သည်။ ပါဠိလို ကောဓပညာဏော ဖြစ်ပါသည်။

### ဆွေးနွေးချက်များ

ပရာဘဝသုတ် တတိယမေးခွန်းကို ဖြေဆိုရာမှာ ပဥ္စမ အဖြေအဖြစ် ပါဝင်တဲ့ အမျက်ဒေါသ ဖြစ်လေ့ရှိတဲ့သူဟာ ပျက်စီးတတ်တယ်ဆိုတာနဲ့ ပတ်သက်လို့ စိတ်ရှိလက်ရှိဆွေးနွေးရရင် အလွန်ထူတဲ့ စာအုပ်တစ်အုပ်လောက်ကို အလွယ်တကူ ရနိုင်လောက်ပါတယ်။ ပုထုဇဉ်မှန်ရင် လောဘ ဒေါသ မောဟ ဘယ်မှာကင်းပါ့မလဲလို့ ပြန်လှန်ပြောချင်မယ့်သူများလည်း ရှိနိုင်ပါတယ်။ ပျက်စီးကြောင်းတရားအနေနဲ့ မှတ်ယူရမယ့် ဒေါသကတော့ အစဉ်သဖြင့် ခက်ထန်မောက်မာနေတတ်တဲ့ သူတစ်ပါးတို့ကို နိုင်ရင်နိုင်သလို ခက်ခက်ကျိတ်ကျိတ် စကားဆိုတတ်တဲ့ သတ်ဖြတ်ညှင်းဆဲလိုတတ်တဲ့သူများကို အထူးသဖြင့် ရည်ညွှန်းတဲ့ အဆိုဖြစ်ပါတယ်လို့ ပထမဦးစွာ တင်ပြလိုပါတယ်။

ဒေါသကြီးတတ်တဲ့ သူတစ်ယောက်အနေနဲ့ လောကဓံကိုခံစားရ

တဲ့အခါ ပိုပြီးခံစားရတတ်ပါတယ်။ အဲဒီအချက်ကို ဒေါသကြီးတတ်တဲ့ စာရေးသူက သိထားပါတယ်။ နားလည်ထားပါတယ်။ အဲဒါကြောင့် ဒေါသနဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြတဲ့အခါမှာ ကိုယ်တိုင်မကြာခဏ ကြုံခဲ့ရတဲ့ ဒေါသရဲ့ဆိုးကျိုးတွေကို ပေါ်လွင်အောင်တင်ပြလိုစိတ် ရှိပါတယ်။

စာရေးသူငယ်ငယ်ကတည်းက မဟုတ်တာမလုပ်ဘူး၊ မမှန်တာကို မပြောဘူးဆိုတဲ့ ဂုဏ်ကိုရအောင်ကြိုးစားပါတယ်။ ဒါပေမဲ့ လောကမှာ ကိုယ့်ဘက်က မှန်နေတိုင်းလည်း အဆင်ပြေတာမဟုတ်တော့ စာရေးသူက စိတ်ဆိုးတတ်ပါတယ်။ ပေါက်ကွဲတတ်ပါတယ်။ တကယ်တော့ မဟုတ်တာ မမှန်တာနဲ့ကြုံရင် သည်းခံနိုင်ရင်သည်းခံ သူ့အကျိုးကို လိုလားသော မေတ္တာစိတ်နဲ့ အဆင်ပြေအောင် ဆောင်ရွက်နိုင်ရင် ဆောင်ရွက်ပေါ့။ အဲသည်လိုမှ မဟုတ်ရင်တော့ လစ်လျူရှုရမှာ ဖြစ်ပါတယ်။ အဲဒီလောက် စိတ်ကိုထိန်းပြီး ပြောဆိုလုပ်ကိုင်နိုင်ရင် လုပ်ငန်းခွင်မှာရော လူမှုရေးကိစ္စများမှာရော အလွန်အဆင်ပြေမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတစ်ပါးကို ပျက်စီးစေလိုတဲ့စိတ်ထား လိမ်လည်လှည့်ဖြားလိုတဲ့ စိတ်ထားများကို ပင်ကိုအားဖြင့် မွေးမြူထားခြင်းမရှိလို့ ဖြစ်ပါတယ်။

ဒါပေမဲ့ အမြင်မတော်ဘူးဆိုရင် အကြားမတော်ဘူးဆိုရင် ရုတ်ခနဲ မြွေဟောက်ပါးပျဉ်းထောင်သလို ထလာတတ်တဲ့ဒေါသကို မထိန်းနိုင်တာကြောင့် များစွာမှားယွင်းတဲ့စကားတွေကို ပြောခဲ့ဖူးပါတယ်။ များစွာမှားယွင်းတဲ့ အပြုအမူများကို ပြုခဲ့ဖူးပါတယ်။ မိမိမှာလည်း စိတ်မချမ်းသာရပါဘူး။ မိမိပတ်ဝန်းကျင်မှာလည်း စိတ်မချမ်းသာရပါဘူး။ ပတ်ဝန်းကျင်ဆိုတာကတော့ ကိုယ့်ကိုချစ်တဲ့ ပတ်ဝန်းကျင်ပဲ ဖြစ်ပါတယ်။

ဒေါသရဲ့ဆိုးပြစ်များကို ကြီးလာတဲ့အခါမှာ သတိထားမိလာပါတယ်။ စာရေးသူကို အနိုင်မတိုက်နိုင်တဲ့သူများဟာ စာရေးသူကို ဒေါသကြီးတာတစ်ခုတည်းနဲ့ စာရေးသူကို အလဲထိုးသွားတတ်ကြပါတယ်။ စာရေးသူသိသိကြီးနဲ့ ခံရဖူးပါတယ်။ လူပုံလယ်မှာ ပြုံးပြုံးလေးနဲ့ နောက်



ကွယ်မှာ မဟုတ်တာလုပ်တတ်တဲ့သူတွေကို တွေ့ဖူးကြပါလိမ့်မယ်။ အဲဒီလိုလူမျိုးဟာ လူကြီးတွေရှေ့မှာဆိုရင် လက်ကလေးကိုနောက်ပစ်ပြီး ရိုးပုံရိုးလက်နဲ့ နေတတ်ကြပါတယ်။ ဒါပေမဲ့ သူများကိုဒုက္ခပေးတဲ့နေရာမှာ သူမတူပါဘူး။ သူတို့ဟာ ကောင်းတဲ့သူများမဟုတ်တဲ့အတွက် သူတို့ရဲ့အကုသိုလ်များ အကျိုးပေးတဲ့အခါမှာ သူတို့ခံရမှာပေါ့လေ။ ဒါပေမဲ့ ဒေါသထွက်တတ်တဲ့ကိုယ်ကတော့ သူတို့လိုလူမျိုးနဲ့တွေ့ရတာ ကောင်းကောင်းခံခဲ့ရတာပါပဲ။ ကိုယ်ကလည်း ဒေါသကြီးခြင်းဆိုတဲ့ အကုသိုလ်မှုကို ကျူးလွန်ထားတာကိုး။ ဒေါသဖြစ်တာဟာ လူမြင်လွယ်ပါတယ်။ ဒေါသဖြစ်တာဟာ မြင်တဲ့လူတိုင်းက လန့်သွားစေတဲ့ မနှစ်မြို့ဖြစ်သွားစေတဲ့ စက်ဆုတ်သွားစေတဲ့ ရုပ်ဆင်းသွင်ပြင်နဲ့ လေသံဟန်ပန် ရှိတတ်တာကိုး။ သူများက ကိုယ့်ကို ဘယ်လောက်ဒုက္ခပေးထားတယ် ဆိုတာကို လူမြင်တာမဟုတ်ပါဘူး။ ကိုယ်ပေါက်ကွဲတာကိုသာ လူမြင်တာ ဖြစ်ပါတယ်။ အဲဒီတော့ လူကြီးတွေကလည်း ဒေါသကြီးတဲ့သူကို လူအများနဲ့ဆိုင်တဲ့ကိစ္စများမှာ တာဝန်မပေးတော့ဘဲ ခုခေတ်စကားနဲ့ ပြောရင် ခေါက်ထားခဲ့ကြတော့တာပေါ့။ ကြီးလာတဲ့အခါမှာ ဒါဟာ သူများအပြစ်မဟုတ်ဘူး။ ငါသာ ဒေါသကြီးတဲ့သူဆိုတဲ့ တံဆိပ်အကပ် မခံရရင် ကိုယ်တော်တာ တတ်တာ ကြိုးစားတာကို ပိုမိုပြသနိုင်ခွင့် ကြုံခဲ့မှာပါပဲဆိုတာကို တွေးမိလာပါတယ်။ တော်သေးတာက ဒေါသဖြစ်စရာနည်းပါးတဲ့ စာရေးတဲ့အလုပ်ကို ဝါသနာပါပေလို့ပါပဲ။

တကယ်တော့ အခုခေတ်မှာ ဖိစီးမှု (Stress) များပြီး ရောဂါတွေ ထူပြောနေတယ်ဆိုတာကတော့ တခြားသောကိစ္စများကြောင့် မဟုတ်ပါဘူး။ ကိုယ့်စိတ်ထဲကဒေါသကို သဘာဝကျကျ ဖြေဖျောက်ခြင်းမပြုဘဲ၊ ထိန်းသိမ်းခြင်းမပြုဘဲ မြုံထား ကွယ်ဝှက်ထားရတဲ့အခါမှာ ဒေါသဟာ ပြေပျောက်မသွားဘဲ အတွင်းမှာကိန်းပြီးကိုယ့်စိတ်ကိုလှိုက်စားနေလို့ ဖိစီးမှုဆိုတာ ဖြစ်လာရတာပါပဲ။ အဲဒီလိုဒေါသကြောင့် အနောက်

နိုင်ငံများမှာ ဖြစ်ပွားတတ်တဲ့ စိတ်ရောဂါနဲ့ပတ်သက်ပြီး ကာတွန်းဇာတ်လမ်းတစ်ပုဒ်ကို ကြည့်ခဲ့ဖူးပါတယ်။

ဒေါသကြီးတဲ့သူတစ်ယောက်ဟာ အလုပ်ခွင်မှာ အထက်လူကြီးက ဆိုတာပြောတာကို ခံခဲ့ရပါတယ်။ မျက်နှာဘယ်လောက် ပုပ်စပ်နေပါစေ ပြန်မပြောနိုင်ခဲ့ပါဘူး။ အဲဒီလူကြီး အခန်းကပြန်ထွက်လာတော့ ကာတွန်းပြကွက်ထဲမှာ လူဟာ အချပ်လိုက်ပြားပြီး တံခါးနဲ့ကြမ်းပြင်ကြားထဲကနေ ပြန်ထွက်လာပါတယ်။ အင်မတန်ကောင်းတဲ့ တင်စားချက်ဖြစ်ပါတယ်။ တကယ်တော့ လူစင်စစ်အနေနဲ့ အဲသည်လို ထွက်လို့မရဘူးဆိုပေမယ့် စိတ်ဓာတ်အနေနဲ့ကတော့ မထောင်နိုင်လောက်အောင် ပြားပြားဝပ်ဖြစ်သွားမှာပါပဲ။ အဲဒီစိတ်ကို ဒေါသကင်းတဲ့စိတ်လို့ မခေါ်နိုင်ပြန်ပါဘူး။ အဲသည်လိုစိတ်မျိုးဟာ ဆို့နစ်ဝမ်းနည်းမှုတွေနဲ့ ကဲနေတဲ့ ဒေါသတစ်မျိုးပဲဖြစ်ပါတယ်။ အခုနဇာတ်ကောင်အကြောင်းကို ပြန်ဆက်ရမယ်ဆိုရင် ဇာတ်ကောင်ဟာ အိမ်ကိုပြန်လာပါတယ်။ အပြန်မှာ ဘောလုံးတစ်ခုကို ဝယ်ခဲ့ပါတယ်။ လက်ဝှေ့ထိုးတဲ့ လက်အိတ်တစ်စုံလည်း ပါပါတယ်။ အိမ်ရောက်တာနဲ့ ဘောလုံးမှာ သူ့ကိုဆူလိုက်တဲ့ သူ့ဘော့စ်ရဲ့မျက်နှာကို ရေးလိုက်ပါတယ်။ ပြီးတော့ တိုင်တစ်လုံးမှာ ဘောလုံးကိုကပ်ချည်ပြီး လက်အိတ်စွတ်ထားတဲ့ လက်အစုံနဲ့ အားရှိပါးရှိ ထိုးတော့တာပါပဲ။

အဲဒီဘောလုံးမှာ ရေးထားတဲ့အရုပ်က နေ့တိုင်းပြောင်းပါတယ်။ သူလမ်းသွားနေတုန်း ကားတစ်စင်းက ခပ်ကြမ်းကြမ်းဖြတ်မောင်းသွားလို့ သူ့ကိုရေစင်ရင် သူ့လက်သီးစာကိုခံရတဲ့ ဘောလုံးကအရုပ်ဟာ ကားမောင်းတဲ့သူရဲ့အရုပ် ဖြစ်သွားပါတော့တယ်။ အဲသည်လိုနဲ့ သူ့ဒေါသဟာ ပြေပျောက်မသွားဘဲ နောက်ဆုံးတော့ စိတ်ရောဂါကုဆေးရုံကိုရောက်ပြီး လက်နှစ်ဖက်စလုံးကို ချည်နှောင်ထားတာကိုခံရတဲ့ အသည်းအသန်လူနာ ဖြစ်သွားပါတော့တယ်။ ကျွန်မ အဲဒီကာတွန်းကားကလေးကို လွန်ခဲ့တဲ့



အနှစ်သုံးဆယ်လောက်က ဆိုဗီယက်နိုင်ငံမှာ ကြည့်ခဲ့ဖူးတာဖြစ်ပါတယ်။ ကာတွန်းကားကို ကြည့်နေစဉ်တုန်းကတော့ အများနည်းတူ ရယ်မောခဲ့ပါတယ်။ ဒါပေမဲ့ စဉ်းလည်းစဉ်းစားခဲ့ပါတယ်။ သိပ်သဘာဝကျပါတယ်။ ဒေါသကို မေတ္တာနဲ့တရားနဲ့ သည်းခံခြင်းနဲ့ယှဉ်ပြီး မဖြေဖျောက်ဘဲ မြုံထားရင် မွေးထားရင် ဘယ်လိုမှ ပြေပျောက်အေးချမ်းသွားမှာ မဟုတ်ပါဘူး။

ဒေါသဟာ ကြာရှည်ကြာများဖုံးဖိထားလို့ မရနိုင်ပါဘူး။ သဲကုန်းဆရာတော်ရဲ့ ဟောစဉ်တရားထဲမှာ ပါတဲ့အကြောင်းကတော့ ကောဓဆိုတာက စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့အမျက်စိတ် ခက်ထန်တဲ့စိတ် အပြစ်ရှိတဲ့စိတ် ဖြစ်ပါတယ်တဲ့။ ဒေါသဆိုတာကတော့ ပေါက်ကွဲတဲ့အဆင့်ကိုရောက်ပြီ ဖြစ်ပါတယ်။ စိတ်တွင်းမှာပဲထားထား အပြင်မှာပဲပေါက်ကွဲပေါက်ကွဲ ဘယ်လိုမှ ဘယ်သူ့ကိုမှ အကျိုးမပြုနိုင်တာကတော့ ဒေါသဆိုတဲ့ မာကျောခက်ထန်တဲ့ ကြမ်းတမ်းရိုင်းစိုင်းတဲ့စိတ်ဓာတ်နဲ့ အပြုအမူပဲ ဖြစ်ပါတယ်။

ဒေါသစရိုက်ရှိတဲ့သူများဟာ အကြောင်းကိစ္စတစ်စုံတစ်ခုကို ဖြေရှင်းရတော့မယ်ဆိုရင် ဒေါသစိတ်အရင်းခံပြီး တွေးလေ့ရှိပါတယ်။ ဘယ်သူနဲ့မှ မတွေ့ရသေးဘဲနဲ့ ငါ့ကိုများ အူကြောင်ကြောင်လာမပြောနဲ့ ငါကတော့မခံဘူး ငါက ဘုပြန်ပြောလိုက်မှာစသည်ဖြင့် ဘာမှမဖြစ်သေးဘဲနဲ့ ဒေါသအရင်းခံပြီး တွေးထားတယ်ဆိုရင် တကယ့်တကယ် ဖြေရှင်းရမယ့်ပြဿနာကို ပြေလည်အောင် ဘယ်လိုလုပ်သင့်သလဲလို့ တွေးတောစီစဉ်တဲ့နေရာမှာ အားအလွန်နည်းသွားမယ် ဖြစ်ပါတယ်။ အဆင်မပြေတာကလေး နည်းနည်းများဖြစ်ရင် ကြိုတင်ထွက်ထားရတဲ့ ဒေါသကကြွလာပြီး အင်မတန်ဒုက္ခပေးတော့မှာပါပဲ။ အဲဒီတော့ သူများအပြစ် ကိုယ့်အပြစ် ဖြစ်သွားတတ်ပါတယ်။

အဲဒီဆွေးနွေးချက်ဟာ ကိုယ်တွေ့ကို အရင်းခံတာကြောင့် လူငယ်

လူ့ရှယ်များ သတိထားစရာဖြစ်စေချင်ပါတယ်။ လောကမှာ မှန်တိုင်းကောင်းပါတယ်။ တချို့က မှန်တိုင်းမကောင်းဘူးလို့ ပြောတတ်ကြပါတယ်။ မှန်တာကတော့ ကောင်းတာပါပဲ။ တစ်ခုတော့ ရှိပါတယ်။ မှန်တဲ့ကိစ္စကို လူအများလက်ခံလာအောင် ဆောင်ရွက်တဲ့နေရာမှာ ကိုယ့်ဘက်က မေတ္တာနဲ့ နားလည်မှုနဲ့ သည်းခံပြီး စိတ်ရှည်ရှည်ထား ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ အဲဒါ တကယ့်လိုအပ်ချက် ဖြစ်ပါတယ်။ ကိုယ့်ဘက်က စေတနာထားပါတယ်ဆိုတာကို ဒေါသတကြီးနဲ့ ပြောရင်တော့ ယုံကြည်လက်ခံတဲ့သူ နည်းမှာပါပဲ။ မကောင်းကြံချင် မကောင်းပြောချင်တဲ့သူတွေကလည်း အဲသည်လို ဒေါသဖြစ်တာကိုပဲ အပြစ်ကြီးတစ်ခုလုပ်တော့မှာပါပဲ။ တကယ်ဆိုတော့ သူတို့ကိုလည်း အပြစ်မတင်သာပါဘူးလေ။ ဒေါသဖြစ်တတ်တဲ့သူများမှာ ထင်ရှားနေတဲ့ ချို့ယွင်းချက်က စိတ်ကိုအစိုးမရတတ်တဲ့သဘော ဖြစ်နေတာကိုး။ အဲဒါကြောင့် နတ်သုဒ္ဓာမှာ မစင်တစ်ပဲသားရောနှောသလိုမျိုး မဖြစ်အောင် စိတ်ကိုထိန်းပြီး ပြေပြေပြစ်ပြစ် ပြောဆိုနေထိုင်ကျင့်ရှိအောင် ကြိုးစားကြဖို့လိုအပ်ပါတယ်။ နို့မဟုတ်ရင် စိတ်ကောင်းထားပြီး ကြိုးစားပေမယ့် ဘာမျှဖြစ်မလာပါဘူးကွာလို့ ကိုယ့်ဘာသာကိုယ် စိတ်ဓာတ်ကျပြီး နည်းမှားလမ်းမှားကို လိုက်သွားတဲ့သူတွေ လောကကြီးကို အရှုံးပေးသွားတဲ့ သူတွေရဲ့စာရင်းထဲမှာ ကိုယ်ပါသွားနိုင်ပါတယ်။ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာလည်း ဒေါသစိတ်ကြောင့် ဖြစ်ပါတယ်။

စာရေးသူဟာ အသက်ကြီးလာလို့ စိတ်ပြောင်းလာတဲ့အခါမှာ ဩော် ငါငယ်ရွယ်စဉ်က ဒေါသဖြစ်ဖြစ်နဲ့ ပြောဆိုနေတဲ့ ပေါက်ကွဲနေတဲ့အခါမှာ ငါ့အနီးမှာရှိတဲ့ ငါ့ကိုချစ်ခင်တဲ့သူတွေဟာ ဘယ်လောက်စိတ်ဆင်းရဲခဲ့ကြရှာမလဲ။ ဘယ်လောက်အနေခက်ခဲ့လေမလဲလို့ တွေးမိပါတယ်။ အခုအချိန်ကိုရောက်မှ ဒေါသကိုထိန်းနိုင်မှ ကိုယ်လုပ်ချင်တာတွေကို အောင်မြင်အောင် လုပ်နိုင်ချေရှိတယ်ဆိုတာကို ဆွေးနွေးနိုင်တာဖြစ်



ပါတယ်။ အရင်တုန်းကတော့ ရှုံးတာနိုင်တာက ပဓာနမဟုတ်ဘူး၊ တိုက်နေရဲတာက ပဓာနဆိုတာလိုမျိုး ဘာကြီးမှန်းမသိတဲ့ အယူအဆတွေကို လက်ဆင့်ကမ်းခဲ့ဖူးသေးတာပါ။

တကယ်တော့ ဒေါသထွက်လို့ အမြတ်မရနိုင်ပါဘူး။ ကိုယ့်မှာလည်း ပူလောင်ဆင်းရဲနေပါတယ်။ ဒေါသဖြစ်နေတာဟာ မူးယစ်နေတဲ့သူနဲ့ အတော်တူပါတယ်။ ဆူဝေနေလေတော့ ဘာကိုမှ ပီပြင်စွာမမြင်ရပါဘူး။ ဘာကိုမှ မထိန်းသိမ်းနိုင်ပါဘူး။ မျက်နှာကလည်း မဲ့ရွဲ့ပြီး အရုပ်ကလည်း ဆိုးနေပါတယ်။ အမူအရာတွေကလည်း ကြမ်းတမ်းနေပါတယ်။ အသံတွေကလည်း ကြမ်းရှနေပါတယ်။ အသုံးအနှုန်းတွေကလည်း ရိုင်းစိုင်းနေပါတယ်။ အဲဒီလိုလူမျိုးကို လူတွေ ဘယ်မှာချစ်ပါ့မလဲ။ သူ့အနေနဲ့ ဘယ်လောက်မှန်နေပါစေ သူ့ရုပ်သွင်ကို ဒေါသနဲ့ပေါင်းပြီး မြင်တာနဲ့ လူတွေက ကြောက်သွားကြမှာ သေချာပါတယ်။

လူတွေဟာ ဒေါသဖြစ်တဲ့အခါ ဒေါသဖြစ်တာနဲ့ပတ်သက်ပြီး ဆင်ခြေတွေ ပေးတတ်ပါတယ်။ ငါက မဟုတ်ရင် မခံဘူး။ ငါက စိတ်မြန်တယ်။ ငါကစိတ်ဆတ်တယ်စတဲ့စကားတွေနဲ့ မိမိတို့ရဲ့ဒေါသစရိုက် မာနစရိုက် အစစ်အမှန်များကို ဖုံးဖိထားတတ်ကြပါတယ်။ တကယ်တော့ ကိုယ့်စိတ်ကို ကိုယ်အစိုးရအောင် အလေ့အကျင့်လုပ်ရမှာပါပဲ။ နို့မဟုတ်ရင်တော့ အခုန ကာတွန်းဇာတ်လမ်းထဲကထက် ဆိုးသွားမယ် ဖြစ်ပါတယ်။

ဒေါသကြောင့် ဒုက္ခကြီးစွာရောက်ကြရတဲ့ ဇာတ်လမ်းတွေဟာ လူ့လောကမှာ ကြားဖူးနေကျ မြင်ဖူးနေကျ ဖြစ်ဖူးနေကျ ဇာတ်လမ်းများဖြစ်တဲ့အတွက် ခပ်ဝေးဝေးမှာ သွားပြီးရှာစရာမလိုပါဘူး။ ထောင်ဝတ္ထုတွေကို ဖတ်ကြည့်ရင် ဒေါသကြောင့် လူသတ်မှုလို အမှုကြီးမျိုးကို ကျူးလွန်မိပြီး ထောင်တစ်သက်တစ်ကျွန်း အကျခံနေရတဲ့လူရိုးလူကောင်းတွေရဲ့ ရင်နင့်စရာ ပြန်ပြင်လို့မရတဲ့ အမှားမျိုးတွေကို အများကြီး

သိကြရပါတယ်။ တချို့ဆိုရင် ရိုးရိုးအေးအေး နေလာခဲ့ရာက ရုတ်တရက်ဖြစ်ပေါ်လာတဲ့ ဒေါသကြောင့် အရင်းနှီးဆုံးသူကို သတ်မိတဲ့ အဖြစ်ကို ရောက်ရတတ်ပါတယ်။

ဆရာတော် ဦးဇောတိကရဲ့တရားခွေတစ်ခွေထဲမှာ ငရုတ်သီး အလွန်ကြိုက်တဲ့ လယ်သမားကြီးတစ်ယောက်အကြောင်းကို နာယူမှတ်သားလိုက်ရဖူးပါတယ်။ အဲဒီလယ်သမားကြီးက ထမင်းစားရင် ငရုတ်သီး ပါမှတဲ့။ တစ်နေ့တော့ သူ့ဇနီးက ငရုတ်သီး ထောင်းမထားမိပါဘူး။ ဆာဆာနဲ့ ထမင်းစားဖို့ ဝင်ထိုင်လိုက်တဲ့လယ်သမားကြီးဟာ ငရုတ်သီး မပါရကောင်းလားဆိုပြီး ဒေါသထွက်ထွက်နဲ့ သူ့ဇနီးကို အနီးမှာရှိတဲ့ ထင်းချောင်းနဲ့ ကောက်ချလိုက်တာ။ ချက်ကောင်းကိုရိုက်မိပြီး ပွဲချင်းပြီး သေသွားပါလေရောတဲ့။ လယ်သမားကြီးကိုယ်တိုင် ထင်းချောင်းကို ကိုင်ပြီး ရဲစခန်းကို လာရောက်အဖမ်းခံပါတယ်တဲ့။ သူဟာ သေစေချင်တဲ့ စေတနာနဲ့ ချလိုက်တာတော့ မဟုတ်ပါဘူး။ ဒေါသရုတ်တရက်ထွက်လာတာကို မထိန်းနိုင်လို့ အဲသည်လို စိတ်ဆင်းရဲကြေကွဲစရာတွေ တွေ့ရပြီး သူ့ဘဝလည်း ပျက်သွားခဲ့ရပါတယ်။

ဒေါသနဲ့ပတ်သက်ရင် ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောအကျိုးကို ထိခိုက်စေနိုင်ပါတယ်။ ဒေါသနဲ့ပတ်သက်ပြီး မြတ်စွာဘုရား ဟောကြားတဲ့အကြောင်းအရာတွေ အများကြီးရှိပါတယ်။ သာဓကတွေ အများကြီးရှိပါတယ်။

အနတ္ထ ဇနနော ဒေါသော– ဒေါသသည် အကျိုးမဲ့ကို ဖြစ်စေ၏။

ဒေါသော အတ္ထံ နဇာနာတိ– ဒေါသသည် အကျိုးကို မသိနိုင်။

ဒေါသော ဓမ္မံ နပဿတိ– ဒေါသသည် တရားကို မမြင်နိုင် ဆိုတဲ့ အတိုချုပ်မှတ်စရာ တရားစကားကလေးများကိုထောက်ရင်လည်း ဒေါသဟာ အကျိုးစီးပွားကို မဆောင်ဘူး။ အကျိုးစီးပွားကို ဖျက်ဆီးပစ်တယ်။ ဒေါသစိတ်ကြောင့် မှန်ရာကောင်းရာကို ညွှန်ပြတတ်တဲ့ တရားများကိုလည်း မမြင်နိုင် မသိနိုင်ဘူးဆိုတာကို သဘောပေါက်နိုင်ကြပါတယ်။



ကိုယ်ကစိတ်မတို စိတ်မဆိုးပေမယ့် အလကားနေရင်း ကိုယ့်ကို စိတ်ဆိုးပြစ်မှားနေတဲ့သူနဲ့ တွေ့ရင်တော့ သည်းမခံနိုင်ဘူး။ အကြောင်းမဟုတ်တာကို အကြောင်းလုပ်ပြီး စိတ်ဆိုးနေတာကို ဘယ်မှာသည်းခံနိုင်ပါ့မလဲလို့များ ပြောချင်တယ်ဆိုရင်တော့ မြတ်စွာဘုရားဟာ အလကားနေရင်း မြတ်စွာဘုရားကို လာရောက်ဆဲရေးနေတဲ့သူ ဘာရဒွာဇ ဗြာဟ္မဏကို ဆုံးမတဲ့အကြောင်းကလေးကို တင်ပြလိုပါတယ်။ အက္ကောသဘာရဒွာဇ မည်တဲ့ ပုဏ္ဏားတစ်ယောက်ဟာ သူ့ဆွေမျိုးဘာရဒွာဇ ဂေါတ္တဗြာဟ္မဏဆိုသူဟာ မြတ်စွာဘုရားအထံတော်မှာ ရဟန်းပြုတယ်လို့ သိတာနဲ့ မြတ်စွာဘုရားရှေ့မှာ ခေါက်တုန့်ခေါက်ပြန်လျှောက်ပြီး ဆဲရေးပါသတဲ့။ မြတ်စွာဘုရားက သည်းခံရုံမက ပုဏ္ဏားကို ဆုံးမတော်မူပါတယ်။ "အို ဗြာဟ္မဏ အသင်သည် ဆဲရေးခြင်းမရှိသော ငါတို့ကို ဆဲရေး၏။ ချုပ်ချယ်ခြင်းမရှိသော ငါတို့ကို ချုပ်ချယ်၏။ ငြင်းခုန်ခြင်းမရှိသော ငါတို့ကို ငြင်းခုန်ဘိ၏။ အဲဒီဆဲရေးခြင်းစသည်တို့ကို ငါတို့သည် လက်မခံကြကုန်၊ အသင့်ပစ္စည်းတို့သာ ဖြစ်ပေသည်။

ဗြာဟ္မဏ အကြင်သူသည် မိမိအားဆဲရေးသောသူကို ပြန်လှန်ဆဲဆိုခဲ့အံ့၊ ချုပ်ချယ်သောသူကို ပြန်လှန်ချုပ်ချယ်ခဲ့အံ့၊ ငြင်းခုန်သောသူကို ပြန်လှန်ငြင်းခုန်ခဲ့အံ့၊ ထိုသူသည် ဆဲရေးမှုစသည်တို့ကို လက်ခံယူဆောင်သည်မည်၏။ ငါတို့သည်လည်း လက်ခံခြင်းလည်း မပြုကြ။ ယူဆောင်ခြင်းလည်း မပြုကြ။ သင့်ပစ္စည်းသည် သင်၏ပစ္စည်းသာ ဖြစ်တော့သည်"ဟု မြတ်စွာဘုရားက မိန့်ကြားတော်မူလိုက်ပါတယ်။ ဘာရဒွာဇ ပုဏ္ဏားဟာ မြတ်စွာဘုရားရဲ့ဆုံးမစကားမှာ တည်တဲ့အတွက် ရဟန်းပြုပြီး မကြာခင်အချိန်မှာ ရဟန္တာဖြစ်တော်မူခဲ့ပါတယ်။

အဲဒါကြောင့် ကိုယ်တိုင်လည်း ကိုယ့်ဒေါသကို ကိုယ်ထိန်းဖို့လိုပါ

တယ်။ မတော်တဆထွက်သွားခဲ့ရင်လည်း အကျိုးကျေးဇူး မပျက်ပြားခင် အချိန်မီရုပ်သိမ်းနိုင်ဖို့ လိုအပ်ပါတယ်။ သူတစ်ပါးက အမျက်ထွက်နေခဲ့ရင်လည်း ကိုယ်က သည်းခံရပါမယ်။ သည်းမခံနိုင်ဘဲ ကိုယ်ကလည်း ပြန်ပြီးအမျက်ထွက်နေမယ် ဒေါသထွက်နေမယ်ဆိုရင် သူ့ထက် ကိုယ်က ပိုမိုက်ရာကျပါမယ်။ ပြီးတော့ လူဆိုတာ ကိုယ်က မှန်တယ်လို့ထင်ရင် သူများထက် ပိုပြီးအားသာအောင် အားထုတ်တတ်ပါတယ်။ အဲသည်လို အားထုတ်တတ်လို့လည်း ဒေါသထွက်ပြီးသားလူထက် ပိုပြီးဒေါသထွက်အောင် ကြိုးစားပြီး ရိုင်းလိုက်ရင်တော့ အလွန့်ကို အရုပ်ဆိုးတော့မှာဖြစ်ပါတယ်။

တကယ်လို့ ကိုယ်ကမှားယွင်းပြီး ဒေါသထွက်မိ ပြောမိဆိုမိခဲ့ရင် ဝန်ချတောင်းပန်သင့်ပါတယ်လို့ ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတရဲ့ ပရာဘဝသုတ်တော်စာအုပ်ထဲမှာ ရေးသားထားပါတယ်။ ဆရာတော်က ဆက်ပြီးရေးသားထားတာကတော့ တကယ်လို့ တခြားသူတစ်ယောက်ယောက်က သူ့အပြစ်ကို ဝန်ချတောင်းပန်လာခဲ့ရင်လည်း ကိုယ့်ဘက်က သည်းခံကျေအေးသင့်တယ်လို့ ဆိုတော်မူထားပါတယ်။ ဆရာတော်က မြတ်စွာဘုရားဟောကြားတဲ့ တရားစကားများကို ထည့်သွင်းတင်ပြထားပါသေးတယ်။

မြတ်စွာဘုရားက ရဟန်းတို့ ဗာလဟူသော လူမိုက်နှစ်မျိုးရှိတယ်။

(၁) ဒေါသကြောင့် အပြစ်များကျူးလွန်ပြီးတဲ့နောက် အပြစ်မှန်းမသိတဲ့သူဟာ လူမိုက်တစ်ယောက်ဖြစ်တယ်။

(၂) အပြစ်ဖြစ်ပြီဆိုတာ သိပေမယ့်လည်း ဝန်ချတောင်းပန်ခြင်း မပြုတဲ့သူကလည်း လူမိုက်ဖြစ်တယ်လို့ မိန့်တော်မူခဲ့ပါတယ်။ ဒေါသစိတ်ကြောင့် ပျက်စီးတယ်ဆိုတာကတော့ စိတ်ကိုကောင်းစွာ စစ်ဆေးတတ်တဲ့သူဆိုရင် သတိထားမိစရာ သာဓကတွေ အများကြီးရှိပါတယ်။



ဒေါသကြောင့် ကောင်းလာတဲ့ကိစ္စဆိုတာ မရှိနိုင်ပါဘူး။ ဒေါသကြောင့် တန်ဖိုးရှိတဲ့အချိန်တွေ ကုန်ဆုံးတတ်တာ၊ ဒေါသကြောင့် ချစ်သူခင်သူများ မိသားစုများနဲ့ ပျော်ပါးရွှင်ပျစွာ နေထိုင်ဖို့အချိန်များ အလဟဿဖြစ်ရတာ၊ ကြီးပွားရေး စီးပွားရေး လူမှုရေးနဲ့ပတ်သက်ပြီး စီစဉ်ဆောင်ရွက်ဖို့ လုပ်ကိုင်ဖို့အတွက် အချိန်နည်းပါးသွားတာ၊ ကောင်းကောင်းမဆောင်ရွက်နိုင်လို့ အကျိုးစီးပွားဖြစ်သင့်သလောက် မဖြစ်တာစတဲ့ အန္တရာယ်လက္ခဏာများကို ကြုံရတတ်ပါတယ်။

ဒေါသဟာ အသက်ရှိစဉ်ကာလများမှာသာ အဆင်မပြေဖြစ်စေတာ မဟုတ်ပါဘူး။ ကွယ်လွန်ခါနီးမှာ ဒေါသစရိုက်က အကျင့်ပါနေလို့ ဒေါသဖြစ်ခဲ့ရင် အပါယ်ကိုရောက်သွားနိုင်ပါတယ်။ ဥပမာပြရရင် သီရိဓမ္မာသောကမင်းကြီးကို ပြလို့ရပါတယ်။ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် ရေကန်ပေါင်း ရှစ်သောင်းလေးထောင် စေတီပုထိုးပေါင်း ရှစ်သောင်းလေးထောင်စသည်ဖြင့် အလှူဒါနမှာ သူမတူအောင်ပြုခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီးဟာ နတ်ရွာစံခါနီးမှာ မလိမ္မာတဲ့ မောင်းမတစ်ယောက်ကြောင့် ဒေါသဖြစ်သွားခဲ့ပါတယ်။ အဲဒီတော့ နတ်ရွာစံတဲ့အခါ စပါးကြီးမြွေကြီးဖြစ်သွားပါသတဲ့။ သားတော် မဟိန္ဒနဲ့ သမီးတော် သင်္ဃမိတ္တာတို့က လာပြီးကယ်ပေလို့ ဒီထက်ဒီဆိုးသွားမယ့် အခြေအနေမရောက်ဘဲ ကျွတ်တမ်းဝင်သွားခဲ့ရတာ ဖြစ်ပါတယ်။

အဲဒါကြောင့် မိမိမှာ ဒေါသစရိုက်ကြီးတယ်ဆိုရင် တတ်နိုင်သမျှ ရတနာမြတ်သုံးပါးရဲ့ အဆုံးအမကိုခံယူပြီး ဒေါသကို လျော့ကြစေလိုပါတယ်။ ဒေါသလျော့လေလေ စိတ်အေးချမ်းသာရှိလေလေ ဖြစ်လာပါလိမ့်မယ်။ နောက်ပြီးတော့လည်း မျက်နှာကြည်လင်အေးဆေးပြီး လူများရဲ့ မုန်းတီးခံရခြင်းဘေးက လွတ်မြောက်ပါလိမ့်မယ်။ ကိုယ်တိုင်လည်း သတိမြဲပြီး ကောင်းတဲ့အမှုများကို ပြုနိုင်တဲ့သူ ဖြစ်လာပါလိမ့်မယ်။ ဒေါသဆိုတာကတော့ နည်းပါးလေလေ ကောင်းလေလေ ကောင်းတဲ့

အဖြစ် များများဖြစ်အောင် လုပ်နိုင်လေလေပါပဲ။ ဒေါသကြီးရင်တော့ ကြိုးစားသမျှ လျှော့ကျပျက်စီး သွားနိုင်ပါတယ်။ ဒေါသဖြစ်တတ်တဲ့ စိတ်ကို သတိရှိရှိနဲ့ ထိန်းသိမ်းသင့်ပါတယ်။

—

## အိုမင်းကုန်ကြ မိန့်ဘကို မလုပ်ကျွေးက ပျက်စီးရ၏။

နတ်သားက တတိယမေးခွန်း၏ အဖြေဖြစ်သော အချက်ငါးချက်ကို နာကြားပြီးနောက် အရှင်ဘုရား တတိယဖြစ်သော ပျက်စီးဆုတ်ယုတ် ကြောင်းကိုသိရပါပြီ။ စတုတ္ထဖြစ်သော ပျက်စီးဆုတ်ယုတ်ခြင်းအကြောင်း ကို ဟောတော်မူပါဘုရားဟု လျှောက်ထားခဲ့ပါသည်။

မြတ်စွာဘုရားက ပြုစုလုပ်ကျွေး မွေးမြူခြင်းငှာ စွမ်းနိုင်သော အရည်အချင်းရှိပါလျက် အသက်အရွယ် အိုမင်းရင့်ရော်ပြီဖြစ်သော အမိ ကိုလည်းကောင်း အဘကိုလည်းကောင်း လုပ်ကျွေးပြုစုခြင်းမရှိသော သူသည် ပျက်စီးဆင်းရဲမည်ဖြစ်၏ဟု ဖြေဆိုတော်မူပါသည်။ စတုတ္ထ မေးခွန်း၏အဖြေတွင် ထိုအချက်တစ်ချက်သာပါပါသည်။ အရေးကြီး သည့်အချက်ဖြစ်သောကြောင့် တစ်ခုတည်းသာထား၍ ဖြေဆိုတော်မူဟန် တူပါသည်။

### ဆွေးနွေးချက်များ

စာရေးသူဟာ သားနဲ့မိဘ အမည်နဲ့စာအုပ်တစ်အုပ် ရေးသားခဲ့ပါ တယ်။ အဲဒီစာအုပ်ကို ဖတ်ပြီးတဲ့နောက် မိဘများအပေါ်မှာ မပြေလည်တဲ့ စိတ်ထားတွေ ထားခဲ့မိတဲ့သားသမီးများ အသိတရားရကြတယ်ဆိုတဲ့ သတင်းစကားများ ကြားရပါတယ်။ စာရေးသူထံကို စာရေးပြီး ကျေးဇူး တင်တယ်လို့ ပြောတဲ့သူငယ်များ သူငယ်မများရှိပါတယ်။ စာရေးသူက လည်း သူတို့ကို ကျေးဇူးအထူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲသည်လိုစာအုပ်မျိုးကို ဖတ်ဖော်ရကြလို့၊ နောက်ပြီး အလေးအနက် နှလုံးသွင်းပြီး နာယူမှတ်သားကြလို့ ဖြစ်ပါတယ်။

မိဘနဲ့သားသမီးကြားမှာ မေတ္တာအစေးမပြယ်သရွေ့ မေတ္တာရေ

စက်မကုန်သရွေ့ မေတ္တာငွေ့များရှိနေသရွေ့ မိဘနဲ့သားသမီးတို့ အတူတူ ပေါင်းစပ်တည်ဆောက်ကြရတဲ့ မိသားစုဘဝဆိုတာ ရှိနေမှာဖြစ်ပါတယ်။ မိသားစုဘဝရှိနေမှသာလျှင် လူမှုအဖွဲ့အစည်းဆိုတာ ရှိနေမှာဖြစ်ပါတယ်။ လူမှုအဖွဲ့အစည်းဆိုတာ ရှိမှသာလျှင် မြို့ရွာတိုင်းကားနိုင်ငံများလည်း စည်ပင်ဖွံ့ဖြိုးမယ် ဖြစ်ပါတယ်။ တချို့ကတော့ ပြောကြပေလိမ့်မယ်။ နိုင်ငံခြားမှာ မိဘနဲ့ သားသမီးတို့ နေထိုင်ကြတာ ခပ်ကင်းကင်းပါပဲ။ မိဘကလည်း သားသမီးတွေဆီက ဘာမျှမမျှော်လင့်ကြပါဘူး။ သားသမီးကလည်း မိဘတွေဆီက အထောက်အပံ့ကို အရွယ်ရောက်တာနဲ့ မယူတတ်ကြပါဘူး။ ဒါပေမဲ့ သူတို့မြို့ရွာ သူတို့နိုင်ငံတွေဟာ စည်ပင်ပဗျာလို့ပေါ့။ မြန်မာနိုင်ငံမှာ လူကနေပြီး စိတ်က နိုင်ငံခြားဖြစ်မှ အထင်ရောက်နေရင်တော့ အဲသည်လိုပြောတဲ့နေရာမှာ အားပါကြမှာပါပဲ။

တိုးတက်မှုကို ရုပ်ဝတ္ထုပစ္စည်းနဲ့သာ တိုင်းတာဆုံးဖြတ်ကြမယ်ဆိုရင်တော့ တိုးတက်တဲ့နိုင်ငံတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ မိသားစုဘဝကို ကိုယ်ကလေးဘဝတုန်းကလည်း ပီပြင်အောင်မရခဲ့ကြတဲ့အတွက် ကိုယ်က မိဘဖြစ်လာတော့လည်း သားသမီးကို လိုတာပေးရင် တာဝန်ကျေပြီလို့ အပေါ်ယံရှုပ်ပြီး တွေးတတ်ကြပါတယ်။ အဲဒီလို မွေးမြူထိန်းသိမ်းခြင်းမှာ ရုပ်ဝတ္ထုပစ္စည်း လိုတာရပြီးတော့ ထွေးနွေးတဲ့မေတ္တာကို မခံစားခဲ့ရတဲ့သူများဟာ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေ များတတ်ပါတယ်။ မိဘများကို ရင်းနှီးခင်မင်တဲ့မိတ်ဆွေများအဖြစ် သဘောမထားနိုင်ခဲ့ကြလို့ အထီးကျန်ခံစားမှုများ ခံစားနေတတ်ကြပါတယ်။

အဲဒါကြောင့် ရုပ်ဝတ္ထုပစ္စည်းများ အလျှံပယ်ပေါများတဲ့ နိုင်ငံများမှာ လူမှုရေးပြဿနာများ ကြီးတတ်ကြပါတယ်။ ဥပမာ ပြရမယ်ဆိုရင် တိုးတက်ပါတယ်ဆိုတဲ့နိုင်ငံများက သတင်းများကိုဖတ်ရှုလိုက်ရင် အများကြီးတွေ့ရမယ်ဖြစ်ပါတယ်။ အလွန်ချမ်းသာတဲ့ အထက်တန်းလွှာမိဘ



များကို မထီမဲ့မြင်ပြုပြီး သားသမီးတွေက လုပ်ချင်ရာကို လုပ်နေကြတာ။ မိမိရဲ့မျိုးရိုးစဉ်လာကို မထီမဲ့မြင်ပြုပြီး ဖြစ်ချင်သလိုဖြစ်နေကြတာဟာ သူတို့ဆီမှာ လူအများစု စိတ်ဝင်စားစွာ ဖတ်ရှုနေကြတဲ့ သတင်းများဖြစ်နေပါတော့တယ်။

တစ်ခါတုန်းက နိုင်ငံခြားသာသနာပြုအတွေ့အကြုံထဲက စိတ်ဝင်စားဖွယ်ရာအကြောင်းများကို ပြန်ပြီးဟောလေ့ရှိတဲ့ ဆရာတော်ဦးဇောတိကရဲ့ တရားထဲမှာပါတဲ့ မြန်မာဘုန်းတော်ကြီးများ တရားဟောပြောပြသနေတဲ့ရိပ်သာကို အိပ်မပျော်လို့ အိပ်ပျော်အောင်လုပ်ပေးပါလို့ လာပြောတဲ့ အမေရိကန်မတစ်ယောက်အကြောင်းဟာ အလွန်စိတ်ဝင်စားစရာကောင်းပါတယ်။ သူက မူးယစ်ဆေးလည်း စွဲနေပါသတဲ့။ ပြီးတော့ အမေဖြစ်သူကိုလည်း အလွန်မုန်းတီးနေပါတယ်။ အမေက သူ့ကို ငယ်စဉ်တုန်းက ဂရုမစိုက်ခဲ့ဘူးလို့ သူကယူဆပါတယ်။ အမေကို မုန်းရုံမကပါဘူး။ ဘယ်သူ့ကိုမှ သူမချစ်ပါဘူးတဲ့။ မောင်တစ်ယောက်ရှိတာကိုလည်း မတွေ့တာ အတော်ကြာပြီလို့ ပြောပါသတဲ့။

ဆရာတော်များက သူ့ကိုလက်ခံပြီး စကားစမြည်ပြောရင်း တရားဟောပြောပြသရင်း စိတ်အေးချမ်းအောင် မေတ္တာတရားထားတတ်အောင် သွန်သင်ပေးကြတဲ့အခါ သူဟာ အမေ့ကိုလည်း ပြန်ပြီးချစ်ခင်လာပါသတဲ့။ သမီးကို အလွန်တွေ့ချင်နေရှာတဲ့ အမေကြီးကိုလည်း သူက အတွေ့ခံပါသတဲ့။ စိတ်ဓာတ်လည်း ပျော့ပျောင်းအေးဆေးသွားပြီဖြစ်တဲ့အတွက် အိပ်လို့လည်း ပျော်သွားပါသတဲ့။ မူးယစ်ဆေးလည်း ပြတ်သွားပါသတဲ့။အဲဒီအကြောင်းဟာ မိဘနဲ့သားသမီးများ ငယ်စဉ်အခါကတည်းက စည်ဆက်မပြတ် ချစ်ခင်တာကို ကြင်နာတာကို မပြသနိုင်ခဲ့ကြလို့ စိတ်တွေကြော့ကြမ်းပြီး ရိုင်းစိုင်းနေတယ်ဆိုတာကို သာဓကတင်စရာဖြစ်ရပ်တစ်ခုလို့ ဆိုနိုင်ပါတယ်။

ရုပ်ဝတ္ထုအရတိုးတက်ပြီး ပစ္စည်းပစ္စယပြည့်စုံရုံနဲ့ လူ့ဘဝမှာ

ပြီးပြည့်စုံကြတာ မဟုတ်ပါဘူး။ လူ့ဘ၀နေကြစဉ်မှာလည်း အေးချမ်းသာယာစွာ နေနိုင်ပြီး မိမိရဲ့အကျိုး နိုင်ငံတော်ရဲ့အကျိုး လူ့လောကရဲ့အကျိုးများကို တတ်စွမ်းနိုင်သလောက် ဆောင်ရွက်နိုင်ရမယ် ဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝတဲ့သူများဟာ သူတို့ရဲ့ကြွယ်ဝမှုနဲ့လိုက်လျောတဲ့ အလှူအတန်းများ လုပ်လေ့ရှိကြပါတယ်။ ဒါပေမဲ့ အလှမ်းကျယ်ပြီး အလယ်လပ်ဖြစ်နေကာ တကယ်တမ်း ကျေးဇူးဆပ်ရမယ့်သူများကို မဆပ်နိုင်လောက်အောင် ဖြစ်နေတတ်ပါတယ်။

တိုးတက်တဲ့နိုင်ငံများမှာ မိဘနဲ့သားသမီး လုံး၀မရင်းနှီးကြတော့ဘူးလားလို့မေးရင်တော့ အဲသည်လိုတော့ ၀ါးလုံးရှည်နဲ့ သိမ်းပြီးမပြောသင့်ပါဘူး။ ဒါပေမဲ့ ရင်းနှီးမှုကတော့ နည်းပါးတယ်ဆိုတာ ပြောလို့ရနိုင်ပါတယ်။ အဲသည်လိုဖြစ်တာဟာ တိုးတက်တယ်လို့ဆိုနိုင်တဲ့ အတွေးအခေါ် အယူအဆများကြောင့်လည်း ဖြစ်နိုင်ပါတယ်။ မိဘများကလည်း အတောင်အလက်စုံရင် ကိုယ့်ဘာသာကိုယ် ပျံတတ်အောင်လေ့ကျင့်ပေးပြီး တာဝန်မယူတတ်ပါဘူး။ သားသမီးများကလည်း ကိုယ့်ဘာသာကိုယ် စွမ်းနိုင်တယ်ဆိုတာကကို ရှေ့တန်းတင်ပြီး အဲဒီနေရာကိုရောက်အောင် အခြေခံပေးလိုက်ကြတဲ့မိဘများကို မေ့လျော့သွားတတ်ကြပါတယ်။

မြန်မာနိုင်ငံဟာလည်း တစ်စတစ်စနဲ့ နိုင်ငံတကာ ယဉ်ကျေးမှုရေစီးကြောင်းထဲကို ရောက်လာပြီဖြစ်ပါတယ်။ နိုင်ငံတကာက တိုးတက်မှုများကိုလည်း မြန်မာတို့ ပိုင်ဆိုင်လာကြတော့မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကိုယ့်ရှေ့ကလူတွေလို ရုပ်တိုးတက်မှုနဲ့ စိတ်တိုးတက်မှု ဟန်ချက်မညီ မဖြစ်စေရအောင် မြတ်စွာဘုရားဟောကြားတဲ့ တရားများကို ထိန်းသိမ်းလိုက်နာတတ်ကြဖို့ လိုအပ်ပါတယ်။ မြတ်စွာဘုရားဟောကြားတဲ့တရားများအရ နေထိုင်ရင် နောက်ဘ၀ရောက်မှ ကောင်းစားတာမဟုတ်ပါဘူး။ ဘ၀ရဲ့ပြည့်စုံခြင်းဆိုတဲ့ ရလဒ်ကို ချက်ချင်းပိုင်ဆိုင်နိုင်ပါတယ်။ အဲဒါကြောင့် မိဘများကို လုပ်ကျွေးတတ်တဲ့သူဟာ ကောင်း



မွန်ပြည့်စုံတဲ့ဘ၀ကို ရတတ်တယ်။ မိဘကို လစ်လျူရှုတဲ့သူဟာ တစ်ပြိုင်နက်တည်းမှာ ကျေးဇူးရှင်ကို ကျေးဇူးစွပ်တဲ့အပြစ် ဆရာသမားများကို စော်ကားတဲ့အပြစ်စတဲ့ အပြစ်မျိုးစုံကို တစ်ပြိုင်နက်တည်း ကျူးလွန်ရာရောက်ပါတယ်။

ဘာကြောင့်လဲဆိုတော့ မိဘဟာ မြင်းမိုရ်တောင်ဦးမကကျူးတဲ့ ကျေးဇူးရှင်များ မိမိကိုဘ၀ပေးသူ၊ အသက်ပေးသူများ အစဦးဆုံး အဘက်ဘက်က လိုအပ်တဲ့ပညာများကို သင်ကြားပေးတဲ့ဆရာများ ဖြစ်နေလို့ပါပဲ။

မြန်မာနိုင်ငံမှာတော့ မိဘများဟာ သားသမီးကို ဘယ်တော့မျှ ကြီးတယ်လို့ မထင်တတ်ကြပါဘူး။ အသက်အလွန်ကြီးတဲ့ မိခင်က အသက်ကြီးသလောက် ရာထူးဌာနန္တရရှိနေပြီဖြစ်တဲ့ သားသမီးကို သူကလူကလေးလို့ထင်တုန်း မိန်းကလေးလို့ ခေါ်တုန်းပဲဖြစ်ပါတယ်။ ရာထူးကြီးကြီး ဩဇာတိက္ကမကြီးကြီး ပုဂ္ဂိုလ်များကလည်း မိဘကိုရော မိဘအရွယ် လူကြီးသူမများကိုရော ချစ်ခင်လေးစားစွာ ဆက်ဆံတတ်ကြပါတယ်။ အင်မတန်ကြီးကျယ်တဲ့သူများဟာ အဲသည်လိုမိဘကိုရော မိဘအရွယ်ပုဂ္ဂိုလ်များကိုရော ချစ်ခင်လေးစားစွာ ဆက်ဆံတာ ယုယညှာတာတာကို မြင်ကြရတဲ့လူတွေက ဘယ်လိုသဘောထားပါသလဲ။ မြင်ရတာကို ပီတိဖြစ်ပြီး အဲဒီပုဂ္ဂိုလ်ကို ပိုပြီးလေးစားကြည်ညိုသွားမှာ ဖြစ်ပါတယ်။ အဲဒီလိုလူမျိုးဟာ မင်္ဂလာရှိတဲ့လူမျိုး ဖြစ်ပါတယ်။ မင်္ဂလာဆိုတာ တိုးတက်ကြီးပွားခြင်းကို သယ်ဆောင်သောတရားများဖြစ်ပါတယ်။

စာရေးသူတို့ဟာ မင်္ဂလာတရားနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိကြပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ ဖြစ်ရပ်ကလေးတစ်ခုကို ပြောပြချင်ပါတယ်။ လွန်ခဲ့တဲ့ငါးနှစ်လောက်က ဘာသာခြားအသုဘတစ်ခုကို စာရေးသူတက်ရောက်ခဲ့ပါတယ်။ ဘုရားကျောင်းမှာ ရုပ်ကလာပ်ကိုထားပြီး ရွတ်ဖတ်ကြတဲ့ပွဲ ဖြစ်ပါတယ်။ မိခင်ကြီးကို ကောင်းစွာပြုစုစောက်ရှောက်ခဲ့သူ သမီးကလေးရဲ့ပရိဒေဝကို ပရိသတ်က စာနာသနားနေကြပါတယ်။

ရတ်တရက်ဆိုသလို သူတို့ရဲ့ဘုန်းတော်ကြီးက သမီးကလေး သမီးကလေးဟာဖြင့် မိခင်ကြီးကို ကောင်းစွာလုပ်ကျွေးသူ ဖြစ်ပေတယ်။ သမီးကလေးဟာ မာတာပိတုဥပဋ္ဌာန်ဆိုတဲ့ မင်္ဂလာတရားနဲ့ ပြည့်စုံမှာပါ ပဲလို့ အများပရိသတ်ပါ ကြားလောက်တဲ့အသံနဲ့ ပြောလိုက်ပါတယ်။ စာရေးသူဟာ ဗုဒ္ဓသာသနာဝင် အဆုံးအမကို တိုက်ရိုက်ယူပြီး ပြောဆို ဆုံးမသွားတာကို ကြားပြီးတဲ့နောက် အတော်မပြေလည်တဲ့ ခံစားမှုကို ခံစားရပါတယ်။ နောက်ပိုင်းမှာတော့ ကံနှင့် ကံ၏အကျိုးကို လက်ခံတဲ့ ယုံကြည်မှုသည်သာ လက်တွေ့ကျတာကြောင့် ယူပြီးသုံးလိုက်တာ ဖြစ်နိုင် တယ်လို့ ယူဆလိုက်ပါတယ်။ ဒါ့အပြင် ဗုဒ္ဓရဲ့အဆုံးအမဟာ မြန်မာနိုင်ငံ မှာ ရှိနေတဲ့သူများနဲ့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ရင်းနှီးတာကောင်းတာပေါ့ လေလို့ တွေးမိပါတယ်။

မိဘများကို လုပ်ကျွေးပြုစုဖို့သာ မကပါဘူး။ ကျေးဇူးရှိသူကို ကျေးဇူးသိရမယ်၊ ဆပ်ရမယ်ဆိုတာကလည်း မင်္ဂလာတရားတစ်ပါး ဖြစ်ပါတယ်။ ကျေးဇူးရှင်များထဲမှာ မိဘက ကျေးဇူးအရှိဆုံးသောသူများ ဖြစ်ပါတယ်။ မိမိကို မိဘများက ဘဝပေးခဲ့ပါတယ်။ အဲဒီလိုဘဝကို ပေးတယ်ဆိုတာက အသက်ရှင်နေတဲ့ လူကလေးတစ်ယောက်အဖြစ် မွေးဖွားပေးလိုက်တာတင် မကပါဘူး။ လက်ဦးဆရာများဖြစ်တဲ့ မိဘ များက အခြေခံအားဖြင့် လူတစ်ယောက်တတ်အပ်တဲ့ ဘာသာစကား အခြေခံလှုပ်ရှားမှုများ နေနည်းထိုင်နည်းများ ဓလေ့ထုံးစံများကိုလည်း သင်ကြားပေးပါတယ်။ အစားအသောက်များကိုလည်း ကျွေးမွေးပါ တယ်။ အစားအစာကျွေးမွေးတာနဲ့ ပတ်သက်ပြီး သာကေပြစရာတွေ လူ့လောကမှာ အများကြီးရှိပါတယ်။ လူသားများမပြောပါနဲ့။ တိရစ္ဆာန် များတောင်မှ မိမိတို့သားသမီးများကို သက်စွန့်ဆံဖျား အစာရှာဖွေပြီး ကျွေးမွေးကြတာ တွေ့ကြရပါတယ်။ အစားအစာကို သယ်ဆောင်လာဖို့ ခက်ခဲတဲ့တိရစ္ဆာန်များဟာ သားသမီးများကို အန်ပြီးကျွေးတာကို စာရေး



သူ သတင်းကားတစ်ခုထဲမှာ မြင်ဖူးပါတယ်။ တိရစ္ဆာန်များဟာ မိမိတို့ သားသမီးများကို ကျွေးမွေးပြုစုတာက အစားအစာမျှသာဖြစ်ပါတယ်။ လူများမှာတော့ အဝတ်အစားကိုလည်း ဆင်ကြရပါတယ်။ အနေအစား ပြည့်စုံအောင် အဘက်ဘက်က ဖြည့်ဆည်းပေးရပါတယ်။ အဲသည်လို သားသမီးများကို ဖြည့်ဆည်းပေးတဲ့အခါ မိမိတို့အနေနဲ့ အနေအစား များစွာမြိုးခြိုးကြရပါတယ်။ ကိုယ့်ဒူးကိုယ်ချွန်ပြီး ကြိုးစားလာကြတဲ့သူများ ဟာ ငယ်စဉ်တုန်းက မနေခဲ့ရ မစားခဲ့ရတဲ့ အနေအစားများကို သားသမီး တွေကိုပေးရရင် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်ကြပါတယ်။ ကိုယ် မစားလည်း ဝနေတတ်ပါတယ်။

သားသမီးများကို အပူအချမ်း မှက်ကိုက် ခြင်ကိုက်ကစပြီး သဘာဝ ဘေးရန်အမျိုးမျိုးက လွတ်ကင်းအောင် ကာကွယ်ပေးတတ်ကြပါတယ်။ လူမှုရေးဒုက္ခများကိုလည်း မိဘများက ရင်မြေကတုတ်လုပ်ပြီး အကာ အကွယ်ပေးတာပါပဲ။ စိတ်သဘောထား နူးညံ့ပျော့ပျောင်းတဲ့သူ ကြောက် တတ်တဲ့သူဖြစ်ပါစေ။ သားသမီးအရေးနဲ့ကြုံလာရင် ခက်ထန်မာကျော သွားတာပါပဲ။ သား ဘာမျှမပူနဲ့ အဖေရှိတယ်။ သမီး ဘာမျှမပူနဲ့ အမေရှိတယ် စသည်ဖြင့်ပေါ့လေ။ သားသမီးအတွက်နဲ့ဆိုရင် ကြောက်ရ မှန်း လန့်ရမှန်းမသိ စွန့်စားတတ်ကြပါတယ်။ သားသမီးကို ကာကွယ် လိုဇောနဲ့ ရိုင်းသွားတတ်တဲ့ အိမ်မွေးကြောင်တွေ ခွေးတွေက မိဘများရဲ့ သဘာဝကို သက်သေပြနေတတ်ပါတယ်။

ဘဝဇာတ်ခုံမှာ ဇာတ်ကွက်က အမျိုးမျိုးပြောင်းနေလေတော့ မိဘ ဆိုတဲ့ ဇာတ်ရုပ်များဟာလည်း အမျိုးမျိုးပြောင်းပြီး ကပြကြရပါတယ်။ မူလစရိုက်အားဖြင့် အေးဆေးသူဟာ သားသမီးကို ကာကွယ်လိုဇောနဲ့ ရန်လိုလာတတ်သလို မူလစရိုက်က မာန်မာနကြီးမားသူ ခက်ထန်သူဖြစ် ပေမယ့် မိမိရဲ့သားသမီးများအတွက် မျက်နှာအောက်ချရမယ်ဆိုရင် လည်း မာနကိုချဖို့ ဝန်မလေးတတ်ကြပါဘူး။ ဥပမာအဖြစ်ပြရမယ်ဆိုရင်

အများကြီးပါပဲ။ ရာဇဝတ်ပြစ်မှု ရောက်နေတဲ့ သားသမီးများအတွက် မိဘများက တောင်းပန်တတ်ကြတာတွေ ခယတတ်ကြတာတွေကို များစွာတွေ့ရတတ်ပါတယ်။

မိဘများဟာ သားသမီးများအတွက် ဆောင်ရွက်ရမယ်ဆိုရင် ကိုယ့်အတွက် ကိုယ်တောင်မှ မစွန့်စားတဲ့ အတိုင်းအတာအထိရောက်အောင် စွန့်စားတတ်ကြပါတယ်။ အဲသည်လိုစွန့်စားဆောင်ရွက်လိုက်လို့ သားသမီးများမှာ ဘေးရန်ကင်းသွားပြီ လိုအင်ဆန္ဒနဲ့ပြည့်စုံသွားပြီဆိုရင် ငါတို့တော့ သေပျော်ပါပြီလို့ တွေးတတ် ပြောတတ် ခံယူတတ်ကြပါတယ်။ စာရေးသူ ရေးနေတာနဲ့ အနည်းနဲ့အများဆိုသလို သွေဖည်နေကြတဲ့ မိဘများရှိနိုင်ပါတယ်။ လောကမှာ လူအမျိုးမျိုးရှိတတ်ကြတာကိုး။ ဒါပေမဲ့ သားသမီးများကို ချစ်တတ်ကြတဲ့သူက များပါတယ်။ အထူးသဖြင့် မိခင်များဆိုရင် စိတ်နောက်လို့ သွက်သွက်ခါနေပါစေ။ ကိုယ်မွေးတဲ့ သားသမီးကိုတော့ ချစ်တတ်လိုက်တာ တုန်နေတာပါပဲ။

အဲသည်လို ဘာနဲ့မှုအစားထိုးလို့မရနိုင်တဲ့မေတ္တာရှင် အသက်သခင် ကျေးဇူးရှင်များကို သားသမီးဖြစ်သူများက ကိုယ်တိုင်လည်းပြည့်စုံနေပါလျက် လုပ်ကျွေးပြုစုနိုင်ပါလျက် မလုပ်ကျွေး မပြုစုခဲ့သော် အဲဒီသားသမီးသည် ပျက်စီးတတ်တယ်လို့ ပရာဘဝသုတ် စတုတ္ထမေးခွန်းရဲ့ အဖြေအဖြစ် မြတ်စွာဘုရားက ဖြေဆိုတော်မူခဲ့တာ ဖြစ်ပါတယ်။ အဲဒီအချက်ကို ထပ်ပြီးပြောရတာကတော့ အကြောင်းအကျိုးဆက်စပ်မှု အလွန်ရှိတာကို ဆွေးနွေးချင်လို့ပဲ ဖြစ်ပါတယ်။ သားသမီးတို့မှာ မိမိတို့ကိုယ်တိုင် မပြည့်စုံလို့ စားရမဲ့ သောက်ရမဲ့ ဖြစ်နေတယ်ဆိုရင်တော့ မိဘများကို ပြုစုထောက်ပံ့ကြဖို့ အလွန်ခက်ပါလိမ့်မယ်။ မိမိတို့အနေနဲ့ ပြည့်စုံကုံလုံမှုရှိနေပါလျက် မပြုစုရင်တော့ တကယ့်ကို ကျေးဇူးမသိတတ်ရာ ကျေးဇူးကန်းရာကို ရောက်ခဲ့ပြီဖြစ်ပါတယ်။ အဲသည်လို လူမျိုးကတော့ ပျက်စီးရမှာဖြစ်ပါတယ်။



စာရေးသူဟာ ဇာတ်တော်နိပါတ်တော်များက သာဓကများကို မပြတော့ဘဲနဲ့ စာရေးသူရဲ့ပတ်ဝန်းကျင်မှာ တွေ့ဖူးတဲ့ပုဂ္ဂိုလ်တစ်ယောက်ကို သာဓကအဖြစ် ပြလိုပါတယ်။ အရင်တစ်ပတ်က စတုတ္ထအဖြေကို မှားယွင်းထည့်သွင်းလိုက်မိလို့ အဲဒီသာဓကကို ဖတ်ဖူးကြတဲ့သူများ ရှိပါလိမ့်မယ်။ သာဓကပြလိုသူက ကွယ်လွန်သွားခဲ့ပါပြီ။ သူဟာ အတော်မြင့်မားတဲ့ ရာထူးကို ရခဲ့ဖူးပါတယ်။ ငယ်စဉ်က ဆင်းဆင်းရဲရဲနဲ့ ကြီးပြင်းခဲ့ရသူဖြစ်ပါတယ်။ စာတော်ပါတယ်။ နိုင်ငံရပ်ခြားမှာ ပညာသင်ယူခဲ့ဖူးသလို နိုင်ငံရပ်ခြားမှာ အဆင့်မြင့်တဲ့တာဝန်ကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါတယ်။

ဆင်းရဲသား ပညာတတ် ရာထူးဂုဏ်သိန်ရှိတဲ့သူဟာ ကြွယ်ဝတဲ့ဂုဏ်ရှိတဲ့မိသားစုက အမျိုးသမီးနဲ့အိမ်ထောင်ကျခဲ့ပါတယ်။ အဲသည်လိုအိမ်ထောင်ကျပြီးတဲ့နောက်မှာ ဖြစ်ပွားပေါ်ပေါက်ခဲ့သမျှ အကျိုးကျေးဇူးတို့ကို အမျိုးသမီးကပဲ သိမ်းယူပါတယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ မိသားစုကတော့ ဆင်းတောင့်ဆင်းရဲဖြစ်ပြီး ကျန်ရစ်ပါတယ်။ သူရဲ့မိခင်ကြီးဟာ ခိုကိုးရာမဲ့ဖြစ်ပြီး နေစရာ ထိုင်စရာမရှိလို့ သူများအိမ်မှာ သွားပြီးနေရပါတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ စည်းစိမ်ဥစ္စာနဲ့ပြည့်စုံပြီး အလုပ်ခွင်မှာလည်း တိုးတက်နေခဲ့ပါတယ်။

အဲသည်လို သူ့ဘဝမှာ တိုးတက်နေတုန်းအချိန်မှာပဲ သူရဲ့မိခင်ကြီးဟာ သူများအိမ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။

လောကခံဆိုးလေးပါး အလှည့်ကလည်း မိခင်ကြီး ကွယ်လွန်တဲ့အခါမှာ ပိုပြီးလျင်မြန်လာပါတယ်။ သားသမီးများရဲ့ဒဏ်ကို ခံစားရတာဆက်တိုက်ဆိုသလို ဖြစ်လာပါတယ်။ သားသမီးများအနေနဲ့ ကိုယ့်မိခင်ကိုလည်း လေးစားနိုင်ခြင်းမရှိခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖခင်ကြီးနဲ့ ဖခင်ကြီးဘက်က အဆွေအမျိုးများကို ဆဲရေးတိုင်းထွာနေတတ်သူ၊ သူတစ်ပါးကို အနိုင်ကျင့်တတ်သူဆိုတော့ သူတို့မိခင်ကို မလေးစား

တော့ပါဘူး။ မိခင်ကိုသာ မလေးစားတာပါ။ မိခင်ရဲ့ပုံတူကလေးတွေတော့ ဖြစ်လာပြန်တာပါပဲ။ မိခင်က ဖခင်ရဲ့ မကောင်းကြောင်း အမျိုးညံ့ကြောင်းတွေကို ပြောနေတာဆိုတော့ ဖခင်ကိုလည်း သားသမီးများက အထင်မကြီးပါဘူး။ အထူးသဖြင့် ဖခင်ဟာ ကိုယ်ကောင်းကောင်းနေဖို့ စားဖို့အတွက် သူ့မိခင်ကြီးကို ပစ်ထားရက်တာကို သိကြလေတော့ ဖခင်ကို အတွင်းစိတ်ထဲကနေပြီး အထင်အမြင်သေးနေကြမှာပါပဲ။

သားသမီးများ ဆေးဝါးသုံးစွဲမှုနဲ့ အရေးယူခံကြရပါတယ်။ အဲဒီပုဂ္ဂိုလ်ကြီးလည်း အငြိမ်းစားယူခဲ့ရပါတယ်။ သူဟာ မိခင်ရင်းကိုတောင်မှ ပစ်ပစ်ခါခါလုပ်ဖို့ ဝန်မလေးတဲ့သူဆိုတော့ အများသူငါရဲ့အပေါ်မှာလည်း သိပ်ကောင်းခဲ့တာ မဟုတ်ပါဘူး။ အဲဒီတော့ အငြိမ်းစားယူတဲ့အခါမှာ လေးလေးမြတ်မြတ် ဆက်ဆံတဲ့သူ အလွန်နည်းပါးပါတယ်။ တစ်ခါကတော့ သူရေးတဲ့စာအုပ်ကို လာရောင်းရင်း သူ့ကို ဇနီးဖြစ်သူက ထမင်းမကျွေးတော့တဲ့အကြောင်း အိမ်ပေါ်မှာမနေနဲ့လို့ နှင်ချတဲ့အကြောင်း သားဖြစ်သူကလည်း အရက်သောက်ပြီး သွေးဆိုးကြောင်း သူဟာ နောက်ဖေးတန်းလျားမှာ နေရတဲ့အကြောင်း ငိုသံပါပါနဲ့ ပြောသွားပါတယ်။ တစ်ခါမှာတော့ မုန့်ဆိုင်တန်းမှာ ခေါက်ဆွဲစားနေတာကို တွေ့လိုက်ရပါတယ်။ စာရေးသူက သြော် ဒါဟာ မနက်ရော ညပါ တပေါင်းတည်းစားရတဲ့ ထမင်းများလားလို့ တွေးလိုက်မိပါတယ်။ အမေဖြစ်သူကို မသေခင် ကိုယ့်လုပ်စာနဲ့ ဘယ်နှနပ်များကျွေးဖူးခဲ့ပါလိမ့်လို့လည်း တွေးလိုက်မိပါတယ်။

သူ့ကိုတွေ့တဲ့သူများကလည်း စားပါသောက်ပါလို့ မဖိတ်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အကုသိုလ်မှုကို သိကြတဲ့သူက များနေတာကိုး။ အဲသည်လိုနဲ့ သူဟာ ကျက်သရေညှိုးမှိန်တဲ့သူ မေတ္တာငတ်တဲ့သူ အဖြစ်နှစ်အတန်ကြာ အသက်ရှင်နေခဲ့ပြီး သေဆုံးသွားခဲ့ပါတယ်။ သူ့ရဲ့နာရေးကြော်ငြာမှာ မည်သူ၏ချစ်လှစွာသောခင်ပွန်းလို့ ရေးထားတာတွေ



သားသမီးများ၏အမည်နောက်က... တို့၏ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်ကြီးလို့ ရေးထားတာတွေကို ဖတ်မိတဲ့အခါ လောကဟာ တယ်ပြီးမာယာများပါကလားလို့ တွေးမိပါတယ်။

တကယ်တော့ သူဟာ ဟုတ်ဟုတ်ငြားငြား ဘာကိုမှ သယ်ဆောင်မသွားနိုင်ခဲ့ပါဘူး။ ဘာကိုရော ချန်ထားနိုင်ခဲ့ပါသလဲလို့ မေးရင် ကောင်းမြတ်တဲ့အစဉ်အလာဆိုလို့ ဘာတစ်ခုကိုမှ ချန်မထားနိုင်ခဲ့ပါဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ အဲသည်လိုဖြစ်တာဟာ သူကိုယ်တိုင်က စပြီးမှားခဲ့လို့ ဖြစ်ပါတယ်။ ဇနီးဖြစ်သူက ငယ်ရွယ်တယ်၊ ကြွယ်ဝတဲ့မိသားစုဆွေမျိုးအသိုက်အဝိုင်းကောင်းတဲ့ မိသားစုကနေ ဆင်းသက်လာခဲ့တဲ့သူဖြစ်ပါတယ်။ ဒါပေမဲ့ သူ့သတိထားရမှာက ရာထူးဂုဏ်သိန်ဟာ သူကိုယ်တိုင်က ပညာတော်လို့ ရတာဖြစ်ပါတယ်။ တစ်ဖက်ကလည်း သူ့ဂုဏ်ကိုမှီလိုတဲ့အတွက် ပေးစားတာ ဖြစ်ပါတယ်။ အဲဒီတော့ သူဟာ အင်မတန်သဘာဝကျတဲ့တောင်းဆိုမှုကို လုပ်သင့်ပါတယ်။ အမေဖြစ်သူကို လုပ်ကျွေးနိုင်ခွင့်ပေးဖို့ ဖြစ်ပါတယ်။ အတူတူမနေရရင်တောင်မှ မိခင်ကြီးကို ပြုစုခွင့်နဲ့ ထောက်ပံ့ခွင့် သူ့မှာရှိသင့်ပါတယ်။ တကယ်လို့ သူ့ဇနီးသည်ဟာ မယူခင်ကတစ်မျိုး ယူပြီးတော့တစ်မျိုး ဖြစ်သွားတယ်ဆိုရင် သူက နောက်ထပ်ဝင်ငွေရအောင်ရှာပြီး မိခင်ဖြစ်သူကို ထောက်ပံ့ရမှာဖြစ်ပါတယ်။

အခါအားလျော်စွာ မိခင်ထံကိုသွားရောက်ကာ မာရေးသာရေးနဲ့ ပတ်သက်ပြီး မေးမြန်းတာ ပြုစုတာစတဲ့ အလုပ်မျိုးတွေကို လုပ်ပေးသင့်ပါတယ်။ သားသမီးများကိုလည်း နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ပြသင့်ပါတယ်။ ဇနီးဖြစ်သူကိုလည်း ဆုံးမသွန်သင်ပေးဖို့ သင့်ပါတယ်။ စာရေးသူ သိသလောက်ပြောရရင် သူ့ဇနီးဖြစ်သူကို ဩဇာညောင်းသင့်သလောက် ညောင်းနိုင်တဲ့ အစ်ကိုကြီးမိသားစုဟာ ရတနာသုံးပါးကို ရှိသေကိုင်းရှိုင်းသူ များဖြစ်ကြပါတယ်။ အစောပိုင်းကတည်း

က သူ့ရဲ့ရုပ်တည်ချက်က မှန်ကန်နေတယ်ဆိုရင် သူ့ကဆုံးမလို့ မရရင်တောင်မှ အားလုံးကဝိုင်းပြီး နားချဖျောင်းဖျပေးနိုင်ချေ ရှိပါတယ်။

သူဟာ သူ့ကိုယ်ပွားကလေးများကို လူ့လောကမှာထားခဲ့ပြီး ကွယ်လွန်သွားခဲ့တဲ့အတွက် သူ့ပတ်ဝန်းကျင်ကတော့ တကယ့်ကို နစ်နာတာပါပဲ။ မိဘကျေးဇူးကို မသိသူများဟာ ကိုယ့်ကိုယ့်ကို ဘယ်မှာထိန်းနိုင်ပါ့မလဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတော်ကောင်းများရဲ့ အဆုံးအမကို မရနိုင်လို့ဘဲ ဖြစ်ပါတယ်။ သူတော်ကောင်းများရဲ့အဆုံးအမကို မရနိုင်ဘူးဆိုတာကတော့ သူကိုယ်တိုင် အဲဒီအဆုံးအမများကို သတိမမူလို့ပါပဲ။ စာပေနဲ့ရင်းနှီးတဲ့သူတစ်ယောက်ဟာ ခိုကိုးရာမဲ့ဖြစ်နေတဲ့မိခင်ကို ပြုစုစောင့်ရှောက်ရမယ်ဆိုတဲ့အကြောင်းကို နည်းနည်းကလေးမျှ သတိမထားတာကတော့ စာပေထဲမှာရှိတဲ့ သူတော်ကောင်း အဆုံးအမများကို တွေ့ပါလျက်နဲ့ စိတ်မဝင်စားနိုင်လို့ သူ့နှလုံးသားဟာ အဲဒီလောက်သိမ်မွေ့နူးညံ့တဲ့အသိကို လက်ခံနိုင်လောက်အောင် မနူးညံ့လို့ ဖြစ်ပါလိမ့်မယ်။

မိမိကိုယ်တိုင် နေနိုင်စားနိုင်ဖြစ်ပါလျက်နဲ့ အမေကို လစ်လျူရှုထားနိုင်တာဟာ သူ့ဇနီးကိုတွယ်ငြိနေတဲ့ တဏှာစိတ်၊ ရာထူးဂုဏ်သိန်ရဲ့ အရှိန်အဝါ အမျိုးသမီးဘက်က အရှိန်အဝါတို့ကို လက်လွှတ်ရမှာ စိုးရိမ်နေတဲ့ လောဘစိတ်တို့ဟာ အမှန်တရား မြင့်မြတ်တဲ့တရားများကို မမြင်နိုင်အောင် ပိတ်ပင်ကာဆီးထားခဲ့ဟန်တူပါတယ်။

တကယ်တော့ အိမ်ထောင်ပြုတယ်ဆိုတာ ဘဝချင်းပေါင်းစပ်တာဖြစ်ပါတယ်။အိမ်ထောင်ဖက်ကို နှစ်သက်လက်ခံနိုင်ရင် သူ့ကို ဒီလိုအခြေအနေရောက်အောင် ပြုစုပေးလိုက်တဲ့သူတွေကိုပါ အတိုင်းအတာတစ်ခုအထိ လက်ခံကြရမှာဖြစ်ပါတယ်။ မိမိကိုယ်တိုင် မလိုက်နိုင်ရင်တောင်မှ တစ်ဖက်က အမေအဖေကို ထောက်ပံ့သင့်သလောက် ထောက်ပံ့ခွင့် သွားရောက်ပြုစုခွင့် ပေးသင့်ပါတယ်။ ဒါ့အပြင် အခါအားလျော်စွာ သားသမီးများကို သွားရောက်ပြုစုဖို့ တိုက်တွန်းသင့်ပါတယ်။ ကျေးဇူး



တရားဆိုတာ ဆပ်ရတယ်ဆိုတဲ့အသိ သားသမီးများမှာ ဖွံ့ဖြိုးလာဖို့ လိုအပ်ပါတယ်။ တစ်ဖက်က အသက်လည်းကြီးလာပြီ ကိုယ်တိုင်လည်း အသက်မမွေးနိုင်တော့ဘူးလို့ဆိုတဲ့အခါ အားငယ်ရှာမှာပဲ။ ငါတို့လည်း အဲသည်လိုဘဝမျိုးကို ရောက်ရမှာပဲ။ သနား စရာကောင်းလိုက်ပါဘိတော့တယ်လို့တွေးမိရင် ဆွေးမျိုးတော်စပ်ခြင်းမရှိရင်တောင်မှ ညှာတာမိကူညီမိမှာပါပဲ။

တချို့ကတော့ ငွေကြေးထောက်ပံ့ကြပါတယ်။ ဒါပေမဲ့ ကြင်နာသနားခြင်းမရှိပါဘူး။ ချေးထားတဲ့ငွေ ပြန်ပေးသလိုမျိုး ခပ်ထန်ထန်ပါပဲ။ ပြန်ဆပ်တာ ကျေးဇူးတင်လို့မပြောပေမယ့် ပြောနေသလိုဖြစ်နေပါတယ်။ မိဘများဟာ အသက်ကြီးပြီဖြစ်တဲ့အတွက် အချိန်များစွာ မကျန်တော့ပါဘူး။ အချိန်ရှိသခိုက်ကလေးမှာ ချစ်ခင်ကြင်နာပါကြောင်း လေးမြတ်ကြည်ညိုပါကြောင်း ကျေးဇူးဂုဏ်အတွက် ကျေးဇူးတင်ပါကြောင်း ပြောပြနိုင်မယ်ဆိုရင် အလွန့်ကို လုပတဲ့မေတ္တာကွန်ယက်ကို ဖြန့်ကျက်ပြီးသား ဖြစ်သွားမှာဖြစ်ပါတယ်။ သား သမီး ပေးတဲ့အစားအစာကို မေတ္တာပို့သပြီး စားကြတဲ့သူများပါတယ်။ တကယ်တော့ မိဘများကို လုပ်ကျွေးမွေးမြူရတာဟာ ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲတယ်လို့ဆိုဆို သူတို့တစ်တွေ ရုန်းကန်ခဲ့ရတာကို မမီပါဘူးဆိုတာ မကြာခဏ သတိထားတတ်ကြဖို့ လိုအပ်ပါတယ်။

မိဘကို လုပ်ကျွေးပြုစုတဲ့သူများကို စာရေးသူတို့ပတ်ဝန်းကျင်မှာလည်း မြင်နေတွေ့နေရတာပါပဲ။ သူတို့ဟာ လောကဓံကို ခံစားရတဲ့အခါမှာ နောက်ကျောလုံပါတယ်။ လောကဓံဆိုးလေးပါးကို ခံစားရတဲ့အခါမှာလည်း ငါဟာ မိဘကို လုပ်ကျွေးနေတဲ့သူ ဖြစ်တယ်၊ ငါ့အတွက် ကံဆိုးစရာအကြောင်း ရှိလာတဲ့တိုင်အောင် ဒီလိုမိဘကို လုပ်ကျွေးတဲ့ ကုသိုလ်က ငါ့ကိုကယ်ပေလိမ့်မယ်လို့ သတ္တိရှိရှိနဲ့ နေနိုင်ပါတယ်။ လောကဓံကောင်းလေးပါးကို ခံစားစံစားနေရတဲ့အခါမှာလည်း ငါဟာ

ကုသိုလ်ကောင်းမှုကို ပြုနေလို့သာ ဒီလိုကောင်းတဲ့အကျိုးဆက်ကို ခံစားရတာဖြစ်တယ်။ အဲဒါဟာ ငါ့မှာပူဇော်ရမယ့် မိဘရှိနေလို့ဖြစ်တယ်လို့ နှလုံးသွင်းနိုင်ပါတယ်။ မိဘကိုလုပ်ကျွေးတဲ့သူများဟာ ကုသိုလ်ကံကောင်း နည်းပါးခဲ့တယ်ဆိုရင်တောင်မှ အခုဘဝမှာ ပြုနေတဲ့ ကုသိုလ်တွေက ကယ်ပေလို့ ဆင်းရဲရင်တောင်မှ မငွဲ့ပါဘူး။

မိမိမှာ အလွန်မပြည့်မစုံ ဖြစ်နေတယ်ဆိုရင်တောင်မှ ငွေကြေးဥစ္စာမပါသည့်တိုင် ကြင်နာစွာဆက်ဆံပြီး ပြုစုယုယပေးတာဟာလည်း မိဘများကို စိတ်သက်သာရာရစေပါတယ်။ ပြည့်စုံနေတယ်ဆိုရင်တော့ အတိုင်းထက် အလွန်ပါပဲ။ အဲသည်လို အတိုင်းထက်အလွန်ကောင်းတဲ့ အခြေအနေရှိပါလျက် မိဘတို့ကို ပစ်ပယ်တဲ့သူများဟာ အခုဘဝမှာတင် ဝဋ်လည်တတ်ပါတယ်။ သားဆိုး သမီးဆိုးများနဲ့ တွေ့ရတတ်ပါတယ်။ လူသူအများက အထင်အမြင်သေးခြင်းကို ခံရတတ်ပါတယ်။ နောက်ဆုံးအချိန်မှာလည်း ကူမယ့်ကယ်မယ့်သူများနဲ့ ဝေးတတ်ပါတယ်။ ဘဝကူးတဲ့အခါမှာလည်း အယူလွဲနိုင်ချေ များစွာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ ဝန်မခံသည့်တိုင် အပြစ်ရှိရင် အတွင်းစိတ်ကသိနေလို့ဖြစ်ပါတယ်။

—

## ဗြဟ္မဏနှင့် သမဏပါ ယာစကာကို ဖိတ်ကြားပြီးမှ မလှူပါက ပျက်စီးရ၏။

နတ်သားက မြတ်စွာဘုရားကို အရှင်ဘုရား စတုတ္ထမြောက်ပျက်စီးခြင်းအကြောင်းကို သိရပါပြီဘုရား၊ ပဉ္စမမြောက် ပျက်စီးခြင်းအကြောင်းကို ဟောတော်မူပါဦး ဘုရားဟု လျှောက်ထားပြန်သည်။ မြတ်စွာဘုရားက အကြင်သူသည် ဗြာဟ္မဏကိုလည်းကောင်း သမဏကိုလည်းကောင်း ထိုမှတစ်ပါးသော ဖုန်းတောင်းယာစကာကိုလည်းကောင်း ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားထားပြီးဖြစ်ပါလျက် မုသားပြောဆိုခြင်းဖြင့် လှည့်ပတ်၏။ ထိုလှည့်ပတ်ခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်းဟု ဖြေဆိုတော်မူပါသည်။

**ဆွေးနွေးချက်များ**

စာရေးသူရဲ့စာကို ဖတ်နေကြတဲ့သူများထဲမှာ ပါဠိနဲ့ ပါဠိသက်ဝေါဟာရများကို နားလည်တဲ့သူ ကျွမ်းတဲ့သူ များပါမှာပါပဲ။ ထို့အတူ ပါဠိလိုရေးထားတာ ပါလာတာနဲ့ ဆက်ဖတ်ရမှာ ဝန်လေးသွားတဲ့သူများလည်း ပါမှာဖြစ်ပါတယ်။

အခုဒီစာကို ဖတ်နေကြတဲ့သူများကို အားပေးချင်တာကတော့ စိတ်မပျက်ပါနဲ့ ဆက်ဖတ်ပါ။ စာရေးသူလည်း ဖတ်ပြီး ပြန်ရေးတာဖြစ်ပါတယ်။ အခုပဉ္စမမေးခွန်းရဲ့အဖြေမှာပါတဲ့ ဗြာဟ္မဏဆိုတာ ဘယ်လိုလူမျိုးကို ခေါ်သလဲဆိုတာကို လေ့လာကြရအောင်ပါ။ ဗုဒ္ဓသာသနာတော်ထဲက ဗြာဟ္မဏကတော့ ၁။ ရဟန္တာ၊ ၂။ မကောင်းမှုကို ကိုယ်စိတ်နှုတ်သုံးပါးစလုံးဖြင့် ရှောင်ကြဉ်သူ၊ ၃။ ပုံ့သကူသင်္ကန်းကိုဝတ်ရုံ၍ ငြိုးခြစ်စွာ တောရကျောင်းမှာ တရားကိုကျင့်ကြံသောရဟန်း၊ ၄။ ဆဲဆိုကြိမ်းမောင်း ရိုက်ပုတ်ခြင်းကို သည်းခံ၍ သူတော်ကောင်းတရားကို

အားထုတ်သောသူ၊ ၅။ ကာမဂုဏ် အညစ်အကြေးမတင် ကင်းစင်တဲ့သူ၊ ၆။ ကောင်းမှု မကောင်းမှုတို့မှာ ကပ်ငြိခြင်းကင်းပြီး ကြောင့်ကြစိုးရိမ်ခြင်း မရှိတဲ့သူတို့ ဖြစ်ကြပါတယ်။

အခုတင်ပြခဲ့တဲ့ ဗြာဟ္မဏကတော့ ဗုဒ္ဓအယူဝါဒကိုကျင့်သုံးတဲ့ ဗြာဟ္မဏ ဖြစ်ပါတယ်။ ဟိန္ဒူအယူကိုယူတဲ့ ဗြာဟ္မဏများမှာလည်း ကောင်းမြတ်တဲ့ အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်များ ရှိကြပါတယ်။ အထူးသဖြင့် ရှေးရှေးကပေါ့လေ။ သူတို့ဟာ ၁။ ကိုယ်နှုတ်နှလုံးကို စောင့်ထိန်းကြပါတယ်၊ ၂။ ပြင်းထန်တဲ့ ကိုယ်ကျင့်တရားရှိပါတယ်၊ ၃။ ကာမဂုဏ်ငါးပါးကိုပယ်ပြီး နတ်ပြည် ဗြဟ္မာ့ပြည်ကို ရည်စူးပြီး အားထုတ်ကြပါတယ်၊ ၄။ ရွှေငွေ ဥစ္စာ ဆန်ရေစပါးကို သိုမှီးခြင်း မရှိကြပါ၊ ၅။ ဗေဒင်ကျမ်းတို့ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး မြတ်သောအရာများကို စောင့်ထိန်းတတ်ကြပါတယ်။

နောက်ပိုင်းမှာတော့ ဗြာဟ္မဏ အမည်ခံများဟာ မျိုးရိုးဇာတ်ကြောင့်သာ ဗြာဟ္မဏအခေါ်ခံပြီး လူလိုကျင့်ကြံကြပါတယ်။ အလှူခံစားပြီး သားမယားနဲ့ နေတတ်ကြပါတယ်။ အခု ပရာဘဝသုတ်ထဲမှာတော့ ဖုန်းတောင်းယာစကာများကိုတောင်မှ လှူဒါန်းဖို့အကြောင်း ပါနေလေတော့ ဟိန္ဒူဗြာဟ္မဏလည်း အကျုံးဝင်ပါတယ်။

သာမဏဆိုတာကိုလည်း ရဟန်းတရားအားထုတ်တဲ့သူလို့ အဓိပ္ပါယ် ဖွင့်ဆိုရပါမယ်။

အဲဒီတော့ ရဟန္တာကစပြီး ရဟန်းများ အလှူခံစားတဲ့ ဗြာဟ္မဏများ ဖုန်းတောင်းယာစကာများကို ကြွတော်မူကြပါ။ ပစ္စည်းလေးပါးကို အလိုရှိတဲ့အခါ တောင်းခံတော်မူကြပါ။ အလှူခံတော်မူကြပါဆိုပြီး ဖိတ်မံခဲ့ကြပြီးမှ အမှန်တကယ်လာရောက်ပြီး အလှူခံကြတဲ့အခါမှာ လိမ်လည်စကားနဲ့ လှည့်ဖြားပြောဆို ငြင်းဆန်တတ်ကြတဲ့သူများဟာ ပျက်စီးတတ်တယ်လို့ ပဌမမေးခွန်းကို မြတ်စွာဘုရားက ဖြေဆိုတော်မူပါတယ်။



အစောပိုင်းကတော့ လှူနိုင်မယ်တကယ်ထင်လို့ ဖိတ်မံခဲ့ပြီးမှ မလှူနိုင်တော့တာကြောင့် အကြောင်းအကျိုးကို ရှင်းပြလျှောက်ထားကာ မလှူဘဲ နေတာကတော့ အပြစ်မဟုတ်ပါဘူး။ ဒါပေမဲ့ လှူဒါန်းချင်တဲ့စိတ်သာ ပြင်းထန်ပါစေ။ အနည်းအကျဉ်းဖြစ်စေ လှူစရာရှိနေမှာပါပဲ။ အလိုရှိလို့ ဆွမ်းရပ်လာတဲ့သူဟာ ကိုယ်ကဖိတ်မံထားတဲ့သူဖြစ်ခဲ့ရင် ရှိသမျှ လှူနိုင်သမျှကို လှူလို့ရပါတယ်။ ဂေါပါလသူဌေးသမီးဟာ ဆံပင်ဖြတ်ပြီး ရောင်းကာ ဆွမ်းလှူခဲ့လို့ မမျှော်မှန်းနိုင်ခဲ့တဲ့ မိဖုရားကြီးအရာကို ရခဲ့တာဖြစ်ပါတယ်။ ပျက်စီးကြောင်းထဲမှာ အတိအလင်းပါတာကတော့ မလှူရအောင် မုသားပြောဆိုလှည့်ပတ်ပြီး ငြင်းဆိုတဲ့သူများဟာ ပျက်စီးတတ်၏ဆိုတဲ့ စကားဖြစ်ပါတယ်။

အဲဒီသဘောကတော့ ရှိပါလျက်နဲ့ မလှူချင်လို့ လိမ်ညာပြီး ပစ္စည်းများ ပျက်သွားလေဟန် အကြွေးများကျနေလေဟန် သားသမီးများအတွက် အကုန်အကျများနေလေဟန် ပြောဆိုပြီး မလှူရအောင် လုပ်တာ ပျက်စီးလောက်တဲ့အပြစ်ဖြစ်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။

ကိုယ့်ပစ္စည်းကို ကိုယ်မလှူချင်ရုံလောက်နဲ့ ပျက်စီးခြင်း မဖြစ်နိုင်သေးပါဘူး။ အလှူဒါန နည်းပါးတဲ့အတွက် သက်သက်ဆိုရင်တော့ ပြည့်စုံခြင်း တိုးတက်ခြင်း ဖွံ့ဖြိုးခြင်းစည်ပင်ခြင်း ကြီးပွားခြင်းစတဲ့ အကျိုးကျေးဇူးများနဲ့ ကင်းဝေးသွားနိုင်ပေမယ့် အာမခံထားခြင်း မရှိတဲ့အတွက် ပျက်စီးတဲ့အထိ ဖြစ်ဖို့အကြောင်းကိစ္စ နည်းပါးပါတယ်။ အာမခံပြီး ဖိတ်မံထားတယ်။ လှူဒါန်းစရာပစ္စည်းလည်း ရှိတယ်၊ ဒါပေမဲ့ တကယ်လှူရမယ်ဆိုတော့ မလှူလိုတော့ဘူး၊ အဲဒါကြောင့် မုသားပြောပြီး မလှူရအောင် ရှောင်တယ်ဆိုတာကတော့ ပျက်စီးနိုင်လောက်တဲ့အပြစ် ဖြစ်ကိုဖြစ်ပါတယ်။

မြတ်စွာဘုရား လက်ထက်တော်မှာတောင်မှ အဲသည်လို အဖြစ်မျိုးရှိခဲ့ရင် အခုလိုခေတ်မှာ ဒါမျိုးကိစ္စတွေ ဖြစ်တာများနိုင်ပါတယ်။

ဥပမာပြရရင် ပကာသနအလှူများ များပြားနေတဲ့ ခေတ်ဖြစ်တဲ့အတွက် လူကြီးများရှေ့မှာ ဖိတ်မံခဲ့ပြီးမှ အလိုရှိတဲ့အခါ အလှူခံလို့ရှိရင် မလှူချင်တော့တဲ့အတွက် ညာပြောတတ်ကြပါတယ်။

ညာတဲ့အခါမှာလည်း အောက်သံနဲ့ညာတာ အထက်သံနဲ့ညာတာ ဆိုသလို အမျိုးမျိုးရှိတတ်ကြပါတယ်။ အောက်သံဆိုတာကတော့ ဥစ္စာခန ပျက်စီးဆုတ်ယုတ်လို့ ဆိုသလိုမျိုး ပြောဆိုတာဖြစ်ပါတယ်။ အထက်သံနဲ့ ညာတာကတော့ သားသမီးကို အရင်းအနှီးကြီးတဲ့ နိုင်ငံရပ်ခြားကို ပို့ပြီး ပညာသင်ပေးနေရလို့ ဆိုတာမျိုး၊ ကြီးမားတဲ့ ကုသိုလ်တော်ကြီးကို လှူဒါန်းနေရလို့ဆိုတာမျိုးစတဲ့ ဆင်ခြေဆင်လက် အမျိုးမျိုးပေးပြီး မလှူရအောင် ကြံဆောင်တတ်ကြပါတယ်။

ဘယ်လိုပဲဖြစ်စေ မလှူတော့ဘဲ ငြင်းနေတဲ့အတွက် အလှူခံလာမိတဲ့ ပုဂ္ဂိုလ်များမှာ စိတ်အနှောက်အယှက် ဖြစ်ရပါတယ်။ အရှက်ရကြရပါတယ်။ အလှူခံလာမိတာ မှားတယ်လို့ စိတ်မကောင်းဖြစ်ရတတ်ပါတယ်။ အဲသည်လို သူတော်ကောင်းကြီးများအပါအဝင် သူတစ်ပါးကို မှီခိုပြီး တောင်းရမ်းစားသောက်တတ်တဲ့သူများအထိ အလှူခံပုဂ္ဂိုလ်များ စိတ်ဆင်းရဲပြီး ပြန်သွားရပြီလို့ဆိုတဲ့အခါမှာ မလှူရအောင် ညာလိုက်တာ တော်ပါသေးရဲ့လို့ မထင်ပါလေနဲ့ ပျက်စီးခြင်းအတွက် လှံလောက်သွားပြီလို့ ဆိုနိုင်ပါတယ်။

ဒီနေရာမှာ ရှင်းပြလိုတဲ့အချက်များရှိပါတယ်။ စာရေးသူနဲ့ စာဖတ်သူဟာ မျက်နှာချင်းဆိုင်ပြီး စကားပြောကြရတာ မဟုတ်တဲ့အတွက် အယူအဆလွဲသွားမှာ စိုးရိမ်ရပါတယ်။ အဲဒါကြောင့် အလှူခံများနဲ့ ပတ်သက်ပြီး ရှင်းလိုပါတယ်။ ကိုယ်ကဖိတ်မံမထားပါဘဲနဲ့ အလှူလာခံတာကို ကြုံကြဖူးတဲ့သူတွေ များပါတယ်။ မကြာခင်က အိန္ဒိယသွေးစပ်တဲ့ အင်္ဂလိပ်စကားကို ရေရေလည်လည်ပြောတတ်တဲ့ လူတစ်ယောက်က ကျွန်မတို့အိမ်ခြံတံခါးမှာတပ်ထားတဲ့ ဘဲလ်ကိုတီးပါတယ်။ ကျွန်မ



ကလည်း ခြံထဲမှာရှိနေတဲ့အချိန်ဆိုတော့ တံခါးဆီလျှောက်သွားတဲ့ သမီးကို ဟိုမှာထိုင်နေတာ ဒေါ်တင်ဝင်း မဟုတ်ဘူးလား၊ ကျွန်တော် အလှူဖိတ်ချင်လို့ပါလို့ ပြောပါသတဲ့။ သမီးကလည်း သြော် အမေ့ကို သိတယ်ထင်ပါရဲ့ အလှူလာဖိတ်တာဆိုတော့ နီးနီးနားနားကထင်ပါရဲ့ ဆိုပြီး ဖွင့်ပေးလိုက်ပါတယ်။ ဘသားချောက လေသံကြား တရားနာဆိုသလို လာပြီးပိုက်ဆံတောင်းတာကိုး။

သူ့အဘွားဆုံးသွားတာ ခေါင်းဖိုးတောင်မှ မတတ်နိုင်တာကြောင့် နောက်ဆုံးခရီးအတွက် ကူညီပါဆိုတာနဲ့ သြော် ဒီလိုအကြောင်းမျိုးနဲ့တော့ လာပြီးမညာတန်ကောင်းပါဘူးလေလို့ဆိုပြီး မသိပေမယ့်လည်း ငွေငါးရာ လှူလိုက်ပါတယ်။ ဒါတောင်မှ ဘယ်ဒေါက်တာကဖြင့် ဘယ်လောက်လှူပါတယ်။ တစ်ထောင်ပြည့်အောင်လှူပါဦးလို့ ပြောနေပါသေးတယ်။ ကျွန်မကို ဒေါက်တာဆိုတာနဲ့ ဆရာဝန်မှတ်ပြီး မိတ်ဆက်နေလို့ ကျွန်မက မှားနေပြီ ကျွန်မကပညာရေးကလို့ ပြောလိုက်ရပါတယ်။ သမီးက ဒီလူ လူလည်ကျတယ်လို့ ပြောနေပါသေးတယ်။ နောက်ဆုံးခရီးဆိုတာတော့ လိမ်ရင်လည်း သူ့အပြစ်နဲ့သူဖြစ်ပါတယ်။ ကိုယ့်ဘက်ကတော့ စေတနာကောင်းနဲ့ ကူညီလိုက်တာပါပဲလို့ ပြောဖြစ်ပါသေးတယ်။

အဲဒီလူဟာ နှစ်သစ်ကူးခါနီးတော့ အိမ်ကိုလာပါသေးတယ်။ ခြံထဲမှာ ရေလောင်းနေတဲ့သမီးကို ကျွန်တော်အလှူဖိတ်ချင်လို့ပါလို့လည်း ပြောရော သမီးက မဖိတ်ပါနဲ့ မဖိတ်ပါနဲ့လို့ပြောပြီး ကျောခိုင်းခဲ့ရပါတယ်တဲ့။ အဲသည်လိုမျိုး အလှူခံများကတော့ အမြဲဖိတ်ထားရင် အိမ်ပေါ်ကတောင် ဆင်းမှာမဟုတ်ပါဘူး။ အလှူခံတိုင်းကိုတော့ မငြင်းမဆန်လက်ခံရမယ်လို့ မဆိုလိုပါဘူး။ နောက်ထပ်လည်း ဥပမာပေးချင်တာ ရှိပါသေးတယ်။ စာရေးဆရာတစ်ယောက် နာမကျန်းဖြစ်တယ်လို့ သိလိုက်တဲ့အခါ ကျွန်မက ဆေးဖိုးလှူပါတယ်။ ကွယ်လွန်သွားပြီဖြစ်တဲ့

ကျွန်မ အဖေ ခံစားခဲ့ရတဲ့ရောဂါဖြစ်တာကြောင့် အဖေ့ကို သတိရသောအားဖြင့် လှူလိုက်တာဖြစ်ပါတယ်။ ဆေးရုံကဆင်းတော့ ကျွန်မတို့အိမ်ကို လာလည်ပါတယ်။ မူလကတည်းက ခင်တာမဟုတ်ပါဘူး။ ဒါပေမဲ့ သေရွာပြန်မဟုတ်လား။ ကိုယ့်ကို ကျေးဇူးတင်စကား လာပြောတော့ ကိုယ်ကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ ငွေထပ်ပြီးလှူပါတယ်။ အဲဒီနောက်တော့ ချောင်းပေါက်တော့တာပါပဲ။ အဲဒီလို အလှူခံများကျတော့လည်း မဖိတ်ပေလို့ ဖိတ်များဖိတ်မိရင် ကူညီတာကို လစာရိက္ခာလို သဘောထားကြတော့မှာ ဖြစ်ပါတယ်။

ကျွန်မက ဒီအကြောင်းတွေကိုရေးပြရတာ အကြောင်းရှိပါတယ်။ လူတွေဟာ သဒ္ဓါလွန်းဆွမ်းတော်တော်ရပ်ဆိုသလို ဖိတ်ခေါ်တဲ့တိုင်အောင် မတောင်းမရမ်းဘဲနေနိုင်ရင် အကောင်းဆုံးဖြစ်ပါတယ်။ အလှူပေးတဲ့သူများအနေနဲ့ကလည်း မနိုင်ဝန်ကို မထမ်းသင့်ပါဘူး။ ရုတ်တရက်ပေါ်လာတဲ့စိတ်နဲ့ ကတိခံလိုက်မိပြီ၊ ဖိတ်ခေါ်လိုက်မိပြီ၊ နောက်တော့ မိမိက တကယ့်ကို မစွမ်းဆောင်နိုင် မလှူဒါန်းနိုင်တဲ့ဘဝကို ရောက်သွားပြီလို့ဆိုရင် မိမိထံကိုရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်များ တကယ့်ကို စိတ်မကောင်းဖြစ်သွားကြတော့မှာပါပဲ။ တကယ်တမ်းလှူစရာမရှိတော့လည်း ဘယ်မှာတတ်နိုင်တော့မလဲလေ။ ပရာဘဝသုတ်မှာ ပါတာကတော့ ကတိခံဖိတ်မံပြီးမှ မလှူချင်တော့တဲ့အတွက် ပရိယာယ်ဝေဝုစ်နဲ့ လှည့်ပတ်ပြီး ငြင်းဆန်တာကို ပြောတာဖြစ်ပါတယ်။ အလှူခံများမှာ အဲသည်လိုအဖြစ်မျိုးနဲ့ကြုံရင်လည်း စိတ်မကောင်းဖြစ်ကြမှာ သေချာပါတယ်။ သူတော်ကောင်းများကတော့ ဒေါသဖြစ်မှာမဟုတ်ပါဘူး။ သာမန်လူသားများအနေနဲ့ ဖိတ်ခေါ်ပြီးမှ စိတ်ပြောင်းသွားတာကို ဒေါသလည်း ဖြစ်မှာပါပဲ။ စိတ်အားငယ် ဝမ်းနည်းမှုလည်း ဖြစ်မှာပါပဲ။ ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် အညာခံရတာ ကောင်းတာမဟုတ်ပါဘူး။ မျှော်လင့်ချက် ပျက်ပြားသွားတာ ကောင်းတာမဟုတ်ပါဘူး။ ကိုယ်က မဖိတ်ထား



ရင် ဘာမျှစိတ်မကောင်းဖြစ်စရာမလိုပေမယ့် ဖိတ်ခေါ်လို့လာတယ်ဆိုရင် ကိုယ့်မှာ တာဝန်ရှိသွားပြီ ဖြစ်ပါတယ်။

ကျွန်မတို့အမေဟာ မနိုင်ဝန်နဲ့ပတ်သက်ပြီး သတိပေးလေ့ရှိပါတယ်။ တော်တော်တန်တန်ကိစ္စများကို တတ်နိုင်ရင် ချက်ချင်းလုပ်ပေးလိုက်၊ ချက်ချင်းလှူလိုက်၊ ကိုယ့်ရှေ့ရေးကို ကိုယ်သေသေချာချာ မသိသေးဘဲ ကတိသွားမပေးနဲ့ အဓိဋ္ဌာန် သွားမလုပ်နဲ့။ တော်တော်ကြာ ကိုယ်မတတ်နိုင်ဖြစ်သွားလို့ရှိရင် ကတိပျက်မယ်။ ကတိပျက်တာလုံးဝမကောင်းဘူး။ နောက်ပြီး အဓိဋ္ဌာန်လုပ်တယ်ဆိုတာ ပါရမီမြောက်လုပ်ရတဲ့အလုပ်။ အဓိဋ္ဌာန်လုပ်ပြီးမှ မတတ်နိုင်တော့ဘူး၊ အဓိဋ္ဌာန်ဖျက်လိုက်ပြီဆိုတာမျိုး မဖြစ်စေနဲ့။ အကျိုးမဖြစ်ဘဲ အပြစ်ဖြစ်သွားမယ်လို့ သတိပေးခဲ့ဖူးပါတယ်။

တချို့ကတော့ ဆင်ခြေပေးပေမှာပေါ့။ အစောပိုင်းကတော့ လှူမလို့ပါပဲ၊ နောက်တော့လည်း ဆရာမပြောသလိုမျိုး ခုတင်ခုလာလာပြီး အလှူခံနေလို့ ငြင်းရတာလို့ပေါ့။ အဲသည်လိုဆိုရင်လည်း ကတိမပျက်အောင် တစ်ကြိမ်နှစ်ကြိမ်ဆိုသလို တတ်နိုင်သလောက် လှူလိုက်ပြီးတော့ နောက်နောင်မှာ တတ်နိုင်ရင် လာပြီးလှူပါဦးမယ်။ အိမ်ကိုမကြွလာကြပါနဲ့လို့ လျှောက်ထားရမယ့်သူများကို လျှောက်ထားပြောကြားရမယ့်သူကို ပြောကြားရမယ် ဖြစ်ပါတယ်။

သူတော်ကောင်းကြီးများကတော့ အလှူခံလေ့မရှိပါဘူး။ ပစ္စည်းလေးပါးနဲ့ပတ်သက်ပြီး ဖိတ်မံထားဖူးတဲ့ ပုဂ္ဂိုလ်တစ်ပါးမက ကျွန်မမှာရှိပါတယ်။ ဘယ်တော့မျှ ငါ့မှာဘာလိုနေလို့ လှူစမ်းပါလို့ မပြောပါဘူး။ ကိုယ့်ဘာသာကိုယ်စဉ်းစားပြီး လှူရပါတယ်။ တစ်ခါတရံမှာ လှူတာများနေပြီ သည်းခံဦးလို့ ပြောတဲ့ဆရာတော်ကြီးများကိုလည်း ကြည်ညိုခွင့်ရပါတယ်။

ပုထုဇဉ်များဟာ သူတို့ရဲ့သဒ္ဓါတရားကို မထိန်းနိုင်ပါဘူး။ တချို့

ကတော့ ဆန်ပေးလို့ဆေးရဆိုသလိုမျိုး လှူရင်ရမယ့်အကျိုးကို မျှော်ကိုးပြီး လှူတတ်ပါတယ်။ တချို့ကတော့ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ကြည်ညိုပြီး ဘုရား တရား သံဃာအစရှိတဲ့ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကို ကိုးကွယ်သောအားဖြင့် သာသနာကို ထောက်ပံ့လိုတာကြောင့် လှူတာဖြစ်ပါတယ်။ အဲသည်လိုလှူနည်းနှစ်မျိုးမှာ ဒုတိယနည်းဟာ တာရှည်ခံပါတယ်။ အဲသည်လိုပုဂ္ဂိုလ်မျိုးဟာ အလှူခံပုဂ္ဂိုလ်ရွေးတဲ့အခါမှာ အလှူခံပုဂ္ဂိုလ်ရဲ့ကျော်စောသတင်းရှိမှု မရှိမှုထက် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နဲ့ ပြည့်စုံမှု ရှိမရှိဆိုတာကို စိစစ်လေ့ရှိတတ်ကြပါတယ်။ အဲသည်လို စိစစ်တာတောင်မှ ဟန်ချက်ညီအောင် မညှိနိုင်ဘဲ ဆရာဒကာတို့ စိတ်ဝမ်းကွဲတတ်ကြပါသေးတယ်။

အဲဒါကြောင့်ပုထုဇဉ်များရဲ့သဒ္ဓါစိတ်ကို အဘိညာဉ်အစွမ်းနဲ့တောင် မသိနိုင်ဘူးဆိုတဲ့စကား ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

မြတ်စွာဘုရားကို ဆွမ်းကပ်လှူလိုတဲ့ ဒကာကြီးတစ်ယောက်က သူ့ကို အရှင်မဟာမောဂ္ဂလ္လာန်ပေးထားတဲ့ ဆွမ်းကပ်ရက်ကို သူမရနိုင်ဘူး၊ အရှင်မဟာမောဂ္ဂလ္လာန်နဲ့ မြတ်စွာဘုရားတို့ မတွေ့နိုင်ခင်အချိန်မှာ အရှင်သီဝလိ အလောင်းအလျာ မွေးဖွားတာကို အကြောင်းပြုပြီး သူ့မိခင်က တောင်းပန်တာကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင်က အဲဒီအမျိုးကောင်းသမီးကို ဆွမ်းရက်ပေးပြီးပြီဆိုတာကို သိလိုက်ရပါတယ်။

ဒကာကြီးက အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးကို လျှောက်ထားမေးမြန်းပါတယ်။ ဆွမ်းကပ်ဖို့ရက်ကို ရွှေ့ဆိုင်းရတယ်ဆိုရင် အဲဒီရက်အထိ တပည့်တော် အသက်ရှင်နေထိုင်ရပါဦးမလားဘုရားဆိုတဲ့မေးခွန်းကို မေးလျှောက်တာ ဖြစ်ပါတယ်။

အရှင်မဟာမောဂ္ဂလ္လာန်က အဲဒီနေ့ရက်အထိ သင်အသက်ရှင်မယ်ဆိုတာကို ငါသေချာသိနိုင်တယ်၊ ပြောနိုင်တယ်။ ဒါပေမဲ့ အဲဒီအချိန်အထိ အသင့်သဒ္ဓါတရားက ရှိနေလိမ့်ဦးမယ်လို့တော့ ငါအာမမခံနိုင်ဘူးလို့ မိန့်တော်မူပါသတဲ့။ အဲဒါကြောင့် လှူချင်စိတ်ပေါ်ရင် အချိန်မဆိုင်းဘဲ လှူနိုင်တာ အကောင်းဆုံးဖြစ်ပါတယ်။ နောင်အခါအတွက် မိမိရဲ့သဒ္ဓါတရားကို စဉ်ဆက်မပြတ် ထိန်းနိုင်မယ်လို့ဆိုရင်လည်း ထိန်းပြီးပစ္စည်းလေးပါးနဲ့ ဖိတ်မံခြင်းပြုနိုင်ပါတယ်။



ဖိတ်ပြီးရင် ပစ္စည်းတွေရှိနေပါလျက် ပျက်ကွက်တယ်ဆိုတာမျိုးတော့ မဖြစ်ပါစေနဲ့။ ကိုယ့်ပစ္စည်းကို ကိုယ်တွန့်တိုပြီး ညာတာ လိမ်တာတွေ မလုပ်မိပါစေနဲ့။ အကြောင်းကတော့ အဲဒီလိုလုပ်လိုက်တာဟာ ပျက်စီးခြင်း အကြောင်းတစ်ပါး ဖြစ်နေလို့ပါပဲ။

–

## ဝမ်းဝနံကား ကိုယ်ထိုးစားကာ သူများဝေမျှ မလှူပါက ပျက်စီးရ၏။

ပဌမမြောက်ပျက်စီးကြောင်းတရားကို နာကြားပြီးနောက် နတ်သားက ပဌမမြောက် ပျက်စီးခြင်း၏အကြောင်းရင်းကို တပည့်တော် သိရပါပြီ ဘုရား။ အခုတစ်ဖန် ဆဋ္ဌမမြောက်ပျက်စီးခြင်းအကြောင်းကို ဟောတော်မူပါဦးဘုရားဟု လျှောက်ထားပြန်ပါသည်။ မြတ်စွာဘုရားက အကြင်သူသည် များစွာသော စည်းစိမ်ရှိသူ ငွေကြေးဥစ္စာရှိသူ စားဖွယ်နှင့်ပြည့်စုံသူ ဖြစ်ပါလျက် ကောင်းမြတ်သော အစားအစာကို တစ်ယောက်တည်းသာ စားသုံးလေ့ရှိ၏။ ထိုကဲ့သို့သော စားသုံးခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်၏ဟု ဟောတော်မူပါသည်။

**ဆွေးနွေးချက်များ**

ဆဋ္ဌမမြောက်မေးခွန်းကို ဖြေဆိုတဲ့အခါမှာလည်း စတုတ္ထမြောက်၊ ပဌမမြောက်မေးခွန်းတွေမှာ ဖြေဆိုတော်မူသလို အဖြေက တစ်ချက်ပဲ ပါပါတယ်။ ငွေကြေးနဲ့လည်း ပြည့်စုံသူဖြစ်တယ်။ စားဖွယ်သောက်ဖွယ်များကိုလည်း စားတတ်တယ်။ စားတဲ့အခါမှာတော့ ဘယ်သူ့ကိုမျှ မဝေမျှနိုင်ဘူးဆိုရင် ပျက်စီးတတ်တယ်လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။ အစားအသောက်ဆိုတာ အသက်ကိုပေးပါတယ်။ အဆင်းကို ပေးပါတယ်။ ဉာဏ်ပညာကို ကြီးစေပါတယ်။ ခွန်အားကို ပေးပါတယ်။ ချမ်းသာကိုပေးပါတယ်။ အဲဒီတော့ လိုအပ်နေတဲ့သူကို စားစရာလှူတာဟာ အလွန်လျော်ကန်သင့်မြတ်ပါတယ်။ ဆွမ်းခဲဖွယ်များကို လှူတာဟာ အလှူခံပုဂ္ဂိုလ်ကို ဖော်ပြခဲ့တဲ့အကျိုးများနဲ့ ပြည့်စုံစေနိုင်ပါတယ်။ အကျင့်သီလနဲ့ပြည့်စုံတဲ့ အရှင်မြတ်များ သူတော်ကောင်းတရားကို ပွားများ



အားထုတ်နေသူများကို လှူရတာဆိုရင် ကောင်းရာကောင်းကျိုးကို ပွားများစေနိုင်တဲ့အတွက် အလွန်အကျိုးကြီးပါတယ်။

လှူချင်ပေမယ့် စားစရာတောင်မှ ပြည့်စုံအောင်မရှိတာ ဘယ်မှာ လှူနိုင်ပါ့မလဲလို့ ပြောတတ်တဲ့သူများ အရေအတွက် များပါတယ်။ မပြည့်စုံတဲ့သူများလည်း အစားအစာကို တစ်ဇွန်းတစ်ယောက်မဖြစ်စေ လှူတတ်ရင် ရပါတယ်။ ဒီအလုပ်ကတော့ စားဖို့အတွက် နောက်အလုပ်တစ်ခုကတော့ လှူဖို့အတွက်ဆိုပြီး အလှူအတွက်ရည်စူးပြီး အလုပ်လုပ်တတ်တဲ့သူများကိုလည်း တွေ့ဖူးပါတယ်။ အိမ်မှာပွင့်တဲ့ သီးတဲ့သစ်သီးဝလံ ပန်းမန်များကို ရောင်းချပြီး ငွေကိုသပ်သပ်စုကာ ဆွမ်းကပ်တဲ့သူများလည်း ရှိပါတယ်။ လိုအပ်တဲ့နေရာမှာ ကျွေးမွေးပေးကမ်းတဲ့သူများဟာ ငွေကြေးဥစ္စာမရှိရင်တောင်မှ လိုအပ်တဲ့အခါ လိုအပ်တဲ့အရာ ရလာတတ်တဲ့ကျေးဇူးနဲ့ ပြည့်စုံတတ်ပါတယ်။

ကျွေးမွေးပေးကမ်း လှူဒါန်းတယ်လို့ဆိုတဲ့အခါမှာ အမှန်တကယ်စားသောက်ဖို့ ကုန်ကျတာထက် အဆောင်အယောင် အခမ်းအနားများက ကုန်ကျတာများပါတယ်။ ပကာသနအမှုများကို ပယ်လိုက်ရင် အလှူပြုလုပ်ဖို့ကိစ္စက ထင်သလောက် မခက်လှပါဘူး။ တစ်ခါတစ်ရံမှာ သတိမထားလိုက်နိုင်ခင် အလှူတစ်ခုပြီးမြောက်သွားတာကို တွေ့ရတတ်ပါတယ်။ ဥပမာဆိုပါတော့ ဆေးရုံတက်တဲ့အခါ ကိုယ်ကမြို့ခံဆိုတော့ လိုအပ်တဲ့ စားဖွယ်သောက်ဖွယ်များကို ယူသွားနိုင်ပါတယ်။ လှည်းတစ်တန် လှေတစ်တန် လာရတဲ့သူတွေကိုတွေ့တဲ့အခါ လူမမာကို တိုက်ဖို့ ကျွေးဖို့မှမပါ။ လူနာစောင့်တွေစားဖို့ဆိုတာလည်း မစဉ်းစားနိုင်သေးဆိုသလိုဖြစ်နေတာကို တွေ့ရတာနဲ့ ကိုယ့်မှာပါတဲ့ပစ္စည်းများကို ချက်ချင်းထုတ်ကျွေးတယ်ဆိုပါတော့။ အလွန်အကျိုးကြီးတဲ့ အလှူဒါနတစ်ခုပြီးမြောက်သွားပြီ ဖြစ်ပါတယ်။

လူတွေကို ကိုယ်ချင်းစာစိတ်နဲ့ ဆက်ဆံမယ်ဆိုရင် မိမိမှာရှိတာထဲ

က ဝေမျှပေးဖို့ ဝန်လေးမှာမဟုတ်ပါဘူး။ လူဆိုတာတော့ လောဘရှိတတ်ကြတာပေါ့။ အလွန့်အလွန်လောဘကြီးပြီး လူများထံကရတယ်ဆိုရင် မအောင့်နိုင်မအည်းနိုင် ဝမ်းပမ်းတသာဖြစ်တတ်သလောက် ကိုယ်ကကျွေးရတော့မယ်ဆိုရင် ပေးကမ်းရတော့မယ်ဆိုရင် စိတ်ထဲမှာ အောင့်အည်းမထားနိုင်ဘဲ ကုန်ရန်ကော ကျရန်ကောနဲ့ ငြီးငြူတတ်တဲ့သူတွေကို တွေ့ဖူးပါတယ်။

တကယ်တော့ ဝေမျှပေးကမ်းခြင်း မပြုပေမယ့်လည်း ပစ္စည်းများဟာ ကုန်ခန်းဖို့အချိန်တန်ရင် ကုန်ခန်းသွားတတ်တာပါပဲ။ ဖြုန်းတီးတာကြောင့် ပျက်စီးတာမဟုတ်ဘဲ ကုသိုလ်ကံအလှည့်မသင့်တဲ့အခါများမှာ ယုတ်လျော့သွားတတ်ပါတယ်။ အဲသည်လို ယုတ်လျော့ခြင်းမရှိဘူးဆိုရင်လည်း ကိုယ်မရှိတော့တဲ့နောက် ကိုယ်နဲ့အတူမပါဘဲ ကျန်ရစ်ကြတော့မှာ ဖြစ်ပါတယ်။ အမွေဆက်ခံသူများအတွက် ထားခဲ့ရမှာအမှန်ပါပဲ။ ဒါပေမဲ့ အမွေဆက်ခံသူများကို ပေးခဲ့ရမှာက ပစ္စည်းဥစ္စာသာမကဘဲ ပစ္စည်းဥစ္စာရဲ့အနှစ်ကို ထုတ်ယူသုံးစွဲနည်း ဖြစ်ပါတယ်။

ပစ္စည်းဥစ္စာရဲ့အနှစ်ဆိုတာက ဒါနဆိုတဲ့ ပေးကမ်းလှူဒါန်းခြင်းဖြစ်ပါတယ်။ ကိုယ်တိုင်လည်း ပစ္စည်းဥစ္စာများကို သုံးစွဲရုံသာမကပစ္စည်းဥစ္စာရဲ့အနှစ်ကို ရရှိအောင် ဒါနပြုသွားတယ်ဆိုရင် အမွေဆက်ခံသူများအနေနဲ့လည်း ကိုယ့်ဆီက လောကီကောင်းမွေကိုသာမကလောကုတ္တရာကောင်းမွေကိုပါ ခံယူတတ်သွားကြမယ် ဖြစ်ပါတယ်။

အခုဆွေးနွေးနေတဲ့ ကောင်းမြတ်သော ဘောဇဉ်ကို တစ်ယောက်တည်းသာ သုံးစွဲတယ်ဆိုတာကတော့ အလွန်တစ်ကိုယ်ကောင်းဆန်တဲ့အမှုဖြစ်ပါတယ်။ အစားကောင်းတွေ့ရင် ချစ်ခင်လေးစားရတဲ့သူများကိုသတိရတတ်ဖို့ လိုအပ်ပါတယ်။ ဘုရားကို ရာသီဦးမှာ ဆွမ်းတော်တင်ပြီးမှစားမယ်။ ရဟန်းသံဃာများကို ဆွမ်းလောင်းပြီးမှ စားမယ်ဆိုတဲ့စိတ်ထား ရှိတယ်ဆိုရင် အစားကောင်းကောင်းစားရလေလေ လှူဒါန်းဖို့



သတိရလေလေ ဖြစ်မှာပါပဲ။ ဒါ့အပြင် အမေ အဖေတို့ကို ကျွေးရမယ်။ ငါတို့က စားပါလေ့၊ အချိန်တွေ အများကြီးရှိသေးတယ်။ အဲသည်လိုစိတ်ထားနဲ့ မျှဝေလှူဒါန်းပြီး စားမယ်ဆိုရင်လည်း ကိုယ့်အတွက်ယုတ်လျော့သွားမှာမဟုတ်ပါဘူး။ အခုလောလောဆယ် ယုတ်လျော့သွားတဲ့တိုင်အောင် မိမိမှာ တကယ်လိုအပ်တဲ့အခါ ဖြည့်ဆည်းပေးမယ့်သူအဆင်သင့် ရှိနေတတ်ပါတယ်။

စာရေးသူ မကွေးကောလိပ်မှာ တက်နေတဲ့အချိန်မှာ ရေနံချောင်းက မိဘများက လိမ္မော်သီးတစ်ထုပ်ပို့လိုက်ပါတယ်။ အလုံးရေ နှစ်ဆယ်အစိတ်တော့ ပါတတ်ပါတယ်။ အဲဒီအချိန်မှာ ကျောင်းသူတစ်ယောက်အပြင်းအထန် နေထိုင်မကောင်းဖြစ်နေတဲ့အကြောင်း သိထားရပါတယ်။ သူက သွေးလည်းအံတယ်လို့ သိရပါတယ်။ စာရေးသူက သူ့ထံကိုအိမ်ကပေးလိုက်တဲ့အတိုင်း လိမ္မော်သီးအကုန်လုံးကို ပေးလိုက်ပါတယ်။ အားလုံးက သူ့ကို နာလန်ထလာလိမ့်မယ်လို့ မထင်ကြပါဘူး။ ဒါပေမဲ့ သူပြန်ပြီးနေကောင်းလာပါတယ်။ ကျောင်းပြန်တက်တော့ သူကပြောပါတယ်။ သူငယ်ချင်း မင်းပေးလိုက်တဲ့ အသီးတွေကို စားပြီးတဲ့နောက်မှ ကိုယ်အစာပြန်ဝင်လာတာပါပဲလို့ ဆိုပါတယ်။ မင်းကြောင့် ကိုယ်ပြန်နေကောင်းလာတာ မင်းရဲ့လိမ္မော်သီးတွေ မရခင်တုန်းက ဘာမျှစားလို့မရဘူးတဲ့။ စာရေးသူဟာ ဒီလောက်ကြာကြာ အရသာရှိတဲ့လိမ္မော်သီးကိုအဲဒီတစ်ခါပဲတွေ့ခဲ့ဖူးပါတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိမ္မော်သီးတွေကို စားဖြစ်ရင်လည်း စားတုန်းခဏမှာပဲအရသာရှိလိုက်မှာ ဘယ်တုန်းကလိမ္မော်သီးစားဖြစ်တယ်ဆိုတာ သေသေချာချာ မှတ်မိစရာအကြောင်းမရှိပါဘူး။ အခုလို သူငယ်ချင်းကို ပေးလိုက်တော့ အခုပြန်ပြီးစာရေးနေတော့တောင်မှ လိမ္မော်သီးက အရသာရှိနေတုန်း ဖြစ်ပါတယ်။ လှူဖြစ်သွားတာဟာ ဘယ်တော့မှ မကုန်တော့တဲ့အရသာ ဖြစ်ပါတယ်။

တချို့သောသူများဟာ ပစ္စည်းဥစ္စာအနေနဲ့ လွန်စွာနွမ်းပါးတာလည်း မဟုတ်ဘဲ လှူရမှာ ပေးရမှာ ဝေမျှရမှာကို အလွန်တွန့်တိုတတ်ကြပါတယ်။ အဲဒီလိုလူမျိုးတွေကို မကြာခဏဆိုသလို တွေ့ရဖူးပါတယ်။ သူများကို လူမှုရေးအရ အပြန်အလှန် အဆက်အဆံရှိလို့ လက်ဆောင်ပေးရမယ်လို့ဆိုရင် ဈေးအချိုဆုံးကို ရွေးတတ်ကြပါတယ်။ သူတို့ကတော့ မတတ်နိုင်လို့ တတ်နိုင်သလောက်ကို ရွေးရတာပါလို့ ဆင်ခြေပေးပေလိမ့်မယ်။ ဒီလိုဆိုရင်လည်း လက်ချည်းသက်သက်သွားရင်တောင်မှ စေတနာမှန်ခဲ့ရင် တစ်ဖက်သားက ကြည်ဖြူမှာဖြစ်ပါတယ်။

အဲသည်လို ပစ္စည်းတွေလျှောက်ဝယ်ပြီး ပြန်လာခဲ့ပြီဆိုရင် ငြီးငြူတတ်ကြပါတယ်။ စာရေးသူက တစ်ခါမှာတော့ သတိပေးပါတယ်။ အလှူအတန်းနဲ့ပတ်သက်ရင် ပုဗ္ဗ၊ မုဉ္စ၊ ပရ ဆိုတဲ့ စေတနာသုံးမျိုးရှိပါတယ်။ မပေးခင် မလှူခင်ကစပြီး ပေးရလှူရမှာကို တွေးပြီးပျော်နေတာ ငွေကြေးအရ သိပ်ကြေးမကြီးသော်လည်း အသုံးဝင်မယ့် နှစ်သက်စဖွယ်ကောင်းမယ့် ပစ္စည်းများကို ရှာဖွေတာဟာ ပုဗ္ဗစေတနာရဲ့ထက်သန်မှုကို ပြသတာဖြစ်ပါတယ်။ ပေးနေတော့လည်း ဝမ်းမြောက်ဝမ်းသာရှိတာ တစ်ဖက်သားကို ပေးရင်းလှူရင်း မုဒိတာပွားတာစတဲ့ စိတ်ထားကတော့ မုဉ္စစေတနာမညှိုးနွမ်းဘူးဆိုတာကို ပြသရာရောက်ပါတယ်။

နောက်ဆုံး ကိုယ့်ဆီကပစ္စည်း သူ့လက်ထဲကိုရောက်ပြီး အသုံးဝင်တော့မှာ ကိုယ်ကကျွေးတဲ့အစားအစာကို သူစားရတော့မှာကိုတွေးပြီး ဝမ်းမြောက်ဝမ်းသာဖြစ်တတ်တာ အပရ စေတနာမညှိုးနွမ်းဘူးဆိုတာ ပြသတာဖြစ်တယ်။ ပေးရကမ်းရပြီး အပရစေတနာ ညှိုးတယ်ဆိုရင် တောင်မှ အလွန်ဆိုးတဲ့ အကုသိုလ်ဖြစ်တယ်လို့ ပြောရပါတယ်။

ဥပမာပေးရင် ဥပမာပေါင်းများစွာကို ပေးလို့ရပါတယ်။ နိုင်ငံတကာမှာ အပရစေတနာညှိုးလို့ ချမ်းသာတဲ့သူတွေ ဆင်းဆင်းရဲရဲနဲ့နေပြီး ကွယ်လွန်သွားတာတွေကို စာရေးသူငယ်ငယ်ကတည်းက စာတွေ



ထဲမှာ ဖတ်ရဖူးပါတယ်။ ကြီးလာတဲ့အခါကျမှ သာသနာရေးဆိုင်ရာ စာပေများကို ဖတ်ရပြီး ဒါဟာဖြင့် အပရစေတနာဆိုးလို့ ဖြစ်တာလို့ နားလည်ခွင့်ရသွားခဲ့ပါတယ်။ သုဘလုလင်ရဲ့ဘခင်ကြီး တောဒေယျ ပုဏ္ဏားကြီးဆိုရင်လည်း ချမ်းသာသလောက် မဝတ်ရဲ မစားရဲဖြစ်နေပြီး ဆင်းရဲစွာသေဆုံးခဲ့ရပါတယ်။ အာဂန္တုကသူဌေးကြီးဟာ တောဒေယျလိုပါပဲ။ ချမ်းသာပြီး မစားရက် မသောက်ရက်နဲ့ ဖြစ်နေတာကြောင့် သူ သေဆုံးတဲ့အခါမှာ သူ့ဥစ္စာပစ္စည်းများစွာကို မင်းဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံခဲ့ရပါတယ်။

အပရစေတနာညှိုးရုံနဲ့ ချမ်းသာပြီး မစားမသောက်နိုင်ဖြစ်နေကြတယ်ဆိုတဲ့ သာဓကများဟာ ခေတ်အဆက်ဆက် နိုင်ငံတကာမှာ ပြောစမှတ်တွင်နေတဲ့ သာဓကများဖြစ်ကြပါတယ်။ ဒါဖြင့်ရင် ကိုယ့်ဘာသာကိုယ်စားပြီး သူတစ်ပါးကို မဝေမျှတဲ့သူတွေရော ဘယ်လိုဆိုးကျိုးကို ခံစားရတတ်သလဲဆိုတဲ့ မေးခွန်းကို မေးဖို့သင့်ပါတယ်။

အဲဒီလို စားနိုင်သောက်နိုင် စည်းစိမ်ခံနိုင်ပါလျက် ကျွေးမွေးသင့်တဲ့သူများ လှူဒါန်းသင့်တဲ့သူများ ပေးကမ်းသင့်တဲ့သူများကို မျက်ကွယ်ပြုတတ်တဲ့သူဟာ ယခုဘဝမှာကတည်းက ချစ်ခင်ကြည်ညိုသူမရှိဘဲ အထီးကျန်ဖြစ်နေတတ်ပါတယ်။ စာရေးသူတို့ဝန်းကျင်မှာလည်း အဲသည်လို ကိုယ့်ဘာသာ ကိုယ်စားတတ်တဲ့သူတွေ ရှိခဲ့ဖူးပါတယ်။ အဲသည်လိုလူမျိုးဟာ အထီးကျန် ဖြစ်နေတတ်ပါတယ်။ သားသမီးရှိခဲ့ရင် အဲသည်လိုလူမျိုးရဲ့သားသမီးဟာလည်း သူတို့ရဲ့သွန်သင်မှုကိုလိုက်ပြီး စေတနာ သဒ္ဓါတရားနဲ့ ပေးကမ်းဝေမျှရမယ်ဆိုတဲ့အချက်ကို လုံးဝမသိဘဲ ကြီးပြင်းလာတတ်ပါတယ်။

စာရေးသူတို့ မြန်မာများဟာ အစားအစာစားခါနီးမှာ အနီးအနားမှာ တစ်စုံတစ်ယောက်ရှိနေခဲ့ရင် စားပါဦးလားလို့ ခေါ်လေ့ရှိပါတယ်။ လောကဝတ်သဘောမျိုးနဲ့ ခေါ်တာဖြစ်ပါတယ်။ အတူဝင်စားလောက်

အောင် ရင်းနှီးတဲ့သူလို့ဆိုရင် မစားစားအောင်တောင်မှ ခေါ်တတ်ကြပါတယ်။ ဒါပေမဲ့ စာရေးသူ အလုပ်လုပ်ခဲ့တဲ့ဌာနတစ်ခုက ဆရာနဲ့သူ့သားလေး ထမင်းစားတဲ့အချိန်မှာ အဖေဖြစ်သူက ဒေါ်ဒေါ်စားပါဦးလို့ ခေါ်လိုက်လေလို့ မသွန်သင်ပါဘူး။ အစားအသောက်ကောင်းကောင်းကို သားအဖအတူတူ စားကြပါတယ်။ သားနဲ့အဖ ရွှင်ရွှင်ပျပျစကားပြောပြီး ပျော်ပျော်ရွှင်ရွှင်စားကြတာ မဟုတ်ပါဘူး။ ကလေးက တစ်ချက်တလေ ပြောပေမယ့် အဖေဖြစ်သူက ဘာမျှမပြောပါဘူး။

စာရေးသူက ကလေးများရဲ့သဘာဝကို စိတ်ဝင်စားတတ်တဲ့သူဆိုတော့ ကလေးကို နှုတ်ဆက်လေ့ရှိပါတယ်။ ထမင်းစားတဲ့အခါမှာ ဒေါ်လေးကို ကျွေးပါလားလို့ ကလေးကိုကျီစယ်ပြော ပြောလိုက်ပါတယ်။ အဲဒီလိုပြောလိုက်တာနဲ့ ကလေးက မျက်နှာကြီးစူပုပ်ပြီး မကျွေးဘူး မကျွေးဘူးနဲ့ အော်ပါတယ်။ ဖခင်ဖြစ်သူက မျက်နှာသေနဲ့ နေပါတယ်။

အဲဒီကလေးဟာ မိဘရဲ့သဘာဝကို ဖော်ကျူးတာသေချာပါတယ်။ သူ့ဖခင်ဟာ ဘယ်သူ့ကိုမျှ ဘာမှမကျွေးဘူးပါဘူး။ စားစရာရှိရင် သူ့ဘာသာသူပဲ စားပါတယ်။ သူ့မှာ အပေါင်းအသင်း အခြွေအရံနည်းပါးတာကတော့ အသေအချာပါပဲ။ အပေါင်းအသင်းတောင်မှ များစွာမရှိတော့တဲ့နောက် သူ့ကိစ္စကို ကူညီဆောင်ရွက်ပေးမယ့်သူဆိုတာ ဘယ်မှာ များများစားစား ရှိပါတော့မလဲ။ သူ့ကို မိတ်ဆွေရင်းချာအဖြစ် ပေါင်းမယ့်သူလည်း မရှိပါဘူး။ သူ့ကိုကြည့်ရင် အသားအရေကအစ ခြောက်ခန်းနေပါတယ်။

တကယ်တော့ လူလူချင်း ပေါင်းသင်းဆက်ဆံတဲ့အခါမှာ လုံးဝမပတ်သက်ဘူးဆိုတဲ့သဘောနဲ့ ရှောင်နေလို့လည်း မရနိုင်ပါဘူး။ ငါကသာစေရမယ်လို့လည်း တစ်ဖက်သတ်အမြတ်ရအောင် ပေါင်းလို့လည်း မရနိုင်ပါဘူး။ တစ်စတစ်စနဲ့ သူ့ကို လူတွေကရှောင်သွားတတ်ပါတယ်။



လောကမှာ လူအမျိုးမျိုး နတ်အထွေထွေဆိုသလိုပါပဲ။ တချို့က မိသားစုဝင်တွေဆိုရင် ကျွေးချင်သေးတယ်။ တစိမ်းကိုသာ မကျွေးချင်တာပါ။ ဒါပေမဲ့ ကိုယ့်သားသမီးကိုတောင် ကိုယ်မကျွေးဘဲ စားလို့မျိုကျတဲ့သူတစ်ယောက်အကြောင်းတောင်မှ ကြားဖူးပါသေးတယ်။ ကလေးတွေက အဖေဖြစ်သူ အလုပ်ကပြန်လာတဲ့ညဘက်မှာ ပါလာတဲ့လက်ထဲကအထုပ်တွေကိုမြင်တော့ စောင့်နေတာပေါ့။ အဲဒီလူဟာ ကလေးတွေကို တစ်လုတ်တစ်ဖဲ့မျှမပေးဘဲ ကလေးတွေကြည့်နေတဲ့ကြားက သူ့ဘာသာသူကုန်အောင်စားသွားပါသတဲ့။ သူကတော့ ရှိပြီးသား သားသမီးရဲ့မေတ္တာကိုတောင်မှ ကုန်အောင်ခန်းအောင် လုပ်ရာကျပါတယ်။

မိမိစားသောက်နေတဲ့အခါ မိမိတို့လောက်မှ မစားနိုင်တဲ့သူကို ကိုယ်စားမယ့်အထဲက တစ်စွန်းတလေဖဲ့ပြီး ပေးကျွေးတာတောင်မှ ဒါနမြောက်ပါသေးတယ်။ နို့မဟုတ်ရင်တော့ မစ္ဆရိယအားက များနေပြီဖြစ်ပါတယ်။ အခုဘဝမှာလည်း အပေါင်းအသင်းနဲ့ အပေါင်းအသင်းတို့ထံကရနိုင်တဲ့ ချစ်ခြင်းမေတ္တာကို မရနိုင်ဘူးဆိုရင် မစ္ဆရိယကြောင့်ကောင်းလာမယ့် နောက်ဘဝဆိုတာ မရှိနိုင်ပါဘူး။ မိမိအစားအစာထဲက စေတနာသန့်သန့်နဲ့ မျှတပြီးကျွေးမွေးရင် ပေးကမ်းရင်တောင်မှ အခုလောလောဆယ်မှာလည်း သူတစ်ပါးမှာ ဝမ်းမြောက်ဝမ်းသာနဲ့ ဆာလောင်တဲ့ဝေဒနာက လွတ်မြောက်သွားတာ အားအင် ပြန်လည်ပြည့်လာတာ ရွှင်ပျသွားတာများကိုမြင်ပြီး ကိုယ့်မှာလည်း အလားတူ အကျိုးကျေးဇူးများ ရရှိလာနိုင်ပါတယ်။ နောက်ဘဝမှာတော့ အတိုင်းထက်အလွန် အကျိုးများနိုင်ပါတယ်။ အလှူခံပုဂ္ဂိုလ်မြတ်နဲ့လည်း တွေ့မယ်ဆိုရင် အကျိုးက အတိုင်းမသိ ဖြစ်လာပါမယ်။ ဥပမာ လာဇာဒေဝီတာလို့အမည်ရှိတဲ့ နတ်သမီးကလေးရဲ့ အလောင်းအလျာမိန်းကလေးဟာ အရှင်မဟာကဿပကြီးကို ပေါက်ပေါက်လှူအပြီးမှာ မြွေကိုက်လို့ သေဆုံးပါတယ်။

သူဟာ တစ်ခါတည်း နတ်ပြည်ကိုရောက်သွားတာပါပဲ။ ဒါကတော့ ရဟန္တာအရှင်မြတ်နဲ့တွေ့တာကိုးလို့ ပြောနိုင်ပါတယ်။ ကိုယ့်ဘက်ကတော့ ဘယ်လိုသက်ရှိသတ္တဝါကိုမဆို စေတနာသန့်သန့်နဲ့လှူဒါန်းပါ။ ကျွေးမွေးပါ။ ကိုယ့်စေတနာအကျိုးကို ကိုယ်ပြန်ရမှာ ဖြစ်ပါတယ်။ အဲသည်လိုဒါနအကျိုးကိုလည်း နားမထောင်ချင် လက်မခံချင်၊ ကိုယ့်ဝမ်းမှတစ်ပါး သူတစ်ပါးဆိုရင် မိဘရော သားမယား သားသမီးကိုရော ဘယ်သူ့ကိုမျှ မဝေမျှချင်ရင်တော့ အဘက်ဘက်က ခြောက်ခန်းတဲ့အကျိုးကို ရပါလိမ့်မယ်။ အဲဒါဟာ ပျက်စီးခြင်းရဲ့လက္ခဏာဖြစ်ပါတယ်။

—

# မျိုး၊ နွယ်၊ ဥစ္စာ၊ သုံးပြာမာန်တက် ခက်ထန်ပါက ပျက်စီးရ၏။

နတ်သားက ဆဋ္ဌမဖြစ်သောပျက်စီးခြင်း၏အကြောင်းရင်းကို သိရပါပြီဘုရား။ အခုတစ်ဖန် သတ္တမဖြစ်သော ပျက်စီးခြင်း၏အကြောင်းရင်းကို ဟောတော်မူပါဦးဘုရားဟု လျှောက်ထားပြန်သဖြင့် မြတ်စွာဘုရားက "အကြင်သူသည် အမျိုးကိုစွဲသောဇာတိမာန် ခက်ထန်၏။ ဥစ္စာကိုစွဲသောဓနမာန် ခက်ထန်၏။ အနွယ်ကိုစွဲသော ဂေါတ္တမာန် ခက်ထန်၏။ မိမိဆွေမျိုးတို့ကိုလည်း မထီမဲ့မြင် ပြု၏။ ထိုအကြောင်းလေးမျိုးတို့မှာ ပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်သည်" ဟု မြတ်စွာဘုရားက ဟောတော်မူပါသည်။

## ဆွေးနွေးချက်များ

သတ္တမမြောက်ဖြစ်တဲ့ ပျက်စီးခြင်းမှာ မာန်မာနကြောင့် ပျက်စီးတာချည်းဖြစ်တဲ့အတွက် အချက်တစ်ချက်အဖြစ်အနေနဲ့ ယူရမယ်လို့ ရွှေဟင်္သာဆရာတော်ကြီးရဲ့စာအုပ်ထဲမှာ ဆိုထားပါတယ်။ အဲဒီအဆိုအတိုင်း တစ်ချက်တည်းအနေနဲ့ ဆွေးနွေးမယ်ဖြစ်ပါတယ်။ မာန်မာနဟာ လူ့လောကမှာ ပုံအမျိုးမျိုးနဲ့ တက်တဲ့သဘာဝရှိပါတယ်။ ဇာတိမာန်ဆိုတာကတော့ မိမိရဲ့အမျိုးနဲ့ပတ်သက်ပြီး မာနတက်ကြွတာ ဖြစ်ပါတယ်။

ဒီနေရာမှာ လူငယ်လူရွယ်များအလွယ်တကူ သဘောပေါက်အောင် ပြောရမယ်ဆိုရင် ကိုယ့်အမျိုးကို ကိုယ်ချစ်တာ စောင့်ရှောက်တာကတော့ လောကတံတွာဖြစ်နေတဲ့အတွက် အလွန်အကျွံမဖြစ်ရင် အထူးပြောစရာ မဟုတ်ပါဘူး။ ဝံသာနုရက္ခိတဆိုတဲ့ အမျိုးကိုမတိမ်ကောအောင် စောင့်ရှောက်ထိန်းသိမ်းခြင်းဆိုတာ လူ့စွမ်းကောင်းများ ထက်မြက်

သောသူများရဲ့ တာဝန်တစ်ရပ်လို့တောင်မှ မှတ်ယူကြရပါတယ်။ အဲဒီ အချက်ကလည်း မှန်ကန်ပါတယ်။ သာသနာသန့်ရှင်းတည်တံ့အောင် လူအများဟာ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးကိုရအောင် ဆိုတာ ကိုယ့်အမျိုးနဲ့ကိုယ် သီးသီးသန့်သန့် နေနိုင်လေ အောင်မြင်လေ ဆိုတဲ့ ကိစ္စတစ်ရပ် ဖြစ်နေပါတယ်။

စာရေးသူဟာ သာသနာရေးနဲ့ပတ်သက်တဲ့ စာမျိုးကိုသာမက သမိုင်းနဲ့ပတ်သက်တဲ့စာများကိုလည်း ရေးပါတယ်။ အဲဒီတော့ သမိုင်းနဲ့ ပတ်သက်တဲ့စာများကိုလည်း ဖတ်ရပါတယ်။ အဲဒီလို ဖတ်လေလေ ကံကံ၏အကျိုးကို ယုံကြည်လေလေ ဖြစ်လာပါတယ်။ အမျိုးမာန်တက်ကြတဲ့သူတွေဖြစ်တဲ့ ဥရောပတိုက်သားတွေဟာ အရှေ့နိုင်ငံများကို မရောက်ခင်ကတည်းက အရှေ့တိုင်းမှာ ဘယ်လိုလူမျိုးတွေနေကြမှန်း ဘယ်လိုယဉ်ကျေးမှု အဆင့်အတန်းမျိုး ရှိမှန်းလည်းမသိဘဲ ဒိဋ္ဌိတွေ လူရိုင်းတွေဆိုပြီး သူတို့ ဘယ်လိုသိမ်းပိုက်ရမယ်ဆိုတာကို အထက်စီးနဲ့ စီစဉ်ခဲ့ကြပါတယ်။ ပြောမယ်ဆိုရင်လည်း သူတို့လိုချင်သလို ဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ သူတို့မှာ နောက်ဆုံးတော့ သိမ်းပိုက်ခဲ့ကြတဲ့နိုင်ငံများကို လက်လွှတ်ကြရပြီး သူတို့နိုင်ငံများမှာ ပြဿနာအမျိုးမျိုးနဲ့ တိုးကြတော့တာပါပဲ။ မြန်မာနိုင်ငံကို သိမ်းပိုက်ဖူးတဲ့ ဗြိတိသျှတို့ဆိုရင် မြန်မာနိုင်ငံတွင်းကို သူတို့အတွက် အကျိုးများစေနိုင်တယ်လို့ ယူဆတဲ့ လူမျိုးဟူသမျှကို ဝင်ခွင့်ပေးပါတယ်။ မြန်မာနိုင်ငံမှာ တစိမ်းတွေက နေရာရပြီး ဒေသခံများက နေရာမရဖြစ်ခဲ့ကြပါသေးတယ်။ အဲသည်လို နေလာကြရင်းနဲ့ မြန်မာနိုင်ငံလည်း လွတ်လပ်ရေးရလာပါတယ်။

ဗြိတိသျှလက်အောက်ခံဖြစ်ခဲ့ပြီးမှ လွတ်လပ်ရေးရသွားတဲ့ နိုင်ငံတွေ အာဖရိကတိုက်မှာလည်း ရှိပါတယ်။ သူ့ကျွန်ဘဝကတည်းက အိန္ဒိယတိုက်သားတွေဟာ အာဖရိကကိုကူးပြီး အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းမှုတွေနဲ့ ဆွေစဉ်မျိုးဆက်နေထိုင်ကြပါတယ်။ သူတို့



ကိုင်စွဲတဲ့ နိုင်ငံကူးလက်မှတ်များကတော့ ဗြိတိသျှနိုင်ငံကူးလက်မှတ်များ ဖြစ်ကြပါတယ်။ အဲသည်လိုနဲ့ အာဖရိကကနေ အိန္ဒိယကိုပြန်ဖို့လည်း မဖြစ်တော့တဲ့အချိန်ကို ရောက်လာပါတယ်။ အိန္ဒိယက လွတ်လပ်ရေး ရသွားပြီဖြစ်တဲ့အချိန်မှာ ဗြိတိသျှနိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ကြသူများဟာ အိန္ဒိယနဲ့မသက်ဆိုင်တော့ဘဲ ဗြိတိန်နိုင်ငံနဲ့သာ သက်ဆိုင်သွားပါတယ်။ အာဖရိကမှာ မွေးဖွားကြသူများ တရားဥပဒေအရလည်း အိန္ဒိယနဲ့ တိုက်ရိုက်မပတ်သက်တော့ပါဘူး။ သူတို့ဟာ အိန္ဒိယနဲ့ ကင်းကွာနေတယ်ဆိုတော့ လွတ်လပ်ရေးတိုက်ပွဲတို့ ဝံသာနုရက္ခိတ တရားတို့ကိုလည်း ဘယ်မှာနက်နက်နဲနဲ ခံစားနိုင်ပါ့မလဲ။ အဲသည်လို နေနေကြတုန်းမှာ လွတ်လပ်ပြီးစအာဖရိကနိုင်ငံ တစ်ခုပြီးတစ်ခုမှာ ပြည်တွင်းရေးပြဿနာတွေ ပေါ်ပါတယ်။ အဲသည်လိုပေါ်တိုင်း လူမျိုးကွဲ ဖြစ်ကြသူများဟာ မြေနိမ့်ရာလှံစိုက်ဆိုသလို အသက်အိုးအိမ်စည်းစိမ်ကို ထိပါးခြင်းခံရပြီး လွန်စွာဒုက္ခရောက်ရပါတယ်။

အဲဒီတော့ ပြဿနာဖြစ်နေတဲ့ ကင်ညာလို ယူဂန္ဓာလို နိုင်ငံမျိုးကို စွန့်ပြီး ပြေးရတော့မယ့်အခြေအနေကို ရောက်လာပါတယ်။ အဲသည်လို အခြေအနေမှာ သူတို့ဟာ သူတို့ကိုင်ဆောင်ထားတဲ့ နိုင်ငံကူးလက်မှတ်အရ ဗြိတိန်ကို အမိနိုင်ငံအဖြစ် ပြေးကြရပါတယ်။ ဗြိတိန်နိုင်ငံသားများဟာ စည်းကမ်းကြီးကြီး တသီးတသန့်နေခဲ့ကြပြီး လက်အောက်ခံနိုင်ငံတွေက ဘယ်သူ့ကိုမျှလည်း တူတယ်တန်တယ် သဘောထားခဲ့ကြတာ မဟုတ်ပါဘူး။ သူတို့နိုင်ငံဟာ နေမဝင်နိုင်ငံဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုလိုဖြစ်ရပ်တွေ ဖြစ်နေချိန်မှာတော့ သူတို့နိုင်ငံဟာ များစွာမကျယ်ပြောတော့ပါဘူး။ ငွေကြေးအရင်းအနှီးများတဲ့ တစိမ်းလူမျိုးတွေဟာ သူတို့နေနေကျပတ်ဝန်းကျင်ကို ဝင်လာကြတော့မှာပဲလို့ စိတ်သောကရောက်ပြီး ဆန့်ကျင်တာ ကန့်ကွက်တာတွေ လုပ်ကြပါသေးတယ်။ ဒါပေမဲ့ မရခဲ့ကြပါဘူး။ တကယ်တော့ ဒါဟာ ဝဋ်လည်တာပါပဲ။

သူများနိုင်ငံထဲကို ဝင်ချင်တဲ့သူတိုင်းကို ဆွဲသွင်းခဲ့တာ အခုတော့ သူတို့ဆီမှာလည်း လူမျိုးစုံဖြစ်နေပါပြီ။

တခြားနိုင်ငံများမှာရော အမျိုးမာန်ကြီးလွန်းလို့ နောက်ဆုံးမှာ လျှော့ကျတာ မရှိဘူးလား။ ရှိတာပါပဲ။ တောင်အာဖရိကနိုင်ငံမှာလည်း လူဖြူတွေက ဒေသခံတွေရဲ့မြေပေါ်မှာ အခြေချပြီး သားစဉ်မြေးဆက်နေပါတယ်။ အတူတူနေနေကြတဲ့ ဒေသခံအသားမည်းသူ ညီသူများဟာ သူတို့ဝင်ထွက်သွားလာနိုင်တဲ့ နေရာတွေကို မဝင်ထွက်နိုင် မသွားလာနိုင်ပါဘူး။ စားချင်တဲ့နေရာကို သွားစားလို့မရပါဘူး။ တက်ချင်တဲ့ကျောင်းကို တက်လို့မရနိုင်ပါဘူး။ ဘုရားရှိခိုးရာမှာတောင် လူဖြူတွေရှိခိုးတဲ့ ဘုရားရှိခိုးကျောင်းမှာ သွားပြီးရှိခိုးဝတ်ပြုလို့ မရနိုင်ပါဘူး။ အဲသည်လို ဖိနှိပ်ချုပ်ချယ်ခဲ့ကြတဲ့ တောင်အာဖရိကနိုင်ငံက လူဖြူများဟာ တခြားနိုင်ငံကိုပြောင်းပြီး ဧည့်နိုင်ငံသားလုပ်ချင်လုပ် မလုပ်ချင်ရင်တော့ မျက်နှာမည်းများက အများစုဖြစ်လို့ အမည်းများရဲ့အုပ်ချုပ်ရေး အသက်ဝင်လာတာနဲ့အမျှ သူတို့က လူနည်းစုပီပီ မျက်နှာငယ်တဲ့အနေအထားကိုရောက်သွားတော့တာပါပဲ။

နှစ်ပေါင်းလေးရာကျော်ကျော်လောက် ကမ္ဘာ့နိုင်ငံအများအပြားက ဒေသခံများကို ဖိနှိပ်အုပ်ချုပ်လာခဲ့ကြတာဟာ နှစ်ဆယ်ရာစု တစ်ဝက်ကျိုးတော့မယ့်အချိန်ကစပြီး လူဖြူများ ဝဋ်ဆိုတဲ့သဘောကို မြည်းစမ်းကြည့်ကြရပြီ ဖြစ်ပါတယ်။

တကယ်လို့ ကိုယ့်လူမျိုးမှ ကိုယ့်လူမျိုးဖြစ်ပြီး သူများအမျိုးတွေကို ရှင်သန်တိုးတက်ခွင့် မပေးချင်ဘူးဆိုရင်တော့ ဒါဟာ (Chauvinism) လို့ခေါ်ရမယ့် လူမျိုးကြီးဝါဒပဲဖြစ်ပါတယ်။ အဲသည်လို မိမိရဲ့အမျိုးကိုစွဲပြီး ထောင်လွှားတယ်ဆိုရင်တော့ အဲဒီလူ ဒါမှမဟုတ် အဲဒီလူမျိုးဟာ ပျက်စီးခြင်းတိုင်တော့မှာ သေချာတယ်လို့ ပြောနိုင်ပါတယ်။

ကမ္ဘာမှာ လူမျိုးကြီးဝါဒကို ကိုင်စွဲခဲ့တဲ့နိုင်ငံများ အရေအတွက်



ပြနိုင်လောက်အောင် များပြားခဲ့ပါတယ်။ အဲသည်လိုနိုင်ငံများဟာ စစ်ဘေးစစ်ဒဏ်ကြောင့် ဘေးအန္တရာယ်နဲ့ ကြုံတတ်ပါတယ်။ လူသူအများလည်း သေကျေပျက်စီးခဲ့ကြပါတယ်။ ထောင်လွှားတက်ကြွသော ဇာတိမာန်အကြောင်းကိုပြောရင်း တစ်လက်စတည်းနဲ့ ဂေါတ္တမာန်အကြောင်းကို ပြောချင်ပါတယ်။ ဂေါတ္တဆိုတာ အနွယ်ကိုဆိုလိုတာဖြစ်ပါတယ်။ မြတ်စွာဘုရားဟာ အမျိုးအားဖြင့် သာကီယမျိုးဖြစ်ပါတယ်။ အနွယ်အားဖြင့် ဂေါတမအနွယ် ဖြစ်ပါတယ်။ ဟိန္ဒူအယူဝါဒကို လက်ခံကြသော ဗြာဟ္မဏတို့မှာလည်း အနွယ်အားဖြင့် ကွဲပြားတတ်ကြပါတယ်။ ဘာရဒွာဇ ပုဏ္ဏားအနွယ် မာဂဏ္ဍီပုဏ္ဏားအနွယ်စသည်ဖြင့် ကွဲပြားပါတယ်။ သူတို့ရဲ့အမည်မှာ အနွယ်ကိုပြတဲ့ အမှတ်အသား ပါပါတယ်။

အရှေ့တိုင်းမှာလည်း တရုတ်လူမျိုးတို့ရဲ့အမည်ရှေ့မှာ အမျိုးကိုဖော်ပြတဲ့ ချန်၊ ချင်၊ ဖူစတဲ့စာလုံးများ ပါလေ့ရှိပါတယ်။ လူမျိုးတော်တော်များများမှာ အနွယ်ကိုပြတဲ့ စကားပါပါတယ်။ မြန်မာများမှာ ဂေါတ္တဆိုတဲ့အနွယ်အဆက်နဲ့ပတ်သက်ပြီး ထင်ထင်ရှားရှားသုံးစွဲ မှည့်ခေါ်လေ့မရှိကြပါဘူး။ အမည်မှာ အနွယ်ကိုဖော်ပြလေ့ရှိတဲ့သူတိုင်းလည်း မာန်မာနတက်မယ် ထောင်လွှားမယ်လို့ မဆိုနိုင်ပါဘူး။ ထို့အတူပါပဲ၊ အမည်မှာ အနွယ်ကိုဖော်ပြထား လေ့မရှိပေမယ့် ငါ့ကို ဘာမှတ်လို့တုံး၊ ငါတို့က ဘယ်လိုအမျိုးအနွယ်က ဆင်းသက်လာတာ ငါက ဘာကောင်မှုမဟုတ်လို့များ ပေါ့သေးသေးမထင်လေနဲ့၊ ငါ့ကိုထိရင် ငါ့ဆွေမျိုးတွေက သည်းခံမယ်မထင်လေနဲ့ဆိုပြီး ထောင်လွှားနေကြတဲ့သူတွေလည်းရှိတတ်ပါတယ်။ မြင့်မြတ်တဲ့အမျိုးကမှ မာန်မာန တက်ကြွတတ်တယ်လို့ မထင်ပါလေနဲ့၊ ဘာမှုမဟုတ်တဲ့သူတွေကလည်း ဘာမှတ်သလဲ ငါတို့က သေမထူး နေမထူးဘူး။ ကြွေပန်းကန်တွေလာကြစမ်း ကျောက်ခဲနဲ့ထုရင် ဘယ်သူကွဲမလဲလို့ ကြိမ်းဝါးတတ်ကြတာကိုလည်း ကြားဖူးကြမှာ ဖြစ်ပါတယ်။

မိမိတို့ရဲ့အမျိုးကို မတိမ်ကောလေအောင် ကောင်းစွာစောင့်ရှောက်တတ်တယ်ဆိုတာကတော့ လူမှုရေးအရ တာဝန်တစ်ရပ် ဖြစ်ပါတယ်။ မိမိတို့ရဲ့ ယဉ်ကျေးတဲ့ဓလေ့ထုံးစံ မိမိတို့ရဲ့ကောင်းမြတ်တဲ့ အစဉ်အလာများကို စောင့်ရှောက်ရပါမယ်။ ဒါပေမဲ့ ငါတို့ကမှ ယဉ်ကျေးတယ်၊ ငါတို့ကမှ လူမျိုးအနေနဲ့ တိုးတက်မြင့်မြတ်တယ်ဆိုတဲ့အမြင်နဲ့ လူတစ်ပါးတို့ကို ဒုက္ခပေးတတ်တယ်ဆိုရင်တော့ အဲဒီလူဟာ တစ်နည်းမဟုတ်တစ်နည်းနဲ့ ပျက်စီးခြင်းတိုင်တော့မယ် ဖြစ်ပါတယ်။

တချို့က အနွယ်မာန် တက်စရာမရှိရင်တောင်မှ ငါတို့က ဘယ်ဒေသကလူတွေ။ ပေါ့သေးသေး မှတ်လို့လား။ ငါတို့ဟာ အလွန်လက်တုန့်ပြန်တတ်တာ၊ ငါတို့နယ်သားတွေကို ဘယ်သူကများ စမ်းရဲမလဲ စသည်ဖြင့် မိုက်မဲရာမှာ တံခွန်ထူတတ်ကြပါသေးတယ်။

ယခုအချိန် ကမ္ဘာ့ဒေသအသီးသီးမှာ စစ်မီးများ တညီးညီးတောက်လောင်နေကြပါတယ်။ အကြောင်းကတော့ အမျိုးမာန်တက်နေကြလို့ပဲဖြစ်ပါတယ်။ ဘာသာရေးနဲ့သက်ဆိုင်တဲ့ စာဖြစ်ပေမယ့် ဘဝရဲ့ပြည့်စုံခြင်းဆိုတဲ့ လောကီရေးအတွက်ပါ လိုက်နာသင့်တဲ့အကြောင်းများကို ဆွေးနွေးနေတာဖြစ်လို့ တင်ပြသင့်တာများကို တင်ပြလိုက်ပါရစေ။

ချေချင်းညာ (ရုရှသံအရဆိုရင် ချက်ချညာလို့ထွက်မှာပါပဲ) ဆိုတဲ့ဒေသကို ရုရှနေသဟာယနိုင်ငံက ဝိုင်းတိုက်နေကြပါတယ်။ နှစ်ဖက်စလုံး အမျိုးမာန်တက်ပြီး မညှိနိုင်းနိုင်ပါဘူး။ နှစ်ဖက်စလုံး စစ်ဒဏ်ကို ခံနေကြရပါတယ်။ ထို့အတူပါပဲ။ ကိုးကွယ်ယုံကြည်မှု မတူတာကြောင့်ဖြစ်နေကြတဲ့စစ်ပွဲတွေ အမျိုးကွဲပြားတာကြောင့် ဖြစ်နေကြတဲ့စစ်ပွဲတွေ အချိန်တိုင်းမှာ ရေတွက်လို့ မနည်းလှပါဘူး။ သူတစ်ပါးကို ပြိုစေပျက်စေလောက်အောင် ခက်ထန်နေတယ်။ ပျောက်ပျက်အောင် ဖျောက်ချင်နေတယ်ဆိုတာ ဘယ်လိုနည်းနဲ့မျှ မကောင်းနိုင်ပါဘူး။

သူတစ်ပါးတို့ကို လူလူချင်း စာနာထောက်ထားခြင်း မပြုနိုင်



လောက်အောင် မာန်တက်နေတဲ့သူများဟာ လူတစ်ယောက်ချင်းဖြစ်စေ လူတစ်စုချင်းဖြစ်စေ တစ်နိုင်ငံချင်းဖြစ်စေ ဒုက္ခများစွာရောက်ကြရတတ်ပါတယ်။ ဗီယက်နမ်နိုင်ငံကို အမေရိကန်တို့ နှစ်ရှည်လများ သွားရောက်တိုက်ခိုက်ခဲ့ကြပါတယ်။ ဗီယက်နမ်နိုင်ငံသားတွေ ခိုအောင်းနိုင်ချေရှိတဲ့တောများ သစ်ရွက်တွေကြွေပြီး တောပြုန်းသွားရင် သူတို့အတွက် တိုက်ခိုက်ရတာ တစ်ပန်းသာမယ်ဆိုတဲ့ စီမံကိန်းနဲ့ အိန်ဂျယ်အောရိမ်ချ်ဆိုတဲ့ဆေးများကို လေယာဉ်နဲ့ပျံဝဲပြီး ပက်ဖျန်းခဲ့ကြပါတယ်။ အဲဒီအငွေ့ဟာ လူများကိုမထိခိုက်စေနိုင်ပါဘူးဆိုတဲ့ အာမခံချက်ကြောင့် သူတို့လူများကလည်း အကာအကွယ်မယူဘဲ နေနေခဲ့ကြပါတယ်။

စစ်ပြီးလို့ အမေရိကန်များ ကိုယ့်နိုင်ငံကို ကိုယ်ပြန်ကြတဲ့အခါကျမှ အဲဒီစစ်ပြန်များက မွေးတဲ့ကလေးများဟာ ကိုယ်လက်အင်္ဂါ မစုံမလင်ဖြစ်နေကြတာကို သတိထားမိကြပါတယ်။ သေသေချာချာ သုတေသနလုပ်ကြည့်တဲ့အခါ သူများနိုင်ငံက တောများပြုန်းအောင် ဖျန်းပက်တဲ့ဆေးရည်ရဲ့ လေထဲကတစ်ဆင့် ပျံ့လာတဲ့အငွေ့ကို ရှူမိကြသူများဖြစ်တယ်လို့ အဖြေထွက်လာပါတယ်။ ဒါ့အပြင် စစ်ပြန်များဟာ အများရဲ့အမြင်မှာ ဘာမျှမထူးခြားပါဘူး။ ဒါပေမဲ့ နေရင်းထိုင်ရင်း လူတွေကိုသေနတ်နဲ့ပစ်သတ်လေ့ရှိကြတာကို ထပ်ကြိမ်များစွာ တွေ့လာကြတော့မှ စစ်ဘေးဒဏ်ကြောင့် စိတ်ဓာတ်များ ပျက်ပြားနေကြတယ်ဆိုတာကို သိနားလည်လာကြပါတယ်။

မာန်ဟာ သူတစ်ပါးကို မထိမဲ့မြင်ပြုအောင် သရော်မော်ကားပြုနိုင်အောင် ဖိနှိပ်ချုပ်ချယ်နိုင်အောင် များစွာတွန်းပေးတဲ့ အကုသိုလ်စိတ်ကြမ်း စိတ်ဆိုးဖြစ်ပါတယ်။ မာန်တက်နေတဲ့သူဟာ ချစ်ခင်လေးမြတ်စရာ မကောင်းတတ်ပါဘူး။ အမှန်ပြောရရင် မာန်တက်နိုင်စရာ အခြေအနေနဲ့ ပြည့်စုံနေပါလျက် မိမိရဲ့မာန်ကိုချိုးပြီး ကိုယ့်ထက်ဂုဏ်ကြီးတဲ့သူတွေရှေ့မှာ ကိုယ့်မာန်ကို ကိုယ်ချပြီး သိမ်မွေ့အေးချမ်းစွာ နေတတ်တယ်လို့ဆိုရင် အများသူငါက ကိုယ့်ကို ကြည်ညိုချစ်ခင်ကြပါလိမ့်မယ်။

စာရေးသူတို့ဘဝမှာ လူပေါင်းများစွာကို တွေ့ခဲ့ကြရဖူးပါတယ်။ တချို့ဟာ ဥပတိအားဖြင့် အလွန်ကောင်းပါတယ်။ လူချောလူလှ မိန်းမချော မိန်းမလှလို့ ပြောနိုင်တဲ့သူများ ဖြစ်ကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ရုပ်အဆင်းကို မြင်တဲ့သူများက သူတို့ကိုနှစ်လိုချစ်ခင်ခြင်း မရှိတတ်ကြပါဘူး။ ကြောက်ရွံ့ရှိသေမှုတော့ ရှိပါလိမ့်မယ်။ ကြောက်ရွံ့တာမဟုတ်ဘဲ ကြည်ညိုတာဆိုရင် ပိုပြီးကောင်းမှာဖြစ်ပါတယ်။ အဲဒါမှ ဘယ်လိုအခန့်မသင့်မှုမျိုးမျှ မပေါ်ပေါက်ဘဲ ရေရှည်လက်တွဲကြဖို့ လွယ်ကူပါလိမ့်မယ်။

နောက်ထပ်ဆွေးနွေးဖို့ အကြောင်းကတော့ နေမာန်အကြောင်းပဲ ဖြစ်ပါတယ်။ မိမိရဲ့ပိုင်ဆိုင်မှုဟာ မိမိရဲ့အရည်အချင်း မြင့်မားခြင်းကို ပြသနေတယ်လို့ လူအများကယူဆကြပါတယ်။ ပစ္စည်းဥစ္စာကို ကိုယ်ပိုင်စွမ်းအားနဲ့ ရှာဖွေစုဆောင်းနိုင်တဲ့သူကလည်း ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လားလို့ ထင်တတ်ကြပါတယ်။ တကယ်လို့ ကိုယ်တိုင်ရှာဖွေရတာမဟုတ်ပါဘဲနဲ့ မျိုးရိုးစဉ်ဆက်က ချမ်းသာတာလို့ဆိုရင်လည်း ငါတို့က အခုမှချမ်းသာတဲ့ ခေတ်ပျက်သူဌေးမဟုတ်ဘူး။ မျိုးရိုးစဉ်ဆက် ချမ်းသာလာတာဆိုပြီး နေမာန်မှာ မျိုးရိုးမာန်ပေါင်းကာ ပိုပြီးမာန်ကြီးတတ်ကြ ထောင်လွှားတတ်ကြတာလည်း ရှိပါတယ်။

တကယ်တမ်းစဉ်းစားရင် ဘာမျှမာန်တက်စရာ မလိုအပ်ပါဘူး။ မြန်မာနိုင်ငံလို နိုင်ငံမျိုးမှာ အိမ်ကောင်းကောင်းနဲ့နေပြီး ကားကို တစ်စင်းမကထားပြီး စီးနိုင်တယ်။ ရတနာပစ္စည်းများကို ဝတ်နိုင် ဆင်နိုင်တယ်၊ အစားအစာကို မတွက်ဆဘဲ စားနိုင်သောက်နိုင်တယ်ဆိုကာမျှနဲ့လည်း ကိုယ့်ကိုယ်ကို ချမ်းသာလှပြီလို့ အထင်မရောက်ကြပါလေနဲ့။ တကယ်တော့ မြန်မာနိုင်ငံမှာပဲ ကိုယ့်ထက်များစွာချမ်းသာ ကြွယ်ဝတဲ့သူတွေများလှပါသေးတယ်။ တကယ်တမ်း ချမ်းသာတဲ့နိုင်ငံရပ်ခြားက လုပ်ငန်းရှင်များရဲ့ ပိုင်ဆိုင်မှုများကို သတင်းတွေထဲမှာ စာအုပ်တွေထဲမှာ တစ်စွန်း



တစ်စပါတာကိုထောက်ပြီး သြော် ချမ်းသာတယ်ဆိုတာ ဒါမျိုးကိုးလို့ စဉ်းစားရပါတယ်။

အဲသည်လို ကိုယ့်ထက်ချမ်းသာတဲ့ သူများစွာနဲ့ ယှဉ်လိုက်ရင် ကိုယ့်မှာရှိတာ ဘာဟုတ်သေးလို့လဲလို့ ပြန်ပြောမိရဦးမှာ ဖြစ်ပါတယ်။ အို သူများနိုင်ငံကဟာနဲ့ မနှိုင်းယှဉ်နဲ့လေ၊ ဒီမှာ တို့ကချမ်းသာတာပဲ။ မာနကကြီးတယ်တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမဲ့ လူတွေဆိုတာ ကျောင်းမှန်းကန်မှန်းသိအောင် လုပ်ထားရမယ်လို့ ပြောချင်တဲ့သူတွေကတော့ ဘာပဲဖြစ်ဖြစ် မာန်တက်ချင် နေတဲ့သူပဲဖြစ်ပါတယ်။ ကောင်းပါပြီ။ သူများထက် ပစ္စည်းဥစ္စာသာတာတော့ အမှန်ပါပဲ။ ဒါပေမဲ့ ပစ္စည်းဥစ္စာဆိုတာ တာရှည်မြဲတတ်တဲ့အရာ မဟုတ်ပါဘူး။ အခုန သိပ်ချမ်းသာတယ်ဆိုတဲ့ နိုင်ငံရပ်ခြားက သူဌေးကြီးတွေတောင်မှ လောကဓံအလှည့်အလှည့်အပြောင်းမှာ ဘယ်လိုမျှမတတ်နိုင်ဘဲ ဒုက္ခခံကြရတာကို မကြာခဏ မြင်ဖူးကြားဖူးကြပါတယ်။ သဘာဝဘေးအန္တရာယ်လို ဘယ်လိုမျှ တွက်ဆလို့မရတဲ့ ဘေးအန္တရာယ်မျိုးကလည်း လူများရဲ့ဘဝကို များစွာ ကစဉ့်ကလျားဖြစ်စေပါတယ်။ မမျှော်လင့်တဲ့ နိုင်ငံရေးအပြောင်းအလဲများ စီးပွားရေးအပြောင်းအလဲများကြောင့် ကုဋေပေါင်းများစွာ ကြွယ်ဝတဲ့သူတွေလည်း များစွာဒုက္ခရောက်ကြရတာကို ကြားဖူး ဖတ်ဖူး မြင်ဖူး ကြုံဖူးကြမှာ ဖြစ်ပါတယ်။

အဲသည်လို ဒုက္ခရောက်နေတဲ့အခါမှာ ကိုယ်တကယ်အားကိုးနိုင်တာက ကိုယ့်ရဲ့သီလပဲဖြစ်ပါတယ်။ ကိုယ့်ရဲ့ဆောက်တည်နိုင်စွမ်းပဲဖြစ်ပါတယ်။ အဲဒီလိုအချိန်မျိုးမှာ ကိုယ့်ကိုတစ်ယောက်ယောက်ကဖြစ်စေ တစ်စုကဖြစ်စေ ဒုက္ခပေးမယ်ဆိုရင် ကိုယ်ဘယ်လိုခံယူရမလဲ။ သည်းခံပြီး ခံယူရမှာဖြစ်ပါတယ်။ အဲသည်လို ဆင်းရဲခြင်းဒဏ်ကို နှိမ့်ချစွာ တည်ငြိမ်စွာ ဖြတ်ကျော်ခြင်းမပြုရင် ပိုပြီးဒုက္ခရောက်ရမယ် ဖြစ်ပါတယ်။

အဲဒီတော့ ချမ်းသာခြင်းဒဏ်ကို တည်ငြိမ်စွာ အေးချမ်းစွာ ရှိသေထိုက်သူကို ရှိသေပြီး ညွှာတာထိုက်သူကို ညွှာတာစွာ ဖြတ်ကျော်ခြင်း ခံယူခြင်းမပြုရင် အပြောင်းအလဲပေါင်းများစွာနဲ့ ကြုံတွေ့ရတဲ့အခါ ပျက်စီးခြင်းနဲ့ ကြုံရမယ်ဖြစ်ပါတယ်။ လူသူအများက မချစ်ခင် မကြည်ညိုတဲ့သူဟာ လူ့ဘဝမှာ ကြုံရတတ်တဲ့ဒုက္ခတွေကို တစ်ယောက်ထီးထီး ရင်ဆိုင်ရတတ်ပါတယ်။ အများကို ဒုက္ခပေးထားတဲ့အတွက် အများက ကြည့်ထားတာကို ခံရတတ်ပါတယ်။ နာဖျားမကျန်းဖြစ်မယ်။ ရန်သူမျိုးငါးပါးနဲ့ ကြုံရမယ်ဆိုရင် ရှိရှိသမျှဥစ္စာပစ္စည်းများကို ပုံပေးမယ်ဆိုရင်တောင်မှ မာနကြီးတဲ့သူအတွက် သက်သာစရာလမ်း မမြင်ပါဘူး။ အားလုံးက မကူညီတဲ့အပြင် ပိုပြီးသွေးဆိုးတဲ့သူများက ဒုက္ခပေးတာတောင်မှ ခံရတတ်ပါသေးတယ်။

အဲဒီလို လောကဓံဆိုးလေးပါး ကိစ္စမျှသာမက နောက်နောင်ဘဝ အဆက်ဆက်မှာ ရင်ဆိုင်ရမယ့် ကုသိုလ် အကုသိုလ် အကျိုးဆက်များကိုတော့ ဘယ်လိုမှ ရှောင်လို့လွှဲလို့မရနိုင်ပါဘူး။ ကိုယ်ရင်းထားတာကို ကိုယ်ပြန်ရမှာဖြစ်ပါတယ်။ အခုဘဝမှာ ပြည့်စုံကြွယ်ဝတာကို မာနတက်စရာမလိုပါဘူး။ တကယ်တော့ ဒီလိုအခြေအနေကို ရောက်လာတာဟာ မိမိပြုခဲ့တဲ့ ဒါနမှုများရဲ့အကျိုးဆက်ကြောင့် ဖြစ်တယ်။ တကယ်လို့သာ စိတ်ကောင်း စေတနာကောင်းနဲ့ လှူဒါန်းပေးကမ်းခြင်းမပြုရင် စမ်းတွင်းပေမယ့်လည်း မိုးခေါင်လွန်းရင် ခန်းသလို ကုသိုလ်အကျိုးဆက်များ ခန်းသွားနိုင်ပါတယ်။ ချမ်းသာတယ်ဆိုလေလေ အဲဒီလိုမြင့်မားတဲ့ အနေအစားကို မဆုံးရှုံးအောင် ထိန်းထားဖို့ ထိန်းအားရှိဖို့ လိုအပ်လေလေဖြစ်ပါတယ်။ ကိုယ့်ကံကောင်းနေတာကို သူတစ်ပါးကလာရောက်ပြီး ဖျက်ဆီးနိုင်တယ်ဆိုတာ ကိုယ့်တာက မလုံလို့ဖြစ်ပါတယ်။ ယခုဘဝမှာရော ဘဝအဆက်ဆက်မှာပါ ကိုယ့်ကိုဒုက္ခပေးနိုင်မယ့်သူများနဲ့ ဝေးဝေးမှာ နေနိုင်အောင်၊ ကူညီမယ့်သူတွေကို ကိုယ့်အနားမှာ ထားနိုင်အောင်ဆိုတာ



ကတော့ ကိုယ့်စိတ်နေသဘာဝနဲ့ အပြုအမူများဟာ လူကောင်းသူကောင်းတွေ မြတ်နိုးနိုင်မှ ဖြစ်နိုင်မှာပါပဲ။

အခုအထိ ဆွေးနွေးတင်ပြခဲ့တာဟာ အမျိုးအနွယ် ဥစ္စာတို့ကို အစွဲပြုပြီးတော့ ခက်ထန်မောက်မာတာဟာ ပျက်စီးစေတတ်ပါတယ်။ ဘယ်လိုအကြောင်းကိုပဲ စွဲပြီးခက်ထန်သည်ဖြစ်စေ အခုဘဝ နောက်ဘဝ ဘယ်သို့သောအခါမှာမှ ကောင်းကျိုးမပေးပါဘူး။ ပျက်စီးစေတတ်ပါတယ်ဆိုတာကို တင်ပြချင်တာပါပဲ။

မာနဆိုတဲ့ အကုသိုလ်စိတ်ကို လုံးလုံးပယ်သတ်နိုင်တာကတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက်ရောက်အောင် အားထုတ်နိုင်တဲ့အချိန်ကျမှပဲ ဖြစ်နိုင်ပါမယ်။ ဒါပေမဲ့ ကဲလွန်မိုမောက်တဲ့ ထောင်လွှားတက်ကြွတဲ့ မာနမဖြစ်ပေါ်အောင် ဖြစ်ပေါ်လာတဲ့အခါမှာလည်း အချိန်မလွန်မီ ထိန်းသိမ်းနိုင်အောင် သတိထားနိုင်ရပါမယ်။ မိမိမေ့လျော့နေရင်လည်း သတိပေးနိုင်တဲ့သူ ကလျာဏမိတ္တကောင်း ရှိရပါမယ်။ နို့မဟုတ်ရင်တော့ မာနတက်စရာအကြောင်းတွေက များလှပါတယ်။ အမျိုးအနွယ်မာန်လိုပဲ ပြင်းထန်တဲ့မာန်များ ရှိတတ်ပါတယ်။ မိမိရရှိထားတဲ့ ရာထူးဋ္ဌာနန္တရနဲ့ပတ်သက်ပြီးလည်း အလွန်တက်ကြွတဲ့မာန ရှိတတ်ကြပါတယ်။ အဲသည်လို မာနမျိုးကြောင့်ပဲ မမြဲတာကို မြဲတယ်လို့ထင်တတ်ကြပါတယ်။ လုပ်ပိုင်ခွင့်အားဖြင့် မကြီးမားလှတဲ့အပြင် ရာထူးအနေနဲ့ ကြီးသည်ဆိုစေ စာပေသင်ကြားပို့ချတဲ့သူဖြစ်တယ်ဆိုရင် ကိုယ်တတ်ထားတဲ့ သိထားတဲ့ပညာနဲ့ ကိုယ့်စိတ်ကို ထိန်းနိုင်ကြဖို့ လိုအပ်ပါတယ်။ နို့ပေမဲ့ သတိမရှိခဲ့ရင် သူများတကာထက် အခွင့်သာလို့ ပညာထူးချွန်တယ်လို့ဆိုနိုင်တာနဲ့ မအပ်မသင့်တဲ့အနေရောက်အောင် မာနတက်ကြတဲ့သူတွေကိုလည်း တွေ့ရဖူးပါတယ်။ ပညာတတ်ဆိုတဲ့သူများ မောက်မာတာဟာ အခြားသောသူများ မောက်မာတာထက် အခြေအနေပိုပြီး ဆိုးပါတယ်။ ဘာဖြစ်လို့လဲလို့ဆိုတော့ ပညာယူရမယ့်သူတွေ သူ့ကို

အားကျရမယ့်သူတွေက အကုန်လိုက်ပြီး အတုခိုးကြတော့မှာကိုး။ ဒါ့အပြင် သူဟာ အရာအထူးအရလည်း ပြောပလောက်တဲ့ အရာအထူးမဟုတ်တဲ့အတွက် အကယ်၍ အငြိမ်းစားယူခဲ့သော် သူ့ကိုပညာကြောင့်ကြည်ညိုလို့သာ ချဉ်းကပ်မှာဖြစ်တဲ့အတွက် သူ့ကို ကိုးကွယ်ဟန်ပြတဲ့သူများ ပျောက်ကွယ်သွားပါလိမ့်မယ်။ အဲသည်လိုပျောက်ကွယ်သွားတဲ့အခါ သူကိုယ်သူ ဘယ်လိုထိန်းမလဲဆိုတာဟာ ကြီးမားတဲ့ပုစ္ဆာတစ်ခုဖြစ်လာပါလိမ့်မယ်။ အငြိမ်းစားယူသွားတဲ့အချိန်မှာ ချဉ်းကပ်သူများရှိမြဲရှိပြီး ရိုကျိုးတဲ့သူ ချစ်ခင်တဲ့သူ များတဲ့သူများကိုလည်း တွေ့ကြုံးပါတယ်။ သူတို့ဟာ ပညာနဲ့ပတ်သက်လို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုကြီးမားကြပေမယ့် အဲဒီလိုပညာလို့ လူတွေသတ်မှတ်ထားတဲ့ အရာကိုပိုင်ဆိုင်တာကြောင့် ပိုပြီးပြေပြစ်အောင် နေထိုင်ကျင့်ကြံလေ့ရှိကြပါတယ်။ သူဟာ တက်လာမယ့်သူများကိုလည်း မဖိနှိပ်ပါဘူး။ ငါ့ကို ခြေရာတိုင်းဖို့ မကြိုးစားနဲ့။ ငါကဘာပဲပြောပြော မင်းတို့ထက် ရာထူးမြင့်တယ်ဆိုတဲ့ သဘောထားမျိုး မရှိပါဘူး။ အဲဒီတော့ သူ့မှာ လက်ရှိရာထူးမရှိတော့တဲ့တိုင်အောင် မူလကတည်းကလည်း ဘာမှုသိပ်မရှိတော့ အငြိမ်းစားဘဝမှာလည်း အေးဆေးစွာ ရိုးသားစွာ နေမြဲနေနေတာကို တပည့်များက မိတ်ဆွေများက ပိုပြီးကြည်ညိုကာ ဝန်းရံနေတတ်ကြပါတယ်။

သူနဲ့ပြောင်းပြန်ဖြစ်နေတဲ့ သူတစ်ယောက်ကိုလည်း တွေ့ဖူးပါတယ်။ အငြိမ်းစားယူရခါနီးကတည်းက သွေးပျက်စပြုနေပြီးတော့ အငြိမ်းစားယူရင် အခုလိုအနေအစားမျိုးနဲ့ နေနိုင်ပါဦးမလားဆိုတဲ့ မေးခွန်းမျိုးကို သူ့ပတ်ဝန်းကျင်ကလူတွေကို လိုက်မေးနေတတ်ပါတယ်။ သူဟာ သူ့ထံရောက်လာတဲ့တပည့်ကို အမြဲလိုလိုနှိပ်စက်တတ်ပါတယ်။ အခုဆိုရင် သူ့အကြောင်းကို သူ့တပည့်တွေကလည်း မပြောတော့ပါ။

ဒါ့ကြောင့် ခက်ထန်တဲ့သူများဟာ စိတ်ဓာတ်ကျလွယ်တတ်တယ်လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကို လူအများက မချစ်ဘူးဆိုတဲ့အချက်ကို သူတို့ဘာသာ သိနေလို့ပါပဲ။ သူတို့ကိုယ်တိုင်



ရယူဖို့ကြိုးစားခဲ့တာကလည်း မေတ္တာစိတ်ထက် ကြောက်ရွံ့ရိုသေမှုဖြစ်နေလို့ပါပဲ။ အဲသည်လို အဖြစ်မျိုးနဲ့မတိုးအောင် ကိုယ့်ဘာသာကိုယ်မာန်ချမှု ရနိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် အချိန်ရှိခိုက် သတိစိုက်ပြီး ကိုယ့်မာန်ကို ကိုယ်ချဖို့လိုအပ်ပါတယ်။

အဲဒီလိုမာန်မာနကို ကိုယ်ဘာသာကိုယ်မချတတ်ရင် ကိုယ့်ဘာသာကိုယ် မထိန်းတတ်ရင် သူတကာကို မထီမဲ့မြင်ပြုတတ်တဲ့သူ ဖြစ်သွားပါလိမ့်မယ်။ မာနက လူမရွေးဘူးဆိုတော့ ဘယ်သူ့အပေါ်မှာမဆို မောက်မာမှာပါပဲ။ အဲသည်လို မောက်မာကျင့် မထီမဲ့မြင်ပြုကျင့်ရှိသွားတဲ့အခါ မိမိရဲ့မိဘအပါအဝင် အဆွေအမျိုးများကိုပါမချန် မထီမဲ့မြင်ပြုကျင့်တွေ ဝင်သွားတော့မှာ သေချာပါတယ်။ အဲသည်လိုမျိုး မထီမဲ့မြင်ပြုတာကို မြင်ဖူးကြားဖူးကြမှာ ဖြစ်ပါတယ်။ အမေက ဘာသိလို့လဲ၊ အဖေနော် ကျုပ်တို့ရှာကျွေးတာကို အေးအေးစားပါ၊ အပိုတွေ ဘာမှုမပြောပါနဲ့ စသည်ဖြင့် ခင်ဗျားလုံးရိုက် ကျုပ်လုံးရိုက်ပြီး ပြောတတ်ဆိုတတ်တာတွေ မောက်မာတတ်ကြတာတွေကတော့ ပြောလို့မဆုံးနိုင်အောင် တွေ့မြင်ကြားသိခဲ့ကြရပါတယ်။

အဆွေအမျိုးတွေကို ထောက်ပံ့ရမှာကတော့ လူတိုင်းမရှောင်သာအောင် လုပ်ကြရတာပါပဲ။ အဆွေအမျိုးများကို ထောက်ပံ့တာဟာ မင်္ဂလာရှိတဲ့အလုပ် ကြီးပွားရာကြီးပွားကြောင်းကို ဆောင်တဲ့အလုပ်ဖြစ်ပါတယ်။ အဲသည်လိုအလုပ်မျိုးကို မာနကဲမိုနေတဲ့သူတစ်ယောက်ဟာ လုပ်တယ်ဆိုရင်တောင်မှ သူ့အရှိန်အဝါကို ပြသချင်လို့သာ လုပ်မှာဖြစ်ပါတယ်။ သူ့အထောက်အပံ့ကို ယူရတဲ့သူတွေအနေနဲ့ကလည်း မတတ်သာလွန်းလို့သာ ယူရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထမင်းတစ်လုတ်တုတ်တစ်ချက်ဆိုသလို ရတာနဲ့ စိတ်ဆင်းရဲရတာနဲ့ မကာမိလို့ပဲဖြစ်ပါတယ်။

အဲဒီတော့ ကျေးဇူးပြုသော်လည်း ကျေးဇူးမတင်နိုင်ဘဲ နောက်ဆုံးတော့ အားလုံးက ခွာကြတော့မှာ သေချာပါတယ်။ လောကမှာ ဆွေသား

မျိုးသား များခြင်းဆိုတာ အားတစ်ပါးဖြစ်ပါတယ်။ ဆွေမျိုးဆိုပေမယ့် သွေးသားမစပ်သည့်တိုင်အောင် ဆွေမျိုးရင်းချာကဲ့သို့ ချစ်ခင်လေးစားကြသောသူများကို ကိုယ်ကိုယ်တိုင် စည်းစိမ်ဥစ္စာအရာအထူးနဲ့ ပြည့်စုံတဲ့အခါမှာ သိသိမှတ်မှတ် အရေးတယူ ခေါ်ငင်နှုတ်ဆက်ရပါမယ်။ ကိုယ်တတ်နိုင်တဲ့အတိုင်းအတာနဲ့ ချီးမြှင့်မြှောက်စားကြရပါမယ်။ ကူညီသမှုပြုကြရပါမယ်။ အဲသည်လိုမဟုတ်ဘဲ ငါ့ဘာသာငါ ကြိုးစားလို့ ရလာတဲ့ရလဒ်တွေအတွက် ဘယ်သူ့ကိုမှ ကျေးဇူးတင်စရာမလို၊ ငါ့ဘာသာငါကြိုးစားခဲ့ရတာ ငါ့အစွမ်းအစကို အခုလို အများက အသိအမှတ်ပြုကြတော့မှ ငါကောင်းစားမှ လာပြီးကပ်တဲ့သူတွေကို ငါက ဘာမှပြန်ပြီးတုံ့ပြန်နေစရာမလိုဘူးလို့ တွေးတောတတ်တယ်ဆိုရင် ငါတော့မကြာတော့ဘူး ပျက်စီးတော့မယ်။ ဘုရားစကားဆိုတာ အမှားမရှိနိုင်ဘူးလို့သာ ကိုယ့်ဘာသာကိုယ် ကြပ်ကြပ်သတိပေးလိုက်ကြဖို့လိုအပ်ပါတယ်။ အဲသည်လို သတိနဲ့မချုပ်တည်းနိုင်လို့ကတော့ ကိုယ့်ဘေးနားမှာ ပျော်ရွှင်တက်ကြွစွာ ဝိုင်းရံခနေတတ်တဲ့ အဆွေအမျိုးတွေလည်း တစ်စတစ်စနဲ့ ခွာသွားတတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းဟာ လိုချင်လို့ကပ်တာ မဟုတ်ပါဘူး။

အဆွေအမျိုးများကတောင်မှ ရှောင်ကြပြီဆိုရင် အဲသည်လိုလူမျိုးဟာ ပျက်စီးစရာသာကြုံလို့ကတော့ မဆယ်နိုင်အောင် ဖြစ်မှာပါပဲ။ မာနတံခွန် ထူလွန်းတဲ့သူဟာ သူ့တံခွန်ကြောင့်ပဲ ဖျက်ဆီးလိုသူများရဲ့ ပစ်မှတ်ဖြစ်ကာ အထိနာတတ်ပါတယ်။ လူတွေထဲမှာ သူ့နည်းနဲ့သူ ကောင်းတဲ့နေရာမှာစွမ်းသလို မကောင်းတဲ့နေရာမှာလည်း စွမ်းတဲ့သူတွေ ပါတတ်ပါတယ်။ မကောင်းတဲ့သူဆိုတာက သူ့မှာ အကျိုးစီးပွားရယ်လို့ တိုက်ရိုက်မရှိတောင်မှ မာနတံခွန်ထူထားရင် ကျအောင်ချဖို့ကြိုးစားတတ်ပါတယ်။ အဲသည်လို မဆိုင်တဲ့အဖျက်များ ပေါ်လာပြီး ထောင်လွှားတဲ့သူများမှာ ပျက်စီးရတတ်ပါတယ်။

\-

## မိန်းမ၊ အရက်၊ လောင်းကစားဖျက်က ပျက်စီးရ၏။

### အဋ္ဌမမေးခွန်း၏ အဖြေ (၁)

နတ်သားကမြတ်စွာဘုရား၏ သတ္တမမေးခွန်းအတွက် အဖြေကိုကြားနာပြီးနောက် အရှင်ဘုရား သတ္တမမြောက်ပျက်စီးခြင်း၏ အကြောင်းရင်းများကို ကြားနာရပါပြီဘုရား။ အဋ္ဌမမြောက် ပျက်စီးခြင်းအကြောင်းကို ဟောတော်မူပါဘုရားဟု လျှောက်ထားသည်။ မြတ်စွာဘုရားက "အကြင်သူသည် မိန်းမကြူး၏။ သေသောက်ကြူး၏။ လောင်းကစားကြူး၏။ ထိုထိုသောနည်းတို့ဖြင့် ရတိုင်းရတိုင်းသော ဥစ္စာကို ဖျက်ဆီး၏။ ထိုအကြောင်းသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်တတ်၏" ဟု ဟောတော်မူပါသည်။

### ဆွေးနွေးချက်များ

ပျက်စီးခြင်းအကြောင်းထဲမှာ 'မိန်းမကြူးခြင်း' ကို ပျက်စီးခြင်းအကြောင်းရင်းတစ်ခုအနေနဲ့ ပြသထားတာ အလွန်လူသားဆန်ပါတယ်။ မြန်မာဗုဒ္ဓဘာသာဝင်များတောင်မှ မြတ်စွာဘုရားဟောတဲ့ တရားများဟာ နောက်ဘဝမှာ ကောင်းစားဖို့ နတ်ပြည်နတ်ရွာကိုရောက်ဖို့ နိဗ္ဗာန်ကိုရောက်ဖို့အတွက်သာ ဖြစ်တယ်လို့ မှားယွင်းစွာ ယူဆတတ်ကြပါတယ်။ ဗုဒ္ဓဟောပြောပြသတဲ့ တရားဟာ အကြောင်းအကျိုးဆက်စပ်မှုကို ထင်လင်းစွာ ပြသတဲ့တရားများ ဖြစ်ကြပါတယ်။ ယခုဘဝမှာ အကျိုးပေးကောင်းတာဟာ နောက်ဘဝက ကောင်းမှုအကျိုးဆက်ကြောင့် မဟုတ်ဘူးလားလို့မေးရင် ဟုတ်ပါတယ်လို့ ဖြေရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဆက်လက်ဖြည့်စွက်ရမှာကတော့ အဲဒီလို နောက်ဘဝက လုပ်ဆောင်ခဲ့တဲ့အကြောင်းရင်းခံ ကုသိုလ်တရားများကနေပြီး ကုသိုလ်အကျိုးဆက်

ထွန်းကားလာအောင် ပစ္စုပ္ပန်မှာ ပယောဂသမ္ပတ္တိဆိုတဲ့ အားထုတ်မှုကိုတော့ လုပ်ရဦးမှာဖြစ်ပါတယ်လို့ ပြောရပါမယ်။ ဒါမှ မြတ်စွာဘုရားဟောကြားတော်မူတဲ့တရားများနဲ့ ကိုက်ညီမယ်ဖြစ်ပါတယ်။

ယခုဘဝအတွက် ကောင်းသောစိတ်စေတနာထားမယ်။ ကောင်းသောကြိုးစားမှုစိုက်ထုတ်မယ်။ နှုတ်အားဖြင့်လည်း ကောင်းသောစကားများကိုသာ ပြောမယ်လို့ဆိုတဲ့အခါ အတိတ်ဘဝက ကောင်းမှုကံများလည်း ပွင့်လန်းလာနိုင်ပါတယ်။ ထို့အတူယခု လောလောဆယ် အရင်းစိုက်လိုက်တဲ့ ကောင်းမှုများကြောင့် ပိုမိုအားပြည့်တဲ့ လူသားဖြစ်လာနိုင်ပါတယ်။ လာမယ့်ဘဝအတွက်လည်း စုဆောင်းပြီးသား ဖြစ်လို့သွားပါလိမ့်မယ်။

ကောင်းမှုကိုဆက်လက်ရှင်သန်အောင် ယခုဘဝမှာလည်း ကောင်းတာလုပ်သင့်တယ်လို့ဆိုရင် မကောင်းမှုကို လုပ်ကျင့်ရှိတဲ့သူများရောဘယ်လိုဖြစ်မလဲဆိုတာကို ဆွေးနွေးဖို့ လိုအပ်ပါတယ်။

လူတွေဟာ သံသရာကြောမှာ အစုန်အဆန်မျောနေကြတာ ဘယ်လောက်ကြာပြီလဲဆိုတာ မသိနိုင်ပါဘူး။ အဲဒီဘဝပေါင်းများစွာထဲမှာ အမှားလုပ်မိထားတာတွေရော အမှန်လုပ်မိထားတာတွေပါ အများကြီးရှိပါတယ်။ ယခုဘဝမှာ အမှားလုပ်တာ များနေတယ်ဆိုရင် ဘဝပေါင်းများစွာက အမှားတွေဟာ အားပြည့်လာတော့မှာဖြစ်ပါတယ်။ အမှားတွေအားပြည့်ရင် ဆိုးကျိုးတွေ ပိုပြီးဖြစ်လွယ်တော့တာပါပဲ။ ဘဝတစ်ခုခုက အမှားကြောင့် ဒီဘဝမှာ အမှားတွေဖြစ်နေတယ်ဆိုရင်တောင်မှ မိမိကိုယ်ကို မှန်အောင်ဆောက်တည်နိုင်ရင် အမှန်ရဲ့ကောင်းမြတ်သောအကျိုးများဖြစ်ပွားပေါ်ပေါက်လာနိုင်ပါတယ်။

ဒီဆောင်းပါးနဲ့ တိုက်ရိုက်မဆိုင်ဘူးလို့ ထင်ရတဲ့အကြောင်းကို ဆွေးနွေးရတာကတော့ ကောင်းတာလုပ်ရင် ဒီဘဝမှာပဲ ကောင်းကျိုးကို ခံစားရပါမယ်။ မကောင်းတာလုပ်ရင်လည်း ဒီဘဝမှာပဲ မကောင်းကျိုး



ကို ခံစားရပါတယ်ဆိုတာ တင်ပြချင်လို့ ဖြစ်ပါတယ်။ အဋ္ဌမမြောက်ပျက်စီးခြင်းကို ဖြေဆိုတဲ့အခါမှာ မြတ်စွာဘုရားက (၁) မိန်းမကြူးခြင်းကို ပြဆိုပါတယ်။

လူ့လောကမှာ ယောကျ်ားနဲ့မိန်းမတွေ့ကြုံကြပြီး ချစ်ခင်စုံမက်နှစ်သက်ကြတာအဲဒီလိုနှစ်သက်သောသူများအချင်းချင်း ပေါင်းသင်းဆက်ဆံလို ကြတာဟာ သဘာဝဖြစ်ပါတယ်။ အဲဒီသဘာဝကို စည်းကမ်းသတ်မှတ်ချက်များနဲ့ လူ့ဘောင်က ခွင့်ပြုထားပါတယ်။ တချို့သောလူ့အဖွဲ့အစည်းမှာ စည်းကမ်းက ပိုပြီးတင်းကျပ်ပါတယ်။ ဒါပေမဲ့ မိန်းမနဲ့ယောကျ်ား ဆက်ဆံရေးမှာ ဘယ်ဘက်မှာမှ ထိခိုက်ခြင်းမရှိအောင် လူ့အဖွဲ့အစည်းများမှာ စည်းကမ်းထားကြတာ ဖြစ်ပါတယ်။ အဲဒီလို စည်းကမ်းထားတဲ့ကြားထဲက ဘောင်ကျော်ပြီး မိန်းမကြူးတယ်ဆိုတာ မိန်းမများနဲ့ ရောထွေးယှက်တင်နေကာ မိသားဘသားပီသတဲ့ အိမ်ထောင်ရေးဘဝကို မထီမဲ့မြင်ပြုတတ်တာကို ဆိုလိုတာဖြစ်ပါတယ်။

အဲသည်လို မိန်းမကြူးတဲ့သူများဟာ အလွှာအသီးသီးမှာ ရှိတတ်ပါတယ်။ တချို့ဆိုရင် သူများသားသမီးကို ခါးလှအောင်အသာထားဝမ်းဝအောင်တောင် ရှာဖွေမကျွေးနိုင်ပါဘဲနဲ့ နောက်ထပ်မိန်းမများနဲ့ ရှုပ်တတ်ကြပါသေးတယ်။ သစ္စာမဲ့တဲ့သူများဟာ ထမင်းကောင်းကောင်းစားနိုင်တယ်ဆိုရင် ဒါထက်ပိုပြီးလုပ်ချင်တာကို လုပ်နိုင်လောက်အောင်ပြည့်စုံကြွယ်ဝတယ်ဆိုရင်တော့ မိန်းမကြူးတဲ့အလုပ်က ပိုပြီးလွယ်သွားပြီဖြစ်ပါတယ်။ အဲသည်လို မိန်းမတစ်ယောက်မကထားပြီး ဆက်ဆံတတ်တဲ့သူများဟာ ငွေကြေးပိုက်ဆံပြုန်းတီးတဲ့ဘေးနဲ့ တွေ့ရတတ်ပါတယ်။ ငွေကြေးဥစ္စာဟာ မူလကတည်းက ပြည့်စုံတယ်ဆိုပါစို့။ အဲသည်လိုပြည့်စုံတဲ့ပစ္စည်းဥစ္စာများကို ပိုမိုတိုးပွားအောင် ကြိုးစားနိုင်မှ လောကဓံအလှည့်အပြောင်းနဲ့ ကြုံတဲ့အခါမှာ ဟန်ချက်ညီအောင် ထိန်းနိုင်မယ်ဖြစ်ပါတယ်။ အလုပ်ကိစ္စများထဲမှာ စိတ်ရောလူပါ နှစ်ထားတတ်တဲ့

သူများတောင်မှ စီးပွားရေးအခြေအနေဟာ အမျိုးမျိုး ပြောင်းနေတတ်တဲ့အတွက် မိန်းမကိစ္စနဲ့ အချိန်ကုန် ငွေကုန်နေတတ်တဲ့သူများဆိုရင် စိတ်လေနေတာကြောင့်လည်း စီးပွားရေးကိစ္စ လစ်ဟာသွားတတ်ပါတယ်။ လူကိုယ်တိုင်ကလည်း မိန်းမများနဲ့ တရုန်းရုန်းပျော်မြူးနေတဲ့အတွက် အလုပ်ခွင်မှာ မမြဲနိုင်တဲ့အတွက် လုပ်သင့်တဲ့အချိန်မှာ လုပ်ရမယ့်အလုပ်တွေ မပြီးစီးနိုင်ပါဘူး။ အဲဒါကြောင့် မိမွေဘမွေများလည်း တဖြည်းဖြည်းလျော့ကျပြီး စီးပွားပျက်ကိန်းဆိုက်သွားတတ်ကြပါတယ်။ အဲဒီလို သာဓကများ မကြာခဏ တွေ့ဖူးကြားဖူးပါတယ်။

အဲသည်လို ကိုယ်ပိုင်စီးပွားရှိတဲ့သူများဟာ မိန်းမကြူးတဲ့စရိုက်ရှိနေတယ်လို့ဆိုရင် သူ့လက်ထဲကငွေကြေးဥစ္စာကို ရချင်တဲ့သူများက မိန်းမကိုဇန်းပြပြီး မြူဆွယ်တတ်ပါတယ်။ မိန်းမဖြစ်သူက ရုပ်ရည်အစွမ်း မြူချိုကျီစယ်တတ်တဲ့ အတတ်ပညာများနဲ့ လိုချင်တဲ့ပစ္စည်းကို သာသာကလေးနဲ့ ရအောင်ယူသွားတတ်ပါတယ်။ မိန်းမကြူးတဲ့သူမှာတော့ ပစ္စည်းဆုံးပြီး လူလုံးမလှ ဖြစ်ကျန်ရစ်တတ်ပါတယ်။ တချို့ကျတော့ အလုပ်ပြိုင်ဘက်များက ဂုဏ်သိက္ခာကို ထိခိုက်အောင် မိန်းမနဲ့မြူဆွယ်တတ်ကြပါတယ်။ မိမိကိုယ် စိတ်တို့ကို ကောင်းစွာစောင့်ထိန်းတတ်တဲ့သူများကတော့ အဲဒီလိုအဖြစ်မျိုးနဲ့ ကြုံလာရင်တောင်မှ လွတ်အောင်ရှောင်နိုင်မှာဖြစ်ပါတယ်။ နို့မဟုတ်လို့ရှိရင် ကိုယ့်ကိုယ်အား ဉာဏ်အားစိတ်စွမ်းအားနဲ့ ထူထောင်ခဲ့ရသမျှ အလဟဿ ဖြစ်သွားတော့မှာပါပဲ။

တချို့သူများကျတော့ ကိုယ်ပိုင်ငွေကလည်း ပြောပလောက်အောင်မရှိပါဘူး။ အလုပ်ကလည်း ကိုယ်ပိုင်အလုပ်မဟုတ်ဘဲ သူများထံမှာ အခစားလုပ်ရတာ အစိုးရတာဝန်ထမ်းရတာစတဲ့ မပိုင်တဲ့အလုပ်များဖြစ်ပါတယ်။ အဲသည်လို မပိုင်တဲ့အလုပ်များကို လုပ်နေရင်းက မိန်းမကြူးတဲ့အကျင့် ရှိနေပြီဆိုရင်တော့ အဲဒီလူဟာ ပျက်စီးခြင်းအမျိုးမျိုးနဲ့တိုးတော့မယ်လို့ ပြောနိုင်ပါတယ်။ အလုပ်တာဝန်များ ပျက်ကွက်တာ



ငွေကြေးများကို အလွဲသုံးစားလုပ်တာ အဂတိလိုက်စားတာစတဲ့ မကောင်းတဲ့အလုပ်များကိုလုပ်ရင်း နောက်ဆုံးတော့ အရေးယူခံရတတ်ပါတယ်။ အလုပ်ကထုတ်ပယ်တာ ခံရတတ်ပါတယ်။ တချို့လူများမှာ မိန်းမအများကြီးနဲ့ ကျူးလွန်ဖောက်ပြားတာ မဟုတ်ဘဲနဲ့တောင်မှ မကောင်းတဲ့မိန်းမများ မိန်းမဆွေမျိုးများကြောင့် အဲသည်လိုဖြစ်ရတတ်တယ်ဆိုတော့ မိန်းမကြူးတဲ့သူဆိုရင်တော့ ပိုလို့သာဆိုးတော့မှာ ဖြစ်ပါတယ်။

မိန်းမကြူးတဲ့နောက် အပြစ်တစ်ခုက အချိန်ကုန်တတ်ပါတယ်။ ဃရာဝါသ ကိစ္စများမြောင် လူတို့ဘောင်လို့ဆိုထားတဲ့အတိုင်း အိမ်ရာထူထောင်တယ်ဆိုတာနဲ့ ကိစ္စများစွာကို ဆောင်ရွက်ရပါတယ်။ သာရေးနာရေးစတဲ့ ကိစ္စအများကြီးကို တာဝန်ယူဆောင်ရွက်ပေးရတတ်ပါတယ်။ အဲဒီလို အိမ်ရာထောင်တဲ့ လူတစ်ယောက်အနေနဲ့တောင် ကိုယ်ပိုင်အချိန်ကို များစွာအထိပါးခံရတတ်ပါတယ်။

မိန်းမတစ်ယောက်မကနဲ့ အိမ်ထောင်ကဲ့သို့ ပေါင်းသင်းဆက်ဆံတယ်ဆိုတော့ ကိစ္စတွေအများကြီးနဲ့ ရင်ဆိုင်ရပြီပေါ့။ သူ့ကိစ္စက သဘာဝမကျတော့ အချိန်ကုန်ခံပြီး ဟိုဘက်ဒီဘက်အမှုမပေါ်အောင် ဖုံးတာဖိတာစတဲ့အလုပ်တွေကို လုပ်ရတဲ့အတွက် သူ့မှာ စိတ်လည်းအေးချမ်းမှု မရှိတတ်ပါဘူး။ အဲသည်လိုဆိုတော့ ငွေကြေးဥစ္စာရှာဖွေတဲ့အလုပ် ဘဝရဲ့ပြည့်စုံခြင်းနဲ့ ပတ်သက်တဲ့အလုပ်တွေကိုလုပ်ဖို့ အချိန်နည်းပါးသွားမယ်ဖြစ်ပါတယ်။

တကယ်တော့ မိန်းမများထဲမှာလည်း အမျိုးမျိုးအစားစား ကွဲပြားနေတာ်ပါတယ်။ ဘယ်မိန်းကလေးကိုမဆို မိမိရဲ့အမိ အစ်မ နှမများကဲ့သို့ သဘောထားမယ်ကြုံတဲ့အခါမှာ လေးစားစိတ်အရင်းခံပြီး ဆက်ဆံမယ်ဆိုရင် ရှုပ်ထွေးတဲ့ပြဿနာများနဲ့ ကြုံရမယ်မဟုတ်ပါ။ အကောက်ကြံတတ်တဲ့ အဆင့်မရှိတဲ့မိန်းမများနဲ့ကြုံရရင်တောင်မှ ကိုယ့်သီလက

ကိုယ့်ကိုကယ်မသွားမယ်ဖြစ်ပါတယ်။ မိမိရဲ့ကိုယ်ကျင့်သိက္ခာကို ထိပါးပြောဆိုခံရတယ်ဆိုရင်လည်း မှန်ကန်တဲ့သူများက ပြေလည်အောင်ဖြေရှင်းနိုင်ပါတယ်။ သူနဲ့ပတ်သက်လို့ လွန်ကျူးတဲ့စရိုက်မရှိပါဘဲနဲ့ စွပ်စွဲပြောဆိုခြင်းကိုခံရမယ်ဆိုရင် အများကလည်း ဒီကိစ္စဟာ သက်သက်ဆင်ထားတဲ့အမှုဆိုတာကို သိကြမယ်ဖြစ်ပါတယ်။

မိမိရဲ့သီလဟာ မှတ်ကျောက်တင်ခံနိုင်တဲ့ သီလဆိုရင် မိမိကိုမြင်တဲ့သူတိုင်းက တလေးတစားရှိတတ်ပါတယ်။ အမျိုးကောင်းသမီးရဲ့မိဘများက သူတို့ရဲ့သမီးကို သီလရှိတဲ့သူနဲ့ အပ်နှံလိုက်နိုင်တယ်ဆိုရင် ဒါဟာ သီလရဲ့တန်ခိုးပဲလို့ မှတ်လိုက်နိုင်ပါတယ်။ အဲသည်လိုမဟုတ်ဘဲ မိမိကိုဖမ်းလိုသူ မိမိကိုဖျက်ဆီးလိုသူများက မိန်းမများနဲ့အကွက်ဆင်လိုက်တယ်လို့ဆိုရင်လည်း မိမိရဲ့သီလက မိမိကိုတစ်ဖန် စောင့်ရှောက်သွားပါလိမ့်မယ်။ ဒါပေမဲ့ အရေးကြီးတာက မိန်းမများကို သတိထားပြီး ဆက်ဆံကြဖို့ပါပဲ။

တချို့သော ယောကျ်ားများဟာ မိန်းကလေးများကို အလွန်အထင်အမြင်သေးတတ်ပါတယ်။ သဘောရိုးနဲ့ ခင်မင်တဲ့မိန်းမများကိုလည်း တုံးလိုက်တာလို့ဆိုပြီး လှည့်စားတတ်ပါတယ်။ တချို့သောမိန်းမများက အကဲဆတ်တတ်ပါတယ်။ အဲသည်လို မိန်းမမျိုးကျတော့လည်း ဘယ်လောက်အကဲဆတ်သလဲဆိုပြီး ချိုးတဲ့သဘောနဲ့ ဖျက်ဆီးတတ်ကြပါတယ်။ အဲသည်လို မိန်းမအများနဲ့ ဆက်ဆံရင်းနဲ့ လည်လွန်းတဲ့ဘီးချေးသင့်ဆိုသလို မကျူးလွန်ထိုက်တဲ့မိန်းမများကို ကျူးလွန်မိတတ်ပါတယ်။ မကျူးလွန်ထိုက်တဲ့မိန်းမများကို ကျူးလွန်တဲ့အခါ တရားတပေါင်ရင်လည်း ဖြစ်တတ်ပါတယ်။

မလွန်ကျူးထိုက်တဲ့ မိန်းမများဆိုတာကတော့ အုပ်ထိန်းသူရှိတာ ကာမပိုင်လင်ယောကျ်ားရှိတာ အရွယ်မရောက်သေးတာစတဲ့ မိန်းမများဖြစ်ကြပါတယ်။



ကျူးလွန်မိတဲ့မိန်းမများမှာ ကာမပိုင်လင်ရှိတယ်ဆိုရင် တရားတပေါင်ဖြစ်ရုံနဲ့လည်း မပြီးတတ်ပါဘူး။ ငွေကြေးဥစ္စာများကို ပေးကမ်းပြီး လျော်ရပါတယ်။ ခိုက်ရန်ရင်လည်း ဖြစ်တတ်ပါတယ်။ တချို့သောမိန်းမပျိုများရဲ့ အုပ်ထိန်းသူများဟာ ကြေးပေးလျော်တာ ထောင်တန်းကျခံတာလောက်နဲ့ ကျေနပ်လေ့မရှိကြပါဘူး။ ကိုယ်ထိလက်ရောက် ဆုံးမတတ်ကြပါတယ်။ အဲသည်လိုဖြစ်ခဲ့ရင် ဘဝဆုံးတတ်ပါတယ်။ အညွန့်တုံးတတ်ပါတယ်။ မိမိရဲ့အမည်သာ ပျက်တာမဟုတ်ဘဲ မိဘဆွေမျိုးများ မိမိမှာ သားသမီးများရှိရင်လည်း သားသမီးများပါ တစ်ဘဝလုံး ခေါင်းမဖော်ဝံ့အောင် နာမည်ပျက် အရှက်ရကြတတ်ပါတယ်။

မိန်းမကြူးတတ်တဲ့သူများဟာ ဥပဓိမှာ ချို့ယွင်းချက်မပါဘဲ ချောမောလှပတယ်လို့ဆိုရင်တောင်မှ သူတို့ရဲ့အမူအရာ အကြည့်အရှုများကြောင့် မျက်စိမျက်ဆန် ကြူနွှေမရဖြစ်နေတတ်ပါတယ်။ သူ့ပုံစံကြောင့် လူများက သူ့ရဲ့စရိုက်ကို သိတတ်ပါတယ်။ သူတို့ကိုခေါ်ဆိုတဲ့ အမည်များတောင် ရှိပါတယ်။ အဲသည်လိုလူမျိုးကို မိန်းမကောင်းများက ရှောင်ပါတယ်။ မိန်းမအချင်းချင်းလက်တို့ပြီး သတင်းပေးတတ်ပါတယ်။ မိသားစုများက အဲသည်လိုလူမျိုးကို အိမ်ကိုမခေါ်လိုကြပါဘူး။ သိပ်ကိုခေါ်ချင်တာပလို့ပြောရင် အဲဒီလိုလူကို ခေါ်ပြောပေါင်းသင်းချင်တဲ့သူတွေဟာ ဖြောင့်မှန်ရိုးစင်းတဲ့သူများဖြစ်ဖို့ ခဲယဉ်းပါတယ်။

အဲဒီတော့ မိန်းမကြူးသူများဟာ လူကောင်းသူကောင်းများက ရှောင်ကြဉ်တဲ့အတွက် သိက္ခာလျှော့ကျတဲ့သူ ဖြစ်သွားရတတ်ပါတယ်။ အသက်အရွယ်ကြီးရင့်လာတဲ့အထိ ဒီလူဟာ အကျင့်မကောင်းဘူးဆိုတဲ့စကားနဲ့ လူအများရဲ့ အထင်အမြင်သေးခြင်းကို ခံရတတ်ပါတယ်။ မိမိဘဝမှာ အမှန်တကယ် အရေးကြီးတဲ့သူများဖြစ်ကြတဲ့ သားမယားသားသမီးများအနေနဲ့ကလည်း မိန်းမကြူးပြီး သူတို့အပေါ်မှာ ဝတ္တရားမကျေတဲ့ အရှက်ရစေတဲ့သူအဖြစ် စိတ်နာနေတတ်ကြပါတယ်။ မတော်

ချင်လို့မနေရ မခေါ်ချင်လို့ မနေရတာကြောင့် ခေါ်နေရပေမယ့် မလေးစားနိုင်ပါဘူး။ မချစ်ခင် မညာတာနိုင်ကြပါဘူး။

အဲသည်လိုနဲ့ ဒုက္ခများစွာရောက်ကြရပါတယ်။ အဲသည်လို အခုဘဝမှာ ကြာလေလေ ဒုက္ခများလေလေဖြစ်တတ်တဲ့ မိန်းမကြူးတဲ့အဖြစ်ဟာ နောက်ဘဝအတွက်လည်း အများပေါင်းများစွာရဲ့ မကောင်းသောဆိုးကျိုးများကို ဆက်လက်ခံစားရစေပါတယ်။ ဥပမာပေးမယ်ဆိုရင် ဥပမာများစွာ ရှိပါတယ်။ ယခုထက်တိုင် ဒု သ န သော ဆိုတဲ့အသံများမြည်ပြီး ငရဲကျခံနေရတဲ့ သူဌေးသားများအကြောင်းကလည်း ထိတ်လန့်စရာကောင်းလှပါတယ်။

အရှင်အာနန္ဒာအလောင်းအလျာ ပန်းထိမ်သည်ဆိုရင်လည်း သူများသားမယားကို ကျူးလွန်မိတဲ့အတွက် ငရဲကျခံခဲ့ရပြီး မိန်းမ မဟုတ်ယောကျာ်းမဟုတ်ဘဝကိုတောင် ရောက်ရဖူးပါတယ်။ တကယ်တော့ လူ့လောကမှာ ကာမဂုဏ်ခံစားမှုဆိုတာ မကင်းနိုင်ကြပေမယ့် အများကစောင့်ရှောက်လိုက်နာနေတဲ့ စည်းမျဉ်းစည်းကမ်းဘောင်များကို ကျော်ပြီးအာရုံခံစားတယ်ဆိုတာ တကယ်တော့ ကျူးတယ်ဆိုတာ အပြစ်ဖြစ်ပါတယ်။ အခုတင်ပြခဲ့တဲ့ ဆိုးကျိုးတွေထက် ပိုတဲ့ဆိုးကျိုးများ ရှိနေပါသေးတယ်။

အဲဒီလို ဆိုးကျိုးအဖုံဖုံနဲ့ ပတ်သက်ပြီး စဉ်းစားဖွယ်ကောင်းတဲ့ အချက်များကို တွေးနိုင်အောင် ရွှေဟင်္သာဆရာတော်ဘုရားကြီးရဲ့ ပရာဘဝသုတ်တော် စာအုပ်ထဲမှာပါတဲ့ မိန်းမကြူးသူတစ်ယောက်ဟာ မိန်းမအလိုကိုလိုက်ရင် ကြုံတွေ့ရတဲ့ အပြစ်များကို ကူးယူတင်ပြလိုက်ပါတယ်။

၁။ ကာယဗလ ဉာဏဗလများ အားနည်းပြော့ညံ့ကြကုန်၏။
၂။ ပညာရှိဖြစ်ခဲ့သော်လည်း ပညာမဲ့ဘဝကိုရောက်တတ်ကုန်၏။
၃။ မျက်စိအမြင်ရှိသော်လည်း အကန်းဖြစ်ရကုန်၏။



၄။ ဂုဏ်ရှိသော်လည်း ဂုဏ်မဲ့ဖြစ်တတ်ကုန်၏။
၅။ အချုပ်အနှောင်မှ လွတ်ကင်းသော်လည်း အချုပ်အနှောင်ခံရကုန်၏။
၆။ မိန်းမလိုက်စားသဖြင့် ကောင်းမှုကောင်းရာဘက်၌ပေါ့လျော့သဖြင့် အခြံအရံ ပရိသတ်၊ အကျော်အစော ဂုဏ်သတင်း၊ တည်ကြည်ခြင်း၊ ရဲရင့်ခြင်းစသည်တို့သည် တစ်စတစ်စဆုတ်ယုတ်ပျက်စီးတတ်လေသည်။

မိန်းမကြူးသဖြင့် ဘဝပျက်သွားကြရသော ပညာတတ်များ၊ ကျော်စောသတင်းရှိသူ အနုပညာရှင်များ၊ ကြွယ်ဝသူများစသည်စသည့် သာဓကများမှာ အလွန်များပါ၏။ မိန်းမကြူးက ပျက်စီးသည်ဆိုသည်မှာ မြင်သာထင်သာရှိသော အချက်ဖြစ်သည်။

## အဋ္ဌမမေးခွန်း၏ အဖြေ (၂)

ပျက်စီးကြောင်းနှင့်ပတ်သက်သော အဋ္ဌမမေးခွန်း၏ အဖြေသုံးချက်တွင် ပထမအချက်ကို ဆွေးနွေးတင်ပြခဲ့ပြီဖြစ်ပါသည်။ ဒုတိယအချက်ဖြစ်သော သေသောက်ကြူးသောသူသည် ပျက်စီး၏ဟူသော အချက်ကို ဆက်လက်ဆွေးနွေးမည် ဖြစ်ပါသည်။

## ဆွေးနွေးချက်များ

သေသောက်ကြူးတယ်ဆိုတာကတော့ ရှေးစကားနဲ့ပြောတာ ဖြစ်ပါတယ်။ ရိုးရိုးခေတ်စကားနဲ့ပြောရင်တော့ မေ့လျော့မူးယစ်စေတတ်တဲ့ အရက်သေစာတင်မက စိတ်ကိုပြောင်းလဲစေတတ်တဲ့ မူးယစ်ဆေးဝါးကို အသုံးပြုတတ်တာဟာ ပျက်စီးစေတတ်တယ်လို့ပြောမှ ပြည့်စုံမယ်ဖြစ်ပါတယ်။ ရှေးအခါတုန်းကတော့ ကိုယ့်ဒေသမှာတင်ချက်တဲ့ အရက်သေစာကို သောက်စားရုံလောက်ပါပဲ။ နောက်ပိုင်းကျတော့ တစ်ဒေသနဲ့ တစ်ဒေသ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဆက်သွယ်လာကြပြီး သေရည်သေရက်

ကိုလည်း ကောင်းပေ့ဆိုတာကို သောက်တတ်လာကြပါတယ်။ အဲဒီနောက် အရည်ကိုသုံးပြီး မူးယစ်ရုံနဲ့တင် အားမရကြတော့ဘဲ အငွေ့ကိုရှူတာ၊ အမှုန့်ကိုရှူတာ ဆေးထိုးသလိုထိုးတာ ဆေးစားသလို အပြားတွေ အခဲတွေကို စားတာစသည်ဖြင့် နည်းအမျိုးမျိုးနဲ့ မူးယစ်ရီဝေတဲ့အတွေ့ကို ရှာဖွေသုံးစွဲတဲ့ဓလေ့ ထွန်းကားလာပါတယ်။

သေရည်သေရက်နဲ့ မူးယစ်စေတတ်သော စိတ်ကိုပြောင်းလဲစေတတ်သော အရာမှန်သမျှဟာ လူရဲ့စိတ်ကို မူလသဘာဝကနေပြီး စံလွဲသွားစေနိုင်ပါတယ်။ လူတွေဟာ လောကအလယ်မှာ တင့်တယ်စွာနေထိုင်နိုင်ဖို့အတွက် အားငါးတန်နဲ့ပြည့်စုံဖို့ လိုအပ်ပါတယ်။ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုတဲ့ အားငါးတန်ဖြစ်ပါတယ်။ လူတိုင်းဟာ အသက်ရှည်ရှည်နေတိုင်းလည်း နေရကျိုးနပ်တာ မဟုတ်ပါဘူး။ ကျန်းမာရွှင်လန်းစွာနဲ့ နေထိုင်ပြီး မိမိရဲ့အကျိုးစီးပွားသူတစ်ပါးရဲ့အကျိုးစီးပွားတို့ကို ပြည့်စုံအောင် သယ်ပိုးရွက်ဆောင်နိုင်တဲ့သူဖြစ်မှ လူဖြစ်ရကျိုးနပ်မယ် ဖြစ်ပါတယ်။

သေရည်သေရက်ကို သောက်စားတဲ့သူဆိုတာကတော့ ပင်ကိုလန်းဆန်းတဲ့ အနေအထားကနေပြီး စံလွဲနေပြီ ဖြစ်ပါတယ်။ အရက်သောက်တာ ကြာလာတာတဲ့အမျှ လူရဲ့အားကို တိုက်စားမှုများလာပါတယ်။ တစ်ခါတလေဆိုရင်ရောလို့မေးရင် တစ်ခါတလေလောက် သောက်မိပြီဆိုကတည်းက လူဟာ ပင်ကိုစွမ်းအားလျော့ပါးပြီး ကိုယ့်ကိုယ်မှ မထိန်းနိုင်အောင် ဖြစ်တတ်ပါတယ်။ ကိုယ့်ရဲ့နှုတ်လျှာကိုမှ မထိန်းနိုင်အောင်ဖြစ်ရပါတယ်။ မပြောသင့်တဲ့စကားကို ပြောမိတတ်ပါတယ်။ မကျေနပ်တဲ့ကိစ္စဆိုရင် မပြောသင့်ပေမယ့် ထုတ်ဖော်ပြောမိတတ်ပါတယ်။ ပင်ကိုအားများ လျော့ပါးလိုက်တာနေလို့ လည်းမကောင်းဘဲ နောက်နေ့များအထိ ခွေနေတာ မအီမသာဖြစ်နေတာစတဲ့ ခံစားမှုများကို ခံစားနေရတတ်တဲ့အထိ ဖြစ်နေတတ်ပါတယ်။ တစ်ခါတလေကျတော့လဲ သူများ



ကတော့ အသားအရေဖျော့တော့လာတာ ကိုယ်အနေအထားနဲ့ အသားအရေမမှန်ဘဲ ဖောသွပ်သွပ်ဖြစ်လိုဖြစ်၊ တစ်ဖက်ကလည်း ညိုးချုံးလိုညိုးချုံးနဲ့ မွေးရာပါကာယအားတွေ ပြိုကျနေတာကို မြင်ရုံနဲ့ သိသာပါတယ်။

စာရေးသူဟာ လူငယ်ပြုပြင်ရေးစာပေများကို ရေးလေ့ရှိတဲ့ နာမည်လည်းကျော်ကြားသလောက် ကျော်ကြားတဲ့ လူငယ်စာရေးဆရာတစ်ယောက်ကို တွေ့လိုက်တဲ့အခါ နှစ်လိုဖွယ်ရုပ်သွင်ရှိတာကို သတိထားလိုက်မိပါတယ်။ နောက်တစ်ခါတွေ့တော့ အသားအရေက ပုံမမှန်တော့ပါဘူး။ လူကလည်း အရွယ်နဲ့မလိုက် ကျသွားပါတယ်။ ရှိပြီးသားပင်ကိုအင်အားတွေ လျှော့ကျသွားလိုက်တာ စိတ်မကောင်းဖြစ်စရာပါပဲ။ ကိုယ်တိုင်က သူများကိုပြုပြင်ဖို့ စေတနာကောင်းထားပြီး စာရေးနိုင်ခဲ့ပါလျက် သေရည်သေရက်က ကာယဗလကိုရော ဉာဏဗလကိုပါတိုက်စားတဲ့ အရက်သေစာကို သောက်စားတာ လွန်နေပြီဖြစ်ပါတယ်။

သာဓကပြမယ်ဆိုရင် အသက်မွေးမှုနယ်ပယ် အမျိုးမျိုးမှာ လူကလည်း လှလှချောချော စေတနာကလည်းကောင်းပြီး လူချစ်လူခင်လည်းများပါလျက် အကြောင်းတစ်စုံတစ်ခုကြောင့် ယစ်ထုပ်ကြီးဘဝကို ရောက်သွားတဲ့သူများကို တွေ့ရတဲ့အခါ သူ့ကိုခင်မင်လေးစားရင်းစွဲ ရှိခဲ့ဖူးတဲ့အတွက် အလွန်စိတ်မကောင်းဖြစ်ရပါတယ်။ အဲသည်လိုလူမျိုးရဲ့ဘဝဟာ အမျိုးကောင်းပါလျက် ပျက်စီးသွားတဲ့ ပစ္စည်းဝတ္ထုများလိုပါပဲ။ အပြစ်အနာအဆာ စွန်းထင်းသွားပြီဖြစ်လို့ နဂိုနေဖြစ်အောင် ပြန်မလုပ်နိုင်တော့ပါဘူး။ သေရည်သေရက်ဆိုတာ တစ်ခါတလေပါပဲလို့ ဆင်ခြေပေးပြီး အစမလုပ်သင့်တဲ့အရာ ဖြစ်ပါတယ်။ မူးယစ်ဆေးဆိုတာကတော့ စမိရင်စွဲပြီး စွဲမိရင်စန့်တတ်လို့ ပျက်စီးခြင်းက ပိုမြန်ပါတယ်။ သေရည်သေရက်က မမြန်ပါဘူးလို့ အောက်မေ့ပြီး သက်သာမယ်မထင်ပါလေနဲ့။ သူက ဖျက်ဆီးစရာရှိသမျှကို ဖျက်ဆီးပစ်တတ်လို့ သူဖျက်ရင် လူ့ဘဝမှာရှိတဲ့အား အကုန်ကုန်တာပါပဲ။

ကောင်းမြတ်တဲ့အလုပ်ကို လုပ်ဖို့ဆိုတာ စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေရပါမယ်။ ကြည်လင်ရွှင်လန်းနေရပါတယ်။ စိတ်က မှုးယစ်ထိုင်းမှိုင်းနေတယ်ဆိုရင် ကိုယ်ကပါနေလို့ မကောင်းနိုင်ပါဘူး။ အလုပ်ကောင်းကောင်း မလုပ်နိုင်ပါဘူး။ ဉာဏဗလဆိုတဲ့အကြောင်းအကျိုးများကို ဝေဖန်ပိုင်းခြားနိုင်တဲ့ အစွမ်းအစရှိဖို့ဆိုတာကလည်း စိတ်ရောလူပါ ကျန်းမာရွှင်လန်းပြီး သိသင့်သိထိုက်တဲ့ ပညာရပ်များကို လေ့လာနိုင်ရပါမယ်။ သိလာတဲ့အသိများပေါ်မှာ အခြေခံပြီး ခွဲခြမ်းစိတ်ဖြာတာ ပေါင်းစပ်အဖြေရှာတာ ကောက်ချက်ချ အဖြေထုတ်တာ ဟုတ်မဟုတ် ဆန်းစစ်ဝေဖန်ကြည့်တာစတဲ့ အသိပညာ တိုးတက်ကြီးပွားရာကြီးပွားကြောင်း ကောင်းတဲ့အလုပ်များကို လုပ်နိုင်ဖို့လိုအပ်ပါတယ်။ အဲဒါမှ ဉာဏဗလနဲ့ ပြည့်စုံတဲ့သူ ဖြစ်လာနိုင်ပါမယ်။ အရက်သေစာသောက်စားတဲ့သူများဟာ စိတ်ကူးကောင်းကောင်းများကို အကောင်အထည်ဖော်နိုင်တဲ့ အနေအထားမှာ မရှိတတ်ပါဘူး။ မူလက ဉာဏ်ပညာထက်မြက်တဲ့သူဖြစ်လို့ အကြံအစည်ကောင်းများကို ထုတ်နိုင်တယ်ထားပါဦး။ လက်တွေ့လုပ်ရတော့မယ်လို့ ဆိုတဲ့နေရာမှာ အရက်ကြောင့် မှုးယစ်တာ တွေဝေတာ ထုံထိုင်းတာတွေကြောင့် ဘာမျှအချိန်မီမလုပ်ဖြစ်ပါဘူး။ လုပ်ဖြစ်ရင်လည်း အဆင့်အတန်းမီအောင် လုပ်နိုင်လေ့မရှိပါဘူး။

အကျင့်သိက္ခာအားနဲ့ ပတ်သက်ရင်လည်း မှုးယစ်သူ မကျူးလွန်ဝံ့တဲ့အပြစ်များ အမှားများဟာ အလွန်နည်းပါးပါတယ်။ သူဟာ မူလက အလွန်ရှက်ကြောက်တတ်သူ ဖြစ်ခဲ့ရင်တောင်မှ သတိကင်းလွတ်စေတဲ့ အရက်သေစာကို သောက်ထားပြီးရင် သတိလက်လွတ်နဲ့ အရှက်ကင်းမဲ့စွာ ကိုယ့်ကိုယ်ကို အမြင်မတော် လှစ်ဖော်ဖို့ကိုလည်း ဝန်မလေးတတ်ပါဘူး။ အရက်သောက်မထားတဲ့အချိန်မှာ ဘယ်လိုမျှ ပြောဝံ့မှာမဟုတ်တဲ့ အယုတ္တအနတ္တ စကားများကို ပြောမိတတ်ပါတယ်။ စာရေးသူဟာ



သေသောက်ကြူးခြင်းနဲ့ပတ်သက်ပြီး ဇာတ်တော်များက ထုတ်နုတ်ပြီး ဥပမာပြဖို့ လိုမယ်မထင်တာကြောင့် ဖြစ်တတ်တဲ့သဘောများကို ရေးနေတာဖြစ်ပါတယ်။ အခုစာရေးသူ ရေးနေတဲ့အကြောင်းကို သောက်တတ်စားတတ်သူများ ဖတ်မိရင်လည်း သတိရပြီး ချက်ချင်းရပ်လိုက်နိုင်ရင် ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သတိကင်းမဲ့ချိန်မှာ ပြောမှားဆိုမှားဖြစ်ပြီး အကျိုးမဲ့နေကြတာကို ကာယကံရှင်များက ပိုပြီးသိနိုင်မှာဖြစ်လို့ပါပဲ။ သာမန်အားဖြင့် ရှက်ဖွယ်ကြောက်ဖွယ် ကိစ္စများကို ပြောမိပြုမိတာဆိုရင် တော်ပါသေးရဲ့ နို့မဟုတ်ဘဲ သတိလက်လွတ်နဲ့ သူများသားသမီး သားမယားများကို ကိုယ်ထိလက်ရောက်ကျူးလွန်တာ သူများကိုသတ်ဖြတ်မိတာဒေါသထွက်ပြီး ရိုက်နှက်မိတာစတဲ့ ရာဇဝတ်မှုမကင်းတဲ့အမှုမျိုးတွေကို ကျူးလွန်မိရင် အလွန့်ကို ဆိုးရွားတဲ့အခြေအနေများနဲ့ ရင်ဆိုင်ရပြီး ဘဝပျက်ကြရပါတယ်။

မှုးယစ်စေတတ်တဲ့ သေရည်သေရက်ထက်ပြင်းတဲ့ မှုးယစ်ဆေးအမျိုးမျိုးကို သုံးစွဲတဲ့သူများကတော့ မိခင်ဖခင်နဲ့ ဆွေရင်းမျိုးချာများကို ပြန်လည်သတ်ဖြတ်မိတဲ့အထိ ဆိုးရွားတဲ့ပြစ်မှုများကို ကျူးလွန်မိတတ်ပါတယ်။ မိမိရဲ့မိဘများ ဆွေမျိုးမိတ်သင်္ဂဟများကို အကျပ်ကိုင်ပြီး ငွေကြေးများကို အတင်းအကျပ်ဖြစ်စေ လိမ်ညာလို့ဖြစ်စေ ယူငင်တတ်ကြပါတယ်။ မိဘများအပါအဝင် ရင်းနှီးသူများတောင်မှ မခံမရပ်နိုင်ဖြစ်လို့ တိုင်တန်းတဲ့အထိ ဖြစ်တတ်ကြပါတယ်။ အဲသည်လိုလူမျိုးရဲ့ သွားရာလမ်းဟာ ဒီဘဝမှာလည်း မကောင်းတတ်ပါဘူး။ ကျေးဇူးရှင်များမျက်ရည်နဲ့မျက်ခွက်ဖြစ်ကြရတဲ့အတွက် သူရဲ့သွားရာလမ်းဟာ ယခုဘဝမှာရော နောက်ဘဝမှာပါ ဘယ်လိုမျှ မကောင်းနိုင်ပါဘူး။

လူတစ်ယောက်မှာ ကာယအားကလည်း ချို့ယွင်း ဉာဏအားကလည်း ချွတ်ချော် စာရိတ္တအားကလည်း ကုန်ခန်းလောက်အောင် အရက်သေစာကို သောက်တတ်နေပြီဆိုရင်တော့ လူတစ်ယောက်မှာ ပြည့်စုံရ

မယ့် မိတ္တဗလဆိုတဲ့ မိတ်ဆွေအပေါင်းအသင်းနဲ့ ပြည့်စုံခြင်းဆိုတဲ့အားက တော့ ဘယ်လိုမဆို မရှိနိုင်တော့ပါဘူး။ တစ်ခါက စာရေးသူရေးဖူးတဲ့ ဇာတ်ကြောင်းတစ်ခု ရှိပါတယ်။ အနာထပိဏ်သူဌေးကြီးရဲ့တူတော်သူ ယစ်ထုပ်ကြီးတစ်ယောက် အကြောင်းဖြစ်ပါတယ်။ ဆွေကြီးမျိုးကြီးဆို တော့ အမွေတွေ အများကြီးရခဲ့တာပေါ့။ သူဟာ အမွေလည်းရကရော ပျက်စီးကြောင်းတွေကို အကုန်လုပ်တော့တာပါပဲတဲ့။ အိမ်ရှေ့မှာ မဏ္ဍပ် ထိုးပြီး ပွဲခံပါတယ်။ သူကိုယ်တိုင်လည်း အရက်သေစာသောက်ပါတယ်။ အရက်သေစာကို သောက်တတ်တဲ့သူ ပွဲကြိုက်တတ်တဲ့သူများကိုလည်း ချစ်ခင်စွာဧည့်ခံပါတယ်။ အဲသည်လိုနေလိုက်တာ ဗာလမိတ္တများနှိပ်စက် လို့ အချိန်သိပ်မကြာခင် ပစ္စည်းကုန်ပါသတဲ့။ အဲသည်လို ပစ္စည်းကုန် တော့ ဘယ်သူမျှ သူ့အနီးအနားမှာ မနေတော့ပါဘူး။ ဒါကလည်း သဘာဝပါပဲ။ ဗာလမိတ္တဆိုတာ မကောင်းတဲ့အကြံအစည် မကောင်းတဲ့ စိတ်ကူးစိတ်သန်းများနဲ့သာ လူတွေကို ပေါင်းလေ့ရှိပါတယ်။

အဲဒီသူဌေးသားလုပ်တာကလည်း သူတော်ကောင်းများ စက်ဆုပ် ပြီး ရှောင်တဲ့အလုပ် ဖြစ်ပါတယ်။ သူဟာ စားစရာမရှိ နေစရာမရှိတော့ တဲ့အခါ သူ့ဦးကြီးဖြစ်သူ အနာထပိဏ်သူဌေးထံကိုလာပြီး အရင်းအနှီး လိုချင်တယ်ဆိုပြီး ငွေတောင်းပါတယ်။ သူဌေးကြီးက ပထမတစ်ခါမှာ အသပြာတစ်ထောင် ပေးလိုက်ပါတယ်။ သူဟာ ဘယ်လိုလုပ်ငန်းမျိုးမျှ မလုပ်ပါဘူး။ ဦးကြီးပေးလိုက်တဲ့ငွေတွေကို သောက်စားသုံးဖြုန်းပြီး ငွေကုန်တော့ တစ်ခါလာတောင်းပြန်ပါတယ်။ အဲဒီတော့ သူဌေးကြီး က အဖိုးတန်ပုဆိုးတွေကို ပေးလိုက်ပါတယ်။ သူကရောင်းစားပြီး အရက် သောက်ပစ်လိုက်ပြန်တာပါပဲ။ နောက်တစ်ခါလာတော့ ဘာမျှမပေးလိုက် တော့ဘဲ မောင်းထုတ်တာခံရပြီး သူများအိမ်နံရံကိုမှီပြီး သေသွားရပါ တယ်။

အဲဒီဥပမာကလေးကို ပြန်ပြောရတာကတော့ အရက်ကြောင့်



ပျက်စီးနေတဲ့သူကို ဘယ်လိုလူကမျှ မိတ်ဆွေအဖြစ် သဘောမထား နိုင်ပါဘူး။ သူ့ကို သူလိုလူတွေကပဲ ပေါင်းမှာပါပဲ။ လူကောင်းသူကောင်း များကတော့ သူနဲ့ပေါင်းသင်းလို့ သူနဲ့ရောပြီး အရက်သမားလို့လည်း အထင်မခံနိုင်ကြပါဘူး။ ဒါ့အပြင် အရက်သောက်တဲ့သူဟာ အရက်မူးရင် သူများကို အလွန်ဒုက္ခပေးတတ်ပါတယ်။ အဲဒီဒုက္ခကိုလည်း ကြာရှည်မခံ နိုင်ကြပါဘူး။

အရက်သမားနဲ့အတူနေရင်း သူနဲ့အတူ ရာဇဝတ်မှုတွေ ကျူးလွန် မိတာ၊ အမှားတွေလုပ်မိတာ၊ ဂုဏ်သရေညှိုးရတာစတဲ့အကြောင်းများ ကြောင့် လူကောင်းသူကောင်းများက ရှောင်တတ်ပါတယ်။ အရက် သမားဆိုတာ များသောအားဖြင့်လည်း ရန်လိုတတ်ပါတယ်။ အဲဒါ ကြောင့် ဘယ်လိုနည်းနဲ့ စဉ်းစားစဉ်းစား တော်တည့်မှန်ကန်တဲ့သူများ ဟာ အစောပိုင်းမှာသာ ဖျောင်းဖျချင် ဖျောင်းဖျပါမယ်။ ဘယ်လိုနည်းနဲ့မျှ ကြာရှည်ဆက်ဆံနိုင်မှာ မဟုတ်ပါဘူး။

အရက်သမားဟာ ပြည့်စုံချမ်းသာနေမယ်၊ အကျိုးကျေးဇူး ပြုပေး နိုင်တဲ့အနေအထားမှာ ရှိမယ်ဆိုရင် သူ့အနီးအနားမှာလူတွေ ဝိုင်းနေပါ မယ်။ ဒါပေမဲ့ ဘယ်နည်းနဲ့မျှ အင်အားလို့မဆိုနိုင်တဲ့ လူတွေဖြစ်ပါတယ်။

လူ့လောကမှာ မျက်နှာမငယ်တဲ့သူ ဖြစ်အောင်ဆိုရင် မိမိရဲ့ စားဝတ်နေရေးကို မိမိဘာသာတာဝန်ယူနိုင်ရပါမယ်။ အဲသည်လို တာဝန် ယူနိုင်အောင် မိမိမှာ ဘောဂဗလဆိုတဲ့ ပစ္စည်းဥစ္စာအားနဲ့ ပြည့်စုံရမယ် ဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝခြင်း မရှိရင်တောင်မှ မိသားစုကို ဝမ်းဝဝ ခါးလုံလုံဖြစ်အောင် ကြိုးစားဆောင်ရွက်ပေးနိုင်ပါတယ်။

ဆွေစဉ်မျိုးဆက် ချမ်းသာမှသာ ချမ်းသာကြွယ်ဝနိုင်တာ မဟုတ် တော့ပါဘူး။ စီးပွားရေးလုပ်ငန်းမှာ ကျားတွေဆင်တွေ ဖြစ်နေတဲ့သူများ ဟာ အပတ်တကုတ်ကြိုးစားပြီး တက်လာကြတဲ့သူတွေချည်း ဖြစ်ပါ တယ်။ သူတို့ဟာ သူများအိပ်သလောက် မအိပ်နိုင်ကြပါဘူး။ သူများ

ထက် ကြိုးစားပြီး အင်အားထုတ်ကာ အလုပ်လုပ်ကြရပါတယ်။ သူများထက် အချိန်ကိုရော ငွေကြေးကိုရော စစ်စီကြရပါတယ်။ သူများထက်ပိုပြီး လူသူလေးပါးနဲ့ သင့်တင့်အောင် ပေါင်းသင်းကြရပါတယ်။ အရက်သေစာသောက်စားတဲ့သူများဟာ တင်ပြခဲ့တဲ့အလုပ်မျိုးကို မလုပ်နိုင်ကြပါဘူး။ စိတ်လွတ်လက်လွတ်နဲ့ သုံးချင်တတ်တိုင်း သုံးလေ့ရှိပါတယ်။ အရက်သေစာနဲ့ စားကြသောက်ကြတာကြောင့်တင် မကပါဘူး။ အရက်မူးပြီး မိန်းမောနေတတ်တဲ့အတွက် ကြီးပွားတိုးတက်စေနိုင်တဲ့ လုပ်ငန်းများကို တွေးတောလုပ်ဆောင်ဖို့ အင်အားရော အချိန်ပါ မရတတ်ကြပါဘူး။

ဆွေစဉ်မျိုးဆက် ချမ်းသာကြွယ်ဝလာတဲ့သူများ အရက်သေစာကြူးတတ်လို့ မိန်းမကြူးတတ်လို့ ဆင်းရဲမွဲတေသွားတတ်တာကို သာဓကပြစရာတွေ အရပ်ဒေသတိုင်း မြို့တိုင်းရွာတိုင်းမှာ အလွန်များပါတယ်။ အောက်ခြေကတက်ဖို့ မပြောပါနဲ့၊ အထက်ကတောင် ပြုတ်ကျတတ်တာဆိုတော့ အရက်သေစာ သောက်စားတဲ့သူဟာ ဘောဂဗလဆိုတဲ့အားနည်းပါးတတ်တယ်ဆိုတာ သိသာထင်ရှားလွန်းပါတယ်။

သေသောက်ကြူးခြင်းဟာ ပျက်စီးခြင်းရဲ့အကြောင်းရင်း တစ်ခုဆိုတာကို ခက်ခက်ခဲခဲ သက်သေပြနေစရာမလိုပါဘူး။ လူသူလေးပါးပတ်ဝန်းကျင်မှာ အလွန်သိသာထင်ရှားနေတဲ့ ဖြစ်ရပ်များ သာဓကများရှိပါတယ်။ ဒီစာကို ဖတ်နေတဲ့သူရဲ့ပတ်ဝန်းကျင်မှာလည်း အရက်ကြောင့် လူအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်တဲ့အားများ လျော့ပါးသွားတဲ့သူတွေ အများကြီးရှိမှာ ဖြစ်ပါတယ်။ အရက်သောက်တဲ့သူဟာ အရက်စွဲရောဂါဖြစ်တတ်ပါတယ်။ ရောဂါအမျိုးမျိုးကျရောက်တာကို ခံရတတ်ပါတယ်။ သူဟာ ပညာတတ် တစ်ယောက်ဖြစ်ခဲ့ရင်တောင်မှ သူ့ရဲ့ပညာဂုဏ်ရောင်ဟာ မထွန်းပြောင်နိုင်ပါဘူး။ အင်အားနည်းပါးတဲ့သူ ဖြစ်လာတဲ့အခါ အိမ်ထောင်ဦးစီးဖြစ်သော်လည်း အိမ်ထောင်ဖက်နဲ့



သားသမီးများက အလေးအမြတ် မပြုချင်တော့ပါဘူး။ အဲဒီလိုအဖြစ်ကို လက်မခံနိုင်တာကြောင့် အရက်သောက်ကျူးတဲ့သူများဟာ အကြောက်နဲ့ ထိန်းဖို့အတွက် ရိုက်မောင်းပုတ်မောင်းလုပ်တတ်ကြတာ ဖြစ်ပါတယ်။ ရှက်စရာဖြစ်မှာစိုးလို့ အိမ်ထောင်ဖက်က ကြိတ်ခံနေတယ်ဆိုရင် အရှက်ကို လက်နက်အဖြစ် အသုံးပြုတတ်ပါတယ်။ ဒါပေမဲ့ သူဟာ ကြာလေလေ ကိုယ်ရောစိတ်ပါ အားနည်းလေလေဖြစ်ပြီး မိသားစုရဲ့မထီမဲ့မြင်ပြုမှုကို အတိုးနဲ့ခံရဖွယ်ရာ အကြောင်းများစွာရှိပါတယ်။

သားသမီးများကလည်း ဘမျိုးဘိုးတူဆိုသလို အရက်သေစာသောက်စား ရမ်းကားသူများဖြစ်လာကြပြီး လူကြီးမိဘကို မထီမဲ့မြင်ပြုတတ်ပါတယ်။ လူ့လောကမှာ ရောက်လာတဲ့သူဆိုရင် အခြေခံက ကောင်းပြီးသားဖြစ်တယ် လို့ဆိုနိုင်ပါတယ်။ အဲသည်လို ကောင်းပြီးသားကံကို ဆတက်ထမ်းပိုးကောင်းလာအောင် လုပ်မယ်ဆိုရင်လည်း ရနိုင်ပါတယ်။ အဲသည်လိုမဟုတ်ဘဲ တလူလူတက်နေရမယ့် အသိဉာဏ်များကို ထုံထိုင်းစေအောင် သတိချွတ်ချော် တိမ်းပါးအောင် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်တဲ့ အရက်သေစာအမျိုးမျိုး မူးယစ်ဆေးအမျိုးမျိုးကို သောက်သုံး သုံးစွဲမယ်ဆိုရင် ကိုယ့်ကိုယ်ကို မသေသေအောင် သတ်နေတဲ့သဘောပါပဲ။

အသိနဲ့ သတိကို ဖျက်ဆီးတဲ့အလုပ်ကို ကိုယ့်ငွေကြေးနဲ့ပဲ ကိုယ်ဝယ်ပြီး လုပ်လုပ်သူများငွေကြေးနဲ့ပဲလုပ်လုပ် ရှုံးသူကတော့ ကိုယ်ပဲဆိုတာ သတိကြပ်ကြပ်ထားကြဖို့ လိုပါတယ်။

**အဋ္ဌမမေးခွန်း၏ အဖြေ (၃)**

အဋ္ဌမဖြစ်သော ပျက်စီးကြောင်းနှင့်ဆိုင်သည့် မေးခွန်းကို အဖြေသုံးချက်ဖြင့် မြတ်စွာဘုရားက ဖြေဆိုတော်မူခဲ့ရာတွင် ပထမနှင့် ဒုတိယအဖြေတို့ကို ဆွေးနွေးတင်ပြပြီးပြီ ဖြစ်ပါသည်။ ယခုတတိယမေးခွန်း၏ အဖြေကို တင်ပြဆွေးနွေးမည် ဖြစ်ပါသည်။

**ဆွေးနွေးချက်များ**

လောင်းကစားကြူးသူသည် ပျက်စီး၏လို့ မြတ်စွာဘုရားက အငှမမေးခွန်းရဲ့ တတိယမြောက်အဖြေကို ပေးတော်မူပါတယ်။ လူ့လောကမှာ ပြည့်စုံအောင်မြင်စွာ နေနိုင်တဲ့သူများဟာ ဘယ်တော့မှ သဘာဝထက် ကျော်လွန်တဲ့လောဘမရှိပါဘူး။ မိမိရဲ့အလိုဆန္ဒကိုလည်း အလိုမလိုက်တတ် ပါဘူး။ စိတ်ကို သည်းဖိုထိတ်လန့်စေတဲ့ အရသာကို မက်မောတဲ့စိတ်လည်း မရှိပါဘူး။ ပြီးတော့ မိမိအစွမ်းအစမပါဘဲနဲ့ ရရှိနိုင်တဲ့ စည်းစိမ်ချမ်းသာကို မက်မောလေ့မရှိပါဘူး။

အဲဒီအချက်တွေကို လေ့လာကြည့်ရင် မြတ်စွာဘုရားဟာ ဘဝရဲ့ ပြည့်စုံမှု ဘဝရဲ့အောင်မြင်မှုများကို ပေးနိုင်တဲ့အချက်တွေဟာ ဘယ်လို အချက်တွေ ဖြစ်တယ်။ ဘယ်လိုအချက်တွေဟာဖြင့် ပျက်စီးကြောင်းတွေ ဖြစ်တယ်ဆိုတာကို တိတိကျကျ ခွဲခြမ်းစိတ်ဖြာပြီး သွန်သင်ညွှန်ပြတာဟာဖြင့် လွန်စွာမှကျေးဇူးတင်ဖွယ် ကြည်ညိုဦးခိုက်ဖွယ် ကောင်းလှပါတယ်။

လောင်းကစားသမားတွေဟာ သည်းထိတ်ရင်ဖိုဖြစ်ရတဲ့ အရသာကို မက်မောတတ်ကြပါတယ်။ အနိုင်ရတဲ့အခါမှာလည်း ရှေ့နောက်မြော်မြင်ခြင်း မရှိတတ်ကြပါဘူး။ အစွမ်းကုန်သုံးကြဖြုန်းကြ ဖိမ်ခံကြနဲ့ ပေါ့ပေါ့ရတာကို ပေါ့ပေါ့ပဲ ဖြုန်းတီးပစ်လေ့ရှိတတ်ကြပါတယ်။ ရှုံးတဲ့အခါမှာလည်း ရှိသမျှကို ထုတ်ရောင်းတတ်ကြပါတယ်။ ဘယ်လိုအရာမျိုးကိုမှ တန်ဖိုးမထားတတ်ကြပါဘူး။ တကယ်လို့ ကိုယ်ပိုင်ဥစ္စာမရှိတော့ဘူးဆိုရင် အနီးစပ်ဆုံးသူများရဲ့ ပစ္စည်းဥစ္စာများကို ခိုးယူတာ ပေါင်နှံရောင်းချတာစတဲ့ အလုပ်မျိုးကို လုပ်လေ့ရှိပါတယ်။

လောင်းကစားသမားများ ချမ်းသာသွားတယ် တည်တည်ငြိမ်ငြိမ်နဲ့ နေထိုင်သွားတယ်ဆိုတာ မတွေ့ဖူးမကြားဖူးပါဘူး။ တစ်ခါနိုင်သွားတယ်လို့ဆိုရင်လည်း အနိုင်နဲ့ပိုင်းပြီး ဘယ်တော့မှ ထပ်ပြီးလောင်းကစား



မလုပ်ဘဲ နေနိုင်တဲ့သူဆိုတာကိုလည်း မကြားဖူး မမြင်ဖူးကြပါဘူး။ တကယ်လို့ နိုင်တဲ့သူက အနိုင်နဲ့ပိုင်းမယ်ဆိုရင်လည်း ကျန်တဲ့သူများက သည်းမခံကြပါဘူး။ ပြန်ပြီးလောင်းကစားကြဖို့ တိုက်တွန်းတတ်ကြတာပါပဲ။

လောင်းကစားတယ်ဆိုတာ အချိန်မရှိ အချိန်ရှိဆိုသလို လုပ်ကြရတာဖြစ်ပါတယ်။ ခိုးချောင်ခိုးဝှက်လုပ်ရတာ ဖြစ်ပါတယ်။ အဲဒီတော့ ငွေလုံးငွေရင်းနဲ့ အနိုင်ရပြီးပြန်တဲ့သူများဟာ လမ်းမှာတင် လုယူတာ တိုက်ခိုက်သတ်ဖြတ်တာကို ခံကြရပါတယ်။ အဲသည်လို ရာဇဝတ်မှုမျိုးများဟာ အလွန်အဖြစ်များပါတယ်။ တကယ်လို့နိုင်ပြီးသားလူက စိတ်တက်ကြွပြီး ဆက်လက်ကစားတယ်ဆိုရင်လည်း ရှုံးတတ်တာများပါတယ်။ အဲဒီတော့လည်း စိတ်ပူပန်ဆင်းရဲရတတ်ပါတယ်။ လောင်းကစားသမားများနဲ့ ဆက်ဆံပေါင်းသင်းမိတဲ့သူတွေဟာ သူတို့ပါရောပြီး ပူပန်ရတတ်ပါတယ်။ ငွေကုန်ကြေးကျများပြီး ပြောင်ပြောင်ရောင်ရောင် မရှိတတ်ပါဘူး။ အိမ်ထောင်ဖက်များ စိတ်ဆင်းရဲရတတ်ပြီး သားသမီးများမျက်နှာငယ်ရတတ်ပါတယ်။ လောင်းကစားလုပ်နေတဲ့သူများဟာ တွေးတောဆင်ခြင်ဉာဏ် လုံးဝမရှိတတ်ပါဘူး။ ဘာဖြစ်လို့ အဲသည်လိုဖြစ်ရသလဲဆိုတော့ လွယ်လင့်တကူ ဥစ္စာရချင်တတ်လို့၊ ပေါ့ပေါ့တန်တန် နေတတ်လို့ စိတ်ကူးယဉ်တတ်လို့ပဲ ဖြစ်ပါတယ်။

စာရေးသူတို့နဲ့ သိတဲ့မိန်းကလေးတစ်ယောက်က သူတို့ဆွေမျိုးများ လောင်းကစားတစ်မျိုးဖြစ်တဲ့ နှစ်လုံးတိုက်တို့ ချဲတို့ လုပ်တတ်တဲ့သူများအကြောင်းကို ပြောပြပါတယ်။ မပေါက်ခင်လည်း စိတ်ကူးယဉ်ပြီး ကောင်းကောင်း အလုပ်မလုပ်နိုင်။ ပေါက်တဲ့အထဲမှာ မပါပြန်တော့လည်း စိတ်ဆိုးကြ ဒေါသထွက်ကြပြီး ဘယ်သူနဲ့မှ စကားပြောလို့ အဆင်မပြေတတ်ပါဘူးတဲ့။ ဟော ပေါက်သွားပြီဆိုတော့လည်း ဝမ်းသာပြီး စိတ်နေမြင့်ကာ ကြည့်စမ်း ငါတို့တော်လိုက်တာ ပေါက်တဲ့ဂဏန်းကို ရွေးတတ်

တယ်လို့ ဖြစ်ကြပြန်ပါတယ်တဲ့။ ဒါပေမဲ့ သူတို့မှာ စီးပွားလည်းတက်မလာကြပါဘူး။ သူများထံက ချေးငှားထားတာတောင်မှ ကျေအောင်မဆပ်နိုင်ကြပါဘူးတဲ့။

စာရေးသူတို့ ငယ်စဉ်ကတည်းက မိဘများနဲ့ပတ်သက်တဲ့ သူများဟာ ဖဲကစားကြပြီး ပြောင်ပြောင်ရောင်ရောင်မရှိတာ ဆွေမျိုးများက အလုပ်လုပ်စားဖို့ အရင်းအနှီး ထုတ်ပေးတဲ့အခါမှာလည်း အလုပ်ကိုလက်ကြောတင်းအောင် မလုပ်ချင်တော့တဲ့သူတို့ဟာ လောင်းကစားပစ်တတ်ကြတာ။ အဲဒါကြောင့် မွဲတေမြဲ မွဲတေနေတာတို့ကို မိဘများက ရှင်းပြခဲ့ကြလို့ စာရေးသူသတိထားမိခဲ့ပါတယ်။ လောင်းကစားတဲ့သူများဟာမိန်းမကြူးခြင်း၊ သေသောက်ကြူးခြင်းဆိုတဲ့ ပျက်စီးခြင်းအကြောင်းရင်းများကိုလည်း မရှောင်နိုင်ကြပါဘူး။ သူတို့ပေါင်းသင်းဆက်ဆံတဲ့သူများဟာ သူတစ်ပါးထံက ငွေကြေးရမယ်ဆိုရင် ဘယ်လိုအပြစ်မျိုးကိုကျူးလွန်ရသည်ဖြစ်စေ ကျူးလွန်ဖို့ဝန်မလေးတတ်ကြပါဘူး။ အဲဒါကြောင့်သူတို့ဟာ ရုံးပြင်ကနားကိုလည်း ရောက်တတ်ပါတယ်။ ရုံးတော်မှာလောင်းကစားသမားများကို တည်ကြည်သော သက်သေများအဖြစ်လက်ခံလေ့မရှိတတ်ကြပါဘူး။ ခေတ်အမျိုးမျိုး ပြောင်းတဲ့အခါမှာ ငွေများရင် တရားနိုင်တယ်ဆိုတာ ရှိကောင်းရှိပါလိမ့်မယ်။ ဒါပေမဲ့ အစဉ်သဖြင့် အနိုင်ရလိမ့်မယ်လို့ မထင်ကြပါလေနဲ့။ အခါခါတရားဆိုင်ကြရတာ များလာတော့လည်း ဘယ်လိုမျှ မတရားမှုကို ဖုံးကွယ်လို့မရတတ်ပါဘူး။

အစဉ်အလာအားဖြင့် ချမ်းသာကြွယ်ဝခဲ့တဲ့သူ မချမ်းသာသည့်တိုင်နေနိုင်စားနိုင်တဲ့သူများဟာ ချမ်းသာချင်လွန်းတဲ့ ဝိသမလောဘကြောင့်ချဲဒိုင်ကိုင်ခဲ့ကြတာကို စာရေးသူတို့ ကြားဖူးကြပါတယ်။ တချို့ဆိုရင်ပညာတတ်တွေဖြစ်ပါတယ်။ အလွန်ဖောင်းလွယ် ပိန်လွယ်တဲ့အလုပ်ဖြစ်ပါတယ်။ မကြာခင်အတောအတွင်း ချမ်းသာသွားလိုက်ကြတာ



တိုက်တာ အိမ်ရာများ ကားများ လက်ဝတ်လက်စားများနဲ့ ပြည့်စုံခြင်းမကပြည့်စုံပြီး အချင်းချင်းကိုတောင် လူမထင်တတ်ကြပါဘူး။ နောက်တော့လည်း လျော်ရင်း လျော်ရင်း ငွေကုန်လို့ ပြေးကြရတာကိုလည်းကြားဖူးပါတယ်။ မပြေးရင်လည်း ပေါက်ပြီးမှ ငွေမရရင် မခံနိုင်ကြတဲ့သူများက သတ်ဖြတ်ကြဖို့အထိ ဝန်မလေးတာကို ကြားကြရတတ်ပါတယ်။ အဲသည်လိုဖြစ်တော့လည်း ဘယ်သူ့ကိုမျှ မတိုင်ရဲဘဲ ပြေးနိုင်မှတော်ကာကျရတော့တာပါပဲ။

လောင်းကစားသမားများနဲ့ ပေါင်းသင်းဆက်ဆံတဲ့ သူများဟာသူတို့အပေါ်ကနေ အမြတ်ထုတ်ချင်လို့ အမြတ်ထုတ်နိုင်လို့သာ ပေါင်းသင်းကြတတ်ပါတယ်။ ငွေချေးမယ်။ အပေါင်ခံမယ်။ ငွေပြန်မရရင်မချေမင်ပြောမယ်။ ရသမျှကို ရတဲ့နည်းနဲ့ ယူမယ်ဆိုတဲ့သူမျိုးတွေကိုသာတွေ့တတ်ကြပါတယ်။ တကယ်တော့ ကောင်းတဲ့မိတ်ဆွေများဟာလောင်းကစားမှုလုပ်နေတဲ့သူကို မလုပ်ဖို့ဖျောင်းဖျပါလိမ့်မယ်။ သုံးလေးခါဆိုသလို အမျိုးမျိုးတားမြစ်လို့မှ မရခဲ့ရင် အဲဒီလိုလူကောင်းက လောင်းကစားသမားကို ဆက်ပြီးပေါင်းတော့မှာ မဟုတ်တော့ပါဘူး။ တကယ်တော့ လောင်းကစားသမားဆိုရင် ပတ်သက်မိတဲ့သူတိုင်း ဒုက္ခရောက်တတ်ပါတယ်။ လောင်းကစားသမားကို ငွေချေးတဲ့သူဟာ သူနိုင်တဲ့အခါမှာ ငွေကို အတိုးစိုစိုပိုပိုနဲ့ ပြန်ရတတ်ပေမယ့် နိုင်တဲ့အခါက ကြာလေလေ နည်းတတ်လေလေဖြစ်တာကြောင့် ငွေကြေးလည်းဆုံးတတ်ပါတယ်။ နောက်တစ်ခါ လောင်းကစားသမားများဟာ လောဘကတွန်းတဲ့အတွက် မလုပ်ရဲတာလည်း ဘာမျှမရှိကြပါဘူး။

လောင်းကစားသမားများရဲ့ သတ္တိလို့ဆိုရမလား။ အရှက်နည်းပါးခြင်းလို့ ဆိုရမလားတော့ မသိတော့ပါဘူး။ ရှုံးလို့ကတော့ အိမ်မှာရှိတဲ့စားပွဲတင်နာရီကအစ ဘာမျှမကျန်အောင် ချရောင်းတတ်လား ရောင်းတတ်ပါတယ်။ သူတို့အကြောင်းကို သေသေချာချာမသိလို့ သူတို့နဲ့

လက်တွဲမိတဲ့သူတွေဆိုရင် လက်တွဲမဖြုတ်မချင်း ဒုက္ခရောက်တော့တာပါပဲ။

လောင်းကစားသမားဆိုတာကို သိထားတဲ့သူများက သားပေးသမီးယူလုပ်ဖို့ မလိုလားတတ်ပါဘူး။ အဲသည်လိုရှောင်နိုင်တဲ့သူများဟာ မှန်တတ်ပါတယ်။ လောင်းကစားသမားများနဲ့ပတ်သက်လို့ ဆရာတော်ဦးဖုမ်က "အောင်မှုရန်ပွား၊ ရှုံးသားစိုးရိမ်၊ စည်းစိမ်လျော့ပါး၊ တရားသဘင်၊ မဝင်သက်သေ၊ မိတ်ဆွေနှိပ်ဆို၊ မလိုထိမ်းမြား၊ ဤခြောက်ပါးကား၊ ပျော်ပါးကြွေအန် အပြစ်တည်း" လို့ ဆိုတော်မူခဲ့ပါတယ်။

ဆရာတော်ဦးဖုမ်ကဆက်ပြီး "ကြွေအန်ကြူးထ၊ မိန်းမကြူးထွေ၊ သေစာကြူးမှု၊ အတူပြုငြား၊ လှည့်စားတစ်ထောက်။ မျက်မှောက်လှည့်ချက်၊ နိုင်ထက်လုယူ၊ ဤသူခြောက်ပါး၊ မိတ်ဖြစ်သားကြောင့်၊ ပျက်ပြားမိတ်ဆွေ အပြစ်တည်း" လို့ စပ်ဆိုပြန်ပါတယ်။ အဠမပျက်စီးကြောင်း အဖြေသုံးချက်စလုံးနဲ့ အကျုံးဝင်ပါတယ်။ မိန်းမကြူးတဲ့သူ၊ သေရည်သေရက်ကြူးတဲ့သူ၊ လောင်းကစားကြူးတဲ့သူများဟာ ရှေ့တည့်တည့်မှာ မျက်နှာပြောင်နဲ့ လှည့်စားတတ်ပါတယ်။ ဓာတ်လမ်းဓာတ်ကွက်ဆင်ပြီး အတည်ပေါက်ပြောဆို လှည့်စားတတ်ပါတယ်။ အလှည့်စားကို မခံတော့ဘူးဆိုရင်လည်း အနိုင်အထက် နှိပ်စက်လုယူတတ်ပါတယ်။ ခိုးယူတာကတော့ သူတို့အတွက် အသေးအဖွဲလို့ ဆိုရပါလိမ့်မယ်။

ဆရာတော်ဦးဖုမ်က မြတ်စွာဘုရားဟောကြားတော်မူတဲ့ သိင်္ဂါလောဝါဒသုတ်လာ အကြောင်းအရာများကို မြန်မာလို ရေးသားစပ်ဆိုတော်မူထားတာဖြစ်ပါတယ်။ လောင်းကစားကြူးတဲ့သူဟာ တင်ပြခဲ့တဲ့အတိုင်း လိမ်လည်မှု ခိုးမှု တိုက်မှု နောက်ဆုံး သတ်ဖြတ်မှုတို့ကိုတောင်မှ ကျူးလွန်နိုင်ချေရှိပါတယ်။ လိမ်ပြောတာ၊ ခိုးတာလောက်ကတော့ သူတို့အတွက် အပျော့ပါပဲ။ အဲသည်လို အကုသိုလ်များထဲမှာ အပို



ဆောင်းပြီးတော့ လောင်းကစားတဲ့အခါမှာ မိန်းမ ယောကျ်ား ဒွေးရောယှက်တင် နေထိုင်တတ်တာ အချိန်မတော်တဲ့အထိ အပြင်အလွင်မှာ နေတတ်တာကြောင့် အပိုကိစ္စများ ဖြစ်ပွားလာတတ်ပါတယ်။ သူများသားမယားကို ကျူးလွန်မိတာ၊ သူများက ရာဇဝတ်မှုကျူးလွန်တဲ့အခါ မသိဘဲ အဖော်လိုက်သွားမိလို့ ဒုက္ခရောက်ရတာ အမှုတွဲဖြစ်ရတာအစ ရှိသည်ဖြင့်ပေါ့လေ။ စည်းမဲ့ကမ်းမဲ့ နေတတ်သူများအတွက် အလွန်ဖြစ်နိုင်ချေရှိတဲ့ မကောင်းမှုများဖြစ်ပွားတတ်ပါတယ်။ ဖြစ်ဖြစ်သမျှ ကိစ္စအားလုံးအတွက် လောကီရေးမှာလည်း ကောင်းရာကောင်းကြောင်းမလုပ်နိုင်ရင် နောင်လာမည့်ဘဝအတွက် ပိုလို့သာဆိုးတော့မှာပါပဲ။ ယခုဘဝလုပ်သမျှထဲကနေပြီး ယူသွားနိုင်တာကလည်း မကောင်းတဲ့အလုပ်က ရတဲ့ အကုသိုလ်ဆိုးကျိုးများပဲ ဖြစ်ပါတယ်။

–

## သူများအိမ်ယာ၊ ပြည့်တန်ဆာနှင့် သွားလာလွန်ကျူး ပျော်ပါးမြူးက ပျက်စီးရ၏။

မြတ်စွာဘုရားသည် နတ်သားမေးသည့် ပျက်စီးခြင်းနှင့်ဆိုင်သော အဋ္ဌမ အကြောင်းရင်း၏ အဖြေသုံးချက်ကိုဖြေဆိုပြီးနောက် နတ်သားက အရှင်ဘုရား အဋ္ဌမမြောက် ပျက်စီးခြင်းနှင့်ပတ်သက်၍ သိခဲ့ရပါပြီဘုရား။ ယခုဆက်၍ နမဝဖြစ်သော ပျက်စီးခြင်း၏အကြောင်းရင်းများကို ဟောတော်မူပါဦးဘုရားဟု လျှောက်ထားပြန်ပါသည်။

မြတ်စွာဘုရားက နဝမဖြစ်သော ပျက်စီးခြင်းအဖြစ် "အကြင်သူသည် မိမိ၏သားမယား၌ ရောင့်ရဲခြင်းမရှိဘဲ ပြည့်တန်ဆာမများထံသို့ သွားလာ၏။ သူတစ်ပါးသားမယားတို့ကို ကျူးလွန်၏။ ထိုသို့သောသူများသည် ပျက်စီးတတ်၏" ဟု ဟောတော်မူပါသည်။

**ဆွေးနွေးချက်များ**

မိန်းမကြူးခြင်းဆိုတဲ့ အချက်အပြင် အခုတစ်ခါမှာ အတိအကျအနေနဲ့ ထပ်ပြီးဟောတော်မူတာကတော့ ဗုဒ္ဓရှင်တော်သည် မိသားစုဘဝနဲ့ပတ်သက်ပြီး လွန်စွာအလေးထားတော်မူတာကြောင့် ဖြစ်တယ်လို့ဆင်ခြင်ရပါတယ်။ မိန်းမကြူးတဲ့အပြစ်က အိမ်ထောင်မရှိတဲ့သူမှာလည်း ဖြစ်နိုင်ပါတယ်။ နဝမမြောက်ပျက်စီးခြင်းကတော့ အိမ်ထောင်သည်ဖြစ်ပါလျက် မိမိသားမယားအပေါ်မှာ သစ္စာမရှိဘဲ လွန်ကျူးတဲ့ကာမဂုဏ်စိတ်ကြောင့် ပြည့်တန်ဆာများထံကို သွားလာတာ သူများမယားတို့ကို ကျူးလွန်တာဟာ ပျက်စီးကြောင်းဖြစ်တယ်လို့ ဟောတော်မူပါတယ်။

အိမ်ထောင်ပြုတယ်ဆိုတာဟာ ဘဝချင်းပေါင်းစပ်ပြီး နေထိုင်တဲ့အလုပ်ဖြစ်ပါတယ်။ အခြားအလုပ်တွေမှာတောင် အလုပ်စပ်တူလုပ်တဲ့သူက ဖောက်ပြန်ခဲ့ လိမ်ညာခဲ့လို့ရှိရင် အဲဒီလုပ်ငန်းဟာ မကြာခင်မှာပဲ



လျှော့ကျပျက်စီးတတ်ပါတယ်။ ဘဝချင်းပေါင်းစပ်ရတယ်ဆိုတာကတော့ ပိုပြီးလေးနက်ပါတယ်။ စီးပွားရေး လူမှုရေး ကုသိုလ်ရေးစသည်ဖြင့် အရေးပေါင်းများစွာမှာ ညီညာဖြဖြအတူ စုစည်းဆောင်ရွက်နိုင်ရပါမယ်။ မိသားစုလို့ဆိုလိုက်တာနဲ့ ခြွင်းချက်အနေနဲ့ဖြစ်နေတဲ့ သားသမီးမပွားစီးနိုင်တဲ့သူများမှအပ များသောအားဖြင့် အိမ်ထောင်မှာ သားသမီးရှိတတ်ပါတယ်။ သားသမီးများရဲ့ အနာဂတ်ရေးအတွက်ကို ကြည့်ရင်ပဲဖြစ်ဖြစ် မိမိရဲ့လူ့တန်ဖိုးကို ထိန်းသိမ်းရင်ပဲဖြစ်ဖြစ် မိမိက ထောက်ထားညာတာရမယ့်ဇနီးသည်ကို လေးစားမြတ်နိုးမှုကို တန်ဖိုးထားရင်ပဲဖြစ်ဖြစ် လင်ယောကျ်ားဖြစ်သူဟာ မိမိရဲ့ကာမဂုဏ်စိတ်ကို ထိန်းချုပ်ဖို့ လိုအပ်ပါတယ်။

ပြည့်တန်ဆာများထံကို အဝင်အထွက် လုပ်လေ့ရှိတဲ့သူဟာ ဘယ်လောက်ပဲ ခိုးချောင်ခိုးဝှက်လုပ်သည်ဖြစ်စေ လူတစ်ယောက်မဟုတ်တစ်ယောက်သိတာပါပဲ။ အဲသည်လိုနေရာများကို သွားလာခြင်းကြောင့်ငွေကြေးနဲ့သိက္ခာများ ကျဆင်းမှာကတော့ အသေအချာပါပဲ။ မိမိကိုယ်ကို အပြစ်မလုပ်ဘူးလို့ ဘယ်လောက်ပဲငြင်းဆန်နေနေ အပြစ်ဖြစ်သွားတာကိုတော့ ကိုယ့်ဘာသာကိုယ် သိနေတာပါပဲ။ အခုလိုခေတ်မှာပိုပြီးသိနိုင်တာကတော့ ဟိုခေတ်တုန်းကလို ကာလသားရောဂါလောက်သာ ကူးစက်တတ်တာ မဟုတ်ပါဘူး။ အခုခေတ်မှာ အေ့ဒ်စ်လို့ခေါ်တဲ့ကိုယ်ခံအားကျဆင်းတဲ့ရောဂါများလည်း ကူးစက်နိုင်ပါတယ်။ ကိုယ်ခံအားကျဆင်းတဲ့ရောဂါကတော့ မိန်းမကြူးတဲ့သူဟူသမျှ ကူးစက်ခြင်းခံရနိုင်ချေ အရှိဆုံးရောဂါဖြစ်ပါတယ်။ အဲဒီရောဂါရပြီဆိုရင် ပျက်စီးခြင်းတကာတို့ရဲ့အဆုံးကို ရောက်ပြီလို့ဆိုနိုင်ပါတယ်။ သူကစပြီး သားမယားသားသမီးများအထိ ကူးစက်နိုင်ချေရှိနေလို့ ဖြစ်ပါတယ်။ အဲဒီရောဂါဖြစ်ပြီလို့ဆိုရင် ငွေကြေးဥစ္စာလည်း ကုန်ခန်းပါမယ်။ ကျန်ရစ်သူများလည်း လူရာမဝင်ဖြစ်သွားမှာပါပဲ။

မိသားစုဘဝဆိုတာ ယဉ်ကျေးမှုအဆင့်မြင့်လာမှ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ အခြေခံအကျဆုံး ဖြစ်ပါတယ်။ အဲဒီမိသားစုဘဝကို မထီမဲ့မြင်ပြုတယ်ဆိုတာဟာ ကိုယ့်ကိုယ်ကို တန်ဖိုးမထားတဲ့သူများမှသာ ပြုနိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ အဲသည်လိုလူမျိုးကြောင့် သူရော သူ့မိသားစုဝင်များပါ ၁။ မကျန်းမမာ ဖြစ်တတ်ပါတယ်၊ ၂။ အသက်တိုတတ်ပါတယ်၊ ၃။ မကြီးပွားနိုင်ပါဘူး၊ ၄။ စိတ်သဘောထား သေးသိမ်တတ်ပါတယ်၊ ၅။ ပညာနုံနဲ့တတ်ပါတယ်၊ ၆။ ဗဟုသုတနုံနဲ့တတ်ပါတယ်၊ ၇။ အမျိုးကို မစောင့်ရှောက်နိုင်တတ်ပါဘူး။ အဲသည်လို ချို့ယွင်းချက်များနဲ့ မိသားစုဘဝမျိုးဟာ တာဝန်မဲ့စွာကျင့်တတ်တဲ့ ဖခင်ကြောင့် ပေါ်ပေါက်လာရတာ ဖြစ်ပါတယ်။

သီတဂူဆရာတော်ဘုရားဟာ ပရာဘဝသုတ်တော်ကို အကျယ်တဝင့် ဟောကြားတော်မူလာခဲ့ပြီး ဒီအပိုဒ်ကိုရောက်တဲ့အခါမှာ အကျယ်တဝင့် ရှင်းတော်မူခြင်း မရှိပါဘူး။ ရှင်းစရာမလိုအောင်လည်း ဆိုးဝါးတဲ့ ပြစ်မှုများ ဖြစ်ပါတယ်။ ရာဇဝတ်များကို လေ့လာမယ်ဆိုရင်လည်း အဲသည်လို ဖောက်ဖောက်ပြန်ပြန် ကျင့်တတ်တဲ့သူဟာ သူတစ်ပါးလက်ချက်နဲ့ သေတတ်ပါတယ်။ မိဘများအပါအဝင် သားသမီး သားမယားများကလည်း ခေါင်းတောင်မှ မဖော်နိုင်အောင် အရှက်ရကြတတ်ပါတယ်။ တကယ်ဆိုတော့ မိမိကိုယ်ကိုထိန်းသိမ်းတယ်ဆိုတာ လူသားတို့မှသာ ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ လူဖြစ်ပါလျက် တိရစ္ဆာန်လိုကျင့်ရင်တော့ ပျက်စီးရမှာ သေချာပါတယ်လို့ ဆွေးနွေးလိုပါတယ်။

–

# အိုမင်းပါလျက် ကြင်ဘက်ငယ်သူ ထိမ်းမြားယူက ပျက်စီးရ၏။

နတ်သားသည် မြတ်စွာဘုရား ဟောကြားသော နဝမမြောက် ပျက်စီးခြင်း၏အကြောင်းကို နာကြားပြီးနောက် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား နဝမမြောက် ပျက်စီးခြင်း၏အကြောင်းရင်းကို သိရပါပြီ။ ဒသမမြောက် ပျက်စီးခြင်းနှင့်ဆိုင်သော အကြောင်းရင်းများကို ဟောတော်မူပါဦး မြတ်စွာဘုရားဟု လျှောက်ထားလေသည်။

မြတ်စွာဘုရားက "အရွယ်လွန်ပြီးသောယောကျ်ားသည် အသက်ငယ်ရွယ်သော မိန်းကလေးကို သိမ်းမြန်း၍ အိမ်သူပြုလုပ်၏။ ထိုမိန်းမငယ်ကို တခြားသောယောကျ်ားများနှင့် စိတ်မချသောကြောင့် မအိပ်နိုင်၊ ထိုမအိပ်နိုင်ခြင်းကြောင့်လည်း ပျက်စီးခြင်းသို့ ရောက်၏" ဟု ဟောတော်မူပါသည်။

**ဆွေးနွေးချက်များ**

လူမှုကိစ္စဆိုတာ အလွန်ကျယ်ဝန်း ရှုပ်ထွေးတဲ့သဘောကို ဆောင်ပါတယ်။ လူတစ်ယောက် အမှားလုပ်မိပြီဆိုရင် မိသားစုဘဝမှာ အမှားတွေ တောက်လျှောက်ဖြစ်တတ်ပါတယ်။ လူ့လောကက သတ်မှတ်ထားတဲ့အထဲမှာတော့ လွတ်လပ်သူချင်း အိမ်ထောင်ပြုတာဟာ ခွင့်ပြုနိုင်တဲ့အချက် ဖြစ်ပါတယ်။ ဒါပေမဲ့ တစ်မိသားနဲ့ တစ်မိသား ဘဝချင်းပေါင်းစပ်ပြီးနေကြတော့မယ်လို့ဆိုရင် လိုအပ်ချက်များစွာ ရှိပါတယ်။ အဲဒီလိုအပ်ချက်များကို တစ်ခါတည်းညှိထားရုံနဲ့ မပြည့်စုံနိုင်လို့ အထပ်ထပ်အခါခါ ညှိကြရတာလည်း ရှိပါတယ်။

အစားအသောက် အနေအထိုင်ကအစ နေနည်းထိုင်နည်း အယူအဆ ဓလေ့ထုံးစံများကိုလည်း ညှိကြရပါမယ်။ အတွေးအခေါ်များလည်း

တူအောင် ဒါမှမဟုတ် ပြေပြစ်စွာ ဟန်ချက်ညီစွာနေလို့ရအောင် ညှိကြရမယ် ဖြစ်ပါတယ်။ အဲသည်လို ညှိယူကြတဲ့အခါမှာ မူလကတည်းက မနီးရိုးစွဲတူညီတဲ့ ယဉ်ကျေးမှုရှိနေတယ်ဆိုရင် ညှိရတာလွယ်ကူပါတယ်။ မနီးရိုးစွဲတူညီတဲ့ ယဉ်ကျေးမှုဆိုတာ လူမျိုးချင်း ဒေသချင်းခေတ်ကာလအလျောက် ကြီးပြင်းခဲ့ရတာချင်း တူညီရပါမယ်။ ခေတ်ကာလအလျောက် တူညီတာချင်းလို့ဆိုတဲ့အခါ အရွယ်က စကားပြောလာပါတော့တယ်။ အရွယ်အားဖြင့်မတူရင် ကြီးပြင်းခဲ့ရတဲ့ခေတ်ချင်း မတူညီတာကြောင့် အမြင်ချင်းလည်း မတူတော့ပါဘူး။ ခံစားချင်ခြင်းလည်းမတူတော့ပါဘူး။

ဒါ့အပြင် အရွယ်အလိုက် စိတ်ကအပြောင်းအလဲ ရှိတတ်ပါတယ်။ အရွယ်ငယ်တဲ့သူတွေ ခုံမင်နှစ်ခြိုက်တတ်တာတွေကို အရွယ်ကြီးသွားတဲ့သူက မနှစ်ခြိုက်နိုင်တော့ပါဘူး။ ငယ်တဲ့သူတွေ စိတ်အလိုလိုက်နိုင်သလို ကြီးတဲ့သူတွေက စိတ်အလိုမလိုက်နိုင်တော့ပါဘူး။ အဲသည်လို အစစကွာဟကြတဲ့သူချင်း ရိုးရိုးသားသား ခုံမင်နှစ်ခြိုက်ကြလို့ ထိမ်းမြားလက်ထပ်ကြတယ်လို့ ဆိုတဲ့ကိစ္စဟာ ဖြစ်တောင့်ဖြစ်ခဲ ကိစ္စလို့ပြောရမှာဖြစ်ပါတယ်။ အရွယ် ကြီးတဲ့သူဟာ ကိုယ့်ထက်များစွာငယ်တဲ့သူကို ဇနီးမယားအဖြစ် ပေါင်းသင်းဆက်ဆံဖို့ အလိုရှိတယ်လို့ဆိုရင်လည်း သူ့ရဲ့အတွေးအခေါ်နဲ့ ခံစားမှုများဟာ သူ့အရွယ်ကိုမှ သူအားမနာလောက်အောင် နုနေတယ်လို့ ဆိုရမယ်ဖြစ်ပါတယ်။

သူကိုယ်တိုင် မရင့်ကျက်တာကြောင့်ဆိုရင်လည်း အရွယ်ကြီးပြီးရင့်ကျက်မှုနည်းပါးနေတယ်ဆိုရင်လည်း သူဆက်ပြီး လျှောက်လှမ်းရမယ့်ဘဝမှာ အောင်မြင်မှုနည်းပါးတော့မှာ သေချာပါတယ်။ တချို့သောသူများကတော့ အဘက်ဘက်မှာ အရွယ်အလိုက် ရင့်ကျက်မှုမြင့်မားပါတယ်။ ဒါပေမဲ့ အိမ်ရာတည်ထောင်တဲ့ကိစ္စမှာတော့ ဆင်ခြင်နိုင်စွမ်းနည်းပါးတတ်ကြပါတယ်။ လူ့လောကမှာ မြင်နေကျအဖြစ်မျိုးတွေကတော့



သိပ်အရွယ်ကြီးတဲ့သူဟာ အိမ်ထောင်ဖက် ကွယ်လွန်သွားပြီးတဲ့နောက်ပစ္စည်းဥစ္စာကလည်း ပြည့်စုံလုံလောက်နေတတ်ပါတယ်။ ကိုယ်လိုချင်တာကို ငွေအားကိုး လုပ်ပိုင်ခွင့်အားကိုးနဲ့ လုပ်ရတာကို မှန်တယ်လို့လည်း မြင်တတ်ပါတယ်။ အဲသည်လိုနဲ့ သူ့အရွယ်နဲ့ မလိုက်လျောလောက်အောင် ငယ်ရွယ်နုနယ်တဲ့သူကို သိမ်းပိုက်ပေါင်းသင်းတော့တာပါပဲ။

အရွယ်ငယ်တဲ့ မိန်းကလေးများအနေနဲ့လည်း ကိုယ့်ထက်များစွာအသက်ကြီးလို့ အိုမင်းတယ်လို့ဆိုနိုင်တဲ့ သူတစ်ယောက်ကို ခင်ပွန်းအဖြစ် ပေါင်းဖက်ဖို့ တကယ့်ကို စိတ်တူကိုယ်တူရှိပါတယ်လို့ ပြောနိုင်တာ ရှိကောင်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ အရေအတွက် အလွန်ပဲနည်းပါးပါလိမ့်မယ်။ များသောအားဖြင့် လူကိုကြည်ဖြူတာထက် အသက်သာကြီးတယ်၊ သူပိုင်ဆိုင်တဲ့ ငွေကြေးနေမှုများ လုပ်ပိုင်ခွင့်များကြောင့် ကတော်မယားအဖြစ် ကောင်းစားမှာကိုမြင်လို့ နှစ်သက်ကြည်ဖြူစွာ ပေါင်းသင်းဆက်ဆံလိုတတ်ကြတာ များပါတယ်။ အဲသည်လိုခြွင်းချက်အားဖြင့်ရှိတတ်ပေမယ့် မြင်ရကြားရ မှတ်သားရဖူးတာကတော့ မိန်းကလေးကသဘောမတူဘဲနဲ့ ကြွေးတင်နေလို့ သမီးကို ကြွေးရှင်နဲ့ ပေးစားတတ်ကြတာ၊ သမီးကို ကောင်းစားစေချင်လို့ ပြည့်စုံတဲ့သူနဲ့ ပေးစားတာမျိုးတွေသာ ဖြစ်ပါတယ်။

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်ပြီးတဲ့အချိန်ကစပြီး ညှိနှိုင်းတဲ့ကာလ ဟန်ချက်ညီအောင် ကြိုးစားရတဲ့ကာလကို ရောက်တော့တာပါပဲ။ အသက်အရွယ်ကြီးရင့်တဲ့ ခင်ပွန်းဖြစ်သူဟာ မိမိနဲ့ပွဲတက်ရမယ့် ဇနီးသည်နဲ့အဆင်ပြေလိုက်လျောမယ့် အဝတ်အစားကို ဝတ်ဆင်လိုက်တာ သူ့အရွယ်နဲ့မလိုက်တော့ဘဲ ကလက်တက်တက် ဖြစ်သွားတတ်ပါတယ်။ ပတ်ဝန်းကျင်ကလူတွေက ရယ်သွမ်းသွေးစရာ ဖြစ်သွားတော့တာပါပဲ။

ဇနီးဖြစ်သူကလည်း ခင်ပွန်းနဲ့အဆင်ပြေအောင် လိုက်ပြီးဝတ်ရတယ်ဆိုရင် စိတ်မချမ်းမသာ ဖြစ်တတ်ပါတယ်။ သူ့အရွယ်နဲ့ ဘယ်လိုမျှ လိုက်လျောခြင်းမရှိတဲ့ အဆင်အပြင်များကို ရွေးချယ်ဝတ်ဆင်ပြီး သူ့ရုပ်သွင်သူကြည့်ရင်း အိမ်ထောင်ဘက်ကို စိတ်ဆိုးတော့မှာ သေအချာပါပဲ။ စိတ်မဆိုးတဲ့တိုင် စိတ်စက်မကြည်မလင်ဖြစ်တော့မှာ သေချာပါတယ်။ စာရေးသူတွေ့ဖူးတာကို ပြောရမယ်ဆိုရင်တော့ ငယ်ရွယ်သူကလည်း သူ့ဘာသာသူ ဝတ်ချင်သလိုဝတ်ပြီး နေချင်သလို နေတတ်ပါတယ်။ ပွဲတက်တဲ့အခါမှာလည်း အများက မနှစ်မြို့ကြပါဘူး။ အဲဒီအခါမှာ ခင်ပွန်းအနေနဲ့ ပြုံးပြီး မသိချင်ယောင်ဆောင် နေရတတ်ပါတယ်။ အဲသည်လို မသိချင်ယောင်ဆောင်ရတာ များလာတော့ စိတ်ဖိစီးမှုလည်း များလာတတ်ပါတယ်။

ကြာလာတဲ့အခါမှာ ခင်ပွန်းဖြစ်သူရဲ့ အပေါင်းအသင်းများ လုပ်ဖော်ကိုင်ဖက်များက ခင်ပွန်းဖြစ်သူကို အထင်သေးလာတတ်ပါတယ်။ ခင်ပွန်းဖြစ်သူကို အထင်အမြင်သေးသလောက် ဇနီးဖြစ်သူကိုလည်း အထင်အမြင်သေးတတ်ကြပါတယ်။ ပြောလို့တောင်မှ မကောင်းတဲ့အနေအထိ အထင်အမြင်သေးပြီး ထိထိပါးပါးစကားဆိုတတ်ကြပါတယ်။ မကောင်းမှုကို ကျူးလွန်အောင် ဆွဲဆောင်တတ်ကြပါတယ်။ အဲဒီလိုအချိန်မှာ ငယ်ရွယ်တဲ့ဇနီးဖြစ်သူတိုင်းလည်း လျှပ်ပေါ်လော်လီတတ်တာမဟုတ်ပါဘူး။ လျှပ်ပေါ်လော်လီခြင်း မရှိတဲ့သူများကျတော့လည်း မကောင်းမှုကိုပြုဖို့ သွေးဆောင်ကြသူများနဲ့ ရန်မီးပွားတတ်ကြပါတယ်။ ခင်ပွန်းဖြစ်သူအထိ ပြဿနာတက်သွားပြီဆိုရင်တော့ အဆိုးရွားဆုံးအခြေအနေရောက်တဲ့အထိ ရန်မီးပွားသွားနိုင်ပါတယ်။

အလွန်ငယ်ရွယ်တဲ့သူကို လက်ထပ်ထိမ်းမြားထားတဲ့သူဟာ ဇနီးသည်နဲ့ပတ်သက်တဲ့ အဆွေအမျိုး မိတ်သင်္ဂဟများကို ဆက်ဆံတဲ့အခါ အခက်တွေ့တတ်ပါတယ်။ ဇနီးဖြစ်သူရဲ့သူငယ်ချင်းများဟာ ကိုယ်နဲ့



ဘယ်လိုမျှ တူညီတဲ့အမြင်မရှိနိုင်တဲ့ အရွယ်ငယ်သူများ ဖြစ်နေတာကြောင့်ပါပဲ။ အခေါ်အပြောကအစ ပြောဆိုကြတဲ့ စကားခေါင်းစဉ်အထိ ဘယ်လိုမျှမတူညီနိုင်ပါဘူး။ ဇနီးဖြစ်သူရဲ့ သူငယ်ချင်းအပေါင်းအသင်းထဲမှာ ငယ်ရွယ်တဲ့ယောကျ်ားလေးများ ပါလာပြီလို့ဆိုရင်တော့ ပိုလို့သာဆိုးပြီလို့ ပြောရပါလိမ့်မယ်။

မအိပ်နိုင် မစားနိုင်ဖြစ်ဖို့ အခြေအနေဟာ အသက်ကြီးတဲ့သူအဖို့ရာမှာ များလှပါတယ်။ ငယ်ရွယ်သူနဲ့ ပေါင်းသင်းဆက်ဆံတဲ့အခါမှာ အဘက်ဘက်က အင်အားကျဆင်းဖို့ရာ အကြောင်းများစွာ ရှိပါတယ်။ သဘာဝမကျသော မတူညီသော ညှိနှိုင်းမှုများကြောင့်လည်း စိတ်ရောလူပါ အားကုန်နိုင်ပါတယ်။ ပင်ပန်းနိုင်ပါတယ်။ အဲသည်လို အားကုန်ပင်ပန်းနေတဲ့အခါမှာ ပိုပြီးဆင်းရဲအောင် နှိပ်စက်တာကတော့ မိမိဇနီးသူတစ်ပါးနဲ့ဖောက်ပြန်မှာ စိုးရိမ်တဲ့စိတ်ပဲ ဖြစ်ပါတယ်။ အဲသည်လို စိတ်မချလက်မချ ဖြစ်နေတာဟာ လုပ်ဆောင်ဖွယ်ကိစ္စများကိုလည်း မလုပ်နိုင်အောင် ဖြစ်စေနိုင်ပါတယ်။ သူဟာ ဇနီးသည်ကိုစောင့်ကြည့်နေရတာဟာ သူ့ရဲ့စိတ်ကို များစွာမှပဲ ပင်ပန်းစေပြီး အကြံကောင်းဉာဏ်ကောင်းများလည်း တုံးသွားစေနိုင်ပါတယ်။

ညဉ့်အခါများမှာလည်း စိတ်ငြိုငြင်ဖွယ်ကောင်းတဲ့ အတွေ့အကြုံများတဲ့ အနေအထားကို စဉ်းစားတွေးတောပြီး အိပ်မပျော်နိုင်အောင် အိပ်ပျော်ပါကလည်း မနှစ်ခြိုက်နိုင်အောင် ဖြစ်ရပါတယ်။ အဲသည်လိုနဲ့ နေ့စဉ်ရက်ဆက်ဆိုသလို အိပ်မပျော်ဘဲ နေ့စဉ်ရက်ဆက် စိတ်မချမ်းသာဘဲ ဖြစ်နေတဲ့အခါ ကျန်းမာရေး ကျဆင်းယိုယွင်းလာတတ်ပါတယ်။ နှစ်ဦးသဘောတူ ချစ်ခင်စုံမက်ပြီး တစ်အိုးတစ်အိမ် ထူထောင်ခဲ့ကြတဲ့သူတွေတောင်မှ မကျန်းမမာဖြစ်လာတဲ့အခါ ကြင်ကြင်နာနာ ပြုစုချင်မှ ပြုစုတတ်တာဆိုတော့ အသက်ကြီးတဲ့သူကို မချစ်မနှစ်သက်ဘဲ ယူခဲ့ရတယ်ဆိုရင် မမာမကျန်းဖြစ်တဲ့အခါ ဇနီးဖြစ်သူက ပစ်ပစ်ခါခါနေတော့

မှာ သေချာပါတယ်။ အဲသည်လို အခြေအနေမျိုးနဲ့ကြုံလာရင် စီးပွားရေး လူမှုရေးစတဲ့ အရေးများစွာမှာ ပျက်စီးဆုံးရှုံးတဲ့အဖြစ်များကို တတိတတိနဲ့ ခံစားပြီးတဲ့နောက် မကျန်းမမာဖြစ်တဲ့အခါမှာလည်း ဘုရားဘုရားကိုမျှ နှလုံးမသွင်းနိုင်ဘဲ သေခြင်းတရားကို ရင်ဆိုင်ရတဲ့အဖြစ်နဲ့ တိုးရမှာ သေချာပါတယ်။ အဲသည်လိုအဖြစ်မျိုးကို အရွယ်ကြီးတဲ့မိန်းမများဟာ ကိုယ့်ထက် အသက်များစွာငယ်တဲ့သူတွေကို ခင်ပွန်းအဖြစ်ယူမိရင်လည်း ကြုံရတတ်ပါတယ်။ ကြုံရပုံခြင်းလည်း များစွာတူပါတယ်။ စိတ်မချလက်မချဖြစ်လို့ ပတ်ဝန်းကျင်က မျက်မုန်းကျိုးတာက အစ အတူတူဖြစ်ပါတယ်။ ငယ်ရွယ်သူများနဲ့ တုပဝတ်ဆင်တဲ့အတွက် ကလက်နေတတ်တာ။ ငြူစူစောင်းမြောင်းတတ်တဲ့အတွက် လူအများမနှစ်လိုခြင်းကို ခံရတတ်တာကအစ တူတတ်ပါတယ်။ ငယ်ရွယ်တဲ့သူကို ပြည့်စုံအောင်ထားမှသာ အိမ်ထောင်ရေးမှာ ပျော်မွေ့မယ်ဆိုတဲ့အယူနဲ့ စီးပွားရေးကို ကုန်းကျုံးရှာတာမျိုးကိုလည်း မိန်းမဖြစ်လျက်နဲ့ လုပ်ကိုင်တတ်ကြပါတယ်။ နောက်ဆုံးတော့ ကိုယ်ရောစိတ်ပါ ပင်ပန်းပြီး ပျက်စီးခြင်းကို ဆိုက်ရောက်တဲ့အထိ ဖြစ်သွားပါတော့တယ်။

ဒသမမြောက်ပျက်စီးခြင်းဟာ လူ့လောကမှာနေကြတဲ့သူများ ဆင်ခြင်တုံတရား ပွားများနိုင်အောင် ဟောတော်မူခဲ့တယ်ဆိုတာ သဘောပေါက်နိုင်ပါတယ်။ လူအများရဲ့အနေနဲ့ မိမိတို့ဘဝကို ကျောင်းတဲ့အခါ ဘဝရဲ့ပြည့်စုံခြင်းအတွက်ရော ဘဝရဲ့လွတ်မြောက်ခြင်းအတွက်ပါ လိုအပ်တဲ့သိအပ်တဲ့ တရားဖြစ်ပါတယ်။ လက်ရှိဘဝမှာ အမှားအမှန် မဆင်ခြင်နိုင်ဘဲနဲ့တော့ ဘဝရဲ့လွတ်မြောက်ခြင်းကို မျှော်မှန်းလို့ မရနိုင်စကောင်းပါ။ လက်ရှိဘဝမှာ လိုအပ်တာထက် ပိုသောကြောင့်ကြမှုနဲ့ အသက်ရှင်နေခဲ့ရတယ်ဆိုရင် နောင်ဘဝမှာ လက်ရှိဘဝထက် မြင့်မားအောင် ကြိုးစားဖို့ရာ အခွင့်သာမယ်မဟုတ်ပါ။

–

# မိန်းမသွမ်းနှင့် ယောကျ်ားသွမ်းကို ကြီးမှူးတင်က ပျက်စီးရ၏။

နတ်သားကဆယ်ခုမြောက် ပျက်စီးခြင်း၏အကြောင်းကို တပည့်တော် သိနားလည်ပါပြီဘုရား။ ယခုထပ်မံ၍ ဆယ့်တစ်ခုမြောက်ဖြစ်သော ပျက်စီးခြင်း၏အကြောင်းရင်းကို ဟောတော်မူပါဦးဘုရားလို့ လျှောက်ထားပြန်ပါသည်။ ထိုအခါမြတ်စွာဘုရားက "အကြင်သူသည် ငါးအမဲစသော အစားအစာတို့၌ မက်မောသောသဘောရှိသော ဥစ္စာကို စည်းကမ်းမဲ့ ဖရိုဖရဲပြုတတ်သော မိန်းမကိုသော်လည်းကောင်း ထိုသို့သော သဘောရှိသော ယောကျ်ားကိုသော်လည်းကောင်း အိမ်ထောင်ထိန်းအရာ၌ထား၏။ ထိုသူ၏ ထိုအကြောင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း"

**ဆွေးနွေးချက်များ**

မြတ်စွာဘုရားဟောတော်မူတဲ့ တရားများဟာ လိုနေတယ်၊ ဟာနေတယ်၊ ကျန်နေတယ်လို့ ပြောလို့မရအောင် ထောင့်စေ့ပါတယ်။ စာရေးသူဟာ လူသူအများကြီးနဲ့ ပေါင်းသင်းဆက်ဆံခြင်း မပြုဖူးပါဘူး။ ဒါပေမဲ့ ဘုရားဟော တရားတော်များကို ချက်ကနဲနားလည်သွားစေနိုင်တဲ့ သာဓကေများကို မြင်လည်းမြင်ခဲ့ရပါတယ်။ ကြားနာမှတ်သားရဖူးတာလည်း ရှိပါတယ်။

တစ်ခါတုန်းက စာရေးသူရဲ့မိခင်ကြီးနဲ့ ခင်မင်တဲ့ မိသားစုတစ်စု ရှိခဲ့ပါတယ်။ တစ်အိမ်သားလုံး သဘောသကာယ ကောင်းကြပါတယ်။ မိခင်ကြီးက အဲဒီမိသားစုဟာ အလွန်ချမ်းသာကြွယ်ဝခဲ့တဲ့အကြောင်းကို မကြာခဏ ပြောပြပါတယ်။ စာရေးသူကလည်း သူတို့ဆင်းတောင့်ဆင်းရဲဖြစ်နေမှ သိတတ်တဲ့အရွယ်ကိုရောက်တာဆိုတော့ အခုကျတော့

ရော ဘာဖြစ်လို့ဆင်းရဲနေကြတာလဲလို့ မေးမိပါတယ်။ မိခင်ကြီးက ပြောပါတယ်။ သူတို့က မီးဖိုချောင်ကို မထိန်းနိုင်ပါဘူးတဲ့။ ခင်မင်ဖော်ရွေတတ်တဲ့ သမီးဖြစ်သူက ငါးကြော်တယ်ဆိုရင် ငါးကြော်ဆီကို ငပိချက်လိုဟင်းမျိုးထဲကို ထည့်ရတယ်ဆိုတာ နားမလည်ပါဘူးတဲ့။ ငါးကြော်ဆီတွေ အနံ့လည်းမကောင်းဘူးဆိုပြီး နောက်ဖေးလမ်းကြားထဲ သွားပြီးသွန်ပစ်တော့တာပဲတဲ့။

ညှော်သည်လာတယ်ဆိုရင်လည်း ညှော်သည်က ဘယ်နှယောက်လဲဆိုတာ မဆန်းစစ်ဘဲ ထမင်းတွေ ဟင်းတွေ အများကြီးပိုချက်ပါတယ်။ မကုန်တော့ သွန်ပစ်ပြန်ပါလေရောတဲ့။ အဲသည်လိုနဲ့ မကုန်တန်ဘဲနဲ့ ကုန်ပါများလာတဲ့အခါ စစ်ဘေးစစ်ဒဏ်ကလည်းခံရနဲ့ နောက်ဆုံးတော့ လုံးပါးပါးတော့တာပေါ့လို့ စာရေးသူရဲ့မိခင်ကြီးက သူ့စကားကို နိဂုံးချုပ်ပါတယ်။

စာရေးသူတို့ဟာ အဘက်ဘက်က စနစ်တကျ သုံးစွဲတတ်အောင် သင်ပေးတဲ့ ဖခင်မိခင်တို့ရဲ့ ကြီးကြပ်မှုအောက်မှာ နေထိုင်ကြီးပြင်းခဲ့ကြရပါတယ်။ အစား စားသောက်ခြင်းနဲ့ပတ်သက်ပြီး ဖခင်ကြီးက အလုပ်လုပ်တဲ့သူဟာ အစားကိုဝလင်အောင် အာဟာရဖြစ်အောင် စားတတ်ရမယ်။ ဒါပေမဲ့ ပေါက်ပန်းဈေးမစားရဘူး။ သူ့အချိန်နဲ့သူ စားရမယ်။ တကယ်လို့ အလုပ်ခွင်မှာမဟုတ်ဘဲ အားလပ်တဲ့နေ့ရက်တွေမှာဆိုရင် မိသားစုအတူတူ ပူပူနွေးနွေး ဝိုင်းဝန်းစားသောက်ကြရမယ်လို့ ဆိုပါတယ်။ အပိုစားတာ အပိုကုန်တာ ဘာမျှမရှိအောင်နေရင်း အလုပ်ကို စနစ်တကျကြိုးစားလုပ်ကိုင်တယ်ဆိုရင် တက်လာတတ်ပါတယ်။

အဲဒီသဘောမျိုးမဟုတ်ဘဲ အစားအသောက်ကို ခုံမင်တတ်တဲ့သူများဟာ အချိန်ရှိသရွေ့ အစားကို ဘယ်လိုဇာချဲ့ရပါ့မလဲဆိုတာကို တွေးနေတတ်ကြပါတယ်။ ငါး အမဲအစရှိတာကို ခုံမင်တတ်တဲ့သူကိုလည်း တွေ့ဖူးပါတယ်။ သူများအသက်ကို သတ်ဖြတ်စားသောက်ရမှာ ဝန်



မလေးဘဲ ကိုယ့်အတွက် တဒင်္ဂရလာနိုင်တဲ့ လျှာအရသာကို အသားပေးပြီး အကောင်မျိုးစုံကို ရှာဖွေစားသောက်တတ်တဲ့သူကို အတော်ရင်းရင်းနှီးနှီး ခင်မင်ဖူးပါတယ်။ ကြောက်စရာကောင်းပါတယ်။ အစားအသောက်ခုံမင်တာကြောင့် ပေးဆပ်ရတဲ့အချိန်တွေအပြင် ရင်းနှီးလိုက်ရတဲ့ အကုသိုလ်များကလည်း မနည်းပါဘူး။

မြန်မာနိုင်ငံမှာတော့ သားငါးကို လုံးဝမရှောင်သည့်တိုင်အောင် မြင်သားကြားသားမစားဘဲ နေတတ်ကြတာများပါတယ်။ တစ်သက်လုံး အနေနဲ့ စားနေကျဖြစ်လို့ အသားကိုစားကြတဲ့တိုင်အောင် ဝါတွင်းမှာ သက်လွတ်စားတတ်ကြပါတယ်။ အဲသည်လို မစားတဲ့တိုင်အောင် အခြောက်အခြမ်းလောက်နဲ့ ပြီးအောင်စားသောက်လေ့ရှိကြပါတယ်။

အသားငါးကို ခုံခုံမင်မင် စားတတ်ကြတဲ့သူများဟာ ပျော့ပျောင်းအေးချမ်းတဲ့ အမူအရာလည်း မရှိပါဘူး။ စိတ်လည်း အေးချမ်းသက်သာခြင်းလည်း မရှိတတ်ကြပါဘူး။ စားတာ သောက်တာ နေထိုင်တာကို ကြည့်ရတာကိုက ကြောက်စရာကောင်းလှပါတယ်။ ကိုယ်တိုင်အမဲလိုက်ပြီး စားတတ်ကြတယ်ဆိုရင်တော့ ပိုပြီးဆိုးတော့မှာပေါ့လေ။ စာရေးသူဟာ ရိပ်သာတစ်ခုမှာ တရားဝင်ဖူးပါတယ်။ အဲဒီကဆရာကြီးက ဆွေးနွေးလိုက်တဲ့အကြောင်းကတော့ သားကြီးငါးကြီးများကို သတ်ဖြတ်တဲ့နေရာမှာ သူတို့က သိလည်းသိတတ်နေတယ်။ သေတဲ့အခါမှာလည်း ပြင်းပြင်းထန်ထန် သေရတတ်တယ်။ အဲဒါကြောင့် သားကြီးသားများကို ရှောင်ကြဉ်စေချင်ပါတယ်တဲ့။ ဘာပဲဖြစ်ဖြစ် အစားအစာကို အလွန်မက်မက်မောမော စားတတ်တဲ့သူမှာ အစားအသောက်နဲ့ ပတ်သက်ပြီး အားနည်းချက်တော့ ရှိနေတတ်ပါတယ်။

အစားအသောက်ကို မက်မောတဲ့သူဟာ လုပ်ပိုင်ခွင့် တစ်စုံတစ်ရာရှိတဲ့သူဆိုရင် အစားကို ဖွယ်ဖွယ်ရာရာ စီမံကျွေးမွေးပြီး သူတို့အလိုကို လိုက်လျောအောင် ဆွဲဆောင်တဲ့သူများနဲ့ တွေ့ရတတ်ပါတယ်။ တချို့

သောမိန်းမများဆိုရင် သူတို့ယောကျ်ား ကြိုက်တတ်တာကို အသင့်ပြင်ဆင်ကျွေးမွေးပြီး ကွယ်ရာမှာ လုပ်ချင်ရာရာကို လုပ်တတ်ကြပါသေးတယ်။ ငါး အမဲစသည်ဖြင့် စားစရာများကို ခုံမင်နှစ်သက်ပြီး စားဖို့ကိုကြောင့်ကြစိုက်နေတဲ့ အလုပ်သမားတစ်ယောက်နဲ့ စစ်စစ်စီစီနေတတ်တဲ့ အလုပ်သမားတစ်ယောက်တို့ရဲ့ဘဝဟာ ကြာလေလေ ကွာဟလေလေဖြစ်လာတာကို တွေ့ရတတ်ပါတယ်။

အစားအသောက်ကို လိုတာထက်ဇာချဲ့တတ်တဲ့သူဆိုတော့ အပေါင်းအသင်းကလေးနဲ့မှ စားချင်တာ အသောက်အစားကလေး ဖက်ချင်တာစသည်ဖြင့် အပိုအလုပ်တွေ များလာတတ်ပါတယ်။ သူတစ်ပါးတို့ကိုကျွေးမွေးပေးကမ်းခြင်း လှူဒါန်းခြင်းဆိုတာကတော့ မကောင်းတဲ့အလုပ်လို့မဆိုနိုင်ပါဘူး။ စေတနာမှန်ရင်ပေါ့လေ။ စေတနာကြောင့် မဟုတ်တဲ့အပြင် သေရည်သေရက်များပါတဲ့ စားပွဲသောက်ပွဲများကို ခင်းကျင်းနေတာဟာဖြင့် ဘယ်လိုမျှကုသိုလ်မရနိုင်တဲ့အပြင် ပကာသနအလုပ်ဖြစ်လို့ငွေကုန်ကျေးကျသာ များပါလိမ့်မယ်။ စာရေးသူ တွေ့ဖူးတာကဖြင့်လောင်းကစားမက်မောသူ အရက်သေစာသောက်စားသူများဟာ တစ်အိမ်သားလုံးလိုလို အစားကို ပေါက်တတ်ကရ စားတတ်ကြတဲ့အဖြစ်ပါပဲ။

မလိုအပ်တဲ့နေရာမှာ အကုန်အကျများနေရင် လိုအပ်တဲ့နေရာမှာပေါ့လျော့နေတော့မှာဖြစ်ပါတယ်။ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ အစားအသောက်ကို လိုအပ်တာထက် ပိုပြီးမက်မောရင် သူတို့လက်ထဲမှာရှိတဲ့ဥစ္စာကို ပေါ့ပေါ့တန်တန်သုံးစွဲတတ်ကြပါတယ်။ တချို့ဆိုရင် နှုတ်ကတောင် မချမ်းသာရင်နေပါစေ၊ လူဖြစ်ပြီး ကောင်းကောင်းမစားရလို့ကတော့ လူဖြစ်ကျိုးမနပ်ဘူးလို့ ဖွင့်ဟပြီးပြောဆိုတတ်ကြပါသေးတယ်။ အဲသည်လို ချွေတာရကောင်းမှန်းမသိ ကြော်ငြာထားတာ တွေ့တာနဲ့လိုက်ပြီးရှာစားတတ်တာ၊ ဝယ်စားတတ်တာဟာ ငွေဝင်နေတုန်းမှာ



တော့ တပြုံးပြုံးပါပဲ။ ငွေမဝင်တော့ဘူးဆိုရင်တော့ တစ်စတစ်စနဲ့ ကျဆင်းမှန်းမသိ ကျဆင်းလာတတ်ပါတယ်။ အနေအစားမလျှော့နိုင်တဲ့အခါ ဖမ်းလို့မမိအောင် ကျဆင်းသွားတတ်ပါတယ်။

မိဘများကိုယ်တိုင်က အစားအသောက်ကို စည်းကမ်းနဲ့ အချိန်အခါနဲ့လိုက်ပြီး စားသောက်တဲ့နည်း၊ ဘယ်အခါမှာ ဘယ်လိုစားရမယ်၊ အာဟာရဓာတ်ပါအောင် ဘယ်လိုချက်ပြုတ် စီမံစားသောက်ရတယ်ဆိုတာ သင်ပေးမထားရင် သားသမီးများလည်း သိကြမှာမဟုတ်ပါဘူး။ လွယ်လွယ်ပဲ ကြုံသလို စားသောက်ကြတော့မှာပါပဲ။

တချို့အိမ်များကို စာရေးသူတစ်ခါသွားပြီး နောက်တစ်ခါ မသွားလိုပါဘူး။ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေများဖြစ်ပါစေ သူတို့အထာနဲ့သူတို့နေထိုင်ကြတာဟာ တစ်နေ့နေ့မှာတော့ ဒုက္ခရောက်တော့မှာပဲလို့ သိနေလို့ ဖြစ်ပါတယ်။ အစားအသောက်ဆိုရင် သူ့အမယ်နဲ့သူ ချက်ပြုတ်ခြင်းမရှိဘဲ တစ်နပ်တည်း ချက်ပြုတ်စားသောက်တတ်ပါတယ်။ တစ်ခါကတော့ မေးမိပါတယ်။ ညဘက်ကျတော့ရော ဘယ်လိုစားသလဲ၊ ဟင်းတွေကို ခွဲထားသေးသလားဆိုတော့ ခွဲမထားပါဘူးတဲ့။ ကျန်တာကိုစားတာပါပဲတဲ့။ မလောက်ဘူးထင်ရင် ဆိုင်ကဟင်းတွေ သွားဝယ်လိုက်တာပါပဲလို့ ဖြေပါတယ်။

အဲဒီမိသားစုဟာ ကိုယ်ပိုင်အိုးအိမ်ကို ထုခွဲလိုက်ရပါတယ်။ အသုံးအစွဲကြီးတဲ့ သားသမီးများကို မထိန်းနိုင်ပါဘူး။ အဲသည်လိုနဲ့ မိသားစုတောင်မှ တကွဲတပြားတွေ ဖြစ်သွားပါတယ်။ အလွန်ကြွယ်ဝချမ်းသာပြီး မိမွေဘမွေ များစွာရရှိလိုက်တဲ့သူများတောင်မှ အနေမတတ် အစားမတတ်ခဲ့လို့ရှိရင် ပစ္စည်းဥစ္စာများဟာ နေလာရင် နှင်းပျောက်သလိုပျောက်သွားတတ်ပါတယ်။ အနေအစား မလျှော့နိုင်တဲ့အတွက် စီးပွားကျနေတာကို မဲတင်းဖို့ ချက်ချင်းချမ်းသာနိုင်တဲ့ လုပ်ငန်းများကို ရှာကြံစိတ်ကူးပြီး လုပ်တတ်တဲ့သူများဟာ ပိုပြီးတော့တောင်မှ စုံးစုံးမြုပ်သွားတတ်ကြပါသေးတယ်။

စာရေးသူအနေနဲ့ သာဓကပြနိုင်ရင် မိသားစု သုံးလေးစုပါပဲ။ စာဖတ်သူများလည်း ပတ်ဝန်းကျင်မှာ တွေ့ကြဖူးမှာပါ။ မိဘကစပြီး စည်းကမ်းမဲ့စွာ နေထိုင်တတ် စားသောက်တတ်တဲ့အတွက် ပစ္စည်းများဟာ မကုန်သင့်ဘဲ ကုန်ကျတတ်တာ။ အဲသည်လို ပစ္စည်းပစ္စယများကို မထိမ့်မြင် ကုန်ကုန်ခန်းခန်း လုပ်တတ်ကြတဲ့သူများဟာ တကယ့်စီးပွားရေးလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ခွင့် ရလာပြီလို့ဆိုရင်လည်း စီးပွားတက်ဖို့အခြေအနေ မရှိပါဘူး။ ကြက်ကန်းဆန်အိုးတိုးသလို အခြေအနေကောင်းနဲ့ ကြုံတဲ့အခါမှာလည်း အဲဒီအခြေအနေဟာ ဘယ်လောက်ကြာကြာခံမှာလဲဆိုတာကို မတွက်တတ်ကြဘဲ ရလိုက်တာ၊ မြတ်လိုက်တာဆိုပြီး အခြေအနေကို စောင့်ကြည့်နေတဲ့သူများကိုတောင်မှ ကြောက်တတ်ရန်ကော သတ္တိနည်းရန်ကောလို့ ပြောတတ်ကြပါတယ်။ အထင်အမြင်သေးတတ်ကြပါတယ်။ ရုတ်တရက် အခြေအနေပြောင်းသွားတဲ့အခါ သိန်းသန်းချီပြီး တန်တဲ့စာချုပ်တွေ စာတမ်းတွေဟာ သာမန်စာရွက်တွေဘဝကို ရောက်သွားတတ်တာမျိုးတွေနဲ့ ကြုံတတ်ပါတယ်။ အဲသည်လိုအချိန်မျိုးမှာ အနေအစား မခြိုးခြံတတ်တဲ့သူများရဲ့လက်ထဲမှာ သိုမှီးသိမ်းဆည်းထားတဲ့ ငွေကြေးဥစ္စာ နည်းပါးတတ်ပါတယ်။

အိမ်ထောင်ဦးစီးဖြစ်တဲ့သူက အိမ်ရဲ့စီးပွားရေး အိမ်ရဲ့အသုံးစရိတ်တို့ကို သေသေချာချာ ခွဲတမ်းချစိစစ်ခြင်းမရှိခဲ့ရင် နောက်ဆုံးတော့ စီးပွားရေးကစပြီး ပျက်စီးဆုတ်ယုတ်လာမှာ ဖြစ်ပါတယ်။ မူလကတည်းက အဲသည်လိုအိမ်မျိုးမှာ စနစ်တကျဆိုတဲ့စကား စစ်စစ်စီစီဆိုတဲ့စကား ထိန်းထိန်းသိမ်းသိမ်း ဆိုတဲ့စကားများကိုမှ မကြားဖူးပဲကိုး။ တစ်နေရာက ပြိုသွားရင် နောက်နေရာတွေကလည်း အလွယ်တကူလိုက်ပြီး ပြိုကျသွားမှာ ဖြစ်ပါတယ်။

—

## ကိုယ်နှင့်မတန် မင်းဖြစ်ရန်ကို ရည်သန်တောင့်တ ပျက်စီးရ၏။

နတ်သားက မြတ်စွာဘုရား ဖြေဆိုတော်မူသော ဧကာဒသမမေးခွန်း၏ အဖြေကိုကြားရပြီးနောက် အရှင်ဘုရား ဧကာဒသမမြောက် ပျက်စီးခြင်း၏အကြောင်းရင်းကို ကြားရပါပြီဘုရား။ အခုတစ်ဖန် ဒွါဒသမမြောက် ပျက်စီးခြင်း၏အကြောင်းရင်းကို ဟောတော်မူပါဦးဘုရားဟု လျှောက်ထားပါသည်။

မြတ်စွာဘုရားက "အကြင်သူသည် ဥစ္စာနည်း၍ စည်းစိမ်ဥစ္စာတို့၌ တပ်မက်မှုကြီးမား၏။ မင်းမျိုး၌လည်း ဖြစ်၏။ ထိုသူသည်ကား မင်းအဖြစ်ကို တောင့်တ၏။ ထိုသူ၏အကြောင်းသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းတည်း" ဟု မိန့်တော်မူပါသည်။

**ဆွေးနွေးချက်များ**

ဒီနေရာမှာ စာရေးသူက မြန်မာနိုင်ငံသမိုင်းက သာဓကတစ်ခုကို တင်ပြလိုပါတယ်။ ၁၇၅၂ မှာ အင်းဝပျက်ပါတယ်။ အင်းဝမပျက်ခင် အင်းဝမှာ စိုးစံနေတဲ့မင်းကတော့ မဟာဓမ္မရာဇာဓိပတိမင်း ဖြစ်ပါတယ်။ အဲဒီမင်းဟာ အရည်အချင်းမရှိတဲ့မင်း ဖြစ်ပါတယ်။ အဲဒီအချိန်က အားနည်းနေတဲ့နိုင်ငံကို ပြန်လည်ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့ပါဘူး။ မဏိပူရကသည်းလို တိုးတက်ဖွံ့ဖြိုးခြင်းမရှိတဲ့နိုင်ငံက လာရောက်ကျူးကျော်တာကိုတောင်မှ ပြတ်ပြတ်သားသား နိုင်အောင်တိုက်ခိုက်နိုင်ခြင်း မရှိပါဘူး။

အဲသည်လို နိုင်ငံအနေနဲ့ အားနည်းနေတဲ့အခါမှာ ဟံသာဝတီပဲခူးမှာ မြို့ဝန်လိုအပ်တဲ့အတွက် ဘုရင်က သူ့ရဲ့ဦးရီးတော်ကို မြို့ဝန်ခန့်အပ်လိုက်ပြီး ဟံသာဝတီကို စေလွှတ်လိုက်ပါတယ်။ သူ့အမည်က

ဦးသာအောင် ဖြစ်ပါတယ်။ ဦးသာအောင်ဟာ အင်းဝဘုရင်ရဲ့အခြေအနေ အားနည်းနေတယ်ဆိုတာကို သိပါတယ်။ သူဟာ သစ္စာလည်းမရှိပါဘူး။ လောဘလည်းကြီးပါတယ်။ သူကိုယ်တိုင်က မင်းဖြစ်သူရဲ့ဦးရီးတော်ဖြစ်လေတော့ သူကိုယ်တိုင် ဘုရင်ဖြစ်ချင်စိတ်ပြင်းပြလာပါတယ်။ အင်းဝ အားနည်းနေတဲ့အချိန်မှာ ဟံသာဝတီကို သစ္စာရှိရှိ ငြိမ်သက်အေးချမ်းအောင် အုပ်ချုပ်မယ့်အစား ဟံသာဝတီမှာ ရှိတဲ့အမှုထမ်းအရာထမ်းများကို သူ့ဘက်လိုက်ရမယ်ဆိုပြီး သစ္စာရေတိုက်ကာ စည်းရုံးပါတယ်။ သစ္စာရေတိုက်တဲ့အခါ တစ်စင်မထောင်နိုင်သေးတဲ့ သူများကတော့ သောက်ရတာပါပဲ။ ဦးသာအောင်ဟာ ဟံသာဝတီကို ပိုင်ပြီလို့ သူ့ဘာသာသူ အထင်ရောက်ပြီး ဟံသာဝတီသားများကို သံလျင်ကို သိမ်းပိုက်ဖို့ စေလွှတ်လိုက်ပါတယ်။ ဟံသာဝတီသားများဟာ လုပ်ရေးကြံရေးခက်လှတဲ့ သံလျင်ကို တိုက်ခိုက်တဲ့နေရာမှာ အသက်စွန့်ပြီး တိုက်ဖို့ အားမသန်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးသာအောင်ကို သူတို့က ကြောက်လို့သာ သစ္စာရေသောက်ထားရတာကိုး။ သူ့ကို တကယ်တမ်း လေးစားကြည်ညိုလို့မှ မဟုတ်တာကိုး။ ဦးသာအောင်က သံလျင်ကို အောင်မြင်အောင် တိုက်ချင်တိုက် မတိုက်ခဲ့သော် အိမ်သူအိမ်သားများကို သတ်မယ်လို့ဆိုပြီး မြို့ဝန်ရဲ့အိမ်ဝိုင်းထဲကို စစ်ချီသွားသူများရဲ့ အိမ်သူအိမ်သားများကို ထည့်ထားလိုက်ပါသတဲ့။

သံလျင်ရောက် ဟံသာဝတီသားများကလည်း အခက်တွေ့နေပါတယ်။ ရှေ့ကိုတိုးပြီးတိုက်မယ်ဆိုရင်လည်း သံလျင်က လုပ်ရေးကြံရေးခက်လွန်းလို့ သူတို့သေနိုင်တယ်။ သူတို့မတိုက်ပြန်ရင်လည်း သူတို့အိမ်သူအိမ်သားများ သေနိုင်တယ်။ ကိုင်း ဘယ်လိုလုပ်ကြမလဲလို့ စဉ်းစားကြပြီး ဦးသာအောင်ကိုပဲ လုပ်ကြံလိုက်ကြပါတယ်တဲ့။

တကယ်တော့ ဦးသာအောင်ဟာ မင်းမျိုးဖြစ်ပါတယ်။ နန်းတွင်းရေးအခြေအနေ မဟာန်တာကို သိပါတယ်။ အဲဒီလိုအခြေအနေမှာ သူက



သစ္စာရှိရှိ ထိန်းပေးရမှာဖြစ်ပါတယ်။ တကယ်တော့ ဟံသာဝတီဆိုတာ ရှေးခေတ်စကားနဲ့ပြောရရင် အဝေးမြို့ဖြစ်ပါတယ်။ တကယ်ယုံမှတ်မှသာ အဲဒီလိုနေရာမျိုးကို ပို့တာဖြစ်ပါတယ်။ သူကတော့ မင်းဖြစ်ချင်ဇောနဲ့ ကိုယ့်အရည်အချင်းကိုတောင် ကိုယ်မဈောကြောပါဘူး။ မင်းဖြစ်အောင် သူကစပြီးပုန်ကန်တော့တာပါပဲ။ အဲဒါကြောင့် သူများလက်ချက်နဲ့ သေရတာဖြစ်ပါတယ်။

အလွန်အမင်း ရည်မှန်းချက်ကြီးပြီး ဖြတ်လမ်းကလိုက်ချင်တဲ့သူများအတွက် တိုက်ရိုက်သက်ဆိုင်တဲ့ ပျက်စီးခြင်းလို့ဆိုရင် ရနိုင်ပါတယ်။ ကိုယ်တိုင်က မင်းဆွေမင်းမျိုးထဲမှာ ပါနေလေတော့ စိတ်ကူးယဉ်ချင်တဲ့ သဘောဟာ လူသာမန်များထက်ပိုမှာ ဖြစ်ပါတယ်။ လောဘဇောကို မသတ်နိုင်ဘဲ သင့်တာမသင့်တာကို ဘယ်လိုမျှမဆုံးဖြတ်နိုင်ဘဲ လုပ်ချင်တာ လိုချင်တာကိုသာ တမ်းတပြီး မတော်မတည့် ကြံစည်တာကိုသာ မြတ်စွာဘုရားက ပျက်စီးကြောင်းလို့ ဟောတော်မူခဲ့တာဖြစ်ပါတယ်။ ထိုက်တန်တဲ့ကြိုးစားမှု ထိုက်တန်တဲ့ပြင်ဆင်မှု ရှိကြတဲ့သူများအနေနဲ့ မင်းအဖြစ်ကို ရယူနိုင်တဲ့သာဓကများကိုလည်း ဟောတော်မူခဲ့တာ ရှိပါသေးတယ်။ ဥပမာ မဟာဇနကမင်းသားဆိုရင် လက်မဲ့ဖြစ်နေရာက မင်းအဖြစ်ကို ပြန်ရတဲ့အထိ ရောက်ခဲ့ပါတယ်။ ထိုက်တန်တဲ့ဘုန်းကံ ထိုက်တန်တဲ့ ကြိုးစားမှုတော့ ရှိရပါမယ်။

အခုနက ပြောခဲ့တဲ့သမိုင်းရဲ့အဆက်ကို ပြန်ဆက်ပြီးပြောရရင် ဦးသာအောင် ပုန်ကန်ပြီး ဟံသာဝတီကို လူသစ်မပို့နိုင်လို့ သံလျင်မြို့ဝန်ကို ပူးတွဲအုပ်ချုပ်စေဖို့ တာဝန်ပေးခဲ့ပါတယ်။ သံလျင်ဝန်ကလည်း မလိမ္မာပါဘူး။ ဦးသာအောင်တိုက်တဲ့ သစ္စာရေကို သောက်ခဲ့ကြရတာဟာ အခြေအနေအရ သောက်ခဲ့ကြရတာဖြစ်ပါလျက်ကနဲ့ သူက သစ္စာရေသောက်တဲ့အပြစ်ကို အကြောင်းပြုပြီး ဟံသာဝတီသားများကို အပြစ်ပေးပြန်ပါတယ်။ အဲဒီအချိန်မှာတော့ လက်စရှိနေပြီဖြစ်တဲ့အတွက် ဟံသာဝတီသားများက သံလျင်ဝန်ကိုပါ လုပ်ကြံလိုက်ကြပါသတဲ့။

အဲသည်လိုနဲ့ပဲ ဟံသာဝတီဟာ အင်းဝရဲ့ဩဇာအောက်က လွတ်သွားပါတော့တယ်။ အင်းဝရဲ့ဩဇာအောက်က လွတ်ပေမယ့် ဟံသာဝတီသားများက အင်းဝဆက်မင်းသွေးပါသူ ဦးသာလှကို မင်းအဖြစ် ရွေးချယ်လိုက်ပါသေးတယ်။ သူက မတော်လှပါဘူး။ နေပြည်တော်ကခွာပြီး ဆင်ကျော့သွားတာ အချိန်ကြာလွန်းလို့ သူ့ယောက္ခမတော်စပ်သူ ဦးအောင်လှ နန်းတက်လာပါတယ်။

အင်းဝမှာတော့ ဘုရင်ဖြစ်သူက ရာဇပလ္လင်ပေါ်မှာရှိနေဆဲဖြစ်ပေမယ့် ကိုယ့်နယ်ကို ကိုယ်ကာကွယ်ခွင့် ပေးထားရပြီ ဖြစ်ပါတယ်။ ဦးအောင်ဇေယျဟာ မင်းအဖြစ်ကို စိတ်ကူးယဉ်ခွင့် များစွာရှိခဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ကို မင်းလောင်းလို့သမုတ်ခံရပြီး နှစ်ပေါင်း ၁၅ နှစ် ရှိလာတဲ့အချိန်အထိ ဘုရင်ကို ပုန်ကန်ခြင်းမပြုပါဘူး။ သူ့နယ်အကျိုးကို သူသယ်ပိုးပါတယ်။ လူစွမ်းကောင်းများကို သူစုစည်းပါတယ်။ ဟံသာဝတီမှာ ဦးအောင်လှ နန်းတက်လာပြီဆိုတဲ့အကြောင်းကို ကြားတဲ့အခါ မုဆိုးဘိုအနီးမှာ ခံတပ်တစ်ခုကို အခိုင်အမာ တည်ဆောက်ပါတယ်။

ဟံသာဝတီတပ်များ အင်းဝကိုသိမ်းပြီး ဘုရင်ကိုခေါ်ဆောင်သွားတဲ့အချိန်မှာ သူဟာ သူ့ကိုယ်ပိုင်တပ်နဲ့သူ တစ်စင်ထောင်ခဲ့ပါတယ်။ ဦးအောင်ဇေယျဟာ အလောင်းမင်းတရားဆိုတဲ့ ဘွဲ့ကိုခံယူပြီး တတိယမြန်မာ့ဦးစွန်းကို ထူထောင်ခဲ့သူ မင်းတရားတစ်ပါးဖြစ်ပါတယ်။ အဲဒီလိုလူမျိုးကျတော့ မင်းမျိုးလည်းမဟုတ်ပါဘဲနဲ့ ဘာဖြစ်လို့ မင်းအဖြစ်ကို အရယူတာ မပျက်စီးသလဲဆိုတော့ သူက သူ့အားကိုသူကိုးပြီး ပြင်ဆင်ခဲ့လို့ ဖြစ်ပါတယ်။ ကိုယ်ပိုင်အား မစုဆောင်းဘဲ လောဘအလိုကိုလိုက်ပြီး ထလုပ်တတ်တာကြောင့် ပျက်စီးနိုင်တယ်ဆိုတာကို ခွဲခြားပြီး သတိထားကြဖို့လိုအပ်ပါတယ်။ တချို့က ကိုယ်ပိုင်ဘုန်းတန်ခိုးမရှိပါဘဲနဲ့ ငါလည်းမင်းဖြစ်နိုင်တာပဲဆိုပြီး လောဘအလိုကို လိုက်တတ်ကြပါတယ်။ မိမိမှာ



ရှိတဲ့ အခြေအနေနဲ့ မရောင့်ရဲနိုင်ဘဲ ရလာမယ့် ပစ္စည်းဥစ္စာ ဩဇာအာဏာတို့ကိုသာ မျှော်မှန်းပြီး စိတ်လိုက်မာန်ပါ ထပြီးလုပ်ရင် မှားတတ်တယ်ဆိုတာကို မြတ်စွာဘုရားက လိုအပ်လို့သာ သတိပေးတော်မူခဲ့တာဖြစ်ပါတယ်။

မြန်မာရာဇဝင်မှာသာမက တခြားနိုင်ငံများမှာလည်း အလားတူရာဇဝင်များ ရှိပါတယ်။ မင်းပြောင်းမင်းလွှဲအချိန်မှာ ငါလည်းမင်းဖြစ်ထိုက်သူထဲမှာ ပါတယ်ဆိုတဲ့မာနနဲ့ မင်းဖြစ်ခဲ့ရင်ဆိုတဲ့ စိတ်ကူးယဉ်အတွေးနဲ့ မင်းဖြစ်အောင် ကြိုးစားရင်း ပျက်စီးသွားကြတဲ့သူများ ရှိခဲ့ပါတယ်။

မြတ်စွာဘုရား ဟောကြားတဲ့တရားဆိုတာ လိုလေသေးမရှိပါဘူး။ သေသေချာချာစဉ်းစားပြီး ဆောင်ရွက်ရင် အမှားမရှိနိုင်ပါဘူး။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ပျက်စီးကြောင်းမေးခွန်း ၁၂ ခုအတွက် အဖြေ ၂၄ ချက်ကို နာကြားပြီးတဲ့အခါမှာ နတ်သားကဆက်လက်မမေးတော့ပါဘူးတဲ့။ အဲဒီအခါမှာ မြတ်စွာဘုရားက **“နတ်သား အသိဉာဏ်ရှိသောသူသည် ယခု ငါဟောကြားသော ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်နိုင်သော သဘောတရားတို့ကို ဆင်ခြင်ကြည့်ရှု၍ သန့်ရှင်းသောဉာဏ်အမြင်နှင့် ပြည့်စုံနိုင်၏။ ထိုသူသည် အေးချမ်းသာယာသော နတ်ပြည်သို့လည်းကောင်း အသခ်ံတဓာတ် မြတ်သောနိဗ္ဗာန်သို့လည်းကောင်း ဆိုက်ရောက်သည့်တိုင်အောင် ကြီးပွားချမ်းသာလေတော့သတည်း”** လို့ မိန့်တော်မူခဲ့ပါတယ်တဲ့။

—

# နိဂုံးချုပ်ခြင်း

စာရေးသူသည် ပရာဘဝသုတ်တော်ကို ရေးသားရန် ကြိုးစားနေသည်မှာ ကြာခဲ့ပါပြီ။ မြတ်စွာဘုရားဟောကြားသော တရားတော်များတွင် လူတို့သည် လောကီရေးကိစ္စများကိုဆောင်ရွက်ရာ၌ မမှားတန်ရာ မမှားရအောင် သတိပေးသောတရားများ များစွာပါရှိပါသည်။ တရားဟုဆိုသည်နှင့် နောက်ဘဝအတွက်သာ ဖြစ်သည်။ နတ်ရွာသုဂတိသို့ လားရန်သာ ဖြစ်သည်ဟု ယူဆတတ်ကြသော တရားနှင့်ကွာဝေးလှသည့်သူများ များသည်ထက်များလာပြီ ဖြစ်ပါသည်။ တကယ်တမ်းဆိုလျှင် အထက်တန်းကျသောတရားများကို ရနိုင်ရန် ကုသိုလ်ကောင်းမှုများကို ပွားများနိုင်ရန် လမ်းသင့်သော လူ့ပြည်လူ့ရွာတွင် အနေတတ်ဖို့ကိစ္စသည် လွန်စွာအရေးကြီးလှပါသည်။

မြတ်စွာဘုရားရှင်သည် လူ့ပြည်တွင် အနေတတ်ဖို့အတွက် တရားပုဒ်ပေါင်းများစွာကို သာဓကများဖြင့် တန်ဆာဆင်၍ ဟောပြောတော်မူခဲ့ပါသည်။ မင်္ဂလသုတ်တရားတော်ကို အညတြနတ်သားတစ်ပါး လျှောက်ထား၍ ဟောတော်မူခြင်းဖြစ်သည်ဟု လူသိများခဲ့ပါသည်။ ကြီးပွားရာကြီးပွားကြောင်း တိုးတက်ရာတိုးတက်ကြောင်း ရှင်သန်ရာရှင်သန်ကြောင်းနှင့်ပတ်သက်သောတရားကို နာကြားပြီးနောက်မှ မပျက်စီးဘဲ တိုးတက်စေချင်လျှင် ဤသို့သော ၃၈ ဖြာမင်္ဂလာတရားများကို လိုက်နာရမည်ဆိုပါက ထိုတရားများနှင့် ဆန့်ကျင်ဘက်ဖြစ်သော ပျက်စီးကြောင်းတရားများကား အဘယ်သို့သောတရားများ ဖြစ်ပါသနည်းဟု နတ်ဒေဝတာများ တွေးတောမိသဖြင့် ကိုယ်စားလှယ်ဖြစ်သူ နတ်သားကိုပင် မေးမြန်းလျှောက်ထားစေခဲ့သည်။ ထိုသို့ဖြင့် မင်္ဂလာတရား နှင့်ဆန့်ကျင်ဘက်ဖြစ်သော အပြန်ဖြစ်သော ပျက်စီးခြင်းအကြောင်းများကို ဟောတော်မူရခြင်း ဖြစ်ပါသည်။



မြတ်စွာဘုရားက နတ်သား မေးလျှောက်တိုင်း ဖြေဆိုတော်မူခဲ့သည်။ နတ်သားက တစ်ဆယ့်နှစ်ကြိမ်သာ မေးမြန်းခဲ့သဖြင့် ဂါထာနှစ်ဆယ့်လေးပုဒ်ပါသော အဖြေကြီး တစ်ဆယ့်နှစ်ပုဒ်ကို ဖြေတော်မူခဲ့ပါသည်။

ဤနေရာတွင် စာရေးသူ လေ့လာဖတ်ရှုထားသော စာအုပ်များထဲမှ အပိုဒ်ခွဲပုံများကို နှိုင်းယှဉ်တင်ပြမည်ဖြစ်ပါသည်။ မြတ်စွာဘုရားဟောကြားခဲ့သော တရားသဘောများ ကွဲပြားခြားနားနေသည် မဟုတ်ပါ။ အပိုဒ်ခွဲပုံသာ အနည်းငယ် ကွဲပြားနေခြင်းဖြစ်ပါသည်။

စာရေးသူ ပထမကိုးကားသော ဗုဒ္ဓဘာသာကောင်းတစ်ယောက် စာအုပ် စာမျက်နှာ ၃၄၂ မှ ၃၄၅ အထိ ပရာဘဝသုတ် မြန်မာပြန်တွင် ပါရှိသည်ကို ရှင်းလင်းရန် တစ်ပိုဒ်ချင်း တင်ပြမည်ဖြစ်ပါသည်။ ပရာဘဝသုတ်တော်သည် မင်္ဂလသုတ်တော်လောက် မြန်မာများနှင့် မရင်းနှီးပါ။ ထို့ကြောင့် စာရေးသူကိုယ်တိုင်လည်း များစွာကြောင့်ကြစိုက်ပါသည်။ ယခုပထမဆုံး ဗုဒ္ဓဘာသာကောင်းတစ်ယောက် စာအုပ်မှ ပရာဘဝသုတ်မြန်မာပြန်ကို ရေးသားတင်ပြမည်ဖြစ်ပါသည်။ နောက်ဆက်၍ အခြားဆရာတော်ကြီးများ၏ အပိုဒ်ခွဲခြားပုံကို တင်ပြမည်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကောင်း တစ်ယောက်စာအုပ်တွင် ပါရှိသော မြန်မာပြန်ထဲမှ အဖြေများကိုသာ ရွေးချယ်တင်ပြပါမည်။

## ပရာဘဝသုတ် မြန်မာပြန်

**မြတ်စွာဘုရား၏ အဖြေ (၁)**

ကြီးပွားသူကိုလည်း သိရန်လွယ်ကူ၏။ ပျက်စီးဆုတ်ယုတ်သူကိုလည်း သိရန်လွယ်ကူလှပေ၏။ တရားကိုလိုလားတောင့်တသူသည် ကြီးပွားရ၏။

၁။ တရားကိုမလိုလား မတောင့်တ မုန်းထားသူသည် ပျက်စီးရ၏။

မြတ်စွာဘုရား၏ အဖြေ (၂)

၂။ ထိုသူသည် သူတော်မဟုတ် သူယုတ်မာတို့ကို ချစ်ခင်မြတ်နိုး၏။

၃။ သူတော်ကောင်းတို့ကို ချစ်ခင်မြတ်နိုးမှုမပြု။

၄။ သူယုတ်မာတို့၏ တရားကို နှစ်သက်မြတ်နိုး၏။ ထိုသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းပေတည်း။

မြတ်စွာဘုရား၏ အဖြေ (၃)

၅။ အကြင်သူသည် အိပ်စက်ငိုက်မျဉ်းလေ့ရှိ၏။

၆။ အပေါင်းအဖော်၌ မွေ့လျော်လေ့ရှိ၏။

၇။ စကားပြောမှု၌ မွေ့လျော်လေ့ရှိ၏။

၈။ နိုးကြားထကြွမှုမရှိပျင်းရိ၏။

၉။ လျင်စွာအမျက်ထွက်လေ့ရှိ၏။ ထိုသူ၏ထိုအကြောင်းငါးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းပေတည်း။

မြတ်စွာဘုရား၏ အဖြေ (၄)

၁၀။ အကြင်သူသည် အိုမင်း၍ ပစ္ဆိမအရွယ်သို့ ရောက်ပြီးသော အမိကိုလည်းကောင်း၊ အဘကိုလည်းကောင်း၊ ကျွေးမွေးပြုစုနိုင်စွမ်း ရှိသူဖြစ်ပါလျက် မကျွေးမွေး မပြုစုလေ၊ ထိုသူ၏ မကျွေးမွေး မပြုစုခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

မြတ်စွာဘုရား၏ အဖြေ (၅)

၁၁။ အကြင်သူသည် ဗြာဟ္မဏကိုလည်းကောင်း သာမဏကိုလည်းကောင်း ထိုမှတစ်ပါးသော ဖုန်းတောင်းယာစကာကိုလည်းကောင်း ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပြီးဖြစ်လျက် မုသားပြောဆိုခြင်းဖြင့် လှည့်ပတ်၏။ ထိုသူ၏လှည့်ပတ်ခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။



မြတ်စွာဘုရား၏ အဖြေ (၆)

၁၂။ အကြင်သူသည် များစွာသောစည်းစိမ်ရှိသူ၊ အသပြာရှိသူ၊ စားဖွယ်နှင့် ပြည့်စုံသူဖြစ်ပါလျက် ကောင်းမြတ်သော ဘောဇဉ်တို့ကို တစ်ယောက်တည်း စားသုံး၏။ ထိုသူ၏စားသုံးခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

မြတ်စွာဘုရား၏ အဖြေ (၇)

၁၃။ အကြင်သူသည် အမျိုး "ဇာတိ"မာန်ခက်ထန်၏။

၁၄။ ဥစ္စာ "ဓနမာန်" ခက်ထန်၏။

၁၅။ အနွယ် "ဂေါတ္တ"မာန်ခက်ထန်၏။

၁၆။ မိမိဆွေမျိုးတို့ကိုလည်း မထီမဲ့မြင်ပြု၏။ ထိုသူ၏ထိုအကြောင်းလေးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

မြတ်စွာဘုရား၏ အဖြေ (၈)

၁၇။ အကြင်သူသည် မိန်းမကြူး၊

၁၈။ သေသောက်ကြူး၊

၁၉။ လောင်းကစားကြူးသည်ဖြစ်၍ ရတိုင်းရတိုင်းသောဥစ္စာကို ဖျက်ဆီး၏။ ထိုသူ၏အကြောင်းသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

မြတ်စွာဘုရား၏ အဖြေ (၉)

၂၀။ အကြင်သူသည် မိမိမယားဖြင့် မရောင့်ရဲဘဲ ပြည့်တန်ဆာမတို့၌ ပြစ်မှား၏။

၂၁။ သူတစ်ပါးသားမယားတို့၌ ပြစ်မှား၏။ ထိုသူ၏ ထိုအကြောင်းနှစ်မျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

မြတ်စွာဘုရား၏ အဖြေ (၁၀)

၂၂။ အရွယ်လွန်ပြီးသော ယောကျ်ားသည် တည်သီးသဖွယ် ငယ်

သောသားမြတ်ရှိသော မိန်းမငယ်ကို သိမ်းမြန်းဆောင်ယူ အိမ်သူပြုလုပ်၏။ ထိုမိန်းမငယ်အား ယောကျ်ားတစ်ပါးအတွက် စိတ်မချရသောကြောင့် မအိပ်နိုင်၊ ထိုမအိပ်နိုင်ခြင်းသည် ပျက်စီးခြင်း၏ အကြောင်းတည်း။

**မြတ်စွာဘုရား၏ အဖြေ (၁၁)**

၂၃။ အကြင်သူသည် ငါး အမဲအစရှိသော အစားအစာတို့၌ မက်မောသော သဘောရှိသော ဥစ္စာကို စည်းကမ်းမဲ့ဖရိုဖရဲ ပြုတတ်သော မိန်းမကိုလည်းကောင်း၊ ထိုသို့သဘောရှိသော ယောကျ်ားကိုလည်းကောင်း အိမ်ထောင်ထိန်းအရာ၌ ထား၏။ ထိုသူ၏ထိုအကြောင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

**မြတ်စွာဘုရား၏ အဖြေ (၁၂)**

၂၄။ အကြင်သူသည် ဥစ္စာနည်း၍ ပစ္စည်းဥစ္စာတို့၌ တပ်မက်မှုကြီးမား၏။ မင်းမျိုး၌လည်းဖြစ်၏။ ထိုသူသည်ကား မင်းအဖြစ်ကိုတောင့်တ၏။ ထိုသူ၏ ထိုအကြောင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းတည်း။

ယခုတင်ပြခဲ့တဲ့ အချက် ၂၄ ဟာ ဗုဒ္ဓဘာသာကောင်းတစ်ယောက် စာအုပ်ထဲက မြန်မာပြန်အတိုင်း ဖြစ်ပါတယ်။ ယခုဆက်လက်ပြီး ရွှေဟင်္သာဆရာတော်ဘုရားရဲ့ ပရာဘဝသုတ်စာအုပ်ထဲမှာ ပါတဲ့အတိုင်း ဆက်လက် တင်ပြမယ်ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးဟာ ပရာဘဝသုတ်စာအုပ်ကို ၁၃၁၃ ခုတော် သလင်းလဆန်း ၇ ရက် သောကြာနေ့မှာ အပြီးရေးသားတော်မူခဲ့ပါတယ်။ ရွှေဟင်္သာတိုက်သစ် စစ်ကိုင်းတောင်ရိုးမှာ ရေးသားစီရင်တော်မူခဲ့ပါတယ်။ ရေးသားစီရင်တဲ့ပုံကို စာရေးသူ အရင်းအတိုင်း ဖော်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ များစွာမရင်းနှီးတဲ့ သုတ်တော်



ဖြစ်တဲ့အတွက် ပညာရှိများ အယူအဆ အနည်းနှင့်အများ မတူကြတဲ့ အကြောင်းကို ဖတ်ရှုလေ့လာပြီး သိပါလျက် တစ်ခုကိုသာ ကိုးကားတာမျိုး မဖြစ်လိုပါဘူး။ အဲဒါကြောင့် ရွှေဟင်္သာဆရာတော်ကြီးရဲ့ မူကိုပါ တစ်ပါတည်း စာဖတ်သူများ သိနိုင်မှတ်နိုင်အောင် တင်ပြလိုက်ရပါတယ်။

၁- အမေး။ ။ ဂေါတမနွယ်ဖွား မြတ်စွာဘုရား တပည့်တော်များသည် အရှင်ဘုရား၏ထံတော်မှောက်သို့ လူတို့၏ပျက်စီးကြောင်းတရားများကို မေးလျှောက်အံ့သောငှာ ရောက်လာကြပါသည်။ လူတို့၏ပျက်စီးကြောင်း သဘောတရားများကား အဘယ်အရာများ ဖြစ်ပါသနည်း မြတ်စွာဘုရား။

၂- အဖြေ။ ။ (က) နတ်သား (ပဋိသန္ဓေဉာဏ် ထက်သန်၍) သိလွယ် မြင်လွယ်သောသူသည် ကြီးပွားချမ်းသာတတ်သည်။ (ပဋိသန္ဓေ ဉာဏ်ကင်းဘိ၍) အသိအမြင်မရှိသောသူသည် ဆုတ်ယုတ်ပျက်စီးတတ်ပေသည်။

(ခ) ထို့ပြင်လည်း (လမ်းမှန်)တရားမှန်ကို လိုလားနှစ်သက်သောသူသည် ကြီးပွားချမ်းသာတတ်သည်။ **(လမ်းမှန်) တရားမှန်ကို မလိုလား မနှစ်သက်သောသူသည် ပျက်စီးဆုတ်ယုတ်တတ်ပေသည်။** (၁)

၃- အမေး။ ။ မြတ်စွာဘုရား မြတ်စွာဘုရား ဖြေဆိုမိန့်ကြားတော်မူ သည်ဖြစ်၍ လူတို့၏ပျက်စီးဆုတ်ယုတ်ကြောင်း ပထမအချက်ကို (ကွက်ကွက်ကွင်းကွင်း တပည့်တော်များ) သိရှိမှတ်သားကြရပါပြီ။ ဒုတိယမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို (ဆက်လက်) မိန့်ကြားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားပါသည် ဘုရား။

၄- အဖြေ။ ။ **နတ်သား အကြင်သူသည် သူတော်ကောင်း သဘောတရား မရှိသောသူကို ချစ်ခင်တတ်၏။ သူတော်ကောင်း သဘောတရားရှိသောသူကိုကား မချစ်ခင်တတ် ရွံ့မုန်းတတ်၏။ လူယုတ် လူမိုက်တို့၏ ဒုစရိုက်အယုတ်သဘောတရား ကိုသာလျှင် နှစ်သက်မြတ်နိုး၍ ကောင်းနိုးနိုး ထင်မှားတတ်၏။ ထိုသို့သော သဘောတရားတို့သည် ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ် ပေသည်။ (၃)**

၅- အမေး။ ။ မြတ်စွာဘုရား ဒုတိယမြောက် ပျက်စီးဆုတ်ယုတ် ကြောင်းကို သိကြရပါပြီ။ တတိယမြောက် ပျက်စီး ဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာ ဘုရား။

၆- အဖြေ။ ။ **နတ်သား အကြင်သူသည် အအိပ်အနေများ၏။ ပွဲလမ်းသဘင် လိုက်စားကြည့်ရှုခြင်း များ၏။ (အချိန်ဖြုန်းတတ်၏။)၊ လုံ့လဝီရိယ အလွန်နည်း၏။ ပျင်းရိပေါ့လျော့ ၏။ ဒေါသကြီး၏။ (ထိုသူ၏) သဘောတရားသည် ပျက်စီးဆုတ် ယုတ်ကြောင်း ဖြစ်ပေသည်။ (၅)**

၇- အမေး။ ။ တတိယမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိကြရပါပြီ။ စတုတ္ထမြောက် ပျက်စီးဆုတ်ယုတ် ကြောင်းကို ဆက်လက်မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၈- အဖြေ။ ။ **နတ်သား အကြင်သူသည် အသက်အရွယ် အို မင်းကြပြီဖြစ်သော မိအို ဘအိုတို့ကို ပြုစုလုပ်ကျွေး မွေးမြူစောင့်ရှောက်ခြင်းငှာ စွမ်းဆောင်နိုင်သော အင်အားရှိလျက် မိဘတို့ကို မပြုစု မလုပ်ကျွေး မစောင့်ရှောက်သည်ဖြစ်အံ့၊ (ထိုသူ၏) သဘောတရားသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။ (၁)**



၉- အမေး။ ။ စတုတ္ထမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို လည်း သိမှတ်ကြရပါပြီ။ ပဉ္စမမြောက် ပျက်စီး ဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ ဟောကြားတော်မူပါဦး မြတ်စွာ ဘုရား။

၁၀- အဖြေ။ ။ **နတ်သား အကြင်သူသည် ဗြာဟ္မဏကိုလည်း ကောင်း ရဟန်းတော်ကိုလည်းကောင်း ရှေးဘုန်း ရှေးကံ အလွန်နည်းပါး၍ တောင်းရမ်းစားသောက်ရသော သူမျိုးကို လည်းကောင်း (အလိုရှိသော ပစ္စည်းကို တောင်းခံရန် ဖိတ်ကြားထား ပြီးနောက် အလှူခံလာသောအခါ မလှူဘဲ) လိမ်လည်လှည့်စားတတ် ၏။ (ထိုသူ၏) လိမ်လည်လှည့်စားခြင်းသဘောသည်လည်း ပျက်စီး ဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။ (၁)**

၁၁- အမေး။ ။ ပဉ္စမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ ဆဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ် ကြောင်းကို ဟောကြားတော်မူပါဦး မြတ်စွာဘုရား။

၁၂- အဖြေ။ ။ **နတ်သား အကြင်သူသည် များပြားသော ရွှေ ငွေ ကျောက်သံပတ္တမြားလည်းရှိ၏။ စားဖွယ် သောက်ဖွယ်အသွယ်သွယ်တို့လည်း ပြည့်စုံပေါများ၏။ (ယင်းသို့လျှင် ဥစ္စာကြေးငွေ ဆန်ရေစပါး စားနပ်ရိက္ခာစသည်တို့ ပြည့်စုံပေါများပါ လျက် မိမိ၏ သားမယားများကိုသော်လည်း မဝေ မပေးမကျွေးဘဲ) မိမိတစ်ယောက်တည်းသာ စားသောက်သုံးဆောင်လေ့ရှိ၏။ (ထိုသူ ၏) တစ်ယောက်တည်းသာ စားသောက်သုံးဆောင်လေ့ရှိသော သဘောတရားသည်လည်းပျက်စီးဆုတ်ယုတ်ကြောင်းဖြစ်ပေသည်။(၁)**

၁၃- အမေး။ ။ ဆဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ သတ္တမမြောက် ပျက်စီးဆုတ် ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၁၄– အဖြေ။ ။ နတ်သား အကြင်သူသည် အမျိုးဂုဏ်မာန်တက်၍ ခက်ထန်သောစိတ်ရှိ၏။ ပစ္စည်းမာန်တက်၍လည်း ခက်ထန်သောစိတ်ရှိ ၏။ မိဘဘိုးဘွားစသော အဆက်အနွယ်ဂုဏ်မာန်တက်၍လည်း ခက်ထန်သောစိတ်ရှိ၏။ (ဤဂုဏ် ဤမာန်တို့ကြောင့်) မိမိဆွေမျိုးဉာတိကိုသော်လည်း မထီမဲ့မြင် မခန့်မညားပြုတတ်၏။ (ထိုသူ၏) မာန်တက်၍ မထီမဲ့မြင်ပြုခြင်းသဘောသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်၏။ (၄)

၁၅– အမေး။ ။ သတ္တမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ် ကြရပါပြီ။ အဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၁၆– အဖြေ။ ။ နတ်သား အကြင်သူသည် (တဏှာစရိုက် အားကြီး၍) မိန်းမလိုက်စားမှုများ၏။ ကဲလွန်၏။ အရက်သေစာ အသောက်အစား ကဲလွန်များပြား၏။ ဖဲရိုက် မြင်းလောင်းစသော အလောင်းအကစား လွန်မင်းအားကြီး၏။ (ထိုသူမျိုးသည်) ရှာဖွေ၍ရသမျှသော ဥစ္စာပစ္စည်းတို့ကို ဖြုန်းတီးဖျက်ဆီး၏။ (ထိုသူ၏) ဆိုခဲ့ပြီးသော လွန်ကဲခြင်းသုံးမျိုးသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။ (၃)

၁၇– အမေး။ ။ အဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ နဝမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့် ကြားတော်မူပါဦး မြတ်စွာဘုရား။

၁၈– အဖြေ။ ။ နတ်သား အကြင်သူသည် မိမိ၏လက်ရှိမယားတို့နှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိပါဘဲ မိန်းမပျက်တို့နှင့် ပျော်ပါးကျူးလွန်၏။ သူတစ်ပါးတို့၏ မယားတို့နှင့်လည်း စည်းဖောက်ကျူးလွန်၏။ (ထိုသူ၏) မိန်းမပျက်တို့နှင့် ကျူးလွန်ပျော်ပါးခြင်း၊ သူတစ်ပါး၏မယားတို့နှင့် စည်းဖောက်ကျူးလွန်ခြင်းသဘောသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။ (၂)



၁၉– အမေး။ ။ နဝမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိရှိမှတ်သားကြရပါပြီ။ ဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၂၀– အဖြေ။ ။ နတ်သား နုနယ်ပျိုမြစ်သော အရွယ်ကိုကျော်နင်း၍ ယိုယွင်းရင့်ရော်သော ယောကျာ်းအိုသည် (တည်သီးကဲ့သို့သော သားမြတ်ရှိ၍ ပျိုမြစ်နုနယ် အရွယ်ငယ်သော) မိန်းမပျိုကို ထိမ်းမြားသိမ်းပိုက်သည်ဖြစ်အံ့။ ထိုအဘိုးအို၏ (ဇနီးငယ်၌ စိတ်မချနိုင်သော ကြောင့်ကြမှု စိုးရိမ်မှု ယောကျာ်းတစ်ပါးတို့၌) ငြူစူခြင်း ဣဿာတရားစသည် ငြိမ်ဝပ်စွာ ကိန်းအောင်းနေသည် မရှိနိုင်ပေ။ (သို့ဖြစ်၍) သက်ကြီးရွယ်အိုလျက် အပျိုအငယ်ဇနီးကို ယူဆောင်ထိန်းမြားခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။ (၁)

၂၁– အမေး။ ။ ဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိရှိမှတ်သားကြရပါပြီ။ ဧကာဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၂၂– အဖြေ။ ။ နတ်သား အသောက်အစား အပျော်အပါး လွန်ကျူးအားကြီးသော မိန်းမကိုဖြစ်စေ ယောကျာ်းကိုဖြစ်စေ ထို့ပြင် ပစ္စည်းဥစ္စာတို့ကို စောင့်ရှောက်ထိန်းသိမ်းမှုကို မပြုတတ်၊ ပစ္စလက်ခတ် ဖရိုဖရဲထားတတ်သော ယောကျာ်းကိုဖြစ်စေ မိန်းမကိုဖြစ်စေ (မိမိကိုယ်စား ပစ္စည်းဥစ္စာ ရောင်းရေးဝယ်တာတို့၌) အကြီးအကဲအဖြစ်ဖြင့် လွှဲအပ်ထားခြင်းသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။ (၁)

**၂၃- အမေး။ ။ ကောဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိရှိမှတ်သားကြရပါပြီ။ ဒွါဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။**

**၂၄- အဖြေ။ ။ နတ်သား အကြင်သူသည် မျိုးရိုးအားဖြင့် မင်းမျိုး၌ဖြစ်၏။ စည်းစိမ်ဥစ္စာမူကား နည်းပါး၏။ ဥစ္စာ စည်းစိမ်ကိုလည်း များစွာအလိုရှိ၏။ ဘုရင်မင်းအဖြစ်ကိုလည်း လိုချင်တောင့်တ၏။ ထိုသို့ပစ္စည်းဥစ္စာနည်းလျက် အလိုရမ္မက်ကြီးခြင်း ဆင်းရဲနွမ်းပါးသော မင်းမျိုး၌ဖြစ်လျက် ဘုရင်မင်းအဖြစ်ကို လိုချင်တောင့်တခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။ (၁)**

**၂၅- နိဂုံး။ ။ နတ်သား အသိဉာဏ်ရှိသောသူသည် (ယခု ငါဘုရား) ဟောပြည့်နှန်ကြားတော်မူခဲ့သော ပျက်စီးဆုတ်ယုတ်ကြောင်း ပရာဘဝသဘောတရားတို့ကို ဆင်ခြင်၍ သန့်ရှင်းသော ဉာဏ်အမြင်နှင့်ပြည့်စုံ၏။ ထိုသူသည် အေးချမ်းသာယာသော နတ်ပြည်သို့လည်းကောင်း အသင်္ခတဓာတ်နိဗ္ဗာန်သို့လည်းကောင်း ရောက်သည့်တိုင်အောင် ကြီးပွားချမ်းသာလေတော့သတည်း**

ဟု ဖြေဆိုမိန့်ကြားတော်မူသော ပရာဘဝသုတ္တန်တရားတော်ကို မြတ်စွာဘုရား ထံတော်မှောက်မှ ကြားနာမှတ်သားလိုက်ရပါသည် အရှင်ဘုရား။ ထိုသို့ အရှင်အာနန္ဒာက လျှောက်ထားလေသတည်း။ အဲသည်လို ရွှေဟင်္သာတိုက်သစ် ဆရာတော်ကြီးဖြစ်သူ အရှင်ပဏ္ဍိတမဟာထေရ် ရေးသားတော်မူတဲ့ ပရာဘဝသုတ် မြန်မာပြန်ငြိကာမှာ ရေးသားထားတာ တွေ့ရပါတယ်။ အချက်အလက်ကို တင်ပြပုံတင်ပြနည်းကသာ တစ်အုပ်နဲ့တစ်အုပ် မတူတာပါ။ အချက်အလက်များကို ရေတွက်ရာမှာ အားလုံးပေါင်းရင် ၂၄ ချက်ရှိတာကတော့ အတူတူပဲဖြစ်ပါတယ်။



စာရေးသူဟာ သီတဂူဆရာတော်ကြီး ဟောကြားတော်မူတဲ့ ပရာဘဝသုတ်တော် တိပ်ခွေစုစုပေါင်း ရှစ်ခွေစာကိုလည်း နာကြားခဲ့ဖူးပါတယ်။ ဆရာတော်ကြီးဟာ မလွန်ဆန်လှုအသင်းတော်ကြီးအတွက် ဆန်လှူကြတဲ့ အသင်းထောက်များမှာ ရေစက်ချ တရားဟောကြားတော်မူတဲ့အခါ တစ်ပွဲပြီး တစ်ပွဲ ပရာဘဝသုတ်တော်ကို ဟောတော်မူခဲ့တာ ဖြစ်ပါတယ်။

နောက်တစ်ခါ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားစီရင်တဲ့ သုတ္တန္တနီတိကျမ်းစာအုပ်ကို ဖတ်ရှုရပြန်ပါတယ်။ စာရေးသူဟာ အဲဒီလိုစာအုပ်များနဲ့ ရင်းနှီးခွင့်ရတဲ့အခါမှာ အလွန်အကျိုးရှိနိုင်တဲ့စာတွေပဲလို့ တွေးပြီး ဝမ်းသာရပါတယ်။ စာရေးသူတစ်ယောက် တစ်ခုခုကို နှစ်သက်ပြီလို့ဆိုရင် စာရေးချင်စိတ်ပေါ်လာပြန်တာပါပဲ။ အဲဒီအကြောင်းများကို ရေးမယ်ဆိုရင် အခုခေတ်လူငယ်များ ကိုယ့်ကိုယ်ကို ထိန်းသိမ်းတဲ့နေရာမှာ သတိတရားရှိနိုင်ဖို့ များစွာအထောက်အကူဖြစ်မယ်လို့ မျှော်လင့်ရပါတယ်။

အဲဒါကြောင့် စာရေးသူတို့ခေတ်လူငယ်တွေ နားလည်နိုင်မယ့် အရေးအသားမျိုးနဲ့ ရေးသားတင်ပြမိတာ ဖြစ်ပါတယ်။ စာရေးသူအနေနဲ့ ဆရာတော်ကြီးများ ပညာရှိသုခမိန်ကြီးများ ရေးသားတဲ့စာထက် ကောင်းအောင် ဘယ်လိုမှုရေးနိုင်စွမ်းမရှိပါ။ ဒါပေမဲ့ မိမိကိုယ်ကိုမိမိ အားပေးပြီး ပရာဘဝသုတ္တန်ကို **“မပျက်စီးအောင် ဒါတွေရှောင်”** ဆိုတဲ့အမည်နဲ့ မြန်မာပြန်များကို ကိုးပြီး ရေးသားခဲ့ပါတယ်။ ရွှေဟင်္သာဆရာတော်ကြီးဟာ စာအုပ်ရဲ့တစ်နေရာမှာ ရှင်းလင်းတော်မူ ထားတာရှိပါတယ်။ ဆရာတော်ကြီးဟာ ပရာဘဝသုတ်တော်ကို ရေးသားရာမှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်များထဲက ထုတ်နုတ်ပြီး သာဓကများကို ပြဆိုတော်မူထားသလို မျက်မြင်တွေ့ရတဲ့ သာဓကများကိုလည်း ပြသတော်မူထားပါတယ်။ ဆရာတော်ကြီးက ပါဠိတော်လာ

သာဓကများကို မသုံးနိုင်လို့ မသုံးတာမဟုတ်တဲ့အကြောင်းနဲ့ လူသူအများ သိမြင်နေတဲ့အကြောင်းအရာများကိုသာ တင်ပြတာဟာ အားလုံးအတွက် ထင်မြင်လွယ်နိုင် နားလည်လွယ်နိုင်လို့ ဖြစ်တဲ့အကြောင်းကို ရှင်းပြတော်မူထားပါတယ်။

ဆရာတော်ကြီးများ သုခမိန်ကြီးများရဲ့စာများ ဟောစဉ်တရားများထဲမှာ မှတ်သားစရာ ကျမ်းဂန်လာစကားများ အများအပြား ပါနေပါသေးတယ်။ စာရေးသူဟာ ကိုယ်တိုင်ကလည်း များစွာမကျွမ်းတဲ့အတွက် စာများကိုဖတ်ရင်း ဖတ်နေတဲ့စာများရဲ့ လွှမ်းမိုးမှုကြောင့် စာရေးသူရဲ့ ရေးလက်စစာများထဲမှာ အတန်ငယ်ဖြစ်စေ အချက်အလက်များလာတာကို သတိထားမိလို့ မကြာခဏ ပြင်ဆင်ရပါတယ်။ အချက်အလက်နည်းပြီး လွယ်ကူမှသာ အချိန်များများမပေးနိုင်တဲ့သူများ စာဖတ်ဖြစ်မယ်ဖြစ်ပါတယ်။ ထို့အတူပါပဲ၊ စာများမယ်၊ ကျမ်းကိုးများမယ်ဆိုရင် အနည်းနဲ့အများ လေးလံသွားနိုင်ပါတယ်။ အဲဒါကြောင့် ကောင်းသောအကြောင်းများကိုလည်း များလွန်းရင် ဟုံသွားမှာစိုးလို့ ချန်ထားခဲ့ရပါတယ်။

ဒါပေမဲ့ စာရေးတဲ့အခါမှာ ဆောင်ပုဒ် လင်္ကာကလေးများနဲ့ တန်ဆာဆင်ပြီးရေးတတ်တဲ့ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးရဲ့ ဆောင်ပုဒ်လင်္ကာများကိုတော့ စာများကို နှုတ်တိုက်ရွတ်ဆိုအာဂုံဆောင်ပြီး မိမိအလုပ်များကို မိမိစစ်ဆေးနေတတ်တဲ့သူများအတွက် အကျိုးများနိုင်လို့ ကူးယူဖော်ပြလိုက်ပါတယ်။

အဲသည်လို ကူးယူဖော်ပြတဲ့အခါ အဖြေလင်္ကာများကိုသာ ကူးယူဖော်ပြလိုက်ပါတယ်။ အဲသည်လိုလုပ်တာဟာ စာဖတ်သူများအတွက် ရှင်းလင်းစေလိုလို့သာ လုပ်မိတာဖြစ်ပါတယ်။ အဂါရဝဖြစ်နိုင်တယ်ဆိုရင် ခွင့်လွှတ်တော်မူပါရန် ရိုသေစွာကန်တော့ပြီး တောင်းပန်လိုက်ပါတယ်။

၁။ ဉာဏ်မာတတ်ရှိ၍၊ တတ်သိလွယ်ငြား၊ ဂုဏ်သိမ်အားဖြင့်၊ ကြီးပွားကောန်၊ မချွတ်မှန်၏။ သိဉာဏ်နည်းပါး၊ ထူထိုင်းငြားမူ၊



ကြီးပွားမစည်၊ ပျက်စီးမည်တည်း။ အရှည်မြော်မြင်၊ တရားခင်က၊ စည်ပင်ကြီးပွား၊ ဂုဏ်မြင့်မား၏၊ တရားမလိုက်၊ အမှားကြိုက်မူ၊ တိမ်တိုက်လေလွင့်၊ ပျောက်တိမ်လင့်သို့၊ တဖျင့်တပါး၊ ပျက်စီးငြားသည်။ နတ်သားမှတ်လော အကျဉ်းတည်း။ (၁)

၂။ မသူတော်အား၊ ချစ်ခြင်းပွား၍၊ တရားသိမြင်၊ သူတော်စင်ကို၊ မခင်စွန့်ခွာ။ သူယုတ်မာ၏၊ နည်းနာပြသ၊ ညွှန်သမျှကို၊ လုံးဝလိုလား။ ဤသုံးပါးသည်။ ကြီးပွားပျက်ကြောင်း လမ်းပင်တည်း။ (၃)

၃။ အိပ်မှုချစ်ခင်၊ သဘင်လိုက်စား၊ ပေါ့ပါးထကြွ၊ လုံ့လမရှိ၊ ပျင်းရိကဲလွန်၊ တံခွန်အမျက်၊ ဤငါးချက်သည်။ ပျက်ရန်အကြောင်း အမှန်တည်း။ (၅)

၄။ ရှယ်လွန်ချို့ယွင်း၊ အိုမင်းကုန်ကြ၊ မိနှင့်ဘကို၊ ခယလုပ်ကျွေး၊ သိမ်းမွေးခြင်းငှာ၊ စွမ်းနိုင်ပါလျက်၊ ရှောင်ခွာပယ်ဖြတ်၊ မမြတ်မလေး၊ လုပ်ကျွေးသမှု၊ မပြုစုက၊ ယခုလက်ငင်း၊ ကဲ့ရဲ့ခြင်းနှင့်၊ သေမင်းဆောင်လစ်၊ ဘဝသစ်၌၊ ဖြစ်တုံသောခါ၊ တေဇာဂုဏ်အင်။ မပေါ်ထင်ဘဲ၊ ပျော်ရွှင်သုခ၊ မရလုံးလုံး၊ အညွန့်တုံးတုံးသည်။ ဆုံးရှုံးပျက်ရန် အကြောင်းတည်း။ (၁)

၅။ ဗြာဟ္မဏဟု၊ မည်ရထင်စွာ၊ ရဟန္တာတည့်၊ သကျာနွယ်ဇာတ်၊ ရဟန်းမြတ်နှင့်၊ ဘုန်းလာဘ်မှီစား၊ တောင်းသူများကို၊ မုသားနှုတ်ဖွင့်၊ လိမ်လည်လင့်က၊ ဂုဏ်နှင့်စီးပွား၊ မကြီးမားသည်။ ပျက်ပြားဆုတ်ရန် အကြောင်းတည်း။(၁)

၆။ ရွှေငွေဘဏ္ဍာ၊ ပြည့်စုံစွာနှင့်၊ ရသာချိုချဉ်၊ ဘောဇဉ်ထွေပြား၊ ပေါများလောက်လုံ၊ ဖြစ်ပါတုံလည်း၊ ဝေပုံပျမ်းမျှ၊ မကမ်းငှဘဲ၊ ဝမ်းဝန်ကား၊ ကိုယ်တည်းစားက၊ အများမျက်စောင်း၊ ထိုးကြရှောင်းသည်။ ပျက်ကြောင်းလမ်းမှန် တစ်မျိုးတည်း။ (၁)

၇။ မျိုးနွယ်ဥစ္စာ၊ သုံးဖြာခက်ထန်၊ တက်သောမာန်ဖြင့်၊ ထက်သန် ပလွှား၊ ငါတကားဟု၊ တက်ကြွားလွှမ်းမိုး၊ ကိုယ့်အမျိုးကို၊ နှိမ်ချိုးလေချင်၊ ထင်မြင်သေးမှု၊ ညှံ့အောင်ပြုက၊ ဖြိုးထုဂုဏ်နေ၊ ကျက်သရေနွှမ်းညှိုး၊ မဖွံ့ဖြိုးသည်။ တန်ခိုးဂုဏ်သိန်ပျက်ကြောင်းတည်း။ (၄)

၈။ မိန်းမပျော်ပျက်၊ ယစ်မျိုးကြိုက်နှင့်၊ လေလိုက်သော့သွမ်း။ လောင်းတမ်းကစား၊ ကျူးလွန်ငြားက၊ စီးပွားမတင်၊ ရလျှင်ယိုယွင်း၊ ပျောက်ကုန်လျှင်းသည်။ ထင်လင်းမျက်မြင်ပျက်ကြောင်းတည်း။ (၃)

၉။ ကိုယ်ပိုင်ဖြစ်ပြီး၊ ချစ်ဇနီးနှင့်၊ ငြီးငြီးငွေ့ငွေ့၊ စိတ်မတွေ့ဘဲ၊ မမွေ့စည်းစိမ်၊ တင်းမတိမ်၍၊ သူ့အိမ်ပိုင်နက်၊ သူ့ချစ်ဖက်ကို၊ လုယက်သွားလာ၊ ပြည့်တန်ဆာ၌၊ တဏှာမြူးထူး၊ ပျော်ပါးကျူးက၊ ဆည်းပူးပြည့်နှက်၊ ဥစ္စာပျက်၍၊ မတက်လျော့ကျ၊ ဆုတ်သောလသို့၊ လာဘပျက်ပျောက်၊ ဂုဏ်မရောက်သည်။ ညှိုးခြောက်ပျက်ရန် အကြောင်းတည်း။ (၂)

၁၀။ ရွယ်လွန်လေပြီး၊ အသက်ကြီးလျက်၊ တည်သီးရင်စို့၊ သားငုံမို့သား၊ အပျိုရွယ်သစ်၊ ငယ်နုမြစ်ကို၊ ကြင်ချစ်ဆောင်ယူ။ ထိမ်းမြားမူကား၊ ငြူစူကြောင့်ကြ၊ စိတ်မချနှင့်၊ အိပ်ကမပျော်၊ စားသော် မမြိန်၊ အချိန်ဆုံးပါး၊ ပူပန်များသည်။ ပျက်ပြားဖို့ရန်အကြောင်းတည်း။ (၁)

၁၁။ စားကြူးသောက်ကြူး၊ ပျော်ပါးကြူးနှင့်၊ မူးတူးမေ့တော့၊ မလေ့ကြော့ကြမ်း၊ သရမ်းမူကျင့်၊ တဖျင့်တပါး၊ စကားပြောဆို၊ ဖရိုဖရဲ၊ ဖြုန်းကျဲဥစ္စာ၊ ထင်ရာပြုတမ်း၊ မိန်းမသွမ်းနှင့်၊ စည်းကမ်းမဲ့ငြား၊ စိတ်လိုက်သွားသည်၊ ယောကျ်ားကိုလျှင်၊ ကြီးမှူးတင်က၊ ဂုဏ်အင်စီးပွား၊ မကြီးမားဘဲ၊ ပျက်ပြားလျော



ကြွေ၊ ဆုတ်ယုတ်လေသည်။ ပုံသေပျက်ရန်အကြောင်းတည်း။ (၁)

၁၂။ စည်းစိမ်ဥစ္စာ၊ ကင်းမဲ့ပါလျက်၊ တဏှာမြှောက်ပင့်၊ အလိုမြင့်၍၊ ကိုယ်နှင့်မတန်၊ မင်းဖြစ်ရန်ကို၊ စိတ်သန်တောင့်တ၊ ကြံစည်ကလျှင်၊ ဘဝမျက်မှောက်၊ ဘေးဒဏ်ရောက်၍။ ညှိုးခြောက်ပျက်ရန် အကြောင်းတည်း။ (၁)

အထက်ပါလင်္ကာများဟာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားခဲ့တဲ့ ပရာဘဝသုတ်ထဲမှာပါတဲ့ လင်္ကာများဖြစ်ပြီး ပရာဘဝသုတ် ၂၄ ချက်ကို ခြုံငုံမိပါတယ်။ ကျက်မှတ်ရန် လွယ်ကူပါတယ်။ နားလည်လွယ်ပါတယ်။

နိဂုံးချုပ်မှာ စာရေးသူ ဖတ်ရှုခဲ့တဲ့ စာအုပ်များထဲက ပရာဘဝသုတ် မြန်မာပြန် အချက်အလက်များကို ပြန်လည်တင်ပြခဲ့ပြီး ပြီဖြစ်ပါတယ်။ ဘယ်လိုပဲတင်ပြသည်ဖြစ်စေ သဘောသွားအတူတူပင် ဖြစ်ပါတယ် ဆိုတာကို စာဖတ်သူများ စိတ်ရှင်းစေချင်တာပါပဲ။

နိဂုံးချုပ်မှာ ထပ်မံတင်ပြလိုတာကတော့ မင်္ဂလသုတ်ဆိုတာ ကြီးပွားရာ ကြီးပွားကြောင်း တရားများဖြစ်ပြီး ပရာဘဝသုတ်ဆိုတာ ပျက်စီးရာ ပျက်စီးကြောင်း တရားများ ဖြစ်ပါတယ်။ ပျက်စီးနိုင်တဲ့ အကြောင်းရင်းများကို သိနားလည်ထားတဲ့သူဟာ မကောင်းတဲ့အကြောင်းများကို ကြပ်ကြပ်ရှောင်ပြီး ကြီးပွားရာ တိုးတက်ရာအကြောင်းတရားများကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ် ဆိုတဲ့အချက်ကို တင်ပြလိုပါတယ်။ ။

တင်ဝင်း

—